www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ကြွေလွယ်သူကို ခြွေတဲ့မာယာ

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတွေရဲ့ အသည်းကို ခွဲဖို့အတွက်

လက်နက်တစ်ခုပဲ လိုပါတယ် -

အဲဒါက ... 'မာယာ' ပါ။ ။

(နေရဥက)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

**ခမ်း** နားထည်ဝါသည်နှင့်အမျှ ခေတ်မီ၍ လှပလွန်းသော တိုက်ကြီးတစ်လုံး။

ထိုတိုက်ကြီးရှင်းသန့်အိစက်၍နေသော သီးသန့်အလှပြင်ခန်းအတွင်းရှိ ကနုတ်ပန်းများနှင့် ကိုယ်တစ်ပိုင်းပေါ် မှန်ကြီးသုံးချပ်ပါသည့် ခမ်းနားလှသော မှန်တင်ခုံကြီးရှေ့တွင် ကျက်သရေအရှိန်အဝါများ တောက်ပကာ တော်ဝင်ဆန်သောအလှဖြင့် လှပ၍ နေသည့် သတို့သမီးတစ်ယောက်။

လေးဆယ်ဆိုသော အသက်အရွယ်နှင့်မမျှသော နုပျိုမှုကို မဟာဆန်သည့်အလှအပများက ပံ့ပိုးထားသည်။

ဝါဝင်းနေသော အသားအရေမှာ ပြေရှင်းသည့်နဖူးပြင်က မဟာဆီမဟာသွေးဖြစ်ကြောင်း ဦးစွာထောက်ခံ၏။

ထို့နောက် ... စိမ်းညို့ထူထဲကာ အထက်သို့ မြင့်တက်





သွားသောမျက်ခုံး။ ရှည်လျား သိပ်သည်းသော မျက်တောင်။ ကျယ်ဝန်းရှည်လျားကာ စူးရှသောမျက်ဝန်းတစ်စုံက ထက်မြက်သလောက် အစွန်းရောက်မည့်စိတ်ဓာတ်ကို ဖော်ပြနေ၏။

ချွန်မြသော နှာတံနှင့် ... အနားသတ်များ ပြတ်သားပြီး ပိရိသေသပ်လှသော နှုတ်ခမ်းလွှာများကတော့ အတ္တကြီးပြီး ရက်စက်တတ်မည့်သဘောထားကို ညွှန်းဆိုနေပြန်သည်။

ဘာပဲပြောပြော ... လေးဆယ်ဆိုသော အသက်အရွယ်ကို မယုံကြည်နိုင်လောက်အောင် လည်ပြန်ရုံမက မတ်တတ်ကြီးကြောင်အမ်းငေးမောသွားရလောက်အောင် လှပလှသည်။

ထိုရှားပါးလှသည့် မဟာဆန်သောအလှတရားတို့၏ပိုင်ရှင်သည်ကား **"ဒေါ်သီရိဘုန်းထွဋ်"**။

တာဝန်ကျေစွာ မေးလိုက်သော မေးသံအဆုံးမှာ ဒေါ်သီရိဘုန်းထွဋ်မှ မျက်လွှာပင့်ကာ မှန်ချပ်ထဲကို ကြည့်လိုက်၏။

ပင်ကို မဟာဆန်သောအလှက ဆေးရောင်စုံတို့ဖြင့် လက်ရာမြောက်စွာ ခြယ်သမွမ်းမံလိုက်သောအခါ ဖူးကြွ တောက်ပနေသည်။

သို့သော် ... လှပလွန်းသည့် မျက်နှာထက်မှာ အပြုံးမရှိ။ သတို့သမီးတစ်ယောက်၏ ရင်ခုန်သွေးကြွသည့် ကြည်နူးရိပ်မရှိ။

သဘာဝကျစွာဖြစ်သင့်သည့် ပျော်ရွှင်ကြည်နူးရိပ်အစားတွေ့မြင်နေရသည်က နာကြည်း, နာကျင်ခြင်းတို့ စွန်းထင်းပေကျံ



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ကြေကွဲရိပ်၊ ဆွေးမြည့်ရိပ်တို့ ဖြစ်သည်။

ဒေါ်သီရိဘုန်းထွဋ်မှ ကြည်လင်ပြတ်သားသောမှန်ချပ်ထဲမှ ကြေကွဲရိပ်စွန်းသော ကိုယ့်အလှမျက်နှာကို ပြန်ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

တာဝန်ကျစွာ လှုပ်ရှားနေသည့် အခြွေအရံများမှာ ဒေါ်သီရိဘုန်းထွဋ်၏ အတည်ပြုချက်ရသည်နှင့် သက်ပြင်းများ နိုးရှိုက်မိကာ ...

"ဒါဆိုရင် အဝတ်အစားလဲရအောင်နော် မမထွဋ်"

ဒေါ်သီရိဘုန်းထွဋ် ခေါင်းတစ်ချက် ထပ်ညိတ်ပြလိုက်သည်။

တစ်စုံတစ်ယောက်က သွက်လက်လှစွာ နံရံကပ်ကျွန်း ဗီရိုကြီးကို ဖွင့်လိုက်သည်။

အထဲ၌ ပုံစံမပျက်အောင် မတ်တတ်အနေအထား ချိတ်ဖြင့် ချွတ်ဆွဲထားသော ဝတ်စုံတစ်ခု။

ဆင်စွယ်နှစ်ရောင် ကနုတ်ပန်းနွယ် ပိုးချိတ်ဝတ်စုံကို မြင်လိုက်ရသည်နှင့် ဒေါ်သီရိဘုန်းထွဋ်၏စူးရှသော မျက်ဝန်းအိမ်ထဲ လျှပ်နွယ်လျှပ်ပန်းများ လက်သလို ပြိုးပြက်တောက်ပသွားခဲ့သည်။

အခြွေအရံများမှာ ထိုသတို့သမီးဝတ်စုံကို မြေတစ်ကောင်ကို ပွေ့ပိုက်လာခဲ့ရသလို သတိကြီးစွာထားပြီး ဒေါ်သီရိဘုန်းထွဋ်ထံ ယူဆောင်လာခဲ့ရသည်။





မှိုင်းညို့သောမျက်ဝန်းများနှင့် စိုက်ကြည့်ပြီး အိစက်ညက်ညောလှသောဝတ်စုံကို လက်ချောင်းထိပ်များဖြင့် အသာပွတ်တိုက်လိုက်ပြီးမှ ...

"ကူဝတ်ပေးကြပါဦး"

"ဟုတ်ကဲ့ မမထွဋ်"

အနှစ်နှစ်ဆယ်တိတိ ကြာမြင့်ခဲ့ပြီဖြစ်သည့် ဝတ်စုံမှာ အဆီပိုလုံးဝမရှိသည့် ခန္ဓာကိုယ်၌ ချပ်ရပ်စွာ။

"အရမ်းလှတာပဲ မမထွဋ်ရယ်"

ကျစ်လျစ်ချပ်ရပ်သော ရှိုက်ကြီးဖိုငယ်ခန္ဓာကိုယ်ထက်မှာ တင့်တယ်လိုက်ဖက်လွန်းလှသော သတို့သမီးဝတ်စုံကိုကြည့်ကာ မထိန်းချုပ်နိုင်ဘဲ ပြောမိပြန်သည်။

ပကတိငြိမ်သက်နေသော ဒေါ်သီရိဘုန်းထွဋ်ကတော့ တစ်ခွန်းမှ တုံ့ပြန်ခြင်းမရှိ။

"ပဝါခြုံတော့မလား မမထွဋ်"

ဒေါ်သီရိဘုန်းထွဋ် တိတ်ဆိတ်စွာပင် ခေါင်းညိတ်ပြပြန်၏။

လှပလွန်းသော ရွှေမှုန်ကြဲ ပိုးပျော့ပဝါရှည်ကလေးကို မထိရက်သလို ဒေါ်သီရိဘုန်းထွဋ်၏ ကျောပြင်မတ်မတ်ဆီမှနေ၍ သွယ်ပျောင်းသော လက်မောင်းမှသည် လက်ကောက်ဝတ်ဆီ တစ်လျှောက် တရိုတသေခြုံလွှားပေးလိုက်လျှင် ...

ပြီးပြည့်စုံလှပလွန်းသော သတို့သမီးတစ်ယောက်၏ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



သွင်သဏ္ဍာန်မှာ ပေါ်လွင်လာတော့သည်။

ဒေါ်သီရိဘုန်းထွဋ် သတို့သမီးဝတ်စုံပြည့် ဝတ်ဆင်ပြီးလျှင် ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်မိ၏။

ထူထဲစိမ်းညို့သော မျက်ခုံးများ တွန့်ကွေးသွား၏။

ဘာလိုနေသေးပါလိမ့်။

ဗလာဖြစ်နေသော လက်ချောင်းများကို ငုံ့ကြည့်လိုက်မိဆဲ ...

''မမထွဋ် ... ဒီမှာပါ''

လက်ချောင်းများထဲ ရောက်လာခဲ့သည်မှာ ဖြူလွလွထူထဲသော ပွင့်လွှာအောက်၌ ခရမ်းရောင်, ကြက်သွေးရောင်, ရွှေဝါရောင် ရောင်စုံစပေါ့များပါသော လှပတန်ဖိုးကြီးလွန်းသည့် မင်္ဂလာလက်ကိုင်ပန်း။

ဆွေးရိပ်လွှမ်းသော မျက်ဝန်းများဖြင့် တစ်ချက်စိုက်ကြည့်ပြီး လက်ကိုင်ပန်းကို ဒေါ်သီရိဘုန်းထွဋ် လှမ်းယူလိုက်ချိန်မှာ ...

'ဒင်း ဒေါင်'

'ဒင်း ဒေါင်'

အခန်းထဲရှိ နံရံကပ် ရှေးဟောင်းနာရီကြီးဆီမှ နာရီထိုးသံကိုးချက်က ကျယ်လောင်လှစွာ မြည်ဟည်းသွားခဲ့သည်။

တစ်ပြိုင်နက်တည်းမှာပင် တိုက်ကြီးတစ်ကိုယ်လုံး၌ ရှိရှိသမျှသော နာရီအသီးသီးတို့ဆီမှ ကိုးနာရီထိုးပြီဖြစ်ကြောင်း





အချက်ပေးသံစုံမြည်သံများမှာ ဆူညံသွားခဲ့တော့သည်။

''ကိုးနာရီ ထိုးပြီပေါ့''

ဒေါ်သီရိဘုန်းထွဋ် ဘယ်သူ့မှမကြည့်ဘဲ တစ်ဝယောက်တည်း ရေရွတ်လိုက်သလို ပြောသည်။

ဆွေးမြည့်ကြေကွဲခြင်းအတိပြီးသည့် အပြုံးတစ်ချက်ကို နာကျင်နက်ရှိုင်းစွာ ပြုံးပြီး ဒေါ်သီရိဘုန်းထွဋ် ခြေလှမ်းတွေကို စတင်လိုက်သည်။

အလှပြင်ခန်းထဲမှ မျက်လွှာချလျက် ထွက်လာခဲ့ပြီးလျှင် ထည်ဝါခန့်ညားကာ ဖိတ်ဖိတ်တောက်နေသည့် ကျွန်းသားလှေကားကြီးပေါ် တစ်လှမ်းချင်း တက်ခဲ့သည်။

အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် သူတို့ရဲ့မမထွဋ်ကို မော့ငေးနေမိသည်။

သူမကတော့ အပေါ်ထပ်သို့ရောက်လျှင် ...

အခန်းတစ်ခုရှေ့၌ ခြေစုံရပ်လိုက်ပြီး ပြောင်လက်နေသည့် ကျွန်းသားတံခါးချပ်ကြီးကို တွန်းဖွင့်လိုက်သည်။ အေးစက်သောတစ်စုံတစ်ရာက သူမကို ဆီးကြို၏။

အခန်းထဲမှာတော့ ...

နံရံကပ် ကျွန်းကနုတ်ဗီရိုကြီးနှစ်လုံးနှင့် တန်ဖိုးကြီးမားလှသော အထက်တန်းကျလှသည့် ကျွန်းခုတင်ကြီး။

ရင်ခုန်ချင်စဖွယ် တူနှစ်ကိုယ် စံမြန်းရမည့် အိပ်ရာအခမ်းအနား။



www.burmeseclassic.com

www.burmeseclassic.com



နုလွလွ ပန်းရောင်နှင်းဆီပွင့်ကလေးများ ပြန့်ကြဲထားသည့် ပိုးသားအိပ်ရာဖုံးပေါ် ဒေါ်သီရိဘုန်းထွဋ် တင်ပါးလွှဲဝင်ထိုင်လိုက်သည်။

အမှုအရာများအားလုံးမှာ လေးလံလျက် ... ချထားသောမျက်လွှာကို ပင့်မော့ကာ အခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်မိသည်။ လှပသော မျက်ဝန်းအိမ်ထဲမှာ ဆွေးမြည့်ကြေကွဲသောမျက်ရည်တို့ဖြင့် ငွေ့ရည်ဖွဲ့ မှုန်ရီလျက် ...

တစ်ချိန်တုန်းက ... ဒီနေရာသည် သူမရဲ့အိပ်မက်၊ သူမရဲ့မျှော်လင့်ချက်၊ သူမရဲ့အနာဂတ်။ ပြီးတော့ ... ရင်ခုန်သံတို့ဖြင့် တင်ကြို ကြည်နူးခဲ့ရသည့်နေရာ။

သို့သော် ...

တကယ်တမ်းမှာတော့ ...

ရက်စက်လှသော ကြမ္မာမုန်တိုင်းက သူမရဲ့မျှော်လင့်ရင်ခုန်သံတို့ဖြင့် တည်ဆောက်ခဲ့သည့် အနာဂတ်အိပ်မက်များအားလုံးကို တစ်စစီ ခြေမွဖျက်ဆီးခဲ့ပြီး ...

တစ်သက်လုံးက လောကကြီးကို စီးမိုးငုံ့ကြည့်ခဲ့သည့် သီရိဘုန်းထွဋ် ... ဆိုသည့် မိန်းမတစ်ယောက်ကို အစွန့်ပစ်ခံဘဝကို ရောက်စေခဲ့သောအခါ ...

သွေးစိမ်းရှင်ရှင်ထွက်ခဲ့ရသည့် ဒဏ်ရာရနှလုံးသားများ၊ ချစ်ခြင်းတို့ ဆိတ်သုဉ်းကာ ရက်စက်တတ်သည့် အမုန်းတရားဖြင့်သာ ပြည့်သိပ်ခဲ့ရတော့သည်။





အတိတ်နေ့စွဲတွေဆီ ပြန်ရောက်သွားခဲ့ရသည့်အတွေးဖြင့်ပင် ဒေါ်သီရိဘုန်းထွဋ်၏လှပသောမျက်နှာထက်၌ ကြေကွဲသော, နာကျင်သော, နာကြည်းသော ... ထို့နောက် မုန်းတီးသောအရိပ်အမျိုးမျိုး ဖြတ်သန်းနေလေတော့သည်။

သို့သော် ...

ထိုနှလုံးသားနှင့်ပင် မင်္ဂလာအိပ်ရာပေါ်တွင် လဲလျောင်းရင်း တစ်စုံတစ်ယောက်ကို စောင့်မျှော်နေသည့်အရိပ်မျိုးကိုလည်း သူမ မျက်ဝန်းအိမ်ထဲ၌ မြင်တွေ့နိုင်လေသည်။

ထို့နောက် ...

အချိန်တွေ တရွေ့ရွေ့ ကုန်လွန်ခဲ့သည်နှင့်အမျှ မင်္ဂလာအခန်းထဲရှိ နံရံကပ်ကြီးဆီမှနေ ဆယ့်တစ်နာရီထိုး အချက်ပေးသံစတင်ထွက်ပေါ်လာခဲ့ပြီး တစ်တိုက်လုံးရှိ နာရီများဆီမှ အချက်ပေးသံများ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခဲ့လျှင် ...

"ဘုရားရေ ဆယ့်တစ်နာရီတောင် ထိုးပါပေါ့လား"

ဒေါ်သီရိဘုန်းထွဋ် တစ်ကိုယ်လုံး တုန်ဆတ်သွားကာ ချောက်ချားစွာ ရေရွတ်လိုက်သည်။

လှပသောမျက်ဝန်းအိမ်ထဲ၌လည်း မျှော်လင့်ချက်တို့ ကင်းမဲ့ဆိတ်သုဉ်းကာ မှိုင်းရီသွားတော့သည်။

"ဒါ ... ဒါဆို သူ မလာတော့ဘူးပေါ့ ... သူ ... သူ ... သူ မလာတော့ဘူးပေါ့"

မှိုင်းရီနေသည့် မျက်ဝန်းအိမ်တွေ ပူနွေးလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်များကို နာကျင်စွာ ဖိမှိတ်ချလိုက်သော်လည်း ခါးသီးသော မျက်ရည်စက်များကို အချိန်မီ မတားဆီးနိုင်ခဲ့။

မျက်နှာကို လက်ဝါးနှစ်ဖက်တည်း ထည့်နှစ်လျက် နာကျင်ကြေကွဲစွာ သည်းသည်းရှိုက်ရှိုက် ငိုကြွေးလိုက်မိတော့သည်။

အဟင့် … ဟင့် … ဟင့်။

သည်းထန်စွာ ငိုကြွေးနေခဲ့ရာမှ တစ်စုံတစ်ရာကို သတိရလိုက်သည်နှင့် မျက်ရည်တို့ကို လက်ဝါးနှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီး …

မင်္ဂလာလက်ကိုင်ပန်းမှ အဖိုးတန်သစ်ခွပွင့်တွေကို တစ်စစီ ခြေမွ၍ ဒေါသတကြီး ပစ်ပေါက်လွှင့်ကြဲပစ်လိုက်တော့သည်။ ထို့နောက် …

မျက်လုံးများကို ကျပ်နေအောင် ဖိပိတ်မိကာ အော်ဟစ်ပေါက်ကွဲလေတော့သည်။

''မုန်းတယ်''

''အရမ်းမုန်းတယ်''

နာကြည်းကြေကွဲလွန်းစွာ အော်ဟစ်ပေါက်ကွဲသံက လှပခန့်ညားသောစံအိမ်ကြီးတစ်ခုလုံးကို ဆူညံမြည်ဟည်းသွားစေတော့သည်။



## အခန်း (၂)

''ဟယ် … မိတူးရယ် လုပ်ချလိုက်ပြန်ပြီ … ဒုက္ခပါပဲ၊ ငါ သေသေချာချာ မှာထားရဲ့နဲ့''

အိမ်ထိန်းကြီးဒေါ်ယဉ် စိတ်ပျက်လက်ပျက် ထ,အော်သည်။

စားပွဲခုံပေါ်မှာ ဈေးခြင်းကြီးထဲမှ ထုတ်ထားသည့် ပစ္စည်းဟင်းအမယ်ပစ္စည်းတွေက စုံလင်လှစွာ …

''ဘာဖြစ်လို့လဲ ဒေါ်ကြီးရယ် … ဒေါ်ကြီးမှာတာတွေ အကုန်ပါတယ်လေ၊ တစ်ခုမှ မကျန်ခဲ့ဘူးနော်၊ အမယ်တွေက များလွန်းလို့ သမီးတစ်ယောက်တည်းတောင် မသယ်နိုင်ဘူး၊ သောင်းသောင်းကို ကူသယ်ခိုင်းရတယ်''

အိမ်အကူ အသစ်ကလေးဖြစ်သော မိတူး ထိတ်ထိတ်ပျာပျာနှင့် ရှင်းပြ၏။ သူ့ကိုယ်သူ ဘာမှမမှားခဲ့ဘူး ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဘာတွေပြောနေတာလဲ မရွှေစာရယ်၊ ဒီမှာကြည့်စမ်း ... ညည်းဝယ်လာတဲ့ကြက်"

ဒေါ်ယဉ်က မိတူးဝယ်လာခဲ့သော ကြက်ကြီးကို ခြေထောက်မှကိုင်ဆွဲကာ မြှောက်ပြ၏။

မိတူး အူကြောင်ကြောင်ဖြင့် ...

"ဟုတ်တယ်လေ ... ဒေါ်ကြီးပဲ အိမ်ကြက်ဝယ်လာခဲ့ဆို အိမ်ကြက်မှ အသားကကျစ်ပြီး ချိုတာဆို၊ အဲဒါ အိမ်ကြက်လေ၊ အိမ်ကြက်မှ အိမ်ကြက်အစစ်၊ လတ်လတ်ဆတ်ဆတ်မှ ဒီမနက်တင် ရိုက်သတ်ထားတဲ့ပုံပဲ"

"သြော် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ ညည်းဝယ်လာတဲ့ကြက်က ကြက်ဖကြီးမို့လို့ ပြောနေတာ"

ဒေါ်ကြီး လေသံကိုနှိမ့်လျက် ဆက်ပြောသည်။

"ညည်းကို ကျုပ် သေသေချာချာမှာလိုက်တယ်လေ၊ ကြက်ကို အမပဲ ဝယ်လာခဲ့ပါဆို"

မိတူး ခုမှ သူ့အမှား သူသိကာ ဖက်ပုလျက် ...

"သြော် ... သမီးက ကြက်ကို အထီးနဲ့အမမှ မခွဲတတ်တာ"

"မသိရင်လည်း အစကတည်းက ပြောပါလား၊ ငါပြောပြလိုက်မှာပေါ့"

မိတူး ပြုံးစိစိလုပ်သည်။ ဒေါ်ယဉ် မျက်စောင်းခဲလျက် ...





"ဒီမှာကြည့် ... ကြက်ကို အထီးနဲ့အမ ခွဲချင်ရင် အမောက်ကိုကြည့်ရတယ်၊ အမောက်ကြီးထောင်နေတာက ကြက်ဖ ... မှတ်ထား"

"အမောက်ကြီးထောင်နေရင် ကြက်ဖ ... ဟုတ်ပြီ၊ အဟိဟိ သိပြီ"

မိတူး ပြောင်စပ်စပ်နှင့် မှတ်သည်။

"ပြောင်စပ်စပ် လုပ်မနေနဲ့၊ သွား ... အခု ညည်းဝယ်လာခဲ့တဲ့ ကြက်ဖကြီးကို လမ်းထိပ်အမှိုက်ပုံမှာ သွားပစ်ချေ၊ ပြီးတော့ ဈေးပြန်သွားပြီး အမတစ်ကောင် ချက်ချင်းပြန်ဝယ်"

"ဟင် ... နှမြောစရာကြီး"

"နှမြောမနေနဲ့၊ ငါပြောတာ သေသေချာချာမှတ်၊ ဈေးဝယ်ရင် အမပဲဝယ်၊ ငါးဆိုရင်လည်း ဥပါတဲ့ငါး၊ အမလို့သေချာတဲ့ငါးမျိုးကို ရွေးဝယ်"

မိတူး ခေါင်းကုတ်သည်။

"ဘယ်လိုကြီးလဲ မသိဘူးနော်"

"ခြံဝမှာ ယောက်ျားမဝင်ရ ... လို့ စာလုံးနီကြီးနဲ့ သတိပေးတားမြစ်ထားတဲ့ ဆိုင်းဘုတ်ကို တွေ့သလား"

"ဟုတ် ... တွေ့တယ်လေ"

"အေး ... ဒီအိမ်မှာ အထီးဆိုရင် လူမပြောနဲ့ တိရစ္ဆာန်တောင် သေသေရှင်ရှင် မဝင်ရဘူး"

အိမ်ထိန်းကြီးဒေါ်ယဉ် အနှစ်,နှစ်ဆယ် ကျင့်သုံးလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည့်စည်းကမ်းကို မိတူးအား ပြောပြသည်။

"အထီးဆိုရင် ထီးတောင် ဆောင်းတာမဟုတ်ဘူး . . . ငါတို့က"

ဒေါ်ယဉ်ပြောနေတာကို နားထောင်ရင်း မိတူး မျက်မှောင်ကြုတ်သည်။

"ဒါဆို . . . ငှက်တွေကျတော့ ဘယ်လိုလုပ်မလဲ၊ ခြံထဲဝင်လာခဲ့ကြသမျှ တစ်အုပ်တစ်မကြီး၊ အထီးတွေကို ဘယ်လိုခွဲခြားပြီး မောင်းထုတ်မလဲ"

"အေး . . . ငှက်တွေတောင် သူက မတတ်နိုင်လို့ပေါ့၊ တတ်နိုင်ရင် သူ့အိမ်ပေါ်က ငှက်အထီး ဖြတ်ပျံလို့ရမှာမဟုတ်ဘူး"

ဒေါ်ယဉ် ခပ်ငေါ့ငေါ့ပြောသည်။

ပြီးတော့ ဤအိမ်ကြီး၌ အနှစ်,နှစ်ဆယ်ကျော်နေခဲ့ဖူးသည့်ခံစားချက်ဖြင့် သက်ပြင်းရှိုက်သည်။

မိတူးကတော့ ခုမှ ဤအိမ်ကြီးကို ရောက်လာခါစရက်ပိုင်းမျှသာ ရှိသေးသည်မို့ မျက်မှောင်ကြုတ်ကာ အူကြောင်ကြောင်နှင့် အံ့ဩတကြီး ဖြစ်နေသည်။

"ဒေါ်ကြီး ဒီအိမ်မှာ ဘာလို့ယောကျာ်းမဝင်ရတာလဲ၊ ပြီးတော့လေ . . . ဟို . . . ဟို ဒီအိမ်ကြီးရဲ့သခင်မကြီး ဒေါ်သီရိဘုန်းထွဋ်က မနက်ကိုးနာရီလောက်ဆို သတို့သမီးဝတ်စုံဝတ်ပြီး အလှတွေပြင်ပြီး အပေါ်ထပ်ကိုတက်,တက်သွားတယ်နော်၊ ပြီး





တော့လေ ငိုသံတွေ၊ အော်သံတွေလည်း ကြားရတယ်နော်၊ အဲ့ဒါ . . . အဲ့ဒါ ဘာဖြစ်လို့လဲဟင်"

မိတူး သိချင်လွန်းသည်မို့ နောက်ကိုလှည့်ကြည့် လှည့်ကြည့်နှင့် တိုးတိုးမေးသည်။

ဒေါ်ယဉ် အံဝေးကိုငေးကာ သက်ပြင်းရှိုက်ပြန်သည်။ အိမ်ကြီးသခင်မဖြစ်သော မမထွဋ်မှာ ချမ်းသာပြည့်စုံသလောက် စိတ်သဘောထား ပြည့်ဝလွန်းလှသည်မို့ သူမ ချစ်ပါသည်။

သို့သော် . . . စိတ်စေတနာကောင်းရှိသော မမထွဋ်မှာ ကံမကောင်းခဲ့။

"အင်း . . . ထွဋ်ဟာ မျိုးရိုးလည်း မြင့်တယ်၊ ပညာလည်း တတ်တယ်၊ စီးပွားရေးမှာလည်း အောင်မြင်တယ်၊ ဒါပေမဲ့ အချစ်ရေးမှာတော့ ကံဆုခဲ့တယ်"

"ဟင်"

"ထွဋ်ရဲ့ဂုဏ်ရည်တူတဲ့ချစ်သူနဲ့ လက်ထပ်ဖို့ စီစဉ်ပြီးကာမှ မင်္ဂလာပွဲကျင်းပမယ့်နေ့မှာ ထွဋ်ရဲ့ချစ်သူက ရောက်မလာခဲ့ဘူးလေ"

"ဟယ်"

"ထွဋ် ဘယ်လိုမှ ဆက်သွယ်လို့မရအောင် လုံးဝခြေရာပျောက်သွားခဲ့တယ်"

"ရက်စက်လိုက်တာနော်"

"ထွဋ်ဟာ အရှက်ကွဲ နာကျင်ခဲ့ရပြီး အဲ့ဒီအချိန်ကစပြီး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေကို အရမ်းကြီး မုန်းတီးစိတ်နာခဲ့တော့တယ်၊ ပြီးတော့ စိတ်ထဲမှာလည်း ဒဏ်ရာအကြီးအကျယ် ရသွားခဲ့ရှာတယ် ...၊

မင်္ဂလာပွဲပျက်တဲ့နေ့ကစပြီးတော့ ထွဋ်ဟာ နေ့တိုင်း တစ်ရက်မပျက် သတို့သမီးဝတ်စုံကိုဝတ်လို့ မနက်ကိုးနာရီကနေ ဆယ့်တစ်နာရီအထိ မင်္ဂလာအိပ်ရာပြင်ဆင်ထားတဲ့ အခန်းကြီးထဲမှာ တစ်ယောက်တည်းနေတတ်တယ်၊ အော်ဟစ်ငိုကြွေးပြီး ပေါက်ကွဲတတ်တယ်''

''အဲ့လိုနေလာတာ ကြာပြီလားဟင် ဒေါ်ကြီး''

မိတူး မျက်လုံးပြူးကလေးနှင့် တအံ့တသြမေးသည်။

''အင်း ... အနှစ်,နှစ်ဆယ်ရှိပြီဆိုပါတော့''

''ဘုရားရေ ... အနှစ်,နှစ်ဆယ်တောင် အန်တီထွဋ်က အစွဲအလမ်းကြီးလိုက်တာနော်''

''ထွဋ်ရဲ့စိတ်က အရမ်းတစ်ဖက်စွန်းရောက်တယ်၊ သူ မနက် အခန်းထဲဝင်တဲ့အချိန်ဆို ဘယ်သူမှ နှောင့်ယှက်တာ မကြိုက်ဘူး၊ ဘယ်လောက် အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် မလုပ်ဘူး၊ အဲ့ဒီအချိန်ကို ကျော်တော့မှ သူလုပ်ရမယ့်အလုပ်ကိစ္စတွေကို လုပ်တတ်တယ်၊ ဒါပေမဲ့ အဲဒီအပြုအမူကလေးတစ်ခုကလွဲရင် ကျန်တဲ့အချိန်တွေမှာ ထွဋ်ဟာ ပုံမှန်ပါ''

မိတူးမှာ ကိုယ့်အိမ်ကြီးသခင်မရဲ့အစွန်းရောက်လွန်းသော အစွဲအလမ်းကြီးမှုကို ကြားလိုက်ရလျှင် အံ့အားအသင့်ကြီး





သင့်ကာ ကြောက်ပင် ကြောက်သွားမိသည်။

''အဲ့ဒါကြောင့် အန်တီထွဋ်က ယောက်ျားတွေကို ဒီခြံကြီးထဲ ပေးမဝင်တာပေါ့နော်''

''အေးပေါ့ ... သူနဲ့ပတ်သက်ရမယ့်သူတွေကို အားလုံး မိန်းမသားချည်းပဲဖြစ်အောင် စီမံထားတာကြည့်ပါလား ...၊

အိမ်က ဒရိုင်ဘာမာလီကအစ ကုမ္ပဏီမှာဆိုလည်း မန်နေဂျာ၊ ဒါရိုက်တာတွေအဆုံး အားလုံး မိန်းမသားတွေချည်းပဲ''

''ဒါဆို အန်တီထွဋ်က ယောက်ျားတွေကို လုံးဝမပတ်သက်ဘူးပေါ့နော်''

မိတူးရဲ့မေးခွန်းကို ဒေါ်ယဉ်က မသက်မသာဖြင့် ခေါင်းယမ်းပြသည်။ မိတူး နားမလည်နိုင်စွာ မျက်မှောင်ကြုတ်လိုက်မိပြန်သည်။

''ပတ်သက်ပါတယ်၊ ထွဋ်ကလေ ယောကျ်ားတွေကို မုန်းတီးနာကြည်းလွန်းတာကြောင့် လက်စားချေလိုတဲ့အခါမှာတော့ ခြွင်းချက်နဲ့ ပတ်သက်တတ်ပါတယ်''

''ရှင် ... လက်စားချေတဲ့အခါမှာ ဟုတ်လား''

''ကဲ ... ကဲ ... တော် ... တော် ဒီစကား ဒီမှာ အဆုံးသတ်ကြ၊ ခု ... ညည်းကို ငါက အနေမှား, အပြောမှားမှာစိုးလို့ သိသင့်သိအပ်တာတွေ ကြိုပြောပြထားတာ၊ ညည်း မှားဝယ်လာတဲ့ ကြက်ဖကြီးကို အမှိုက်ပုံမှာ သွားပစ်ချေတော့၊ သွားသွား ... မြန်မြန်သွား၊ တစ်လက်စတည်း ဈေးထဲဝင်ပြီး ကြက်



www.burmeseclassic.com

www.burmeseclassic.com



အမတစ်ကောင် ပြန့်ဝယ်လာခဲ့ချေ ... သွားတော့''

ဒေါ်ယဉ် စကားပြောကောင်းနေခဲ့ရာမှ မိတူးကို တွန်းလွှတ်သည်။

မိတူး တစ်ဖက်စွန်းရောက်လွန်းသည့် စိတ်ဓာတ်ပိုင်ရှင် ကိုယ့်အိမ်ကြီးရှင် သခင်မအကြောင်း တွေးရင်း ကြက်ဖအသေကြီးကို ဒေါ်သီရိဘုန်းထွဋ် မမြင်ရအောင် အိမ်အမည်ကြီးနှင့် ထည့်ပြီး ခေါင်းငိုက်စိုက်ချကာ ထွက်သွားလေသည်။



## အခန်း (၃)

''**အမယ်လေး** ... လှလိုက်တာ အရမ်းပဲ ဒေါ်ကြီးယဉ်ရယ် ... ကြည့်စမ်းပါဦး''

မိတူး နံ့ရုံကပ်အလှဗီရိုကို ကြက်မွေးဖြင့်တိုက်ရင်းမှ ဒေါ်ကြီးယဉ်ကို ရင်သပ်ရှုမောလှမ်းပြောသည်။

ဒေါ်ကြီးယဉ် မိတူးစကားကြောင့် မိတူးမျက်လုံးတွေရဲ့ စိုက်ရာဆီ 'လှမ်းကြည့်လိုက်မိလျှင် ...

''ဟုတ်ပါရဲ့ ... လှလိုက်တာကွယ်''

ဒေါ်ကြီးယဉ် မိတူးစကားကို လိုက်လိုက်လဲ့လဲ့ထောက်ခံလိုက်မိသည်။

ထို့နောက် ... နှစ်ယောက်သား လုပ်လက်စအလုပ်တွေကို ရပ်တန့်ကာ အသက်မဲ့ကျောက်ရုပ်တွေကို ငေးစိုက်ကြည့်နေမိကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ငေးစိုက်ကြည့်ရလောက်အောင် လှ ရက်နိုင်လွန်းသည့် နတ်သမီးလေးနာမည်က **"နေရဥရာ"**။

ဒေါ်သီရိဘုန်းထွဋ်က **"နေနေ"**လို့ ခေါ်တတ်သည့် မွေးစားသမီးလေး နေရဥရာ ဖြစ်သည်။

လူတကာက လည်ပြန်ငေးမောကြည့်ရလောက်အောင် ပန်းနုသွေးလဲ့သော အသားအရေမှာ ညို့သောမျက်ခုံးသွယ်လေး နှစ်တန်းက ပျံတော့မည့်ငှက်တောင်ပံလေးတွေလို ချီနေသည်။

ထိုချီနေသည့် မျက်ခုံးတန်းလေးနှစ်ခုနှင့် လိုက်ဘက် ညီလှစွာ အပြာသွေးအောက်ခံသော မျက်သားပေါ်မှာ နက်ရှုန်း နေသော မျက်ဆန်များက မျက်ဝန်းအိမ်ပြည့်လှမတတ် ကျယ် ဝန်းတောက်ပ၍နေသည်မှာ မွေးကင်းစ အပြစ်ကင်းစင်လှသော ကလေးများ၏မျက်ဝန်းလေးများကဲ့သို့။

နှာတံလေးကတော့ ချစ်စဖွယ်ကောင်းလှစွာ လုံးလုံးဝန်း ဝန်း။ နှုတ်ခမ်းလွှာလေးများမှာလည်း ပန်းနုရောင်အသားအရေ နှင့် ကာရန်ညီလှစွာ စတော်ဘယ်ရီရောင် ပြည့်ပြည့်ဖူးဖူး။

မျက်နှာကလေးက ညို့ဓာတ်ပြင်း၍ လှပလွန်းလှသ လောက် မြင့်မားကျစ်လျစ်သော ခန္ဓာကိုယ်အချိုးအစားကလည်း အဆီပိုတစ်စက်မှမရှိသည်မို့ နိုင်ငံတကာ စံချိန်မီ။

ကိုယ့်အလှကိုယ် ကောင်းစွာသိသော နေနေက နိုင်ငံတ ကာစံချိန်မီသော ခန္ဓာကိုယ်မှာ နိုင်ငံတကာစံချိန်မီစွာပင် ဆင် ယင်ထားပါ၏။





ဒူးအထက် လက်လေးလုံးရှိသော ဂါဝန်က ပြည့်ဝန်း မတ်ကြွှသော ပခုံးသားများကို ပေါ်လွင်အောင် လည်တိုင်ဆီ ဝိုက်ယူထားပြီး သွယ်နွဲ့သောခန္ဓာကိုယ်အလှကို ပုံကျထင်ရှား စေသည်။

ရှင်းလင်းပေါ်လွင်သောပုံစံမှာ ရွှေဝါရောင်နှင့် အနက် ဘက်လှသောအပြာကို လုံးဝန်းမို့မောက်သောခန္ဓာကိုယ်အထက် ပိုင်းနှင့် ဝမ်းဗိုက်ချပ်ချပ်လေးရဲ့အပေါ်နားမြင့်မြင့်ဆီမှာ တွဲစပ် ထားသည်မို့ ရိုးရှင်းသလိုလိုနှင့် မျက်လုံးထဲ တန်းခနဲမြင်သာ အောင် ဆန်းပြားတောက်ပ၍နေသည်။

"လှလိုက်တာ၊ လှလိုက်တာနော် . . . နတ်သမီးလေး ကျနေတာပဲ၊ မိတ္တူးတော့လေ နေနေ ဒီလိုပြင်ဆင်ထားပြီဆို ဘာအလုပ်မှ မလုပ်တော့ဘဲ တစ်နေကုန် ထိုင်ကြည့်နေချင်တော့ တယ်"

မိတ္တူး ကြက်မွေးကိုကိုင်လျက်က ငေးရင်ပြောသည်။

"အံ့မယ် . . . နေနေလေးက မပြင်မဆင်ဘဲ သဘာဝ ဆန်ဆန်လေးနေလည်း လှပါတယ်"

ဒေါ်ယဉ်က မခံနိုင်သလို ပြောသည်။ မိတ္တူး မျက်စောင်း ဝင့်ရင်းက . . .

"ဟုတ်ပါတယ်၊ ပြင်ဆင်ထားတော့ ပိုကြည့်ကောင်း တယ်လို့ ပြောမလို့ပါနော်"

ဒေါ်ယဉ်နှင့်မိတ္တူးတို့ စကားနိုင်လုဆဲ။ နေနေကတော့



www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ဖို့ကို တက်ကြွ၍နေသည်။ လှုပ်ရှားမှု မှန်သမျှမှာ သွက်လက်စွာ။

ထိုစဉ်မှာပင် ... သာယာငြိမ့်ညောင်း တီးလုံးသံ ထွက်ပေါ်လာခဲ့သည်မို့ နေနေက လက်ထဲမှ ဟန်းဖုန်းကို နားမှာကပ်လိုက်ပြီး ...

"ဟယ်လို"

ချိုချိုနွဲ့နွဲ့ကလေး ထူးလိုက်သည်။

"နေ ... ခုဘယ်မှာလဲ"

တစ်ဖက်မှ **"ဝသန်"**အသံက မိုးရိမ်စွာ အလောတကြီး။

"အဟင်းဟင်း"

နေနေ သဘောတကျလေး ရယ်လိုက်မိသည်။

"နေ မရယ်နဲ့ကွာ၊ ခု ဘယ်မှာလဲလို့ဆို၊ ကိုယ် စောင့်နေတာ ကြာလှပြီကွာ၊ ကိုယ် နေ့ကို အရမ်းတွေ့ချင်နေပြီ၊ ပြောချင်တာတွေလည်း အများကြီးပဲ"

"ဝသန့်ရယ် ယူကလည်း အိုဗာတင်းတွေ ဖျော်နေပြန်ပြီ၊ နေ အခုပဲ အိမ်ကထွက်လာတော့မလို့"

နေနေ ခပ်ချွဲချွဲကလေး ပြန်ပြောလိုက်သည်။

"ဒါဆိုလည်း မြန်မြန်ထွက်လာခဲ့တော့ကွာ၊ ကိုယ် နေ့ကို တွေ့ချင်လွန်းလို့ အရမ်းရင်မောနေပြီ"

"အံမယ်လေး ချွဲပြန်ပြီ၊ ခုပဲ ထွက်လာပါပြီဆို"





"ဪ ... နေ"

"wait"

"အလှတွေ အရမ်းကြီးပြင်မလာခဲ့ဦးနော်၊ တခြားငနဲတွေရှိုးရင် ကိုယ် ဗလာပွဲကျင်းပနေရမယ်"

"အဟင်းဟင်း ... ဒါဆို နေ ဘယ်သူမှ မရှိုးအောင် ဘီလူးခေါင်းစွပ်လာခဲ့မယ်"

"ဟာ ... အဲ့လိုကြီးလည်း မလုပ်နဲ့လေ၊ ကိုယ့်မှာ ဟာ့(တ်) (heart) ရှိတယ်"

"အိုး ... ဟာ့တ်က လူတိုင်းမှာရှိတာပဲ"

"ဟင့်အင်း ... ကိုယ့်နှလုံးသားက ပိုနုတယ်"

ပိုပိုသည်းသည်းလေးပြောတတ်သော ဝသန်စကားကြောင့် နေနေ လွင်လွင်မြူးမြူးလေး ရယ်လိုက်မိသည်။

"ကဲ ... ကဲ ... ဒါပဲနော် နေနေ ဖုန်းပြောနေတာနဲ့ပဲ တွေ့ရချိန် နည်းသွားဦးမယ်၊ ကိုယ် ဖုန်းချလိုက်တော့မယ်၊ အမြန်ဆုံး ထွက်လာခဲ့တော့နော်"

လောလော,လောလော မှာပြီး ဝသန် ဖုန်းချသွားတော့သည်။ နေနေတစ်ယောက်တည်း ရယ်ကာ ကားသော့လှမ်းယူပြီး လှည့်အထွက်တွင် လှပသွက်လက်သော နေနေ့ရဲ့လှုပ်ရှားဟန်များကိုကြည့်ပြီး ကျေနပ်နေသော ဒေါ်သီရိဘုန်းထွဋ်ကို မြင်လိုက်ရသောအခါ ...

"မေမေ ... နေ အပြင်ခဏသွားဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းပုံက ပြုံးစစ။ ဒေါ်သီရိဘုန်းထွင့်မှ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"နေ့, သမီး ... မေမေ့ကို လက်ဆောင်မပေးတာကြာပြီနော်"

ဒေါ်သီရိဘုန်းထွင့်ရဲ့စကားက သားအမိနှစ်ယောက်တည်းသာ သိသောလျှို့ဝှက်ချက်။

"ပြော ... မေမေ့အတွက် ပျော်ရွှင်မှုတွေ ဘယ်တော့လက်ဆောင်ပေးမှာလဲ"

ဒေါ်သီရိဘုန်းထွင့်မှ မျက်ခုံးပင့်လျက် မေးသည်။ နေနေလွင့်မြူးစွာ တဟက်ဟက်ရယ်လျက် ဒေါ်သီရိဘုန်းထွင့်ရဲ့ခါးကို ချစ်မက်စွာ ဖက်ယမ်းပြီး ...

"စိတ်ချ မေမေ ... စိတ်ချ၊ မနက်ဖြန် မေမေ မျှော်နေတဲ့ ပျော်ရွှင်မှုတွေ မေမေရှေ့ ရောက်လာစေရမယ်၊ နေကတိပေးတယ်"

နေနေ့ကတိစကားကြောင့် ဒေါ်သီရိဘုန်းထွင့်ရဲ့မျက်ဝန်းများ လက်ခနဲ တောက်ပသွားခဲ့ရသည်။

"sure နော် သမီး"

"sure ... sure တကယ့် sure အစစ်၊ ကဲ ... အခုတော့ ဝသန်နဲ့ ကော်ဖီဆိုင်မှာ ချိန်းထားလို့ သမီး သွားတော့မယ်နော် မေမေ ... တာ့တာ"

နေနေ ဒေါ်သီရိဘုန်းထွင့်ကို လက်ကလေးပြရင်း ရွှင်မြူး





သွက်လက်စွာဖြင့် ကားကိုမောင်းထွက်သွားတော့သည်။

ဒေါ်သီရိဘုန်းထွင့်ရဲ့မျက်နှာတွင်တော့ တစ်စုံတစ်ရာအတွက် အားရကျေနပ်စွာ မျှော်လင့်ခြင်းတို့ဖြင့် ဝင်းလက်တောက်ပ၍နေသည်။

ထို့နောက် တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်မိသည်။

"မနက်ဖြန် ... ဟင်း ဟင်း ဟင်း မနက်ဖြန်၊ အင်းပေါ့လေ ... မနက်ဖြန်ကို စောင့်ရမှာပေါ့၊ မနက်ဖြန်ဆိုတာ ဘာကြာတာမှတ်လို့၊ တစ်ဘဝလုံးစာ မကြာပါဘူး ... ဟင်း ဟင်း"

စကားအဆုံး၌ ဒေါ်သီရိဘုန်းထွင့်ရဲ့မျက်နှာပေါ်တွင် လှပသောမဲ့ပြုံးတစ်ပွင့်မှာ လျှပ်ပြက်သလို ဖူးပွင့်သွားခဲ့လေသည်။

❁

Blue Rose ကော်ဖီဆိုင်ကလေးထဲ ခြေတစ်လှမ်းဝင်လိုက်သည်နှင့် ဆိုင်ထဲ ရှိ,ရှိသမျှ ယောကျ်ားသားများ၏မျက်လုံးပေါင်းများစွာတို့မှာ နေနေ့ဆီမှာ ပြင်းရှစွာကျရောက်သွားလေတော့သည်။

နေနေသည် မျက်နှာကလေးကို မော့ချီကာ တစ်လောကလုံးကို ဂရုစိုက်စရာမလိုသလို ဆိုင်ထဲဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ နေရဋ္ဌရာလေ''

''ဟား . . . နေရဋ္ဌရာဆိုတာ သူလေးလား၊ အတော်လှတာပဲ၊ အသားအရေရော, ဘော်ဒီစထရပ်ချာရော, မျက်နှာကလေးကရော ဘာမှပြောစရာမရှိဘူး''

''ဖက်ရှင်ကျတာရော မကျန်စေနဲ့လေ''

''အားလုံး,အားလုံး,အားလုံး မိုက်တယ်''

''ဟ . . . သူလေးက မိုက်တာလည်းမပြောနဲ့ အမေကလည်း အမိုက်စားပဲလေ၊ သိတယ်မဟုတ်လား . . . ဒေါ်အီရိဘုန်းထွဋ်လေ''

''သိတာပေါ့ . . . ကျောက်မျက်ကိုင်တာပဲဥစ္စာ''

''လှချက်ကတော့ သားအမိနှစ်ယောက်လုံး ဟောလိဝုဒ်မင်းသမီးတွေကျနေတာပဲနော်''

''ဒါနဲ့ . . . အခု သူလေးက ကော်ဖီလာသောက်တာ တစ်ယောက်တည်းလား''

''မြင်တာကတော့ တစ်ယောက်တည်းလေ''

နေသည် အကြည့်များစွာ, တီးတိုးစကားသံများကို ဥပေက္ခာပြု ဖြတ်ကျော်လျက် ဝသန်ဆီ တည့်မတ်စွာ လျှောက်လာခဲ့သည်။

ဝသန်သည် နေ သူ့ဆီလျှောက်လာတာ မြင်သည်နှင့် ဂုဏ်ယူဝင့်ကြွားစွာ လက်ကမ်းပြီး ဆီးကြိုလေသည်။

''နေ . . . ကိုယ် မျှော်နေရတာ အရမ်းရင်မောနေပြီ''





''မောရင် ရေသောက်လေ''

''ဟာ . . . မနောက်နဲ့ကွာ''

နေ မျက်စောင်းလေးဝင့်ပြီး ရွဲ့လိုက်တော့ ဝသန် မျက်နှာစူပုပ်သွားသည်။

သို့သော် . . . ဘာပဲပြောပြော ဝသန်ကတော့ အားကျသော, မနာလိုသော အကြည့်များစွာကို ခံယူခွင့်ရတဲ့အတွက် အရမ်းကို ကျေနပ်နေမိပါသည်။

နေ့အတွက်လည်း ကိုရီးယားဇာတ်လိုက်တွေလို ဖြူဝင်းရှင်းသန့်ကာ ချစ်စရာစတိုင်လ်ကျသော ဝသန့်ဆီမှ ဒီလို ခပ်သည်းသည်းစကားလေးများကို ကြားနေရသည်မှာ စိတ်ကျေနပ်စရာပင်။

နေ ဝသန့်ကို ချစ်လားလို့မေးရင် ချက်ချင်းခေါင်းခါမိမှာ သေချာပါသည်။ (ရင်ထဲ အရှိအတိုင်းဆိုရင်ပေါ့)

ဝသန်ကဲ့သို့ပင် တွဲခဲ့ဖူးသမျှ ကောင်လေးများစွာကို နေ တစ်ယောက်မှ မချစ်မိဘူး။

သို့သော် . . . မချွင်းတတ်သေးတာကိုပဲ နေ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ပါသည်။

ချစ်တတ်လာတဲ့တစ်နေ့မှာ နေ အကြီးအကျယ် စိတ်ဆင်းရဲရလိမ့်မယ်ဆိုတာ သိနေခဲ့သည်မဟုတ်လား။

တစ်စုံတစ်ယောက် စိတ်ကျေနပ်မှုရအောင် ဖြည့်ဆည်းရှင်သန်ပေးနေရသည့်ဘဝမှာ နေ ဘယ်သူ့ကိုမှ မချစ်မိစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် . . . ထိုတစ်စုံတစ်ယောက်မှာ မေမေ ဖြစ်နေသည့်အတွက် နေကလည်း ကျေနပ်ပါသည်။

ခုလောလောဆယ်မှာတော့ ဝဿန်က မေမေ့အတွက်ရော နေ့အတွက်ရော စိတ်ကျေနပ်မှု ပေးနိုင်သည့် သနားစရာသားကောင်လေးတစ်ကောင်ပဲ ဖြစ်ပါသည်။

''ကဲ . . . ပြောစရာတွေ အများကြီးရှိတယ်ဆို၊ ဖုန်းထဲမှာတော့ လောလိုက်တာ၊ ဘာပြောမှာလဲ . . . ပြော ခုပြော''

''အား . . . နေ သိပ်လှနေတော့ ပြောမယ့်စကားတွေတောင် မေ့ကုန်ပြီ''

''ပိုပြန်ပြီ၊ အမြဲတမ်းတွေ့နေရတဲ့ဟာကိုများ ဒီနေ့မှ တွေ့ဖူးတာကျနေတာပဲ''

''အမြဲတမ်းတွေ့လည်း နေ့အလှက တစ်နေ့မှ ရိုးမသွားတာ''

''ဟာ ဟာ ဟ''

ဝဿန်ရဲ့ ညှုတုတုစကားကြောင့် နေ လှောင်ရယ်လေးရယ်လိုက်မိသည်။

''ဟော့ . . . နေက ကော်ဖီတိုက်ဖို့လာတာမဟုတ်ဘူးနော်၊ ကော်ဖီသောက်ဖို့လာတာ မြှောက်မနေနဲ့''

''တကယ်ပြောတာ၊ နေ လှလွန်းတော့ ကိုယ် မျက်တောင်ခတ်ရမှာတောင် နမြောတယ်''

ဝဿန်က တကယ်ပင် နေကို မျက်တောင်မခတ်ဘဲ





မေးထောက်ခေါင်းစောင်းပြီးတော့ကို စိုက်ကြည့်နေလေတော့သည်။

''ဝဿန်နော် နေ့ကို အဲ့လိုကြီး စိုက်မကြည့်နဲ့၊ နေမနေတတ်ဘူး၊ ပြောစရာရှိတယ်ဆိုတာ မြန်မြန်ပြော၊ နေ ဂျာကြီးနဲ့ အိတ်ပိုက်ကိစ္စ တွေ့စရာရှိတယ်''

နေ မန်နေဂျာ ဒေါ်စန္ဒာကျော်နဲ့ တွေ့မယ့်ကိစ္စကို အချိန်အနည်းငယ်စောထွက်လာခဲ့ပြီး ဝဿန်နဲ့တွေ့ခြင်း ဖြစ်ပါသည်။

ပြီးတော့ . . . ဝဿန်နဲ့ တွေ့ချင်သည့်ကိစ္စလေးတစ်ခုရှိသေးသည်။ ကိစ္စလေးဟုသာ ဆိုရသော်လည်း သေးသေးမွှားမွှားတော့မဟုတ်။ ကမ္ဘာတစ်ခြမ်း မီးထ,လောင်နိုင်သည့်အထိကြီးကျယ်သော ကိစ္စတစ်ခုပင်။

နေသည် ထိုကိစ္စကို ဝဿန့်အား ဘယ်လိုစကားစ,ရင်ကောင်းမလဲ စဉ်းစားဆဲ . . .

''နေရယ် . . . နေက အရမ်းလှတယ်၊ ညို့ဓာတ်လည်း အရမ်းပြင်းတယ်၊ နေ့ကို ပိုင်ဆိုင်ချင်တဲ့သူတွေ အရမ်းများတော့ကိုယ် စိတ်မချချင်တော့ဘူး''

ဝဿန့်စကားမှာ နေလိုချင်သည့်လမ်းကြောင်းထဲ တည့်မတ်စွာ တိုးဝင်လာချေသည်။

နေသည် နှုတ်ခမ်းလေးတွန့်ရုံပြုံးမိလျက် . . .

''ဝဿန့်စကားကြီးက ဘာလဲ၊ နေ့ကို စိတ်မချချင်တော့ဘူးဆိုတော့ . . .''



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ယောင်မဆောင်ပါနဲ့ နေရယ်၊ ကိုယ်လေ နေနဲ့ ခုလိုတွေ့ပြီး ပြန်သွားတဲ့အခါ အရမ်းခံစားရတယ် သိလား"

ဝဿန်က နေ့မျက်နှာကို ငေးရီကာ ခံစားချက်အပြည့်ဖြင့် ပြောဆဲ။ နေသည် စားပွဲကိုသာ မျက်လွှာချကြည့်ကာ ငြိမ်သက်နေမိသည်။

"ကိုယ် နေနဲ့ မခွဲနိုင်တော့ဘူးနေရဲ့၊ အတူတူနေချင်ပြီကွာ"

ဝဿန့်အသံမှာ နှစ်ကိုယ်ကြားသာရုံ တိုးတိုးဖျဖျ။

နေသည် လူကသာ ငြိမ်သက်နေသော်လည်း မျက်ဝန်းကလေးများကိုတော့ လျင်မြန်လှစွာ ထောင့်ကပ်လျက် ဝဿန့်ကို အကဲခတ်လိုက်သည်။

ဝဿန်ပြောပုံမှာ လျှာဖျားကမဟုတ်ဘဲ ခံစားချက်အပြည့်ဖြင့် လိုက်လိုက်လှဲလှဲပြောနေတာကို တွေ့လိုက်ရလျှင် နေသည် ကျေနပ်သွားရလျက် ...

"ဝဿန် ... ယူ တကယ်ကြီး ပြောနေတာလား"

နေက မျက်တောင်ကလေးများ စင်းချကာ မေးလိုက်လျှင် ဝဿန်မှာ ပျာပျာသလဲပင် ...

"တကယ်ပေါ့၊ တကယ်ပေါ့ နေရဲ့၊ ကိုယ် နေနဲ့အတူတူ နေချင်ပြီ၊ ကိုယ် နေနဲ့ လက်ထပ်ချင်ပြီ၊ နေရော"

ဝဿန်က ပြန်မေးလေးလျှင် နေက ရှက်ဝဲဝဲကလေး ခေါင်းငုံ့ပြုံးကာ ...





"ဝဿန်ရယ် ... အဲ့ဒီကိစ္စက နေ့သဘောတစ်ခုတည်းနဲ့မှ မပြီးတာ"

"ဒါဆို"

"ဝဿန် ... မေမေနဲ့ လာတွေ့လေ"

"ဟာ"

အံ့သြတကြီး ဝင်းလက်သွားသော ဝဿန့်မျက်နှာလေးကိုကြည့်ကာ နေ ပြုံးလိုက်မိသည်။

"နေ့မေမေက ကိုယ့် ... ကိုယ့်ကို လက်ခံပါ့မလား"

"ဒါကတော့ ဝဿန့်ပေါ် မူတည်တာပဲ၊ ဝဿန်က မေမေလက်ခံအောင် ကြိုးစားပေါ့၊ ဒါပဲနော် ဝဿန် ... နေတို့က သားအမိနှစ်ယောက်တည်းရှိတာ၊ မေမေ့သဘောက နေ့သဘောပဲ ... သိရဲ့လား"

"အိုကေ ... ကိုယ်ကြိုးစားမှာပေါ့၊ ပြော ... ကိုယ် ဘယ်နေ့လာခဲ့ရမလဲ"

"အင်း ... မနက်ဖြန် မေမေ အားမယ်ထင်တယ်၊ လာခဲ့လေ"

"မနက်ဖြန် ... မနက်ဖြန် ဘယ်နှစ်နာရီလာခဲ့ရမလဲ"

နေသည် ခဏမျှတိတ်ဆိတ်သွားခဲ့ပြီးမှ ...

"ဆယ့်တစ်နာရီလောက် လာခဲ့လေ"

"ဆယ့်တစ်နာရီနော် ... ဟုတ်လား နေ ... sure နော်"



www.burmeseclassic.com

www.burmeseclassic.com



"sure ဝသန်၊ မေမေ့ကို ကြိုပြောပြထားလိုက်မယ်"

"အား ... ကိုယ် ရင်ခုန်လိုက်တာကွာ၊ ဆယ့်တစ်နာရီ ... ဆယ့်တစ်နာရီ၊ မနက်ဖြန် ဆယ့်တစ်နာရီဟာ ကိုယ့်ဘဝပဲ သိရဲ့လား နေ"

နေက ဘယ်ဘက်အပေါ်နှုတ်ခမ်းကလေးကို လှပစွာ လွန့်လူးတွန့်ကွေးလျက် ပြုံးလိုက်သည်။

ဝသန်ကတော့ ...

"ဆယ့်တစ်နာရီ ... ဆယ့်တစ်နာရီ"

ဟု စိတ်လှုပ်ရှားစွာ တဖွဖွရေရွတ်နေလေတော့သည်။



## အခန်း (၄)

"မမနေ ... ခြံဝမှာ ကားတစ်စီးရပ်နေတယ်"

"ဖွင့်ပေးလိုက်လေ"

"ဟို ... ဟိုလေ"

မိတူး မဝံ့မရဲဖြင့် နေ့ကိုကြည့်သည်။

စကားမဆက်ရဲသော မိတူးကိုကြည့်ပြီး နေ ပြုံးဟဟဖြင့် မေးလိုက်မိသည်။

"ဘာလို့လဲ မိတူးရဲ့"

"ဟိုလေ ... မမနေ ကားထဲမှာ လူ ... လူ"

"ဟဲ့ ... ကားထဲမှာ လူပါတာ ဘာဖြစ်လဲ"

"အဲ့ဒီလူက မိန်းကလေး မဟုတ်ဘူး မမနေရဲ့၊ ယောက် ... ယောကျ်ားလေး"



www.burmeseclassic.com

www.burmeseclassic.com



နေ ရယ်ချင်လာသည်။

"အဲ့ဒီတော့ ဘာဖြစ်လဲ"

"ဟိုလေ ... အန်တီက အိမ်ထဲကို ဘာအထီးမှ ပေးမဝင်ဘူးဆို၊ ကြက်တွေ့ ငါးတွေတောင် အမမှ စားတာဆိုတော့"

နေ မိတူးကို စ,နေမိရာမှ မအောင့်အည်းနိုင်တော့ဘဲ ရယ်ချလိုက်မိသည်။

"သွား သွား ... တံခါးသွားဖွင့်ပေးလိုက်ချေ၊ အဲ့ဒါ မမညည့်သည်"

"ရှင်"

မိတူး မျက်လုံးလေးပြူးသွားသည်။

"ဟို ... အန်တီထွင့်က ..."

"မေမေက ခေါ်ခိုင်းထားတာ"

"ဘုရားရေ"

မိတူး ကိုယ့်ခေါင်းကိုယ်ကုတ်ကာ ဘုရားတ,လိုက်မိတော့သည်။

'ယောကျ်ား မဝင်ရ'... ဆိုတဲ့ စာတန်းကြီး ချိတ်ဆွဲထားပြီး အထီးမုန်းတီးရေးဝါဒီအိမ်ကို ယောကျ်ားလေးညည့်သည် ရောက်လာသည်ဆိုတော့ မိတူး လျှော်လျှပ်ခြင်း ခံလိုက်ရသလို ခေါင်းထဲ မူးနောက်ချာချာလည်သွားရသည်။

"ကဲ ကဲ ... သွား ဘုရားတ,မနေနဲ့၊ တံခါးသွားဖွင့်ပေးချေဆို"





"ဟုတ် ... ဟုတ်"

မိတူး အူကြောင်ကြောင်ဖြင့်ပင် တံခါးသွားဖွင့်ပေးဖို့ ပြင်သည်။

ရှေ့ကို ခြေလှမ်းမလှိုပြင်ပြီးမှ ဆတ်ခနဲ နောက်ပြန်လှည့်လာပြန်ကာ ...

"မမနေ ... ဒီနေ့ အရမ်းလှနေတာပဲ"

"ဟဲ့ ... ဩော် ... ဘာများလဲလို့ ငါက အရင်နေ့က မလှဘူးပေါ့လေ"

"ဟုတ်ဘူးလေ ... အရင်နေ့တွေကလည်း လှတယ်၊ ဒီနေ့က ပိုပြီးလှတယ်လို့ပြောတာ"

"အေးပါ ... မုန့်ဝယ်ကျွေးပါ့မယ်၊ လောလောဆယ်တော့ ခြံတံခါးကို မြန်မြန်လေး ပြေးဖွင့်ပေးလိုက်ဦး၊ ညည့်သည်က စောင့်နေရတာ ကြာပြီ"

"ဟုတ် ... ဟုတ်"

မိတူး အူကြောင်ကြောင်ဖြင့် ပြေးထွက်သွားတော့မှ နေ ကိုယ့်ကိုယ်ကိုယ် ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့ရပ်ကာ အသေအချာကြည့်လိုက်မိသည်။

ခဲရောင်ပိုးချိတ်လှိုင်းသေး ဝတ်စုံကလေးမှာ ပန်းအိုးပုံလည်ပင်းနှင့် တစောင်းရင်ဖုံးပုံစံ ချပ်ချပ်ရပ်ရပ်ကလေးမို့ ကျစ်လျစ်သော နေရဲ့ခန္ဓာကိုယ်အလှမှာ ယဉ်၍နေသည်။

လုံချည်ကိုတော့ နေက သိပ်ကျကျနန မဝတ်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



မို့ ချိတ်တွယ်သည့် ပတ်စကတ်ပဲ ဝတ်ပါသည်။

ဒါပေမဲ့ အောက်ခြေအနားကို တိတိကြီးမဟုတ်ဘဲ ပန်းကွပ်အနားပိုင်းလေးမို့ နေ့ပုံစံကလေးက သိပ်ပြီး လူကြီးဆန်မနေဘဲ ချစ်စဖွယ် လူငယ်ဆန်နေရပါသည်။

နေသည် အဝတ်အစားလေးများကို ဆန့်ရန့်အောင် ဆွဲချလိုက်ပြီး လွင့်လွင့်ကလေးပြုံးကာ အိမ်ရှေ့ခန်းဆီ ထွက်လာခဲ့သည်။

နေ ပထမဆုံး မြင်တွေ့လိုက်ရသည်မှာ ဧည့်ခန်းရှိ ဆက်တီခုံတွေမှာ ဝင်မထိုင်ရဲသေးဘဲ မျက်စိသူငယ်ဖြင့် ထိတ်ပျာနေသော ဝဿန့်ကိုဖြစ်သည်။

"နေ . . . ကိုယ် . . . ကိုယ် ဘယ်လိုလုပ်ရမှာလဲ၊ နေတို့ခြံဝမှာ စာတန်းနီကြီးနဲ့ ယောက်ျားမဝင်ရ . . . လို့ ဆိုင်းဘုတ်ရေးထားတာ တွေ့ခဲ့ရတယ်၊ ကိုယ် ဝင်လို့ဖြစ်ပါ့မလား၊ နေ့မေမေရဲ့သဘောထားက ဘယ်လိုလဲ"

ဝဿန်ရဲ့ စိုးရိမ်ထိတ်လန့်နေပုံကိုကြည့်ပြီး နေသည် ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်မျိုသိပ်ထားလိုက်ရသည်။

"နေတို့က မိန်းမသားချည်းပဲ နေတာမို့လို့ မေမေက အဲ့ဒီဆိုင်းဘုတ်တပ်ထားတာပါ၊ ဝဿန်ကတော့ နေ့ဧည့်သည်ပဲဟာ၊ ခြွင်းချက် . . . ဖွီအိုင်ပီ၊ မေမေကိုယ်တိုင်က ဝဿန်ကို လက်ခံတွေ့မယ်လို့ ခွင့်ပြုပြီးသား၊ ဘာမှ ဝါရီတွေများမနေနဲ့"

"အင်း . . . ကိုယ်ကတော့ ရင်တထိတ်ထိတ်ပဲ"





ရင်ဘတ်ဖိပြီး ပြောလိုက်သော ဝဿန့်ပုံစံကြောင့် နေပြုံးလိုက်မိသည်။

"ခဏထိုင်ဦးနော် ဝဿန် . . . မေမေ ဆယ့်တစ်နာရီ ထိုးရင် အပေါ်ထပ်က ဆင်းလာလိမ့်မယ်၊ နေ ဝဿန်ရောက်နေပြီလို့ မေမေ့ကို သွားပြောလိုက်ဦးမယ်နော်"

နေ . . . မေမေ့ကိုအကြောင်းကြားဖို့ ထွက်လာခဲ့လျှင် ဝဿန်သည် ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ဟိုငေးသည်ငေး လုပ်နေမိသည်။

လှေကားထိပ်၌ ထောင်ထားသည့် လူတစ်ရပ်စာအမြင့်ရှိသည့် သတို့သမီးဝတ်စုံနှင့် ပန်းချီကားကြီးကို မြင်လိုက်ရလျှင် ဝဿန်သည် တကယ့်လူတစ်ယောက်မှတ်ကာ လန့်သွားမိသည်။

လှလိုက်တဲ့အမျိုးသမီးဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ နေနေ့မေမေပဲ ဖြစ်ရမည်။ ဒါပေမဲ့ နေနေနှင့်မတူ။

ဒီပန်းချီကားထဲမှ အမျိုးသမီးရဲ့အလှက မဟာဆန်သော တော်ဝင်ဆန်သောအလှဖြစ်သည်။ နေနေကတော့ ခေတ်ဆန်စွာ လှပသည်ကော။

'ဒင်း ဒေါင်'

နာရီပေါင်းမြောက်မြားစွာမှ ဆူညံကျယ်လောင်စွာ တစ်ပြိုင်နက်တည်း မြည်ဟည်းလိုက်သံကြောင့် ဝဿန်သည် လန့်သွားရသည်။

ဆယ့်တစ်နာရီ . . . ။



www.burmeseclassic.com

www.burmeseclassic.com



လူရိပ်ကို ဖျတ်ခနဲ မျက်ဝန်းထောင့်မှ လှမ်းတွေ့လိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ဝသန်သည် ပိုပြီးလန့်ဖျပ်သွားရတော့သည်။

ပန်းချီကားထဲမှ အမျိုးသမီး။ သည့်ဝတ်စုံ သည်အဖြင်အဆင်အတိုင်း။

မသိလျှင် ပန်းချီကားထဲမှ ထွက်လာသည်ဟုပင် ထင်မှတ်မှားချင်စရာ။

"ဝသန် . . ဒါ နေ့မေမေလေ၊ ဒေါ်သီရိဘုန်းထွန်းတဲ့"

နေ မိတ်ဆက်ပေးမှ ဝသန်သည် ကြောင်အမ်းနေရာမှ သတိဝင်လာကာ ချက်ချင်းမတ်တတ်ထ,ရပ်ပြီး အရိုအသေပေးလိုက်မိသည်။

စိတ်ထဲမှာတော့ ဒေါ်သီရိဘုန်းထွန်းကို သတို့သမီးအဝတ်အစားဖြင့် တွေ့လိုက်ရသဖြင့် နားမလည်နိုင်စွာ အံ့သြဘနန်းဖြစ်နေမိသည်။

"မေမေ . . . ဒါ **ဝသန်ပစ္စုန်** . . . ပါ"

"ဝသန်ပစ္စုန် . . . အင်း . . . ထိုင်ပါ"

အမျိုးသမီးကြီးက ခေါင်းတစ်ချက်ညိတ်ပြပြီး သူ့ကို ထိုင်ခိုင်းပါသည်။

လေသံ, မျက်နှာပေးနှင့် အမူအရာမှာ တင်စီးတတ်မည့်ပုံပဲ။ ဝသန် တိတ်တဆိတ် မှတ်ချက်ချလိုက်မိသည်။

"မင်းက နေနေ့ကို လက်ထပ်ချင်တယ်ဆို၊ ဟုတ်လား"





"ဟုတ်ကဲ့"

"မိဘတွေက"

"ဦးကျော်ဒွန်းနှင့် ဒေါ်လှဝင်းနွယ်ပါ"

"မိဘတွေက ဘာလုပ်ငန်းလုပ်သလဲကွယ့်"

"ရေသန့်စက်ရုံ တည်ထားပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း မိဘအလုပ်အကိုင်ကို ဝင်ကူပါတယ်"

"ဟုတ်လား . . . လိမ္မာတာပေါ့၊ မိဘလက်ငုတ်လက်ရင်းကို ဆက်ခံတာ မများဘူး၊ ကိုယ့်လက်ထက်မှာ ပိုပြီးကြီးပွားတိုးတက်အောင် လုပ်နိုင်တာပေါ့"

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း အဲ့လိုဆန္ဒရှိလို့ မေမေတို့အလုပ်ကို ဝင်လုပ်တာပါ"

"အေး . . . ကောင်းပါတယ်၊ ဒါနဲ့ မင်း ကျောင်းပြီးလောက်ရောပေါ့"

"ဟုတ်ကဲ့ . . . ကျွန်တော် စီးပွား–စီမံနဲ့ ကျောင်းပြီးထားပါတယ်"

"ခြော်"

အမျိုးသမီးကြီးမှာ မေးခွန်းများ မေးနေခဲ့သော်လည်း တစ်ခွန်းထက်တစ်ခွန်း မျက်နှာထားမှာ တင်းမာခက်ထန်လာသည်ကို တွေ့ရသဖြင့် ဝသန်မှာ နားမလည်နိုင်တော့ဘဲ လန့်ဖျပ်လာမိသည်။

"အင်း . . . အင်း . . . မင်းရဲ့ပညာအရည်အချင်းနဲ့ မိဘ



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းကတော့ ငြင်းစရာမရှိဘူး''

ငြင်းစရာမရှိဘူးဆိုသည့် ဒေါ်သီရိဘုန်းထွဋ်၏စကားကြောင့် ဝသန့်မျက်လုံးများ လက်ခနဲ တောက်ပကာ အရမ်းကို ပျော်သွားရဆဲ။ ဒေါ်သီရိဘုန်းထွဋ်က တစ်ခွန်းချင်း ဆက်ပြီး ပြောလေသည်မှာ ...

''ဒါပေမဲ့ ငါ မင်းကို ငါ့သမီးနဲ့ သဘောမတူနိုင်ဘူး''

''ဗျာ''

မျှော်လင့်ချက်ဖြင့် ပျော်ရွှင်ဆဲ ဝသန်မှာ ဘာကိုမှ နားမလည်နိုင်အောင် အံ့အားသင့်ထိတ်လန့်သွားရတော့သည်။

''ဘာ ... ဘာဖြစ်လို့''

''ငါ့ကို အဲ့ဒါတွေ မမေးနဲ့၊ ခုချိန်ကစပြီး မင်းကို ငါ့သမီး အနားမှာ မမြင်ချင်ဘူး၊ မင်း ခုချက်ချင်း ငါ့ရှေ့က ထွက်သွား တော့''

တံခါးဝဆီ လက်ညှိုးထိုးပြီး နှင်ထုတ်ခြင်းခံလိုက်ရလျှင် ဝသန်မှာ မျက်နှာတစ်ပြင်လုံး နီရဲတွတ်ကာ ရှက်သွားခဲ့ရသည်။

ဘာဖြစ်လို့ ခုလို ချက်ချင်းကြီး ထ,ဖြစ်ရတယ်ဆိုတာ စဉ်းစားမရ။

မိဘတွေနာမည်နှင့်အလုပ်အကိုင်ကို မေးပြီးမှ ခုလိုဖြစ်ရတာမို့ ကိုယ့်မိဘတွေနှင့်ပဲ ဒီအမျိုးသမီးကြီးနှင့် ကျောင်းတော်က ရန်စများ ရှိခဲ့လေသလား တွေးမိကာ ...

''ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ အန်တီ၊ ကျွန်တော့်





ကို ဘာဖြစ်လို့ ငြင်းရတာလဲ၊ နေ့ကို ကျွန်တော် တကယ်ချစ်တာပါ၊ တကယ်ချစ်လို့လည်း အန်တီ့ကို လာတွေ့ပြီး လက်ထပ်ခွင့် တောင်းရတာပါ၊ အန်တီ့ဆီက ခွင့်ပြုချက်ရရင် ကျွန်တော့်မိဘ တွေကိုခေါ်ပြီး တင့်တောင့်တင့်တယ်လာတောင်းရမ်းစေ့စပ်မှာပါ''

ဝသန်မှာ ပျာယာခတ်ကာ စိုးရိမ်တကြီး တောင်းပန် နေမိသည်။

''ငါ ဘာကိုမှခွင့်မပြုချင်ဘူး၊ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်လည်း မင်းကို ပေးစရာမလိုဘူး၊ မင်းကိုငါ နောက်ဆုံးပြောချင်တာ ငါ့သမီးအနားမှာ မင်းကို ငါ မမြင်ချင်ဘူး၊ ဒါပဲ မင်း ထွက်သွားတော့''

ဒေါ်သီရိဘုန်းထွဋ်၏အသံမှာ တစ်စထက်တစ်စ ကျယ်လောင်လာသည်။

ဝသန်မှာ အိမ်ကိုလာခဲ့ဖို့ ဖိတ်ခေါ်ခဲ့ပြီးမှ ခုလို ရင့်ရင့်သီးသီးနှင့် ထုတ်ခြင်းခံလိုက်ရသဖြင့် ရှက်လည်းရှက်ပြီး တင်းခနဲလည်း ဖြစ်သွားရသည်။

တင်းမာခက်ထန်၍နေသော ဒေါ်သီရိဘုန်းထွဋ်ကို အံ့ကြိတ်လျက် မျက်နှာချင်းဆိုင်လိုက်ကာ ...

''ဒါဆို ... ကျွန်တော့်ကို ဘာလို့ခေါ်တွေ့သေးလဲ''

ဝသန်ကလည်း တစ်ခွန်းချင်း မေးလိုက်သည်။ ဝသန်နှင့်ဒေါ်သီရိဘုန်းထွဋ်မှာ ပေါက်တော့မယ့်မြွေတွေလို တစ်ယောက်ကိုတစ်ယောက် ခါးခါးသီးသီး စိုက်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဿန်မေးခွန်းကို ဒေါ်သီရိဘုန်းထွဋ်က မဲ့ပြုံးပြုံးလိုက်လျက် ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"သိချင်တယ် ... ဟုတ်လား၊ အေး ... ပြောပြမယ်၊ သေသေချာချာနားထောင် ... ငါ့သမီးကို မင်းနဲ့မှမဟုတ်ဘူး ဘယ်ယောကျ်ားနဲ့မှ ငါ သဘောမတူဘူး"

"အေး ... ဒါပေမဲ့ မင်းကိုငါ ဘာဖြစ်လို့ ခေါ်တွေ့ခဲ့သလဲဆိုတော့ မင်းတို့ယောကျ်ားတွေ စွန့်ပစ်ခံရတဲ့အခါ ဘယ်လို ခံစားရသလဲဆိုတာ သိချင်လို့၊ မြင်ချင်လို့"

"မင်းတို့ နာနာကျင်ကျင် ခံစားရတာကို ပေါ့ဒီလို ကြည့်ပြီး ငါ ပျော်ရွှင်ချင်လို့၊ ငါ အခု အရမ်းပျော်တယ် သိရဲ့လား၊ ဒီပျော်ရွှင်မှုအတွက် မင်းကိုငါ ကျေးဇူးတင်ပါတယ်၊ ကဲ ... တတိယအကြိမ်မြောက် ထပ်ပြောပါရစေ၊ မင်း ငါ့အိမ်ထဲက ခုထွက်သွားတော့၊ မင်းမျက်နှာကို နောက်ထပ် တစ်စက္ကန့်တောင် ငါ မမြင်ချင်တော့ဘူး"

ဒေါ်သီရိဘုန်းထွဋ် ရှင်းရှင်းလင်းလင်းပြောပြတော့လည်း ဝဿန်မှာ ဘာကိုမှနားမလည်နိုင်တော့ပြန်။

နေ့ကို အားကိုးတကြီးကြည့်ကာ ...

"နေ ... နေ့မေမေ ပြောတာတွေ ကိုယ် ဘာမှနားမလည်နိုင်တော့ဘူး နေရယ် ... ကူပြောပေးပါဦး"

ဝဿန်က အကူအညီတောင်းလျှင် နေသည် မျက်လုံးလေးများကို စူးကုတ်ကာ စိုက်ကြည့်လျက် ...





"ဘာကိုကူပြောပေးရမှာလဲ၊ နေနဲ့မေမေက သားအမိပဲဟာ၊ မေမေ့ရဲ့သဘောထားဟာ နေ့ရဲ့သဘောထားပဲ"

ဝဿန့်မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားခဲ့ပြီး ...

"ဘာ ... ဘာ ... နေ ... နေ ... ဘယ်လို မင်း ဘာပြောလိုက်တယ်"

"ယူ ထွက်သွားလိုက်တော့ ဝဿန်၊ ခုချိန်ကစပြီး ယူနဲ့နေ ဘာမှမဆိုင်တော့ဘူးလို့ မှတ်လိုက်တော့ လမ်းတွေ့ရင်တောင် တစ်ခါမှ မတွေ့ဖူးခဲ့ဘူးလို့ သဘောထားလိုက်ပါ"

"နေ ... မင်း ဘယ်လိုပြောလိုက်တယ်၊ ရက်စက်လှချေလား၊ နေရာ ဟာကွာ ... မင်း ... မင်း"

ဝဿန်မှာ လုံးဝမထင်မှတ်နိုင်အောင် ပြောင်းလဲသွားသည့်နေ့ကိုကြည့်ကာ ဝမ်းနည်းခံပြင်းသွားမိသည်။

"ဒါဆို ... မင်း ငါ့ကို ဘာကြောင့်တွဲခဲ့လဲ၊ ဘာကြောင့် မျှော်လင့်ချက်တွေ ပေးခဲ့သေးလဲ၊ မင်း ... မင်း ငါ့ကို လှည့်စားခဲ့တာပေါ့ ဟုတ်လား နေရဦရာ၊ မင်း ... ငါ့ကို တကယ်မချစ်ဘဲ တွဲခဲ့တာပေါ့လေ ဟုတ်သား"

ဝဿန်မျက်လုံးများမှာ နာကျင်ခံပြင်းခြင်းဖြင့် နီရဲကြွပ်ထ၍နေသည်။

နေကတော့ ထိုမျက်လုံးများကို ထီမထင်ပင် ဟားတိုက်ရယ်မောပစ်လိုက်ပြီး ...

"ဆောရီးပဲ ဝဿန်ပစ္စုန်၊ နေရဦရာဆိုတဲ့မိန်းမဆိုးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ အချစ်ဆိုတာ မရှိခဲ့ဖူးဘူး၊ မှတ်ထားလိုက်''

''မင်း ... မင်း''

''ဒေါသတွေ သိပ်ကြီးမနေနဲ့၊ ယူတို့ယောကျ်ားတွေ စွန့်ပစ်ခံရတဲ့ ရသလေးကို နားလည်ခံစားနိုင်အောင် နေက ပို့ချချက်ပေးချင်လို့ ယူ့ကို ရည်ရွယ်ပြီးတွဲခဲ့တာ''

''အခု ... အဲ့ဒီရသလေးကို ယူ မြည်းစမ်းဖူးသွားပြီ မဟုတ်လား၊ ကဲ ... ချိုမြိန်စွာနဲ့ လာရာလမ်းအတိုင်း ပြန်ကြွပေတော့၊ ဒီအိမ်မှာ ယူတို့ယောကျ်ားတွေအတွက် နေရာမရှိတာမို့ ဆောရီးပါ''

နေသည် ခါးလေးညွတ်ကာ ခပ်လျောင်လျောင်လေးနှင် ထုတ်လိုက်သည်။

''မင်း ... မင်း မာယာများတဲ့မိန်းမပဲ၊ မင်း ငါ့ကို ချစ်ဟန်ဆောင်ပြီး အသည်းခွဲခဲ့တာပေါ့ ... ဟုတ်လား၊ ငါ့ကို အိမ်တိုင်ရာရောက် ဖိတ်ခေါ်ပြီး အရှက်ခွဲလိုက်တာပေါ့ ... ဟုတ်လား၊ အေး ... ငါ အသည်းကွဲခဲ့ရသလို၊ ငါ အရှက်ကွဲခဲ့ရသလို မင်း ငါ့လို တစ်နေ့ပြန်ခံစားရစေ့မယ်၊ အဲ့ဒါ ငါ့ကျိန်စာပဲ ... မှတ်ထားလိုက် နေရှူရာ''

ဝသန်သည် ရှက်သည်းနာကြည်းလွန်စွာ နေ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ စွပ်စွဲပြီး ပေါက်ကွဲလေသည်။

''အိုး ... ယူက နေ့ကို ကျိန်စာတိုက်ခဲ့တယ်ပေါ့ ဟုတ်လား၊ ဝဲလ်ကမ်းပါ၊ နေက မကြောက်တတ်ဘူးကွယ့်''





''တောက်''

ဝသန်သည် ကျယ်လောင်စွာ တောက်ခေါက်ခဲ့ပြီး ချာခနဲလှည့်ထွက်သွားလေသည်။

''ဟား ဟား ဟား ဟား''

''ဟား ဟား ဟား ဟား''

နေတို့သားအမိနှစ်ယောက်မှာ အောင်ပွဲရ သူရဲကောင်းတွေလို ကျေနပ်ဝမ်းမြောက်စွာ ဟားတိုက်ရယ်မောလိုက်ကြသည်။

ဒေါ်သီရိဘုန်းထွဋ်က နေ့ပါးပြင်နုနုကို အဆက်မပြတ်မွှေးကြူကာ ကျေကျေနပ်နပ်ကြီး ချီးကျူးလေသည်။

''ဒါမှ မေမေ့သမီးကွ၊ တော်လိုက်တဲ့ သမီးလေး၊ သမီးရဲ့လုပ်ရပ်အတွက် မေမေ ကျေနပ်တယ် သိလား၊ ကျေးဇူးလည်း သိပ်တင်တယ်''

နေသည် မေမေ့ချီးမွမ်းစကားတွေကိုရော အနမ်းပွင့်လေးတွေကိုရော ကြည်နူးစွာ ခံယူကျေနပ်နေမိသည်။

မေမေ့ရဲ့ပျော်ရွှင်မှုဟာ နေရဲ့ပျော်ရွှင်မှုပဲ ဖြစ်သည်။

မေမေ ကျေနပ်အောင် ဖြည့်စွမ်းပေးနိုင်သည့်အတွက် နေကိုယ်တိုင်လည်း ကျေနပ်သည်လေ။

မေမေက နေ့ရဲ့ဘယ်လိုမှ ဆပ်မကုန်နိုင်သည့် ကျေးဇူးရှင် မဟုတ်လား။

မေမေ့ရဲ့စိတ်ကို ပျော်ရွှင်အောင် ဖြည့်စွမ်းပေးနိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကို နေက တစ်စိတ်တစ်ဒေသ ကျေးဇူးဆပ်ခွင့်ကြုံသည်ဟု မှတ်ယူပါသည်။

နေတို့သားအမိနှစ်ယောက်မှာ အောင်ပွဲရ သူရဲကောင်းတွေလို ကျေနပ်ဝမ်းမြောက်စွာ ဟားတိုက်ရယ်မောလိုက်ကြသည်။

ဒေါ်သီရိဘုန်းထွဋ်က နေ့ပါးပြင်နုနုကို အဆက်မပြတ်မွေးကြူကာ ကျေကျေနပ်နပ်ကြီး ချီးကျူးလေသည်။

"ဒါမှ မေမေ့သမီးကွ၊ တော်လိုက်တဲ့ သမီးလေး၊ သမီးရဲ့လုပ်ရပ်အတွက် မေမေ ကျေနပ်တယ် ... သိလား၊ ကျေးဇူးလည်း သိပ်တင်တယ်"

နေသည် မေမေ့ချီးမွမ်းစကားတွေကိုရော အနမ်းပွင့်လေးတွေကိုရော ကြည်နူးစွာ ခံယူကျေနပ်နေမိသည်။

မေမေ့ရဲ့ပျော်ရွှင်မှုဟာ နေရဲ့ပျော်ရွှင်မှုပဲ ဖြစ်သည်။

မေမေကျေနပ်အောင် ဖြည့်ဆည်းပေးနိုင်သည့်အတွက် နေကိုယ်တိုင်လည်း ကျေနပ်သည်လေ။

မေမေက နေ့ရဲ့ဘယ်လိုမှဆပ်မကုန်နိုင်သည့် ကျေးဇူးရှင် မဟုတ်လား။

မေမေ့ရဲ့စိတ်ကို ပျော်ရွှင်အောင် ဖြည့်ဆည်းပေးနိုင်သည်ကို နေက တစ်စိတ်တစ်ဒေသ ကျေးဇူးဆပ်ခွင့်ကြုံသည်ဟု မှတ်ယူပါသည်။



--------------။

"မင်းကို ငါ့သမီးအနားမှာ မမြင်ချင်တော့ဘူး၊ မင်း ဒီနေ့, ဒီအချိန်ကစပြီး ငါ့သမီးနဲ့ ကင်းကင်းနေပါ"

"ခင်ဗျာ ... နေ ... နေရယ် ကိုယ့်ဘက်က ကူပြောပေးပါဦး၊ နေ့မေမေ ကိုယ့်ကို လက်ခံအောင် ကူပြောပေးပါဦး"

"ဆောရီးပါ မေမေနဲ့နေဟာ တစ်သဘောတည်းပါပဲ"

"ခင်ဗျာ"

"ဒီတော့ အကောင်းဆုံးက **အောင်အောင်** ... ယူ့, ပြန်လိုက်ပါတော့"

"နေ ... နေ မင်း အရမ်းရက်စက်တယ် နေရယ်၊ မင်း ကိုယ့်အသည်းကို ခွဲရက်တယ်၊ ကိုယ် အရမ်းကို ခံစားရတယ် ... သိရဲ့လား"

"ကျွတ် ကျွတ် .. စိတ်မကောင်းပါဘူးကွယ်၊ အသည်း



www.burmeseclassic.com

www.burmeseclassic.com



ခွဲတာက နေ့ဝါသနာဖြစ်နေလို့ပါ''

''အား ... ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ နေရယ်၊ နေ ကိုယ့်ကို လှည့်စားခဲ့တာပေါ့၊ နေ ကိုယ့်ကို အပျော်တွဲခဲ့တာပေါ့၊ နေ သိပ်ရက်စက်တယ်''

''ဟုတ်လား ... နေက ရက်စက်သတဲ့လား၊ မေမေသူက နေ့ကို ရက်စက်သတဲ့ မေမေရဲ့၊ ဟင်း ဟင်း ... မရယ်ရဘူးလား''

''အိုး ... သိပ်ရယ်စရာကောင်းတဲ့ ပြက်လုံးပဲနော် သမီးရယ် ... ဟား ဟား''

''ဟား ဟား ဟား''

''ဟင် ... ခင်ဗျားတို့က ရယ်ရက်တယ်၊ ကျွန်တော်ခံစားနေရတာကို ခင်ဗျားတို့က ရယ်ရက်တယ်နော်၊ ရက်စက်လိုက်ကြတာဗျာ''



---------------॥

''ကိုယ် တောင်းပန်ပါတယ် နေရယ်၊ ကိုယ့်ကို နောက်တစ်ကြိမ်လောက် အခွင့်အရေးထပ်ပေးပါနော်၊ နေ့မေမေ လက်ခံလာအောင် ကိုယ် ကြိုးစားပါရစေ''

''ဩော် ... ခက်လိုက်တာ **ရဲညီဟာ** ရယ်၊ ရှင့်ကို မေမေက သဘောမတူလို့တစ်ခုတည်းမဟုတ်ဘူး၊ ကျွန်မကိုယ်တိုင်ကလည်း ရှင့်ကိုမချစ်လို့ ငြင်းတာ''

''နေ ... ကိုယ့်ကို အပျော်တွဲခဲ့တာပေါ့ .. ဟုတ်လား''

''ခက်လိုက်တာနော်၊ မချစ်ခဲ့ပါဘူးဆိုမှ ကဲ ... ကျွန်မရှေ့က ဖယ်ပါ၊ ရှင်နဲ့ကျွန်မ ဘာမှမဆိုင်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"**နေရဥ္စရာ** ဆိုတာ မင်းလား"

ခပ်ထန်ထန်မေးပုံကြောင့် နေကလည်း ခပ်စူးစူး ပြန်မော့ကြည့်လိုက်မိသည်။

နေ့ထက် လေး,ငါးနှစ်ကြီးဟန်ရသည့် မိန်းမတစ်ယောက်။

နေ့ကို ငုံ့ကြည့်နေပုံက အငြိုးတကြီးနှင့်ဖြစ်သည်။

"ဟုတ်ပါတယ်၊ ရှင်ကရော ဘယ်သူလဲ"

နေသည် သူ့မေးပုံက ထန်နေတာမို့ ကိုယ်ကလည်း လေသံပြန်မာပစ်လိုက်သည်။

"တို့က ရဲသီဟရဲ့အစ်မပဲ"

နေသည် ထိုမိန်းမရဲ့မျက်လုံးများထဲက အငြိုးတကြီးနိုင်မှုကို နားလည်လိုက်ကာ ...





"ဟုတ်လား ... အဲ့ဒါဆိုရင်တော့ ရှင်နဲ့ကျွန်မ ဘာစကားမှ ပြောစရာမရှိဘူးဘဲ"

"ရှိတယ်၊ တို့ မင်းနဲ့ စကားပြောစရာရှိလို့ မင်းဆီကို လာခဲ့တာ"

"ဆောရီးပဲ ... ကျွန်မ မအားဘူး၊ အခုပဲ နိုင်ငံခြားသားဧည့်သည်တစ်ယောက်ကို သွားတွေ့စရာရှိတယ်"

"သိတယ်၊ မင်းဟာ အလုပ်များတဲ့သူမှန်း မင်းအမေရဲ့ ကုမ္ပဏီမှာ မရှိမဖြစ်မှန်းသိတယ်၊ အေး ... တို့ကလည်း အခြေမဲ့၊ အနေမဲ့ မဟုတ်ပါဘူး၊ ရန်ကုန်မှာတင် တို့မိသားစုပိုင်ဆိုင်တဲ့ စိန်ဆိုင်သုံးဆိုင်ရှိတာ မင်းသိတယ် မဟုတ်လား"

နေက မဲ့စပ်စပ်ကလေး ပြုံးလိုက်မိသည်။ တကယ်တော့ အမျိုးသမီးက သူတို့မိသားစုအသိုင်းအဝိုင်းဟာလည်း မခေလှကြောင်း သိစေချင်တာ ထင်ပါရဲ့။

ရဲသီဟဟာ ပြည့်စုံလွန်းလှသော အသိုင်းအဝိုင်းထဲကဆိုတာရော သူကိုယ်တိုင်လည်း စက်ပူမှာ ဆာတီဖေကိတ်တစ်ခု ယူထားခဲ့တာရော နေ သိပြီးသားပင်။

"တို့မောင်လေးဟာ စုတ်စုတ်ပြတ်ပြတ်ထဲက မဟုတ်ပါဘူးကွ၊ ဒီနေ့ စီးနေတဲ့ကားကို မကြိုက်ဘူးဆိုရင် နောက်နေ့ အသစ်တစ်စီး လဲပေးပြီးသားပဲ"

"နေပါဦး ... အစ်မက ဘာကိုပြောချင်နေတာလဲ၊ အစ်မတို့မိသားစုရဲ့ စည်းစိမ်နှင့်ကျွန်မတို့မိသားစုရဲ့စည်းစိမ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ချင်နေတာလား''

လှောင်ရိပ်ပါသောနေ့စကားကြောင့် အမျိုးသမီးရဲ့မျက်နှာမှာ မထိန်းနိုင်အောင် ပျက်သွားလေတော့သည်။

''တို့ပြောချင်တာက တို့မောင်လေးကို မင်းလုပ်လိုက်တဲ့ အပြုအမူဟာ သိပ်တရားလွန်နေတယ်၊ အဲ့ဒါ တို့တစ်မိသားစုလုံး မခံမရပ်နိုင်ဖြစ်နေရတယ်''

''မောင်လေးဟာ အခု မင်းကြောင့် အရက်သမားလုံးလုံး ဖြစ်နေရပြီ၊ မင်း သိပ်မိုက်ရိုင်းလွန်းတယ် နေရဋ္ဌရာ''

နေသည် ဆတ်ခနဲ ခေါင်းထောင်ထ,လိုက်မိသည်။

''ရှင့်မောင်ဘာသာ အရက်သမားဖြစ်တာ ကျွန်မနဲ့ဘာဆိုင်လဲ၊ ကျွန်မကို ရှင် လာစွပ်စွဲတာ သိပ်တရားလွန်တယ်၊ သူ့ဘာသာ ခံနိုင်ရည်မရှိလို့ဖြစ်တဲ့ကိစ္စက ကျွန်မနဲ့ မပတ်သက်ဘူး၊ ဒီမှာ ရှင့်မောင်ကို ပြန်ပြောလိုက် ... ကျွန်မက မှာလိုက်တယ်လို့ ခံနိုင်ရည်မရှိရင် ရည်းစားမထားချင်နဲ့လို့ ... ဒါပဲ''

နေသည် ဝုန်းခနဲထ,ကာ အမျိုးသမီးကို ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

စိတ်ထဲမှ တနုံ့နုံ့ဖြင့် ခံရခက်နေမိသည်။ သူ့မောင်ဘာသာ အရက်သမားဖြစ်တာ နေ့ကို မဆီမဆိုင်လာစွပ်စွဲစရာလား။

''ရုပ်ကလေးနဲ့တောင် မလိုက်ဘူးကွာ ... နော် ... ရက်စက်လိုက်တာ''

''အေးကွာ ... မျက်နှာကလေးကတော့ ရွှေရုပ်မျက်နှာ၊





အသည်းကတော့ ဘီလူးအသည်းပဲ''

''စားတတ်မှန်းသိလျက်နဲ့ တိုးဝင်ချင်ရင်တော့ တိုးဝင်တဲ့သူ အလွန်ပေါ့''

''ပိုက်ကွန်ကလေးက လှလွန်းတော့လည်း တိုးဝင်ချင်စရာကိုးကွ''

နေသည် တစ်လောကလုံးကို ဂရုမစိုက်သလို ဒေါသဖြင့် မျက်နှာကို မော့ချီကာ ကျော်ဖြတ်ခဲ့သော်လည်း တတ်နိုင်ရင်တော့ ပတ်ဝန်းကျင်မှ တီးတိုးစကားများကို မကြားနိုင်တော့အောင် နားများကို ပိတ်ထားလိုက်ချင်ပါသည်။

ဘာပဲဖြစ်ဖြစ် ... နေရဋ္ဌရာဆိုတာ ချမ်းသာပြည့်စုံသလောက် ပညာတတ်တစ်ယောက်ဖြစ်ပြီး ကုမ္ပဏီတစ်ခုလုံးကို စီမံအုပ်ချုပ်နိုင်သည့် ဂုဏ်အရည်အချင်းရှိသူဆိုတာ ဘယ်သူမှ မငြင်းနိုင်။

တွဲတဲ့သူမှန်သမျှကလည်း ထိတ်ထိတ်ကြဲဆိုမှ လျှမ်းလျှမ်းတောက်ဆိုသည့် လူစားမျိုးတွေ။

သို့သော် နေမှာ မာယာများသော လှည့်စား အသည်းခွဲတတ်သည့်မိန်းမလှတစ်ဦးအဖြစ် ယောကျ်ားတွေကြားမှာ နာမည်ဆိုးနှင့် ကျော်ကြားသတင်းကြီးသူလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

**နေ** က အသည်းမာသည်လို့ လူအများ စွပ်စွဲကြတာ တကယ်တော့ မလွန်ပါ။

ဘာဖြစ်လို့လဲဆိုတော့ နေ့ကို စောင့်ရှောက်အုပ်ထိန်းခဲ့သည့် နေ့မေမေကိုယ်တိုင်က တစ်ဖက်စွန်းရောက်လွန်းသူ မဟုတ်လား။

နေကတော့ မေမေ့လောက် စိတ်ခတ်ပြင်းထန်သူမရှိ ဟု ထင်ပါသည်။

မေမေ့ကုမ္ပဏီမှာ နိုင်ငံခြားနှင့် ဆက်သွယ်လုပ်ကိုင်ရသည့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းကြီးဖြစ်ပြီး အဓိကအားဖြင့်တော့ အထည်အလိပ်နှင့် အလှကုန်ပစ္စည်းများ ဖြစ်သည်။

နိုင်ငံခြားသားများနှင့် အကျိုးတူပေါင်းဖက်ကာ လုပ်ကိုင်ရသည်မို့ တစ်ချက်ကလေးမှ အတိမ်းအစောင်း အမှားအယွင်း





မခံပါ။

ကုမ္ပဏီကို နေက ဦးစီးသည်မှန်သော်လည်း တကယ်တမ်း အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချ,ရမည့်ကိစ္စမျိုးမှာတော့ မေမေ့ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

မေမေက စမ်းသပ်သည့်အနေဖြင့် နေ့ကို ဆုံးဖြတ်ခွင့်ပြုသည့်တိုင် အရင်းအနှီးမှာ ကြီးမားလွန်းလှသည်မို့ နေ မဆုံးဖြတ်ရဲပါ။

ဒီနေ့ အဖြစ်အပျက်ကတော့ ဆိုးရွားစွာ တိုက်ဆိုင်လွန်းလှသည်ဟုပဲ ပြောရမလားမသိ။

မန်နေဂျာ ဒေါ်စန္ဒာကျော်မှာ မနက်ဆယ်နာရီခန့်လောက်တွင် အိမ်သို့ ရေးကြီးသုတ်ပျာ ရောက်ချလာခဲ့သည်။

"ဟယ် . . . မစန္ဒာ ဘာဖြစ်လို့လဲ၊ နေ . . . ခုပဲ ထွက်လာတော့မလို့၊ စာရင်းတွေ ပြန်စစ်နေလို့ နောက်ကျသွားတာ"

"နေရေ . . . အရမ်းကို အရေးကြီးနေလို့ မစန္ဒာ မမထွင့်နဲ့ တွေ့မှဖြစ်မယ်"

မန်နေဂျာစကားကြောင့် နေသည် ခေါင်းထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

ဆယ်နာရီဆိုသောအချိန်မှာ မေမေနှင့်တွေ့ခွင့်ပေးဖို့ မဖြစ်နိုင်။ တစ်ဖက်ကလည်း မစန္ဒာမှာ အရေးကြီးလွန်းသည်မို့သာ အိမ်အထိ ရေးကြီးသုတ်ပျာရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဟိုလေ . . . ဖြစ်မှာမဟုတ်ဘူး၊ မနက်ခံဆို ကိုးနာရီခွဲ



www.burmeseclassic.com

www.burmeseclassic.com



နေ ဆယ့်တစ်နာရီအထိက မေမေ့ရဲ့ကိုယ်ပိုင်အချိန်ဆိုတော့လေ၊ မေမေက ဘယ်သူ့ကိုမှ လက်ခံတွေ့လေ့မရှိဘူး''

''ဟာ . . . အခုဟာက ကုမ္ပဏီအတွက် သေရေးရှင်ရေးလေ နေရဲ့၊ အင်ဒိုးနီးရှားက စင်ပယ် (sample) ပို့လိုက်တဲ့ပါတိတ်ဒီဇိုင်းအသစ်ကို ယူ,မယူ သိချင်တယ်တဲ့၊ အခု မနက်ဆယ်နာရီခွဲ အီးမေလ်ပြန်ပို့ဖို့ ချိန်းထားတယ်''

နေသည် စိတ်အိုက်သွားရတော့သည်။ အင်ဒိုးနီးရှားပါတိတ်က ဒီမှာ မရှိမဖြစ် လျှမ်းလျှမ်းတောက်ဈေးကွက်ဖြစ်သည်။ ဒါပေမဲ့ နေလည်း မဆုံးဖြတ်ရဲ။

''ကျွတ် . . . ဆယ့်တစ်နာရီကို ပြန်ချိန်လိုက်ပါ မစန္ဒာရယ်၊ ဒီအချိန်မှာ ဘာကိစ္စပဲဖြစ်ဖြစ် သူ့ကို မဆက်သွယ်ရဘူးလို့မှာထားတာ မစန္ဒာလည်း သိသားပဲဥစ္စာ''

''ဩော် . . . ခုကိစ္စက အလျော်အစားက အရမ်းကြီးတယ်နော် နေ၊ အဆုံးအဖြတ်မှားရင် တစ်ထောင်ကျော်လောက်ဆုံးရှုံးနိုင်တယ်ဆိုတာ ထည့်တွက်ဦး''

နေသည် ဆံပင်တွေထဲ လက်ချောင်းများထည့်ကာ ထိုးဖွလိုက်မိသည်။

မစန္ဒာပြောသလို သိန်းထောင်ကျော်ဂဏန်းမို့ နေကိုယ်တိုင်လည်း ဖြုန်ပါသည်။

''အား . . . နေတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး မစန္ဒာရယ်''





''မသိလို့ မဖြစ်ဘူးလေ၊ နေ မမထွဋ်ကို အကျိုးအကြောင်းသွားပြောပြမှ ဖြစ်မှာပေါ့၊ ကဲ . . . မြန်မြန်လုပ်ပါ နေရဲ့၊ အချိန်က အရမ်းကိုနီးနေပြီ၊ သူတို့တွေက အချိန်ကို အရမ်းတိကျကြတာ''

မစန္ဒာတိုက်တွန်းလွန်းမက တိုက်တွန်းတော့ နေသည် ဘာလုပ်ရမှန်းပင် မသိတော့ဘဲ မေမေရှိရာ အပေါ်ထပ်သို့ တက်ခဲ့မိတော့သည်။

နေ့ခေါင်းထဲမှာ ထူပူနေပြီ။ ကိုယ်တိုင်လည်း ဆုံးဖြတ်ရဲသည့်ကိစ္စမဟုတ်။

နေသည် အပေါ်ထပ်ရောက်လျှင် မေမေရှိတတ်သည့် နှစ်ယောက်အိပ်အခန်းကို ရင်တထိတ်ထိတ်ဖြင့် ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။

''ကို . . . လားဟင်''

ကြေကွဲဆွေးမြည့်စွာ မေးလိုက်သံကြောင့် နေသည် အံ့ဩကြောင်အမ်းသွားရပြီး မေမေ့ရဲ့တစ်ဖက်စွန်းကျသော အစွဲအလမ်းအတွက်လည်း ရင်နင့်သနားသွားမိသည်။

''သမီးပါ မေမေ''

''ဘာ''

ခုတင်ကြီးပေါ် ရီဝေလှဲလျောင်းနေရာမှ မေမေ ဝုန်းခနဲထ,လိုက်လျှင် နေမှာ ရှေ့ဆက်မတိုးရဲတော့ဘဲ လန့်သွားရသည်။

ရင်ထဲ တလှပ်လှပ်ဖြစ်ကာ ခေါင်းနားပန်းပင် ကြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"မေမေ ... ဟို ... ဟိုလေ မစန္ဒာရောက်နေတယ်၊ အင်ဒိုနီးရှားပါတိတ်ကိစ္စ ... အဲ့ ... အဲ့ဒါ"

နေသည် မဝံ့မရဲ စကားစ,လိုက်မိသည်။ နေ့စကားမဆုံးခင်သေးခင် ...

"တော်စမ်း"

ဟိန်းခနဲအော်လိုက်သော မေမေ့အသံကြောင့် နေမှာ တုန်တက်သွားရသည်။

မေမေ့မျက်လုံးများမှာ ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။

နေသည် မေမေ ခုလို ဒေါသကြီးတာ တစ်ခါမှမတွေ့ဖူး,မကြုံဖူးသည်မို့ ရင်မဆိုင်ရဲစွာ ခေါင်းငုံ့ထားမိသည်။

"နေရွှေရာ ... မင်းကို ငါ ဘာမှာထားသလဲ၊ ဒီအချိန်မှာ ဘယ်လောက်အရေးကြီးတဲ့ကိစ္စဖြစ်ပါစေ ငါ့ကို မနှောင့်ယှက်ရဘူးလို့ မှာထားတယ် မဟုတ်လား၊ မင်း ငါ့ရဲ့ဥပဒေကို ချိုးဖောက်လိုက်တာပေါ့ ဟုတ်လား"

ပထမဦးဆုံးအကြိမ်အဖြစ် မေမေ့ဆီမှ နေရွှေရာဆိုသော နာမည်အပြည့်အစုံ ခေါ်သံမာမာကြီးနှင့် မင်း, ငါ ... ဆိုသော အသုံးအနှုန်းစိမ်းစိမ်းကြီးကြောင့် နေ့မှာ ဝမ်းလည်းနည်း၊ ကြောက်လည်းကြောက်နေမိသည်။

"မ ... မဟုတ်ပါဘူး မေမေ၊ မစန္ဒာက မေမေ့ကို





တွေ့ခွင့်တောင်း"

"သွား ... အဲဒီမိန်းမကို ငါမတွေ့နိုင်ဘူးလို့ပြောလိုက်"

လက်သို့ုးကြီးထိုးကာ ဒေါသတကြီးအော်ဟစ်မောင်းထုတ်လိုက်သော မေမေ့ပုံစံကြောင့် နေ့မှာ ကြောက်လွန်းသဖြင့် မျက်ရည်များပင် ရစ်ဝဲသွားရသည်။

"ဟုတ် ... ဟုတ်ပါတယ် မေမေ၊ နေ ... နေ့ကို စိတ်မဆိုးပါနဲ့နော်၊ နေလေ ... မေမေ့ကို နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး"

"အဆုံးအဖြတ်မှားသွားရင် သိန်းတစ်ထောင်ကျော် ဆုံးရှုံးနစ်နာနိုင်တဲ့ကိစ္စမို့ မေမေ့အဆုံးအဖြတ်ကို မဖြစ်မနေ လိုအပ်လို့ပါ"

နေသည် မျက်ရည်များဝဲကာ မေမေ့ကို ကြောက်ကြောက်နှင့် ရှင်းပြနေမိသည်။

"သိန်းတစ်ထောင်ကျော် ဟုတ်လား၊ သိန်းတစ်ထောင်ကျော်ကို ငါက ဘာလုပ်ရမှာလဲ၊ သိန်းတစ်ထောင်ကျော်ဆိုတာ ငါ့အတွက် ဂရုစိုက်စရာလား၊ ရှုံးရှုံးမြတ်မြတ် မင်း ဆုံးဖြတ်နိုင်တယ် နေရွှေရာ"

"ဟုတ် ... ဟုတ်ကဲ့ပါ မေမေ"

"ဒီမှာ မင်း တစ်ခါတည်း မှတ်ထားလိုက်၊ မင်းဦးနှောက်ထဲ စွဲနေအောင် မှတ်ထားလိုက်၊ သိန်းတစ်ထောင်မကလို့ ဟောဒီကမ္ဘာကြီးတစ်ခုလုံး မီးလောင်နေရင်တောင် ငါ့ကို ဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာမနှောင့်ယှက်နဲ့ ကြားလား''

''ဒီအချိန်မှာ ကမ္ဘာလောကကြီးတစ်ခုလုံး ဘာပဲဖြစ်ဖြစ် ငါ လုံးဝဂရုမစိုက်ဘူး၊ မနက်ကိုးနာရီကနေ ဆယ့်တစ်နာရီအချိန်ဟာ ငါ့ရဲ့ဘဝ၊ ငါ့ရဲ့အသက်ပဲ''

''ဒီအချိန်ကို လာဖျက်ဆီးတဲ့သူဟာ ငါ့ရဲ့ရန်သူပဲ၊ အဲ့ဒါ မင်းမြဲမြဲမှတ်ထား နေရွှေရာ၊ ဒါ နောက်ဆုံးအကြိမ်ပဲ ဖြစ်ပါစေ''

နီရဲတောက်ပနေသောမျက်လုံးများဖြင့် မေမေ ဒေါသတကြီး အော်ဟစ်ပေါက်ကွဲလေသည်မို့ . . .

''ဟုတ် . . . ဟုတ် . . . ဟုတ်ကဲ့ပါ မေမေ့ နောက်ဘယ်တော့မှ ဒါမျိုး မဖြစ်စေရတော့ပါဘူး နေ . . . နေ . . . တောင်းပန်ပါတယ်''

နေသည် ဝမ်းနည်းတာရော ကြောက်တာရော ပေါင်းစပ်ကာ မေမေ့ရှေ့မှ မြန်ဆန်စွာ ပြေးထွက်လာခဲ့မိတော့သည်။

မေမေ့ရဲ့ ပြင်းထန်လွန်းလှသောဒေါသကြောင့် နေ့မှာ မျက်ရည်များ တလိမ့်လိမ့်ကျကာ တဆတ်ဆတ်တုန်နေမိသည်။

ကြောက်လိုက်သည်မှာ ပြောဖွယ်ရာမရှိပြီ။

မေမေ့ရဲ့ဒေါသကို နောက်တစ်ကြိမ် ရင်မဆိုင်ရဲတော့။

မေမေ့ရဲ့အစွန်းရောက် ပြင်းထန်လွန်းလှသည့် စွဲလမ်းစိတ်မှာ ကြောက်မက်ဖွယ် ကောင်းလွန်းလေစွ။





မေမေသည် နေ့ကို ထိုအဖြစ်အပျက်အတွက်သာ ဒေါသကြီး စိတ်ဆိုးအော်ဟစ်ခဲ့သော်လည်း ဒသိပ်မကြာခင် နေ့မွေးနေ့ ရောက်လာလျှင်တော့ နှင်းဆီဥယျာဉ်ဟိုတယ်လ်ကြီးထဲမှာ ခမ်းနားလွန်းလှစွာ ကျင်းပပေးခဲ့ပါသည်။

ဧည့်သည်ပရိသတ်အများစုမှာ အမျိုးသမီးများဖြစ်သော်လည်း မလွဲမရှောင်သာ စီးပွားဖက် ယောက်ျားလေးများလည်း ရောက်လာခဲ့ကြပါသည်။

အရေအတွက်နည်းလွန်းလှသော်လည်း ရောက်လာခဲ့ကြသော ယောက်ျားလေးများအားလုံးနီးပါးမှာ နေ့ကို စိတ်ဝင်စားပိုးပန်နေကြသူတွေချည်းပင်။

ထိုအထဲမှ ဟင်နရီဆိုသော ကပြားလေးတစ်ယောက်မှာ အားလုံးမှာထူးစွာ . . .

''အား . . . နေရွှေရာ . . . ယူ ဒီနေ့ အရမ်းလှတာပဲ၊ ကိုယ့်စိတ်ထင် ကောင်းကင်ဘုံက အိန်ဂျယ်လေးတစ်ပါး ဆင်းသက်လာတယ်လို့ ထင်မှတ်မိတယ်''

ကပြားလေးရဲ့ လှပလွန်းသော ဝေါဟာရအသုံးအနှုန်းများကြောင့် နေသည် သဘောတကျ ခေါင်းမော့ရယ်လိုက်မိပါသည်။

ဒီနေ့ မွေးနေ့ပွဲမို့ ဘာ့သ်ဒေး ဂလ် (birthday girl)



www.burmeseclassic.com

www.burmeseclassic.com



မှန်း ပေါ်လွင်ထင်ရှားစေအောင် နေက ပန်းနုရောင်အသားအရေနှင့် လိုက်ဖက်စွာ ဆင်စွယ်ရောင်ဂါဝန်ကလေး ဝတ်ဆင်ထားပါသည်။

ပခုံးနှင့်ကျောဖြဲ့ ပလက်တီနမ်ကြိုးသိုင်းထားသော ဂါဝန်ကလေးမှာ ရင်ဘတ်၌ မိုးပေါက်ကလေးပုံဖြစ်ပြီး အောက်ခြေကတော့ ဒူးမဖုံးတဖုံး ဗွီရှိတ်ပုံ အနားမညီ ချစ်စဖွယ်ကားကားလွင့်လွင့်ကလေးဖြစ်သည်။

လက်ဝတ်လက်စား ဘာတစ်ခုမှ ဝတ်ဆင်မထားသော နေ့အလှမှာ ပကတိရှင်းသန့်နေပြီး မျက်တောင်ပြာပြာနှင့် နှုတ်ခမ်းလွှာလေးများကို ကြက်သွေးရောင်လေး ဆိုးခြယ်ထားခြင်းဖြင့် နေ့မှာ အဝေးမှကြည့်လျှင်ပင် မျက်ဝန်းပြာပြာ၊ နှုတ်ခမ်းနီနီကလေးနှင့် ချစ်စရာ ဘေဘီဒေါလ် (baby doll) ကလေးနှင့် တူနေပါသည်။

ထို့ကြောင့် ဟင်နရီ ချီးမွမ်းစကားမှာ မလွန်ပင်။ နေက ရယ်၍သာနေလျက်။

"ဟင်နရီက မြန်မာလိုလည်း ကောင်းကောင်းမြှောက်တတ်တာပဲကိုး၊ အများကြီးစားနော် ဟင်နရီ၊ အများကြီးတော့ မသောက်နဲ့ပေါ့၊ အပြန် ကားမမောင်းနိုင်ဘဲနေမယ်"

နေက လူငယ်ချင်းမို့ ဟင်နရီကို ပြန်နောက်လိုက်ပါသည်။ နေ့ရဲ့ကျီစယ်စကားကို ဟင်နရီကလည်း ရယ်မောပါသည်။





ထို့နောက် . . . နေ့ရဲ့ ဘယ်ဘက်လက်ဖဝါးကို ပိုင်စိုးပိုင်နင်း ဆွဲယူကာ . . .

"ဟက်ပီးဘာ့သ်ဒေးပါနေ၊ ဒါ . . . ကိုယ့်ရဲ့ဘာ့သ်ဒေးပရဲဆင့်ပါ"

နေသည် ဟင်နရီ လက်ထဲထည့်ပေးသော လှပလွန်းလှသည့် ဘူးကလေးကို စိုက်ကြည့်လိုက်မိသည်။

"ဖွင့်ကြည့်လိုက်ပါ၊ နေ နှစ်သက်လိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်"

သူတို့ နိုင်ငံခြားသားတွေက လက်ဆောင်ကို ရှေ့တင်ဖွင့်ကြည့် အံ့ဩပျော်ရွှင်တတ်ကြသည်မို့ နေသည် ဟင်နရီ့လက်ဆောင်ကို သူ့ရှေ့တွင်ပဲ ဖွင့်ကြည့်လိုက်ရပါသည်။

"ဟင်"

ဘူးကလေးဖွင့်လိုက်လျှင် နေ မြင်တွေ့လိုက်ရသည်မှာ သော့တစ်ချောင်းဖြစ်သည်။

နေ့စိတ်ထဲ တင်းခနဲဖြစ်သွားရပါသည်။ ဒါ . . . ဘာသဘောလဲဆိုတာ နေ သိလိုက်ပါသည်။

"နေ နှစ်သက်ရဲ့လား၊ ရှေ့မှာရပ်ထားတဲ့ မာစီးဒီးကြီးလေ၊ နေ့အတွက် ကိုယ့်ရဲ့လက်ဆောင်ပါ"

ဟင်နရီရဲ့မျက်လုံးများမှာ နေ့ကို ညှို့ရီစွာ စိုက်ကြည့်နေကြသည်။

သူ့လက်ဆောင်ပေးတဲ့ ရည်ရွယ်ချက်ကို သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် နေသည် သော့ကို ချက်ချင်း ဘူးထဲပြန်ထည့်ကာ ဟင်နရီ့လက်ထဲ ဘူးကို ပြန်ထည့်ပေးလိုက်သည်။

"ဟင် ... ဘာဖြစ်လို့လဲ နေ၊ ကိုယ့်ပရဲဆင့်ကို ဘာလို့ ပြန်ပေးတာလဲ"

"ဘာလို့ပြန်ပေးရတာလဲဆိုတော့ ရှင့်လက်ဆောင်ကို ကျွန်မ လက်မခံနိုင်လို့ပဲ"

"ဘာဖြစ်လို့ လက်မခံနိုင်တာလဲ နေရဋ္ဌရာ၊ လူတစ်ယောက်က ကိုယ့်ကို ချစ်မြတ်နိုးစွာပေးတဲ့လက်ဆောင်ကို ငြင်းတာဟာ အင်မတန်ရိုင်းတဲ့ အပြုအမူပဲ"

ဟင်နရီရဲ့ညိုသောမျက်လုံးများမှာ စူးကုတ်၍သွားကာ မျက်နှာလည်း ပျက်နေလေတော့သည်။

"ဟုတ်ကဲ့ ... ရှင့်အပြုအမူကို မနှစ်သက်တဲ့အတွက် ကျွန်မ ရိုင်းရပါ့မယ် ဟင်နရီ"

"ဘာဖြစ်လို့ မနှစ်သက်ရတာလဲ နေရဋ္ဌရာ၊ ကိုယ်မင်းကို မွေးနေ့လက်ဆောင်ပေးတာ ဘာများမှားယွင်းနေလဲ"

"ဒီမှာ ဟင်နရီ ... ကျွန်မရဲ့မွေးနေ့အတွက် ပန်းကလေးတစ်ပွင့်ပဲဖြစ်ဖြစ် အရုပ်ကလေးတစ်ရုပ်ပဲဖြစ်ဖြစ် ဖြူစင်စွာပေးရင် ကျွန်မ တန်ဖိုးထားပါ့မယ်၊ ခုတော့ ရှင်က မျှော်လင့်ချက်နဲ့ပေးတာပဲ၊ ဒါ ကျွန်မကို စော်ကားတာပဲ ဟင်နရီ"

နေက ပြတ်သားပွင့်လင်းစွာ စွပ်စွဲလေလျှင် ဟင်နရီမှာ မျက်နှာတစ်ပြင်လုံး နီရဲသွားလေတော့သည်။





"ဒီမှာ ကျွန်မအတွက် ဒါမျိုးတွေ မလိုအပ်ဘူး၊ ကျွန်မလက်ရှိစီးနေတဲ့ကားကို မကြိုက်တော့ရင် ဒီထက်မြင့်တဲ့ကားကို တစ်နာရီအတွင်း လဲနိုင်တယ် ... သိရဲ့လား ...၊

ကျွန်မကို ဒီလိုလက်ဆောင်မျိုးပေးပြီး ချဉ်းကပ်ဖို့ မကြိုးစားပါနဲ့၊ ကျွန်မ မကြိုက်ဘူး"

နေသည် ဟင်နရီ့မျက်နှာကို စူးရဲစွာ စိုက်ကြည့်ပြီး တစ်ခွန်းချင်း ပြောလိုက်သည်။

ခန်းမတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက် နေတို့နှစ်ယောက်ကို စောင့်ကြည့်နေကြသည်။

ဟင်နရီမှာ နေ့ရဲ့ပြင်းထန်ရင့်သီးလှသော အငြင်းစကားများကြောင့် အရှက်ကွဲကာ ရှစ်ထ် ... ဟု တီးတိုးဆဲရေးလျက် ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ဟင်နရီ လှည့်ထွက်သွားလျှင် နေသည် မျက်နှာကို မော့ချီလျက် ပြုံးလိုက်သည်။

နေရဋ္ဌရာဟာ ပျော်ရွှင်မှုအတွက် ရည်းစားပေါင်းမြောက်မြားစွာ ထားပေမယ့် ဒီလိုမျိုး လာကျောတာတော့ မခံနိုင်ပါ။

ဒါဟာ အစစအရာရာ ပြည့်စုံလွန်းလှသည့် နေရဋ္ဌရာရဲ့ မာနတရားပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ယောကျ်ားတစ်ယောက်ရဲ့ ရင့်သီးကျော့စီးမှုကိုမှ မခံဘဲ ယောကျ်ားပေါင်းများစွာတို့ကို ပျော့ရှင်စရာ, သနားစရာ သတ္တဝါကလေးတွေအဖြစ်သာ သတ်မှတ်သဘောထားသော နေ အဖို့ ...

သိပ်မကြာခင်မှာ ဘဝတစ်ခုလုံးနှင့် ရှင်သန်မှုများအားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းလဲသွားစေနိုင်သည့် ယောကျ်ားတစ်ယောက်ကို နေ တွေ့ခဲ့ရသောအခါ ...

❁

နေ ... သူ့ကို တွေ့ဆုံခဲ့ရသည်မှာ နေတို့ကုမ္ပဏီအတွက် သွင်းသောပစ္စည်းသစ်တစ်ခု၏မိတ်ဆက်ပွဲတွင် ဖြစ်ပါသည်။

ကုန်ပစ္စည်းမှာ မျက်နှာလိမ်းသော လိုးရှင်းတစ်မျိုးဖြစ်တာကြောင့် လုပ်ငန်းတူ၊ စီးပွားဖက်များကိုသာမက နာမည်ကြီးသရုပ်ဆောင်များ၊ မော်ဒယ်များ၊ စာနယ်ဇင်းများကိုပါ စုံညီအောင် ဖိတ်ကြားထားခဲ့ရသည်။

သို့သော် မေမေကိုယ်တိုင် ဧည့်ခံနေသည်မို့ နေက အနည်းငယ် လေ့လာရုံ မျက်နှာလေးပြရုံနှင့် အချောင်ခို၍ရနေ





ပါသည်။

နေသည် အချောင်ခို၍နေဆဲ ဗိုက်က ဆာလာသည်မို့ ဘူဖေးစားရန် ထလာခဲ့မိသည်။

နေက ကိုယ့်စိတ်ကြိုက်ရွေးစားနိုင်သည့် ဘူးဖေးစနစ်ကို နှစ်သက်ပါသည်။

နေသည် ကြာဆံကြော်စားဖို့ပဲ ဆုံးဖြတ်ကာ ပန်းကန်ထဲ ကြာဆံကြော် အနည်းငယ်ခပ်ထည့်ရန် လက်ရွယ်လိုက်ပါသည်။

''အယ်''

''ဟာ''

မထင်မှတ်ဘဲ လက်ချင်းဆုံသွားရသောအဖြစ်ကြောင့် ဇွန်းကို ကမန်းကတန်းလွှတ်ချကာ နေ လှည့်ကြည့်လိုက်မိသည်။

နေ့လိုပဲ လှည့်ကြည့်လိုက်သော လူငယ်လေးတစ်ယောက်နှင့် မထင်မှတ်ဘဲ အကြည့်ချင်းဆုံသွားရပြီး ...

နေသည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဖူးစွာ ရင်တွေ တဒိုင်းဒိုင်းခုန်သွားခဲ့ရသည်။

ပထမဦးဆုံးနေ့ သတိထားလိုက်မိသည်မှာ သူ့ရဲ့ တောက်ပရွှန်းရီသောမျက်ဝန်းများပဲဖြစ်သည်။

နေ သတိလက်လွှတ်ငေးကြည့်မိဆဲ သူက ရင်းနှီးထားပြီးသားသူတွေလို နေ့ကို ပြုံးပြကာ ...

''အရင်ခပ်လိုက်ပါနော် ... နေရဲ့ရာ''

သူက ကြာဆံကြော်အိုးဆီ လက်ပြကာ ပြောလျှင် နေ့



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံးကလေး ဝိုင်းစက်သွားရသည်။

"ဟင် ... ရှင် ကျွန်မနာမည်ကို သိနေတယ် ဟုတ်လား"

နေ တအံ့တဩလေး ပြောလိုက်မိလျှင် သူက ပြုံးနေရာမှ "ဟက်" ခနဲ တစ်ချက်ရယ်ချလိုက်ပါသည်။

"ခင်ဗျားတို့ကုမ္ပဏီက မိတ်ဆက်တဲ့ပွဲမှာ ခင်ဗျားနာမည်ကို ကျွန်တော်သိနေတာ ဆန်းသလား နေရဋ္ဌရာရဲ့"

အို ... ဟုတ်ပါရဲ့။ နေသည် ကြောင်မိချေပြီ။

"ပြီးတော့ ... ခင်ဗျားနဲ့ကျွန်တော်က စီးပွားရေးလုပ်ဖော်ကိုင်ဖက် ပါတနာဖြစ်ရမယ့်သူတွေပဲ၊ ကျွန်တော့်ကိုလည်း မှတ်ထားပါ၊ ကျွန်တော့်နာမည် **သဉ်ယာ**"

"သဉ်ယာ"

နေသည် နူးညံ့သောနာမည်လေးကို တိုးတိုးရေရွတ်ကြည့်မိရာ လျှာဖျားဆီမှ ရေတံခွန်လေးတစ်ခု ငြိမ့်ညောင်းစွာ စီးဆင်းသွားသလို ခံစားလိုက်ရသည်။

နေက ဘာဖြစ်လို့မှန်းမသိ ရင်ခုန်သံတွေလည်း မြန်ဆန်နေမိသော ကိုယ့်ကိုယ်ကိုယ် မနည်းထိန်းချုပ်ထားရကာ ...

"ထည့်စားပါနော် ... ဝ,အောင်စားပါ"

နေ လောကွတ်လုပ်လိုက်လျှင် သူသည် ခေါင်းတစ်ချက်ဆတ်ကာ ...

"ဟုတ်ကဲ့ပါ ... စားမှာ၊ ခုနက နေရဋ္ဌရာလည်း





ကြာဆံကြော် ထည့်မလို့မဟုတ်လား ... ခပ်ပါ"

"ရပါတယ် ... သဉ်ယာက ဧည့်သည်ပဲ ... သဉ်ယာ အရင်ခပ်ပါ"

"လေဒီဖတ်စ်ပဲ ကောင်းပါတယ်၊ နေရဋ္ဌရာ အရင်ခပ်"

"အို ... သဉ်ယာ အရင်ယူပါဆို"

"အာ ... နေရဋ္ဌရာပဲ အရင်ယူပါ"

"ကဲ"

"ကဲ"

နှစ်ယောက်သား စိတ်မရှည်နိုင်တော့သလို တစ်ယောက်ကိုတစ်ယောက် ခပ်ထည့်ပေးဖို့ ပြင်လိုက်လျှင် မထင်မှတ်နိုင်စွာ လက်ချင်းဆုံသွားရပြန်သည်။

"အို"

"ဟာ"

နေနှင့်သူသည် မထင်မှတ်နိုင်စွာ အံ့ဩသွားရပြီးမှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်မိကြသည်။

အဲ့ဒီနောက်တော့ သဉ်ယာဆိုသော ချစ်စဖွယ် နူးညံ့လှသော လူငယ်လေးတစ်ယောက်နှင့် နေသည် နွေးထွေးစွာ ရင်းနှီးသွားရတော့သည်။

နေတို့နှစ်ယောက် ရယ်မောလိုက်ကြပြီးလျှင် တခြားဟင်းအမည်တွေ လိုက်ကြည့်ကြပြန်ကာ နေသည် ဂဏန်းချဉ်စပ် ခပ်ထည့်ဖို့ပြင်လျှင် သူနှင့် လက်ချင်းဆုံမိကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟောတော့ ဆုံပြန်ပြီ''

''ဟုတ်ပါရဲ့ . . . ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ကဏန်းချဉ်စပ် အရမ်းကြိုက်လို့ပါ''

''နေလည်း ကဏန်းချဉ်စပ်ဆို သိပ်ကြိုက်တာ''

''ဒါဆို နေနဲ့ကျွန်တော် အကြိုက်ချင်းတူတာပေါ့''

သူက မသိမသာလေး နေလို့ ပြောင်းလဲခေါ်ခေါ်ပေးလျှင် နေသည် သူ အဖျားဆွတ်ခေါ်လိုက်တာကို ဘယ်သူခေါ်တာနှင့်မတူဘဲ ဆန်းကြယ်လှစွာ ရင်ထဲ ငြိမ့်ညောင်းစွာ ခံစားရင်ခုန်မိလေသည်။

''အံမယ် . . . အတည်ပြုလို့ မရသေးပါဘူးနော်၊ နေက နောက်ထပ် တချို့ယူဦးမှာ၊ ဒီတစ်ခါ တူမှ ရှင်နဲ့နေ တကယ် အကြိုက်ချင်းတူတယ်လို့ သတ်မှတ်လို့ရမှာ၊ ကဲ ပြော . . . သခ်ယာက ဒီတစ်ခါက ဘာထပ်ယူမှာလဲ''

''အကင်''

သူ မစဉ်းစားဘဲ မဆိုင်းမတွဲပြောလေလျှင် နေမျက်လုံးကလေး ဝိုင်းသွားရပြန်သည်။

စားဖွယ်ရာအမယ်တွေ အများကြီးထဲက သူနှင့်နေ ဘာလို့ အကြိုက်ချင်း ဒီလောက်တူရတာလဲ။

နေလည်း အကင်ထပ်ထည့်ဖို့ စိတ်ကူးထားသည်လေ။

''ဟင် . . . သခ်ယာက ဘာအကင်ယူမှာလဲ''

''ရေညှိနဲ့ငါးဖယ်''





''အို့း''

နေသည် မထိန်းချုပ်နိုင်တော့ဘဲ အံ့သြဘနန်းလေး အော်လိုက်မိတော့သည်။

''ကဲ . . . နေနဲ့ကျွန်တော် အကြိုက်ချင်းတူရဲ့လား''

''အို . . . နေလေ ရှင် နေ့ရဲ့အကြိုက်တွေကို လိုက်စုံစမ်းထားသလားလို့တောင် ထင်မိတယ်''

''စွပ်စွပ်စွဲစွဲဗျာ၊ ကျွန်တော် သြဇီက ပြန်ရောက်တာ တစ်ပတ်ပဲရှိပါသေးတယ်၊ နေ့ကို ခုမှ စ,မြင်ဖူးတာပါ''

''အံမယ်လေး . . . ဒါဆို ရှင်နဲ့နေ အကြိုက်ချင်းတူပုံကတော့ ကြောက်ခမန်းလိလိပဲနော်''

နေတို့နှစ်ယောက်သည် ခဏတွင်းချင်းမှာပင် ငယ်ပေါင်းကြီးဖော်တွေလို နွေးထွေးရင်းနှီးသွားတော့လျက် ရယ်ဖွဲဖွဲ့နေမိကြသည်။

နေနှင့်သူ နှစ်ယောက်တည်း လူရှင်းသည့်နေရာကလေးမှာ ဘူဖေးအတူစားဖြစ်ကြသည်။

''ကျွန်တော့်တော့ နေ့ကို အရမ်းခင်သွားပြီ၊ နေရော ကျွန်တော့်ကို ခင်ရဲ့လား''

ဘယ်လောက်ဖြူစင်တဲ့ လူငယ်ကလေးလဲ။ ပြောပုံကလေးမှာ ချစ်စဖွယ်တည်း။

''ခင်ပါတယ် သခ်ယာရယ်''

''ခင်ရင် ကျွန်တော် နေ့အိမ် လာလည်မယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



နေသည် မျက်လုံးပြူးသွားရပါသည်။

"ဟို ... အိမ်တော့ လာလည်လို့မဖြစ်ဘူး သခ်ယာ၊ ရှင့်ကို နေ ခင်ပါတယ်၊ ဟိုလေ ... မေမေက စည်းကမ်းကြီး တယ်၊ အိမ်ကို ယောကျ်ားလေးညှိသည်လာရင် မကြိုက်ဘူး"

"ဒါဆို ဖုန်းဆက်မယ်"

"အိုကေ ... အဲ့ဒါတော့ ရတယ်၊ နေ့ဖုန်းနံပါတ် သခ် ယာကို ပေးထားမယ်၊ သခ်ယာ့ဆီလည်း နေ ဖုန်းဆက်မယ်၊ နေတို့ တွေ့ချင် အပြင်မှာတွေ့ကြတာပေါ့နော်"

နေသည် သူ့ကို မြန်ဆန်လှစွာ ရင်းနှီးမိပေပြီ။

အချိန်တိုအတောအတွင်းမှာ သူ့ကို နေ စူးနစ်စွာခင် တွယ်မိချေပြီ။

သူနှင့်နောက်တစ်ကြိမ် ဆုံတွေ့ချင်သေးသောဆန္ဒသည် လည်း ပြင်းပြစွာ ဖြစ်ပေါ်၏။

မခွဲချင်တော့ပြီ။ ဒီလိုပဲ လူရှင်းသည့်နေရာလေးမှာ နှစ် ယောက်အတူထိုင်ပြီး စကားတွေ ပြောနေချင်သေးသည်။

ဒီပွဲကလေးကိုလည်း မပြီးဆုံးစေချင်တော့။

အချိန်တို့ကိုလည်း ရနိုင်သမျှရအောင် ဆွဲဆန့်ထားလိုက် ချင်သည်။

သူ့အနားမှာ နေခွင့်ရသည့်ခဏ၌ နေသည် အရာအား လုံးကို မေ့မိချေပြီတည်း။

နေ့ကို စိတ်ဝင်စားတတ်ကြသော မျက်လုံးပေါင်းများစွာ





ထဲမှ ပိုမိုစူးနစ်နက်ရှိုင်းစွာ စိုက်ကြည့်အကဲခတ်နေသည့် မျက် ဝန်းတစ်စုံကိုလည်း နေ မေ့လျော့ခဲ့မိသည်။

အဲ့ဒါဟာ နေ့ရဲ့ ပြင်မရစွာသောအမှား ဖြစ်စေခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"မင်းနဲ့ နေရဋ္ဌရာနဲ့က ဘယ်လိုလဲ သခ်ယာ" ဟိုတစ်နေ့က မင်းတို့နှစ်ယောက် ဘူဖေးအတူစားနေတာ မြင်တယ်နော်၊ တစ်လောကလုံးကို မိုးမမြင် လေမမြင်နဲ့"

မင်းခန့်နှင့်ညီညီတို့နှစ်ယောက်က ဝိုင်းပြောလျှင် သခ်ယာမှာ ဘာကိုမှ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"ဟ ... ဘူဖေးအတူစားတာပဲ ဘာဖြစ်လဲကွ၊ မကြာခဏ လက်ဆုံလို့ သူနဲ့ငါ အကြိုက်ချင်းတူတယ်ဆိုပြီး ခင်သွားကြတာ"

"မင်းတို့ရင်းနှီးတာ မမြန်လွန်းဘူးလား"

"ဟော့ကောင်တွေ ... မင်းတို့လူငယ်တွေ မဟုတ်ကြဘူးလား"

သူငယ်ချင်းတွေရဲ့မျက်နှာထားက တစ်မျိုးတွေဖြစ်နေ





တာမို့ သခ်ယာ ဘုတောလိုက်မိတော့သည်။

"ဘုမပစ်နဲ့ ဟော့ကောင်၊ မင်းကို ငါတို့ သတိပေးချင်လို့"

"သတိပေးချင်လို့၊ ဘာကိုလဲ ... ငါက ဘာတွေအနေအထိုင် မှားယွင်းနေလို့လဲ"

"မှားမှာစိုးလို့ကွ"

"ဘယ်လို"

သခ်ယာနားထဲ ရှုပ်ထွေးသွားမိသည်။

သူငယ်ချင်းတွေရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်ရိပ်တွေကို အထင်းသား တွေ့မြင်နေရသည်။

"မင်းက ဖြူစင်လွန်းတယ် သခ်ယာ၊ နေရဋ္ဌရာက အရမ်းကို မာယာများတဲ့မိန်းမ၊ အရမ်းကို လှသလောက် အရမ်းလည်း ကြောက်စရာကောင်းတဲ့မိန်းမ ...၊

ယောကျ်ားတွေကို လှည့်စားတာ၊ အသည်းခွဲတာဟာ သူ အပျော်ဆုံးဝါသနာပဲတဲ့၊ အဲ့ဒီစကားကို နားနဲ့ဆတ်ဆတ်ကြားဖူးတဲ့လူတစ်ယောက်က ငါ့ကို ပြန်ပြောပြတာ ...၊

မင်း သူ့ကို မပတ်သက်ချင်ပါနဲ့ကွာ၊ တကယ်လို့ မင်း သူ့ကို စိတ်ဝင်စားတယ်ဆိုရင်လည်း မငြိသေးခင် မင်းစိတ်ကို မင်း ထိန်းလိုက်ပါ၊ မင်း ခံသွားရလိမ့်မယ်"

သခ်ယာသည် သူငယ်ချင်းတွေရဲ့ သတိပေးစကားကို ကြားရသည်မှာ မယုံချင်။



www.burmeseclassic.com

www.burmeseclassic.com



နေဟာ သူတို့ပြောသလို မိန်းကလေးမျိုးမဟုတ် ... ဟု ပြန်ငြင်းဆန်ချင်သည်။

သို့သော် သူ့သူငယ်ချင်းများမှာ သတင်းမတိကျဘဲ သူတစ်ပါးကို အကြောင်းမဲ့ ပုတ်ခတ်တတ်ကြသူများလည်း မဟုတ်တာ သိသည်မို့။

"အေး ... တကယ်လို့ မင်းတို့ပြောသလို သူဟာ ယောကျ်ားတွေကို အသည်းခွဲတတ်တယ်ဆိုရင်လည်း သူ့မှာ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ ငါတော့ထင်တယ်၊ ဘာပဲဖြစ်ဖြစ်ကွာ တခြားသူတွေဖြစ်တာက တခြားသူတွေပဲ၊ ငါက ငါပဲ၊ သူနဲ့ငါနဲ့ ဖူးစာမှန်ရင်တော့ မင်းတို့စိုးရိမ်နေကြသလို ဖြစ်မှာ မဟုတ်ပါဘူး။ ဒါ ... ငါ့ယုံကြည်ချက်ပဲ"

"ဟာကွာ ... သခ်ယာ ... မင်း"

"တောက် ... မင်း ငါတို့ပြောတာတောင် နားမထောင်တော့ဘူးပေါ့ ... ဟုတ်လား သခ်ယာ"

သူငယ်ချင်းနှစ်ယောက်မှာ တောက်ခေါက်သူခေါက် အံကြိတ်သူကြိတ်နှင့် သူ့ကို အတော်လေး စိတ်ဆိုးသွားကြတော့သည်။

"မင်းတို့ သတိပေးတာကို ငါ ကျေးဇူးတင်ပါတယ်၊ မင်းတို့ ငါ့အပေါ်ထားတဲ့ ဘော်ဒါစိတ်ကိုရော, စေတနာကိုရော ငါ သိပါတယ်၊ ဆောရီးကွာ ... ငါ့ယုံကြည်ချက်အတွက်တော့ ငါ့ကို နားလည်ပေးပါ"





သူသည် သူငယ်ချင်းတစ်တွေရဲ့စိတ်ဆိုးမှုကိုပင် ခံနိုင်ရည်ရှိလျက် ယုံကြည်ချက် ခိုင်မာနေမိသည်။

တစ်ခါသာ တွေ့ဆုံဖူးသော်လည်း နေ့အပေါ် စူးနစ်မြဲနိုင်နေသော စွဲလမ်းစိတ်ဟာ ဆွဲနှုတ်လို့မရနိုင်တော့။

အချိန်ပြည့် သတိရနေမိတတ်တာ ဘာကြောင့်လဲ။

မာယာများသော မိန်းကလေးရဲ့ဖြူစင်သော နှလုံးသားကို လျှို့ဝှက်ချက်တစ်ခုဟာ တွေ့ရှိပိုင်ဆိုင်ချင်မိတာ ဘာကြောင့်လဲ။

ကောင်မလေးရေ ...

စွဲလမ်းစိတ်ဟာ လူကို ရူးသွပ်စေသတဲ့။

ဒါဆို ... ကိုယ့်ကို မိုက်မိုက်မဲမဲ ရူးသွပ်ခွင့်ပြုပါ။ တွေ့ချင်စိတ်က ရင်တစ်ခုလုံးကို ဖျစ်ညှစ်ဆုပ်ဆွဲကာ အရူးအမူးဖြစ်လာသည်မို့ ...

သူ့လက်ချောင်းများမှာ ခလုတ်လေးများပေါ်မှာ မြန်ဆန်စွာ ပြေးလွှားသွားလေတော့သည်။

ဝါးရုံကလေးများ စိမ်းစိုအုပ်ဆိုင်း၍နေသော ငြိမ်းချမ်းတိတ်ဆိတ်လှသည့် ကော်ဖီဆိုင်ကလေးသို့ သူရောက်ခဲ့ပြီး မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာပင် နေ့ရဲ့ကားလေးမှာ ဒရောသောပါး ထိုးဆိုက်လာခဲ့သည်။ သူ ငိုင်တွေ၍ ကြည့်လိုက်မိသည်။

နေက ကားပေါ်မှ စိုးရိမ်တကြီး ဆင်းလာခဲ့ပြီး သူ့ဆီ ခြေလှမ်းသွက်သွက်များဖြင့် လျှောက်လာခဲ့သည်။

fit တီရှပ်ငှဝါရောင်ကလေးနှင့် အညိုရောင်ဒူးဖုံး လယ်သာပင်န့် ဝတ်လာခဲ့သော နေတစ်ယောက် ခပ်သွက်သွက် ကလေး လျှောက်လာပုံမှာ သမင်မကလေးတစ်ကောင်နှင့်ပင် တူနေတော့သည်။

"သခ်ယာ ... ဘာဖြစ်လို့လဲဟင်၊ နေ့ကို အရမ်းတွေ့ ချင်တယ်ဆို၊ ဖုန်းထဲမှာ သခ်ယာ့အသံက တစ်ခုခုအရေးကြီး ဖြစ်နေသလိုပဲ နေ အရမ်းကိုစိတ်ပူပြီး ချက်ချင်းထွက်လာခဲ့တာ"

သူ့အပေါ် စိုးရိမ်တကြီးဖြစ်နေသော နေရဲ့အမူအရာ ကလေးများမှာ ဟန်ဆောင်ထားတာ လုံးဝမဟုတ်ဘဲ ပကတိ ဖြူစင်နေပါသည်။

နေကလေးရယ် မင်းဟာ မာယာများတဲ့ မိန်းမတစ် ယောက်လို့ ပတ်ဝန်းကျင်က ဘာလို့များ စွပ်စွဲရက်ရတာလဲကွာ။

"ဟင် ... လို့ သခ်ယာ ဘာတွေဖြစ်နေလို့လဲဟင်၊ ဘာတွေ အရေးကြီးနေလို့လဲ"

နေက ထပ်မေးပြန်လေသည်။ သူ သက်ပြင်းခိုးရှိုက် လိုက်မိလျက် ...

"ကိုယ် နေ့ကို အရမ်းကိုတွေ့ချင်လို့"





"ဟင်"

နေ့ရဲ့မျက်နက်ဝန်းကလေးမှာ စူးကုတ်၍သွားသည်။

"အဲ့ဒါ ... ကိုယ့်အတွက် အရမ်းကို အရေးကြီးတဲ့ကိစ္စ ပဲ နေ"

"ရှင် ... ရှင် ... နေ့ကို နောက်တာလား ... ဟုတ် လား သခ်ယာ၊ ကျွန်မ အရမ်းကို အလုပ်ရှုပ်နေတာ သိလား၊ ရှင့်မှာ အရေးတကြီးကိစ္စရှိတယ်ဆိုလို့ ဖုန်းထဲမှာ ရှင့်အသံက လည်း မူမမှန်ဖြစ်နေလို့ ကျွန်မ အလုပ်တွေ ပစ်ထားခဲ့ပြီး ရှင့်ဆီ စိုးရိမ်တကြီး ချက်ချင်းထွက်လာခဲ့တာ၊ ခုတော့ ရှင်က အလကား ပဲ"

နေသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဆတ်ခနဲ လှည့်ထွက်ဖို့ ပြင်လိုက်သည်။

သူက ချက်ချင်း နေ့လက်ဖဝါးလေးကို လှမ်းဆုပ်ပြီး ဆွဲထားလိုက်ရကာ ...

"အဲ့လိုမပြောပါနဲ့ နေရဲ့၊ ကိုယ့်အတွက်က နေ့ကို တွေ့ ချင်တဲ့ကိစ္စဟာ အရာအားလုံးထက် အရေးကြီးတဲ့ကိစ္စပဲ၊ ပြီးတော့ နေ ကိုယ့်ဆီ ခုလို ချက်ချင်းရောက်လာတဲ့အတွက်လည်း ကိုယ် အရမ်းကိုပျော်ပါတယ်၊ ကိုယ့်ကို နေ ဘယ်လောက်ဦးစားပေး သလဲဆိုတာ ကိုယ်သိလိုက်ရလို့လေ"

သူ့ရဲ့ ပျော့ပျောင်းသိမ်မွေ့သောပြောပုံကြောင့် နေ့ဒေါသ တွေ အနည်းငယ် ပြေလျော့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသည် ခြေလှမ်းများကို မရွေ့ဖြစ်တော့။ သူ့လက်ချောင်းများကိုလည်း ရုန်းမဖယ်မိ။

''ပျော်တယ်သာဆိုတယ် သခ်ယာမျက်နှာက မှုန်မှိုင်းမှိုင်းနဲ့''

''ကိုယ် တစ်ခုခုကို ခံစားနေရတယ်လို့ မထင်ဘူးလားဟင် နေ''

သူ့အသံမှာ တိုးဖျော့၍နေသည်။ သူ့မျက်လုံးများမှာလည်း ရီဝေ၍နေရာ နေ့ရင်သည် အခုန်မြန်လာရသည်။

နေသည် သူ့ကို တွေတွေကလေး ပြန်ကြည့်နေမိတော့သည်။

''ကိုယ်လေ ... တစ်စုံတစ်ယောက်ကို စွဲလမ်းစိတ်နဲ့ အရမ်းကို ရူးသွပ်နေရတယ် သိလား နေ''

''ကိုယ် ဘာလုပ်ရမလဲ နေ ... ဟင် ပြောပါဦး''

နေသည် အရင်တုန်းကသာ ယောကျ်ားလေးတစ်ယောက်က ဒီလိုစကားမျိုးဆိုလာခဲ့ရင် လှပသောစကားလုံးအဆန်းကလေးများဖြင့် ဖွဲ့နှောင်မိမည်ပင်။

သို့သော် ... သူ့ကို တော့ နေ အဲ့ဒီလိုမလှည့်ဖြားရက်။ ပြီးတော့ နေ့ရင်ထဲ၌ တစ်ခါမှ မခုန်စဖူးစွာ ရင်ခုန်သံ မြန်နေသည်လေ။

''နေ မပြောတတ်ဘူး သခ်ယာ၊ တခြားတစ်ယောက်ကို တိုင်ပင်ကြည့်ပါလား''





နေသည် သူ့ကို သနားငဲ့ညှာစွာဖြင့် ငြင်းဆန်ရှုန်းထွက်ကြည့်ဖို့ ကြိုးစားသည်။

နေ သူ့ကို ချစ်လို့မဖြစ်ဘူး ... ဟု နေ့နှလုံးသားက သတိပေးနေသည်။

နေနှင့်သူသည် ချစ်သူတွေဖြစ်ရန် မလိုအပ်။ သူသာ နေနှင့် ချစ်သူဖြစ်ခဲ့ရင် ကံကြမ္မာဆိုးတစ်ခုက သူ့ကို ရက်စက်စွာ၊ အို ... သူ့အတွက် နေ ဆက်မတွေးရဲပြီ။

''မသိချင်ယောင်မဆောင်ပါနဲ့နေရယ်၊ ကိုယ် ... ကိုယ်လေ နေ့ကို ...''

သူ တုန်ယင်စွာ စကားဆက်လေလျှင် နေသည် သူ့ကို ကပျာကယာ လက်ကာပြလိုက်လျက် ...

''သခ်ယာ ... နေ့အကြောင်း ဘယ်လောက်သိလို့လဲဟင်၊ နေ ... နေ့အကြောင်းတွေ စုံစမ်းပြီးပြီလား၊ နေ ... နေ ပြန်တော့မယ် သခ်ယာ၊ နေတို့ နောက်ထပ်မတွေ့ကြရင် ကောင်းမယ်''

နေသည် သူ့လက်ချောင်းတွေကို မသိမသာ ဖြည်ချကာ တကယ်လှည့်ပြန်ဖို့ ကြိုးစားမိတော့သည်။ နေ ... သူ့ကို ငြင်းဆန်မှုဖြစ်မည်။

''ဟင့်အင်း ... မပြန်ပါနဲ့နေရယ်၊ ကိုယ် နေ့အကြောင်းတွေအားလုံး ကြားပြီးပါပြီ၊ ဘာပဲဖြစ်ဖြစ် ကိုယ် နေ့ကို သိပ်ချစ်တယ်၊ နေ ကိုယ့်အသည်းကို ခွဲချင်လည်းခွဲပါ၊ ကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



နေ့ကို အရမ်းချစ်တဲ့အတွက် အသည်းကွဲဖို့လည်း အဆင်သင့်ပါပဲ''

''သခ်ယာရယ်''

နေသည် သူ့ကို ငြင်းဆန်ရန် အင်အားမရှိတော့ပြီ။ နိုင်မြဲလှ သော သူ့လက်ချောင်းများကိုလည်း ဖြည်၍မရနိုင်တော့ဘဲ မျက်လုံးများကို မှေးမှိတ်ထားလိုက်မိတော့သည်။

သူက နေ့ကို သိပ်ချစ်သတဲ့။ ဖွင့်ဟလာခဲ့ပြီ။

အသည်းကွဲဖို့လည်း အဆင်သင့်ပါပဲတဲ့။ နေ့နှလုံးသားသည် ကြေကွဲဖျော့ဆွေး၍လာသည်။

''နေ ... ကိုယ့်ကို ပြန်ချစ်ပါနော်၊ နေငြင်းရင် ကိုယ်သေလိမ့်မယ်၊ ကိုယ်လေ နေနဲ့လက်တွဲပြီး အရာရာကို ရင်ဆိုင်ပါရစေနော်၊ နေ ... နေလည်း ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်''

သူသည် နေ့ခြေရင်း၌ ဒူးထောက်၍ တဖွဖွရေရွတ်လေလျှင် နေသည် သူ့ကိုငြင်းဆန်ရန် ခွန်အား လုံးဝမရှိတော့ဘဲ မိုက်မဲလှစွာပင် ...

''နေလည်း သခ်ယာကို ချစ်ပါတယ်''

ဟု သက်ပြင်းများနှင့် ဖွင့်ဟဝန်ခံလိုက်မိတော့သည်။

နေတို့နှစ်ယောက်လုံး မျက်ရည်စများ ဝေ့သီမှုန်ရီလျက်က ပြိုင်တူပြုံးလိုက်မိကြသည်။

ကမ္ဘာလောကကြီးတစ်ခုလုံး ချစ်ခြင်းဖြင့် လှပထုံးမွမ်း၍





သွားတော့သည်။ သို့သော် ... နေသည် မှောင်မိုက်လှသော ထောင်ချောက်တစ်ခုထဲ ချစ်သူကို မိုက်မဲလှစွာ ဆွဲခေါ်သက်ဆင်မိပြီတည်း။

✽

နေသည် သူနှင့်ချစ်သူတွေ ဖြစ်နေကြတာကို အတတ်နိုင်ဆုံး ဘယ်သူမှမသိအောင် လျှို့ဝှက်၍ သိုသိပ်စွာနေသည်။

အထူးသဖြင့် မေမေ မသိစေရ။ မေမေ သိတဲ့တစ်နေ့မှာ သူနှင့်နေသည် ကံကြမ္မာဆိုးတစ်ခုနှင့် ရင်ဆိုင်ရမှာဖြစ်သည်။ ဘာကိုမှမသိသည့် သူကတော့ ...

''နေကလဲကွာ ... ချစ်သူတွေဖြစ်ပြီးမှ အရမ်းစည်းကမ်းတွေ တင်းကျပ်တာပဲ၊ ဟိုလည်း မသွားရ၊ ဒီလည်း မသွားရ''

သူက ကလေးတစ်ယောက်လို စူပုပ်သုန်မှုန်ကာ ပြောပါသည်။

''မောင်က ဘယ်တွေသွားချင်တာလဲ ပြောလေ''

''မောင်က ခုမှချစ်သူထားဖူးတာဆိုတော့ ကိုယ့်ချစ်သူကလေးကို ကြွားချင်တာပေါ့၊ ကိုယ့်ချစ်သူလှလှကလေးနဲ့ လက်ချင်းတွဲပြီး အင်းယားကန်ပေါင်မှာ ကြွကြွကလေး လျှောက်ချင်တာပေါ့၊ ပြီးတော့ ...''



www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်လေး ... မောင်ရယ် ချစ်သူတွေဖြစ်တာ သူတကာကို ကြွားစရာမလိုပါဘူးနော်၊ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ဖို့သာ အဓိကပါ"

"နေပါဦး ... နေက ဘာလို့ ဒီလောက်တောင် လူတွေ သိမှာစိုးရိမ်ရတာလဲ"

နေသည် သုန်မှုန်နေသောမောင့်ကို ဘယ်လိုဖြေရှင်းရမှန်းမသိဖြစ်ကာ ...

"မေမေ သိသွားမှာစိုးလို့ပါ မောင်ရယ်"

လို့သာ မပြောသာပြောသာ ပြောမိသည်။

"နေ့မေမေ သိသွားရင် ဘာဖြစ်မှာမို့လဲ၊ မောင်က နေ့မေမေ သဘောတူလောက်စရာ အရည်အချင်းမရှိလို့လား"

မောင်က မကျေနပ်စွာ ဘုပစ်သည်။ နေသည် မောင် မသိအောင် သက်ပြင်းသာ ခိုးရှိုက်မိလျက် ...

"မောင့်မှာ ပညာရော၊ အလုပ်အကိုင်ရော၊ အသိုင်းအဝိုင်းရော ဘယ်သမီးရှင်ကမှ ငြင်းလောက်စရာမရှိပါဘူး မောင်ရယ်"

"ဒါဖြင့် နေက ဘာကိုစိုးရိမ်နေတာလဲ"

"မေမေ့အကြောင်း မောင်မှမသိတာ၊ အို မသိတာပဲ ကောင်းပါတယ်လေ၊ နေ့ကို ဘာမှဆက်မမေးပါနဲ့နော်"

နေသည် တင်းကြိုတားဆီးလိုက်သဖြင့် မောင် ဘာမှ ဆက်မမေးတော့သော်လည်း မောင့်မျက်နှာမှာ ကျေနပ်ပုံမရ၊





သုန်မှုန်ဆဲဖြစ်သည်။ မောင့်ကို ချော့မော့ပြီးမှ အိမ်ပြန်လာခဲ့တော့သည်။

✿

နေ မေ့လျော့သွားခဲ့သည်မှာ နေ့ခြေလှမ်းတွေကို မေမေ အမြဲသိမြင်နေတတ်ကာ နေ ဘာလုပ်လုပ် မေမေ သိနေတတ်ခြင်းပင်။

"မမနေ အန်တီထွဋ်က သူ့အခန်းထဲ လာခဲ့ပါတဲ့၊ စကားပြောစရာရှိလို့တဲ့"

မေမေသည် နေ့ကို မိတ္တူနှင့်အခေါ်လွှတ်လိုက်လျှင် နေ့ရင်ထဲ ဒိန်းခနဲ ဖြစ်သွားခဲ့ရသည်။

သာမန်စကားပြောစရာရှိလျှင် ညှိခန်းထဲမှာဖြစ်စေ ထမင်းစားခန်းမှာဖြစ်စေ ကြုံသလို ပြောတတ်မြဲ။

မေမေ့အခန်းထဲကို တကူးတက အခေါ်လွှတ်လိုက်သည် ဆိုတော့ နေ့ရင်ထဲ ပူပန်စိတ်ဝင်မိချေပြီ။

နာရီကိုကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးပြီးလို့ ဆယ်မိနစ်။ ဒါဆို မေမေ အပေါ်ထပ်မှ ဆင်းလာခါစပေါ့။

နေသည် ပူပင်သောရင်ဖြင့်ပင် မေမေ့အခန်းဆီ လေးကန်စွာ သွားမိသည်။

"မေမေ"

"ဝင်ခဲ့ နေနေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသံမှာ အက်ကွဲရိပ်ပါသည်။ နေသည် စိတ်အားတင်းလျက် စေ့ထားသော မေမေ့အခန်းတံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ ဆင်စွယ်ရောင် သတို့သမီးဝတ်စုံကို မလဲရသေးသည့် မေမေ့ကိုတွေ့လိုက်ရလျှင် နေ့ရင်သည် ဒိန်းခနဲမြည်၏။

မေမေသည် ထိုဝတ်စုံဖြင့်ပင် ဆိုဖာတပ် ကျွန်းကနုတ်ထိုင်ခုံပေါ်တွင် ခြေချိတ်လျက် ထိုင်နေ၏။

ကြေ့မတ်နေသော မေမေ့ဟန်မှာ မဟာဆန်လှသည်။ သို့သော် မေမေ့မျက်နှာပေါ်မှ ကြေကွဲရိပ်၊ နာကျင်ခါးသီးရိပ်တို့သည် မလိုက်ဖက်လွန်းစွာ။

မေမေ့မျက်ဝန်းထောင့်မှ မျက်ရည်စတချို့ကိုပါ မြင်ရသောအခါ နေသည် မျက်နှာလွှဲလိုက်မိသည်။

မေမေ့ကို သည်ဝတ်စုံ၊ သည်မျက်နှာရိပ်မျိုးဖြင့် မြင်ရလျှင် နေသည် အလိုလိုနေရင်း ထိတ်လန့်၏။ ထိတ်လန့်နေသည့်နေကို မေမေက စတင်ကာ စကားစ,ပါ၏။

''နေနေ ... သမီး အခုတွဲနေတဲ့ သန်ယာဆိုတဲ့ကောင်လေးနဲ့က ဘယ်လိုအခြေအနေလဲ''

''ရှင်''

နေသည် အံ့ဩလွန်းရသဖြင့် မျက်လုံးကလေးများ ပြူးကျယ်ပိုင်းစက်ကာ ပါးစပ်လည်း အဟောင်းသား ဖြစ်သွားရသည်။ နောင့်နာမည်ကိုပင် မေမေသည် သိနေပြီ။

''ဦးအောင်ဇေယျနဲ့ဒေါ်သလ္လာအေးတို့ရဲ့ တစ်ဦးတည်းသော သားလေးလေ၊ ရေမွှေးနှင့်ရိုးလ်အွန် သွင်းကုန်ကိုင်တယ်၊ ဩဖီးက ပြန်ရောက်တာ မကြာသေးဘူး၊ မေမေသိထားတာတွေ မှန်ရဲ့လား''

ဘုရားရေ ... မေမေ ဘာလို့ ဒီလောက်တောင် သိထားရတာလဲ။ နေ ဘယ်လောက်ပဲ သိုသိပ်စွာ လျှို့ဝှက်ပေမယ့် မေမေ စုံစမ်းနိုင်မှုအားကို လိုက်မမီခဲ့ပြီ။

နေသည် မေမေ့ကို ထိတ်လန့်တကြား ငေးကြောင်၍သာ ကြည့်မိလျက် ဘာစကားမှ ပြန်မပြောနိုင်တော့။

မေမေက နေ့ကို အင်အားအပြည့်ပါသော မျက်လုံးစူးစူးများဖြင့် စိုက်ကြည့်ကာ တစ်ခွန်းချင်း ဆက်ပြောလေသည်။

''သမီး .. သူ့ကို မေမေ့ဆီ ဘယ်တော့ခေါ်လာမှာလဲ''

နေသည် ပြန်မဖြေနိုင်။ တွေတွေးသာ မျိုချမိ၏။

''မေမေတို့ အောင်ပွဲမခံရတာ ကြာပြီနော် သမီး''

မေမေက စူးရှသောမျက်လုံးများဖြင့် စိုက်ကြည့်ကာ ပြောလျှင် နေ့ရင်သည် ပူလောင်လာ၏။

တုန်လှုပ်နေသောနေ့ကိုကြည့်ကာ မေမေက ဟင်းဟင်းဟု လည်ချောင်းသံဖြင့် ရယ်သည်။

မေမေ့ရယ်သံက နေ့အတွက်တော့ မိုးခြိမ်းသံလို ကြောက်မက်စရာကောင်းနေပါသည်။

''ဘယ်လိုလဲ နေနေ၊ သမီးရဲ့ခံယူချက်တွေ ပြောင်းလဲနေပြီလား၊ သန်ယာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့မာယာမှာ







www.burmeseclassic.com

www.burmeseclassic.com



ငြိသွားပြီလားဟင်၊ မုဆိုးကနေ သားကောင်ပြန်ဖြစ်သွားပြီလား၊ သမီးရဲ့၊ ဟင်း ဟင်း ... ဒါဆို နေရဥ္စရာဆိုတဲ့ မိန်းမတစ်ယောက်ရဲ့စာမျက်နှာက အမည်းစက်ထင်သွားတော့မှာပဲ ... ဟား ဟား''

မေမေက လှောင်ရယ်,ရယ်ကာ နေ့ကို ဖိအားပေးလေလျှင် နေသည် စိတ်တွေ မွန်းကျပ်ပူလောင်လာလျက် မေမေစကားများကို လှည့်ပတ်ရှောင်ရှားရန်ပဲ ကြိုးစားမိတော့သည်။

''မဟုတ်ဘူး မေမေ၊ မေမေထင်သလို မဟုတ်ပါဘူး၊ သခ်ယာက သမီးနဲ့ ရိုးရိုးသားသားပဲ ခင်နေတာပါ၊ ဟို ... ပြီးတော့လေ လုပ်ငန်းချင်းကလည်း အဆက်အစပ်မရှိတာမို့''

''ရှူး''

မေမေက နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်ကာ နေ့စကားကို ဟန့်တားသည်။

''ဆက်မပြောနဲ့ သမီး ... မေမေ မ .. ယုံ .. ဘူး''

သွားပြီ။

နေသည် ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလိုပင် မူးနောက်သွားရတော့သည်။

နေ ကြောက်လန့်လွန်းရသေအချိန်သို့ ရောက်လာခဲ့ချေပြီ၊ ကိုယ်ကိုယ်တိုင်ဆင်ထားခဲ့သည့် ထောင်ချောက်တံခါးဝမှာ နေသည် နင်းမိချေပြီ။



## အခန်း (၈)

''ဘယ်လိုလဲနေရယ် .. ကိုယ်တို့ မတွေ့ရတာကြာပြီ၊ ဘာလို့ ကိုယ့်ကို တွေ့ခွင့်မပေးတာလဲ၊ ပြော ... နေ့မှာ ဘာအကြောင်းတွေရှိလို့လဲ၊ နေ ဘာတွေဖြစ်နေလို့လဲ''

နေသည် တွေ့တာနှင့် မျက်နှာကလေးမှုန်မှုန်နှင့် မကျေမနပ်ပြောနေသော မောင့်ကိုကြည့်ကာ ဘယ်ကဘယ်လို စ,ပြောရမှန်းမသိ ဖြစ်သွားရသည်။

''ပြောလေ နေ ... မောင့်ကို ဘာလို့တွေ့ခွင့်မပေးတာလဲ ... လို့''

''မောင်ရယ် နေလည်းတွေ့ချင်တာပါ၊ နေ့မှာ မောင့်ကို ပြောပြလို့မဖြစ်တဲ့ပြဿနာတွေ ရှိနေလို့ပါ၊ နေ့ကို နားလည်ပေးပါ''

နေသည် အတော်ကလေး စွန့်စားကာ မောင့်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်မို့ မျက်ရည်ကလေး ရစ်ဝဲကာ ရှင်းပြနေမိသည်။

နေ့မျက်ရည်စတွေကိုမြင်ရတော့ မောင့်မျက်နှာမှုန်မှုန်မှာ ချက်ချင်း ပြေလျော့ကျသွားသည်။

"ဆောရီးနေ ... ကိုယ် နေ့ကို အရမ်းတွေ့ချင်နေမိလို့ ကိုယ် စကားပြောတာ လောသွားတယ်၊ ကိုယ့်ကို ခွင့်လွှတ်နော်၊ ကိုယ် နေ့ကို အရမ်းလွမ်းနေတာ သိလား"

သူက နေ့မျက်ရည်စတွေကို လက်ညှိုးကွေးကလေးနှင့် ဖွဖွသုတ်ပေးရင်းက ပြန်ချော့ပါသည်။

နားလည်မှုရှိလွန်းသော ချစ်သူကြောင့် နေသည် မျက်ရည်စများနှင့် မြမြကလေးပြုံးမိကာ ...

"နေလည်း လွမ်းတာပါပဲ မောင်ရယ်၊ အရမ်းလည်း တွေ့ချင်ပါတယ်၊ ဒါပေမဲ့ နေ့မှာ အရမ်းကိုဆိုးဝါးတဲ့ ပြဿနာ တစ်ခု ရှိနေလို့ပါ၊ အဲ့ဒီပြဿနာက နေနဲ့မောင့်ကို ဝေးစေနိုင်တဲ့ ပြဿနာဖြစ်နေလို့ပါ"

"မသိပါဘူးကွာ၊ နေက ကိုယ့်အသည်းကိုခွဲဖို့များ ကြံနေပြီလား ... လို့၊ ကိုယ့်မှာ ရှော့ခ်ရနေတာ"

"အို ... ဘယ်လိုပြောလိုက်တာလဲ မောင်ရဲ့၊ နေက ဘာဖြစ်လို့ မောင့်အသည်းကိုခွဲရမှာလဲ၊ နေ ... မောင့်ကို တကယ်ချစ်တာပါ၊ ဘာလဲ ... နေ့အရင်က သတင်းတွေကြောင့် မောင်က နေ့ကို ဒီလိုစွပ်စွဲလိုက်တာပေါ့ ... ဟုတ်လား"

နေသည် မောင့်စကားကြောင့် ဝမ်းနည်းပန်းနည်းဖြစ်





သွားပါသည်။

တစ်ချိန်တုန်းက အဖြစ်အပျက်တွေကြောင့် နေ တကယ်ချစ်တဲ့သူနဲ့ တွေ့ရသောအခါ ယုံကြည်မှုကင်းမဲ့ခြင်းခံရပြီလား။

မောင်က နေ ဝမ်းနည်းသွားတာမြင်ရလျှင် ချက်ချင်း ထိတ်ထိတ်ပျာပျာဖြစ်သွားလျက် ...

"ဟာ ဆောရီးကွာ နေ ... မောင် စ,တာပါ၊ မငိုလိုက်နဲ့နော်၊ နေ မောင့်ကို တကယ်ချစ်တယ်ဆိုတာ မောင်ယုံပါတယ်"

"ဒီမှာမောင် နေ အရင်တုန်းက တစ်စုံတစ်ယောက်ကြောင့်၊ ပြီးတော့ အကြောင်းတစ်စုံတစ်ရာကြောင့် ယောကျ်ားတွေရဲ့အသည်းကို ခွဲခဲ့ပေမယ့် မောင့်ကိုတော့ တကယ်ချစ်တာဆိုတာ ယုံပါ"

"မောင့်ကို နေ အရင်က သုံးခဲ့ဖူးသမျှ မာယာအဆိပ်တွေအားလုံးကို သပြိုဟ်ပြီးမှ နှလုံးသားအစစ်နဲ့ချစ်ခဲ့တာပါ"

"မောင့်အပေါ် ချစ်တဲ့အချစ်မျိုးနဲ့ နေ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးပါဘူး၊ မောင့်ကိုချစ်ရလွန်းလို့ ဖနေဟာ မောင်နဲ့ ဝေးရမှာကို အမြဲ တထိတ်ထိတ်နဲ့ ကြောက်နေရတာပါ"

နေသည် မောင့်ကို မခံမရပ်နိုင်လွန်းစွာ ရင်ဖွင့်မိဆဲ။ နေ တကယ်ပဲ တထိတ်ထိတ်နှင့် ကြောက်နေခဲ့ရသော ကံကြမ္မာတစ်ရပ်က နေ့ဆီ တည့်မတ်စွာ ရောက်ရှိလို့လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

# “နေနေ”

မေမေ့ခေါ်သံကို ရုတ်တရက်ကြားလိုက်ရလျှင် နေသည် ဆတ်ခနဲတုန်သွားရဟာ မထင်မှတ်နိုင်လွန်းစွာ ကြောက်လန့်တကြား မော့ကြည့်လိုက်မိသည်။

“ဟင် . . . မေမေ”

မေမေက လှပစွာပြုံးလျက် နေတို့နှစ်ယောက်ကို ကြည့်နေသည်။

လှပလွန်းသော မေမေ့အပြုံးရဲ့နောက်ကွယ်က ရက်စက်ခါးသီးလွန်းလှသော ကံကြမ္မာတစ်ရပ်ကို နေတစ်ယောက်သာ သိမြင်သည်မို့ နေ့ရင်ထဲ၌ ပူလောင်ထိတ်လန့်၍နေမိသည်။

“ကော်ဖီ အေးအေးဆေးဆေးသောက်ချင်လို့ ထွက်လာခဲ့တာ၊ သမီးတို့ကိုတွေ့တာနဲ့ လာနှုတ်ဆက်တာ၊ သမီးရဲ့သူငယ်





ချင်း ထင်ပါရဲ့”

ဖုံမေမေ မောင့်ကို နှစ်လိုစွာပြုံးကြည့်လျက် စကားလမ်းကြောင်းပေးလေလျှင် ရင်ထဲပြောင်းဆန်သွားရတော့သည်။

မေမေသည် မောင့်ကို နေ ရှောင်တိမ်းလျက်က ထောင်ချောက်တံခါးဝဆီ ဆွဲခေါ်နိုင်ရန် ကြိုးစားလေပြီ။

မေမေ့လုပ်ရပ်ကြောင့် နေ့မှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်ဆဲ။ ဘာကိုမှ မသိတတ်နိုင်သည့် မောင်ကတော့ ပကတိရိုးသားဖြူစင်လှစွာပင် ထိုင်ရာမှ မတ်တတ်ထ,ရပ်ရှာကာ . . .

“ကျွန်တော် သခ်ယာပါ အန်တီ၊ ပဲ့ဖြူးမ်နှင့်ရိုးလ်အွန်သွင်းကုန် ကိုင်ပါတယ်”

“အိုကေ အိုကေ . . . သခ်ယာ ဟုတ်လား၊ အန်တီမှတ်ထားပါ့မယ်၊ သမီးရဲ့သူငယ်ချင်းဆိုတော့လည်း အန်တီကခင်ရမှာပဲပေါ့၊ သမီးမှာ မောင်နှမသားချင်းမရှိတော့ စောင့်ရှောက်ပေးပါကွယ်၊ အိမ်လည်း လာလည်ပါဦး၊ အေးအေးဆေးဆေးစကားပြောရအောင်ပေါ့”

မေမေ့ဆီမှ အိမ်အလည်ခေါ်သောစကားကြားရလျှင် ရိုးသားလှသောမောင်မှာ မျက်နှာကလေး ဝင်းလက်သွားရှာလေသည်။

“ကြားလား သမီး . . . သူငယ်ချင်းကို အိမ်အလည်ခေါ်ခဲ့ဦး”

မေမေသည် နေ့ကို အဓိပ္ပာယ်များစွာပါသောအကြည့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးဖြင့် ကြည့်ကာ ပြောလေသည်။

ညည်း ဘယ်လိုလဲ ရှောင်တိမ်းပေမယ့် ငါ့လက်ထဲက မလွတ်နိုင်ပါဘူး . . . ဆိုတဲ့ အကြည့်။

ငါ့ခြေလှမ်းတွေကို ညည်းမမြင်နိုင်ပေမယ့် ညည်းခြေလှမ်းတွေကို ငါ အားလုံးသိပါတယ် . . . ဆိုတဲ့ အကြည့်။

နေသည် မေမေ့ကိုကြောက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့ပြီ။

နေ စိုးရိမ်ထိတ်လန့်ရသောအချိန်သည်လည်း ကျရောက်လို့လာခဲ့ချေပြီ။

"သားလည်း လာလည်နော်၊ အန်တီ ဖိတ်ခေါ်တယ် သိလား"

မေမေသည် ချိုမြလှသော ဟန်ဆောင်ပြုံးဖြင့် မောင့်ကို ဖိတ်ခေါ်ပြန်လေသည်။

"ဟုတ်ကဲ့ အန်တီ . . . ကျွန်တော် လာခဲ့ပါ့မယ်၊ ကျွန်တော်က လာလည်ချင်ပါတယ်၊ နေက လာလည်ခွင့်မပြုလို့ပါ၊ နေက စည်းကမ်းသိပ်တင်းကျပ်တာပဲ"

"အို . . . နေက သားကို နိုင်လို့ရလို့ နိုင်ချင်တာပါ၊ သူ ခွင့်မပြုလည်း အန်တီက ဖိတ်ခေါ်တယ် ဟုတ်ပြီလား၊ ကဲ . . . အန်တီ သွားစရာလေးရှိသေးလို့ သွားလိုက်ဦးမယ်၊ သမီး . . . မေမေ သွားပြီ"

"ဟုတ်ကဲ့ အန်တီ"





မေမေသည် နေတို့နှစ်ယောက်ကို နှုတ်ဆက်ပြီးလျှင် ကားဖြင့် ထွက်သွားတော့သည်။

မေမေထွက်သွားသည်နှင့် မောင်က နေ့ကို မေမေ့အကြောင်းတွေ ရွှန်းရွှန်းဝေအောင် ပြောလေတော့သည်။

"နေပြောတော့ နေ့မေမေက သိပ်စည်းကမ်းကြီးတာဆို၊ ခုတော့လည်း အရမ်းသဘောကောင်းပါလား နေရဲ့၊ နေ ပြောထားတာနဲ့ တခြားစီပဲ"

ဘာမှမသိတတ် နားမလည်ရှာသော မောင်ကတော့ မေမေ့ကို ချီးမွမ်းခန်း ဖွင့်ရှာလေသည်။

"ကဲ . . . ယောက္ခမကြီးက ဖိတ်ခေါ်တော့လည်း ကိုယ်က လာတွေ့ရမှာပေါ့"

မေမေ့ထောင်ချောက်ကို ဘာမှမသိသော မောင်က ဝမ်းသာအားရပြောလျှင် နေသည် ထိတ်လန့်သွားခဲ့ရသည်။

"ဟင့်အင်း . . . တွေ့လို့မဖြစ်ဘူး၊ မောင် မေမေနဲ့ တွေ့လို့မဖြစ်ဘူး"

"ဩော် . . . နေက ဘာတွေစိုးရိမ်နေတာလဲ၊ ဖြစ်လို့ပဲ အခု တွေ့ပြီးနေပြီ၊ အေးဆေးပဲဟာ၊ အန်တီကိုယ်တိုင်က မောင့်ကို လာခဲ့ဖို့ ဖိတ်နေတာပဲ၊ မောင့်ယောက္ခမကြီးက သဘောကောင်းတာပဲ နေရယ်"

"ဟင့်အင်း ဟင့်အင်း . . . မဖြစ်ဘူး မောင် အိမ်မလာနဲ့၊ လာရင် မောင့်နဲ့နေ ဝေးရလိမ့်မယ်၊ နေပြောတာ နားထောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲ့''

''ကဲ ... အဲ့ဒါဆို ဘာကြောင့်လဲဆိုတာ နေ မောင့်ကို ရှင်းပြလေ''

''ရှင်းပြလို့မရလို့ပါ မောင်ရယ်၊ နေ့စကားကို နားထောင်ပါ၊ မောင် နေ့စကားကို နားမထောင်ရင် နေနဲ့မောင် ဝေးရလိမ့်မယ်''

''ဟာ ... ဘာတွေလဲကွာ''

မောင်သည် ဘာကိုမှ နားမလည်ရှာသည်မို့ နေ့စကားကို စိတ်ပျက်သွားပုံရသည်။

နေ့မှာလည်း ကိုယ့်ကျေးဇူးရှင်မေမေရဲ့ အစွဲအလမ်းနှင့် ပြင်းထန်သော စိတ်ဓာတ်သဘောထားကို မောင့်ကို ပြောပြလို့ မဖြစ်ကာ ထွေးမနိုင်,မျိုမရ ဖြစ်နေရသည်။

မောင်နဲ့လည်း ဘယ်နည်းနှင့်မှ နေ မခွဲနိုင်။

မေမေ့ဆန္ဒကိုလည်း ဒီတစ်ခါ နေ မဖြည့်ဆည်းပေးနိုင်တော့။ နေတော့ ရှုံးရတော့မည် ထင်ပါရဲ့။

နေတို့နှစ်ယောက်ရဲ့ ကံကြမ္မာသည် မုန်တိုင်းတစ်ခု အစပျိုးလာပြီဟုတော့ နေ ကြိုတင် သိနားလည်နေမိသည်။

နေ တကယ်ပဲ ရှုံးချင်လာမိတော့သည်။



## အခန်း (၁၀)

နေ ကြိုတင်ခန့်မှန်းခဲ့သည့်အတိုင်းပင် အိမ်ပြန်ရောက်သည်နှင့် နေ ရင်ဆိုင်လိုက်ရသည်မှာ ဟန်ဆောင်မျက်နှာဖုံး ကွာကျနေပြီဖြစ်သည့် မေမေ့ကိုပဲ ဖြစ်သည်။

''မင်း ပြန်ရောက်လာပြီ ... ဟုတ်လား မိနေ၊ လာစမ်းပါဦး ... ဒီကို လာစမ်းပါဦး''

မေမေသည် ဒေါသတရှိန်ရှိန်တောက်လောင်နေသည့် မျက်နှာနှင့် နေ့ကို အသင့်ဆီးကြိုနေခဲ့သည်။

နေသည် ခြေဖျားလက်ဖျားတွေ အေးစက်ကာ ရင်ထဲ၌လည်း တလှပ်လှပ်တုန်ခါလျက် ကြောက်ရွံ့စွာပဲ မေမေနှင့် ရင်ဆိုင်လိုက်ရသည်။

''ဘယ်လိုလဲ နေရွှေရာ ... မင်းက ငါ့ကို လိမ်ခဲ့တာပေါ့ ဟုတ်လား၊ မင်းဟာ ငါကျွေးမွေးပြုစုခဲ့လို့ လူဖြစ်လာခဲ့တာပါ



www.burmeseclassic.com

www.burmeseclassic.com



နေရွှေရာရဲ့၊ မင်းက ငါ့ကို သိပ်လျှော့တွက်ခဲ့တာပဲကိုး။ မင်း ခြေလှမ်းတွေအားလုံးကို ငါ သိပြီးသား၊ မင်းကို ငါ လွှတ်ထား လိမ့်မယ်လို့ မထင်နဲ့''

မေမေ့အသံမှာ အက်ကွဲရှတ၍နေသည်။

နေသည် ကြောက်ရွံ့လွန်းလှသည်မို့ အေးစက်နေသော လက်ဖျားလေးများကိုသာ အချင်းချင်း ဆုပ်နယ်လျက် ခေါင်းငုံ့ ထားနေမိသည်။

''သူ့ကို မင်းတွဲနေတာ ကြာလှပြီ၊ ဒါတောင် မင်းက ချစ်သူတွေ မဟုတ်ပါဘူး ... လို့ လိမ်ချင်သေးတယ်၊ ကဲ ... ခု တော့ ငါ လက်ပူးလက်ကြပ်ဖမ်းပြနိုင်ပြီ၊ မင်း ဘယ်လိုလိမ်ချင် သေးလဲ ... ပြော''

မေမေသည် နေ့ကို ချောင်ပိတ်လေပြီ။

နေ့မှာတော့ မေမေ့ကို ဘာစကားမှ ပြန်ပြောနိုင်စွမ်း မရှိ။ နေ မေမေ့ကို ဆက်ပြီးလည်း ညာလို့မရတော့ပြီ။

''ပြောစမ်း နေရွှေရာ ... မင်း သူ့ကို ဘယ်တော့ ငါ့ဆီ ခေါ်လာခဲ့မလဲ''

မေမေက စူးရဲသောမျက်လုံးများနှင့်ကြည့်ကာ စိန်ခေါ် လေလျှင် နေသည် ခေါင်းငုံ့နှုတ်ပိတ်နေ၍မရတော့ဘဲ ချက်ချင်း ပင် ခေါင်းထောင်ကာ ထိတ်ထိတ်ပျာပျာဖြင့် ...

''ဟင့်အင်း မေမေ ... သမီး သူ့ကို မခေါ်ခဲ့ပါရစေနဲ့''

''ဘာ ... မခေါ်ခဲ့ပါရစေနဲ့ ဟုတ်လား၊ နင် ... နင်





ငါ့ကို အာခံနေတာလား နေရွှေရာ၊ နင် ငါ့အမိန့်ကို ငြင်းဆန်ရဲ တယ်ပေါ့ ဟုတ်လား''

''ပြောစမ်း ... ဘာအကြောင်းနဲ့ သူ့အသည်းကို ခွဲပစ်ဖို့ နင် တွန့်ဆုတ်ဝန်လေးနေရတာလဲ''

နေ စိုးရိမ်ထိတ်လန့်စွာ ငြင်းဆန်မိလေလျှင် မေမေသည် ယမ်းပုံမီးကျပေါက်ကွဲလေပြီ။

စူးရဲတောက်ပြောင်နေသော မျက်လုံးများဖြင့် နေကို လောင်ကျွမ်းမတတ် စိုက်ကြည့်ကာ ကျယ်လောင်လှသောအသံ ဖြင့် အော်ဟစ်ပေါက်ကွဲလေတော့သည်။

''ငါ့ရင်ထဲက အမုန်းတရားတွေက သိပ်ကိုဆာလောင် နေပြီ၊ အဲ့ဒါ နင် မသိဘူးလားဟင်၊ ယောကျ်ားတစ်ယောက် ငါ့ရှေ့မှာ သွေးစိမ်းရှင်ရှင်ထွက်ပြီး အသည်းဟက်တက်ကွဲသွား တာကို ငါ မြင်ချင်လှပြီ၊ နင် ငါ့ကို ဆန့်ကျင်နေတာလား မိနေရွှေရာ ... ဟင်၊

အဲဒီ သခ်ယာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့မာယာ ထောင်ချောက်ထဲမှာ နင် ပိတ်မိနေပြီပေါ့လေ ဟုတ်လား။ ပြော စမ်း ... ဟင် ပြောစမ်း မိနေ''

''ဟင့်အင်း ... မဟုတ်ဘူး, မဟုတ်ဘူး၊ သူက အဲ့ဒီလို ယောကျ်ားမျိုးမဟုတ်ဘူး မေမေရယ်၊ မေမေထင်သလို မဟုတ် ပါဘူး၊ သူဟာ အရမ်းကို အပြစ်ကင်းစင်ပါတယ်၊

နေ့ကို နေ့ကို ခွင့်လွှတ်ပါ မေမေ၊ နေ သူ့ကို မေမေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်းသလို မလုပ်ရက်ဘူး''

''ဘာ ... မလုပ်ရက်ဘူး ဟုတ်လား''

မေမေက နေ့ကို ဒေါသတကြီး အော်ဟစ်နေလေသည်။

နေသည် ဘဝတစ်သက်တာမှာ ပထမဆုံးအကြိမ်အဖြစ် မေမေ့ကို တုံ့ပြန်ပြောနေမိခြင်း ဖြစ်သည်။

''မ ... မလုပ်ပါရစေနဲ့ မေမေရယ်၊ သမီး ... သမီး လေ သူ့ကို တကယ်အချစ်စစ်နဲ့ ချစ်မိသွားလို့ပါ''

နေသည် မေမေ့ခြေရင်းမှာ ဒူးထောက်ထိုင်ချပြီး တောင်းပန်လိုက်မိသည်။

နေ တောင်းပန်လိုက်တော့မှပင် မေမေ့ဒေါသက အထွဋ် အထိပ်သို့ ရောက်သွားလေတော့ကာ ...

''ဘာ ... အချစ်ဟုတ်လား၊ အချစ်ဆိုတာကြီးက နင့် ရင်ထဲကိုရောက်လာပြီ ဟုတ်လား၊ မဖြစ်ရဘူး, မရောက်ရဘူး၊ နင် ... နင် မချစ်ရဘူး မိနေ''

မေမေသည် လက်များကို လေထဲဝှေ့ယမ်းကာ ဒေါသ တကြီး ပေါက်ကွဲအော်ဟစ်သည်။

မေမေ့ရဲ့တောက်ပြောင်သောမျက်လုံးအိမ်မှာ ဟိုသည် ပြေးလွှားနေသည်။

''နင် ... နင့်ရင်ထဲမှာ အမုန်းတွေပဲ ရှိရမယ်၊ အမုန်း တွေပဲ ပေါက်ဖွားရှင်သန်နေရမယ်၊ နင့်ကိုငါ ဘယ်လိုသင်ပေး ထားသလဲ မိနေရှူရာ''





မေမေသည် နေ့ရှေ့တွင်ထိုင်ချကာ နေ့ပခုံးများကို ယိမ်း ထိုးသွားအောင်ပင် လှုပ်ခါယမ်းလျက် ...

''ဟင် ... နင့်ကို ငါ ဘယ်လိုသင်ထားခဲ့သလဲ၊ ယောက်ျားတွေဟာ အမုန်းနဲ့ပဲ ထိုက်တန်တယ်၊ သူတို့ရဲ့အသုံး မကျတဲ့ နှလုံးသားတွေကို အမုန်းတွေ, ရက်စက်ခြင်းတွေ, စွန့်ပစ် ခြင်းတွေနဲ့ နင်းခြေပစ်ရမယ်လို့ နင့်ကိုငါ ငယ်ငယ်လေးကတည်း က သင်ပေးထားတယ် မဟုတ်လားဟင်''

နေသည် မျက်ရည်များဖြင့် မေမေ့ကို ခေါင်းညိတ်ပြ လိုက်မိသည်။

မေမေ ဒေါသတကြီး ဆွဲထားသဖြင့် နေ့ပခုံးများမှာ မခံနိုင်လောက်အောင်ပင် နာကျင်၍နေသည်။

''နင်က အခု ငါ သင်ပေးထားတာကို မေ့ပစ်လိုက်ပြီ ပေါ့ ဟုတ်လား၊ ဒါမှမဟုတ် နင်က ငါ့ကို တော်လှန်နေတာလား၊ မရဘူး, မရဘူးနော် မိနေ၊ အဲ့ဒီ သခ်ယာဆိုတဲ့ကောင်အတွက် နင့်နှလုံးသားထဲမှာ အချစ်မရှိရဘူး၊ အမုန်းပဲ ရှိရမယ်၊ နင် သူ့အသည်းကိုခွဲရမယ် မိနေ''

မေမေက နေ့မျက်နှာကို လက်ညှိုးဖြင့် ထိုးလျက် ပြင်းရှ သောအမိန့်ကို ပေးသည်။

နေသည် မျက်ရည်များ တတွေတွေကျလျက်က ခေါင်း ကို အဆက်မပြတ်ခါယမ်းကာ ...

''မခွဲနိုင်ဘူး မေမေ၊ သူ့ရဲ့အချစ်ကို နေ ယုံကြည်တယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အချစ်က ရယူလိုစိတ်တွေ၊ အတ္တရမ္မက်တွေနဲ့ ပူပြင်းလောင်မြိုက်နေတဲ့ အချစ်မျိုး မဟုတ်ဘူး ...၊

သူ့အချစ်က ဖြူစင်သန့်ရှင်းတယ်၊ ငြိမ်းချမ်းတယ်၊ နွေးထွေးတယ်၊ ပြီးတော့ လုံခြုံမှုလည်းရှိတယ်လို့ နေ ခံစားရတယ်၊ ယုံလည်း ယုံကြည်တယ် ...၊

ဘာအပြစ်မှမရှိတဲ့ သူ့အသည်းနှလုံးကို နေ မခွဲနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မခွဲနိုင်ဘူး မေမေ ...၊

အဲ့ဒီအတွက် နေ့ကို မေမေ ပေးချင်တဲ့အပြစ်ပေးပါ၊ နေ ခံပါ့မယ်၊ နေ ...နေလေ''

နေသည် အချစ်အတွက် ပြတ်သားစွာ မေမေပေးမည့် အပြစ်ကို တောင်းခံဆဲ မေမေက နေ့စကားမဆုံးသေးခင် ဟိန်းခနဲဖြတ်အော်လေသည်။

''တော်စမ်း ...နင်က တော်တော်သတ္တိကောင်းနေတယ်ပေါ့ ...ဟုတ်လား မိနေ၊ ဟင်း ဟင်း ဟင်း ...ကောင်းပြီလေ၊ နင်တောင်းဆိုတဲ့အပြစ်ကို ငါပေးရမှာပေါ့ အချစ်သူရဲကောင်းမကြီးရဲ့''

''နင်က မခွဲနိုင်ဘူးဆိုရင် ငါကိုယ်တိုင် ခွဲရတော့မှာပေါ့၊ နင့်ကောင်ရဲ့အသည်းရော၊ နင့်အသည်းရော ကွဲစေရမယ် ...၊

ဒီနေ့ကစပြီး နင် အဲ့ဒီကောင်နဲ့ မဆက်သွယ်ရဘူး၊ မပတ်သက်ရတော့ဘူး''

''ရှင်''





နေသည် မျက်လုံးများဝိုင်းကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ မေမေသည် နေနှင့်မောင့်ကို ခွဲဖို့ ကြံစည်လေပြီ။

''အိမ်ထဲက အိမ်ပြင်လည်း ထွက်ခွင့်မရှိဘူး၊ ကြားရဲ့လား၊ ဘယ်မှကို သွားဖို့ စိတ်မကူးနဲ့၊ ကုမ္ပဏီလည်း မသွားရတော့ဘူး၊ ဒါ ...ငါ့ရဲ့တစ်ချက်လွှတ်အမိန့်ပဲ''

မေမေသည် နေ့နဖူးကို လက်ညှိုးနှင့်ထိုးကာ ကျယ်လောင်စူးရှစွာ အော်ဟစ်ခဲ့ပြီးလျှင် ဒေါသတကြီး ကျောခိုင်းလှည့်ထွက်သွားသည်။

နေသည် ကြမ်းပြင်ပေါ်မှာ ဒူးထောက်လျက်က ကျောလေးတသိမ့်သိမ့်ခါအောင် သည်းသည်းထန်ထန် ငိုကြွေးနေမိတော့သည်။

ရင်ထဲ၌ မွန်းကျပ်လောင်မြိုက်နေရသည်။ ဆို့နစ်ခြင်းက နှလုံးသားတစ်ခုလုံးကို ဆုပ်ခြေထားသလိုပင်။

မေမေ သိပ်ရက်စက်တာပဲ။ နေတို့နှစ်ယောက်မှာ ဘာအပြစ်တွေရှိလို့လဲ။

ချစ်မိတာ အပြစ်လား မေမေရဲ့။

မေမေ့ကို ယောကျ်ားတစ်ယောက်က သစ္စာမဲ့စွန့်ပစ်ခဲ့တာနဲ့ နေက ကိုယ့် အသည်းနှင့်အောင်ချစ်ရတဲ့ချစ်သူကို ပြန်အသည်းခွဲရတော့မှာလား။ မေမေ မတရားဘူး။

နေသည် ရင်တွင်းမှ ခါးသီးနာကျင်လှစွာ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



စကားတွေများစွာ ရေရွတ်ပြောဆိုနေမိတော့သည်။

နွေရင်ထဲ၌ နွေလယ်နေထက် အဆပေါင်းများစွာ ပူလောင်နေသည်။



## အခန်း (၁၁)

**မေမေက** နေကို အိမ်ထဲမှအိမ်ပြင် ပေးမထွက်တော့ဘဲ မျက်စိဒေါက်ထောက်ကြည့်နေခဲ့သည်။

ဘယ်လိုနည်းနဲ့မှ ဆက်သွယ်လို့မရအောင် နေ့ဟမ်းဖုန်းကိုလည်း ပြန်သိမ်းထားခဲ့သည်။

အိမ်ဖုန်းကိုလည်း ဖြုတ်သည်။ နေသည် အချိန်နှင့်အမျှ အခန်းအောင်းကာ ငို၍သာနေမိသည်။

ခုချိန်မှာ နေ တတ်နိုင်တာဆိုလို့ ငိုကြွေးရုံသာရှိသည်။

မတွေ့ရတော့မှ မောင့်ကို တွေ့ချင်စိတ်က ပြင်းပြင်းရှရှ ရှိလာသည်။

လွမ်းဆွတ်ခြင်းသာ ငှက်တစ်ကောင်ဆိုလျှင် မောင့်ဆီ ပျံသန်းခွင့်ရမည်။

မောင်သည်လည်း လွမ်းနေရှာမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်အချစ်ကို သံသယမရှိ။

လူချင်းမတွေ့ဆုံနိုင်လျှင်ပင် ညတိုင်း ဖုန်းပြောဖြစ်ကြသည်မို့ ခုလို ဖုန်းခေါ်မရဘူးဆိုလျှင် မောင် ဘယ်လောက်တောင် စိုးရိမ်ပူပန်နေရှာမည်လဲ။

နေသည် ခေါင်းအုံးပေါ်မှောက်၍သာ သည်းရှိုက်ငိုကြွေးမိသည်။

နေ့ခေါင်းအုံးစွပ်ဖြူဖြူကလေးသည် မျက်ရည်တို့ဖြင့် ရွဲနစ်၍နေသည်။

မောင်ရယ် ...

နေလေ ငိုရှိုက်ရုံကလွဲပြီး ဘာမှမလုပ်နိုင်တာကို ခွင့်လွှတ်ပေးပါ။

"နေနေ"

တီးတိုးခေါ်သံကြားလျှင် နေသည် မျက်ရည်တို့ကို ကပျာကယာသုတ်လျက် မော့ကြည့်လိုက်မိသည်။

"ကလေး ... အစားနည်းနည်းလောက် စားဦးနော်၊ ဒေါ်ယဉ် ကလေးကြိုက်တဲ့အကင်နဲ့ ကော်ဖီပူပူလေး ယူလာတယ်"

နေ့အကြိုက်ကိုသိသော ဒေါ်ယဉ့်လက်ရာအကင်မှာ လတ်လတ်ဆတ်ဆတ် ပူပူနွေးနွေးရှိမည့်ဟန်။

ကော်ဖီနံ့ကလေးကလည်း သင်းနေသည်။

သို့သော် နေသည် ချစ်သူနှင့်ဝေးကွာရသော စိတ်ဆင်းရဲ





မှုကြောင့် ဘာကိုမှ စားချင်,သောက်ချင်စိတ် မရှိပြီ။

"ကျေးဇူးတင်ပါတယ် ဒေါ်ယဉ်ရယ်၊ နေ စားလို့ရမှာ မဟုတ်ပါဘူး။ ပြန်ယူသွားပါတော့"

ဒေါ်ယဉ်သည် နေ့ကိုကြည့်ကာ သက်ပြင်းရှိုက်လေသည်။

"နည်းနည်းဖြစ်ဖြစ် ဝင်သလောက်တော့စားပါ ကလေးရယ်၊ မနက်ကလည်း ကလေး ဘာမှ ဟုတ်တိပတ်တိစားတာ မဟုတ်ဘူး၊ မုန့်ဟင်းခါးလေးတစ်ဇွန်း, နှစ်ဇွန်းပဲ စားထားတာ"

ဒေါ်ယဉ်က နေ့ရဲ့ အေးစက်ခြောက်သွေ့နေသောလက်ချောင်းကလေးများကို ဆုပ်ကိုင်ထားရင်းမျက်ရည်တွေဝဲနေသည်။

"နေရယ် ဒီပုံအတိုင်းဆို နေ ဘယ်လိုလုပ်မလဲ၊ စားလည်းမစား၊ အိပ်လည်း မအိပ်နဲ့၊ ကြာရင် ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ နဂိုကမှ နေက အသားကျစ်တာ၊ ခုတော့ ပိန်တောင်ပိန်လာပြီ၊ အသားတွေကလည်း ဖြူဖျော့ဖျော့နဲ့ အရင်ကဆို နေ့ အသားလေးက အမြဲပန်းရောင်ဥနေတာ၊ ခုအတိုင်းဆို နေ့ ကျန်းမာရေး ဒုက္ခရောက်လိမ့်မယ်"

ဒေါ်ယဉ်က နေ့ကိုကြည့်ပြီး မျက်ရည်တွေဝဲကာ ပူပူပင်ပင် ပြောသည်။ နေသည် ဓမ်းနည်းစွာ တစ်ချက်ရှိုက်လိုက်လျက်

"နေလေ သေတောင် သေချင်တယ် ဒေါ်ယဉ်ရဲ့ ... သိရဲ့လား"

နေသည် မခံစားနိုင်တော့သလို ဒေါ်ယဉ်ကို ဆို့နစ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောချလိုက်မိသည်။

ဒေါ်ယဉ်မှာ မျက်စိမျက်နှာပျက်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလျက် ...

"အို ... ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ နေရယ် ... ဘယ်လိုပြောလိုက်တာလဲ၊ နိမိတ်မရှိ နမာမရှိ၊ မပြောကောင်း မဆိုကောင်း"

"ဟုတ်တယ်လေ ဒေါ်ယဉ်ရဲ့၊ နေ့ဘဝက အကျဉ်းသား တွေလို နေရတဲ့ဘဝ၊ ချစ်ရသူနဲ့လည်း ဝေးနေရတဲ့ဘဝ၊ သေ လိုက်တာကမှ ကောင်းဦးမယ်"

"ဘာတွေပြောနေတာလဲ နေရယ်၊ နေကလည်း ခေါင်း မာမာ၊ မမထွဋ်ကလည်း စိတ်က ပြင်းပြင်းနဲ့၊ ဒေါ်ယဉ်လေ ကြားထဲက ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူး"

"ဒေါ်ယဉ်ရယ် ... ဒေါ်ယဉ်လည်း ဘာလုပ်ပေးလို့ရမှာ လဲ၊ နေ့ကံကြမ္မာအတိုင်းပဲ ရှိပါစေတော့၊ မေမေထားတဲ့ဘဝမှာ နေ, နေပါ့မယ်၊ ဒါပေမဲ့ မေမေနိုင်းသလိုတော့ နေ မလုပ်နိုင်ဘူး၊ ကလေးကိုကြည့်ရတာ ဒေါ်ယဉ် စိတ်မချမ်းသာလိုက်တာ"

နေ့ရဲ့ အေးစက်ခြောက်သွေ့သော ဖြူဖျော့ဖျော့လက် ချောင်းကလေးများကို ဆုပ်ကိုင်နှစ်သိမ့်ရင်းက ဒေါ်ယဉ်သည် နေနှင့်ရောစပ်ကာ မျက်ရည်ကျလေသည်။

✿





နေတစ်ယောက် အိမ်တွင်းအကျဉ်းစံဘဝမှ သူ့ကို တွေ့ ချင်စိတ်ပြင်းပြကာ အလွမ်းဖြင့် လောင်ကျွမ်းနေရသလို။

သခ်ယာမှာလည်း လူလည်းမတွေ့ရ၊ ဖုန်းလည်း ဆက် မရ ဖြစ်နေလေသည်မို့ နေတစ်ယောက် ဘာများဖြစ်သလဲ စိုးရိမ် စိတ်တွေဖြင့် ပူလောင်နေရသည်။

နောက်ဆုံးတွေ့ခဲ့သည့်နေ့က နေပြောခဲ့သောစကားများ ကို ပြန်ကြားယောင်နေမိသည်။

ဟင့်အင်း ... တွေ့လို့မဖြစ်ဘူး၊ မောင် မေမေနဲ့ တွေ့ လို့မဖြစ်ဘူး။

✿

မောင် အိမ်မလာနဲ့၊ လာရင် မောင်နဲ့နေ ဝေးရလိမ့် မယ်။ နေပြောတာ နားထောင်ပါ မောင်ရဲ့။

✿



www.burmeseclassic.com

www.burmeseclassic.com



နေလည်း လွမ်းတာပါပဲ မောင်ရယ်။ အရမ်းလည်း တွေ့ချင်ပါတယ်။ ဒါပေမဲ့ နေ့မှာ အရမ်းကို ဆိုးဝါးတဲ့ ပြဿနာ တစ်ခု ရှိနေလို့ပါ။ အဲ့ဒီပြဿနာက နေနဲ့မောင့်ကို ဝေးစေနိုင်တဲ့ ပြဿနာ ဖြစ်နေလို့ပါ။

❁

ဒီမှာ မောင် ... နေ့ အရင်တုန်းက တစ်စုံတစ်ယောက် ကြောင့်။ ပြီးတော့ အကြောင်းတစ်စုံတစ်ရာကြောင့် ယောကျ်ား တွေရဲ့အသည်းကို ခွဲခဲ့ပေမယ့် မောင့်ကိုတော့ တကယ်ချစ်တယ် ဆိုတာ ယုံပါ။

❁

မာယာအဆိပ်တွေအားလုံးကို သငြိုဟ်ပြီးမှ နှလုံးသား အစစ်နဲ့ ချစ်ခဲ့တာပါ။

❁





ဝေးရမှာကို အမြဲတထိတ်ထိတ်နဲ့ ကြောက်နေရတာပါ။

❁

နေရဲ့ခံစားချက်အပြည့်ပါသောစကားများကို သူ့နားထဲ၌ ထပ်တလဲလဲ ကြားယောင်လာခဲ့သည်။

မာယာအဆိပ် ...

အမြဲတထိတ်ထိတ် ...

တစ်စုံတစ်ယောက်ကြောင့် ...

အကြောင်းတစ်စုံတစ်ရာကြောင့် ...

သူ့ရင်ထဲ လှုပ်ရှားရှုပ်ထွေး၍လာသည်။ နေ သူ့ကို တကယ်ချစ်တယ်ဆိုတာ ယုံကြည်သည်။

နေ အခု ဘယ်မှာလဲ။

ဘာတွေဖြစ်နေလဲ။

နေ့အိမ်လိုက်သွားဖို့ အကြိမ်ကြိမ် စဉ်းစားမိသော်လည်း အိမ်ကိုမလာဖို့ စိုးရိမ်တကြီးမှာခဲ့သော နေ့စကားများက သူ့ကို တွေဝေစေသည်။

သို့သော် တွေ့ချင်စိတ်ကလည်း အရမ်းကို ပြင်းရှလောင် မြိုက်လာသောအခါ သူသည် နောက်ဆုံး၌ နေတို့အိမ်သားတွေ အကြောင်း အိမ်နီးချင်းတွေဆီမှာ စုံစမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်ဆိုသော အိမ်တော်ထိန်းအမျိုးသမီးကြီး ဈေးကို လာသောအချိန်ကို မနက်အစောကြီးထဲက စောင့်ဆိုင်းခဲ့ရသည်။

ဈေးခြင်းတောင်းကြီးဆွဲကာ အဖော်ကောင်မလေးတစ်ယောက်နှင့်အတူ ဒေါ်ယဉ် ကားပေါ်မှဆင်းလျှင် သူ့ရင်သည် ဒိန်းခနဲ ဝမ်းသာသွားခဲ့ရ၏။

အမျိုးသမီး ဈေးထဲဝင်သောအခါ သူ နောက်နားမှ မသိမသာ ကပ်လိုက်ကာ ...

"အဒေါ်ကြီး ... အဒေါ်ကြီး"

အမျိုးသမီးကြီးက သူ့ရဲ့ ခပ်အုပ်အုပ်ခေါ်သံကြောင့် ဇဝေဇဝါ လှည့်ကြည့်သည်။

"အဒေါ့်ကို ခေါ်တာလား"

"ဟုတ် ... ဟုတ်ကဲ့ အဒေါ် ... အဒေါ့်ကို ကျွန်တော် ပြောစရာရှိလို့"

သူ အလျင်စလိုပြောလျှင် အမျိုးသမီးကြီးက သူ့ကို စူးစမ်းသလို အကဲခတ်ကာ ...

"ဘာပြောမှာလဲကွယ့်"

သူ ဘေးဘီကို မသိမသာအကဲခတ်ကာ အဒေါ်ကြီးကို ခပ်အုပ်အုပ်ပြောလိုက်သည်။

"ကျွန်တော် သခ်ယာပါ အဒေါ်"

"ဟေ"





အဒေါ်ကြီးရဲ့မျက်လုံးများမှာ ပြူးကျယ်သွားသည်။

"မင်း ... မင်း ဘာကိစ္စရှိလို့လဲဟင်၊ ဘုရား ... ဘုရား ပြောစရာရှိတာ မြန်မြန်ပြော၊ မမထွဋ်သိရင် ဒေါ်ကြီး အသတ်ခံရလိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် နေ့ကို ကုမ္ပဏီလာတာလည်း မတွေ့ရ၊ ဖုန်းလည်းဆက်လို့မရလို့ အရမ်းစိုးရိမ်ပြီး အဒေါ့်ကို လာတွေ့တာ၊ နေ ဘာတွေဖြစ်နေလဲဟင်၊ ဘယ်လိုပြဿနာတွေနဲ့ ရင်ဆိုင်နေရလဲ"

"အေး ... အေး ... ပြဿနာကို ဒေါ်ကြီး လိုရင်းတိုရှင်း ပြောပြမယ်၊ မမထွဋ်က မင်းတို့နှစ်ယောက်ကို လုံးဝသဘောမတူဘူး၊ အခု နေ အပြင်လုံးဝမထွက်ရတော့ဘူး"

အမျိုးသမီးကြီးရဲ့ စကားများကြောင့် သူ မျက်ခုံးများ ကုတ်ကျသွားရသည်အထိ အံ့ဩသွားရသည်။

"အန်တီက ကျွန်တော်တို့နှစ်ယောက်ကို သဘောမတူဘူး ... ဟုတ်လား၊ ဟာ ... မဖြစ်နိုင်တာ၊ ကော်ဖီဆိုင်မှာ တွေ့တုန်းက အန်တီက ကျွန်တော့်ကို ဖော်ဖော်ရွေရွေဆက်ဆံခဲ့တာပါ၊ ပြီးတော့ အိမ်ကိုတောင် အလည်ခေါ်သေးတယ်"

သူ အငြင်းစကားပြောမိလျှင် အမျိုးသမီးကြီးက သူ့ကို သနားသောမျက်လုံးများဖြင့်ကြည့်တာ ခံလိုက်ရပါသည်။

"မင်း သူ့ကို ယုံကြည်မိရင် သိပ်မှားသွားမှာပေါ့၊ သူ့လောက် ဟန်ဆောင်ကောင်းတဲ့လူ လောကမှာ မရှိနိုင်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ညြော် ... ငါလည်း ဘာတွေပြောမိပါလိမ့်၊ တကယ်တော့ သူက ငါ့ကျေးဇူးရှင်ပါ၊ မင်းအတွက် စေတနာထားရင်း ငါ စကားတွေ များကုန်ပြီ၊ ကဲ ... ကဲ ... မင်းသိချင်တာ သိရပြီမဟုတ်လား၊ ငါ သွားတော့မယ်၊ တကယ်ဆို မင်းကို ခုလောက်ထိ ငါ လက်ခံစကားပြောဖို့ မကောင်းဘူး၊ ငါ့အတွက် အရမ်းအန္တရာယ်ကြီးတယ်၊ နေ့မျက်နှာကြောင့် ပြောမိတာ၊ ဟဲ့ ... မိတ္တူး အိမ်ရောက်ရင် ဒီအကြောင်းတွေ လုံးဝမပြောမိစေနဲ့နော်၊ ငါ အသတ်ခံရလိမ့်မယ် သိလား''

အဒေါ်ကြီးမှာ ဘေးဘီဝဲယာကိုကြည့်ကာ မြန်မြန်စကားစ, ဖြတ်လျက် ကောင်မလေးလက်ကိုဆွဲကာ သုတ်သီးသုတ်ပျာ ရှေ့ဆက်လျှောက်ရန် ပြင်သည်။

''အဒေါ်ရယ် ခဏ ... ခဏလောက် နေပါဦး၊ သူ နေကောင်းရဲ့လားဟင်''

အဒေါ်ကြီး ခြေလှမ်းတွေကို အမိလိုက်လျက် သူ့ဘေးမှ လိုက်ကပ်မေးမိသည်။

အဒေါ်ကြီးမှာ သက်ပြင်းရှိုက်လျက် ...

''ကောင်းပါတယ်ကွယ်၊ ကဲ ... ကဲ မင်းသွားတော့ ငါ့တူ၊ ဒေါ်ကြီးတို့ စကားကြာကြာပြောလို့မဖြစ်ဘူး''

''သွားမှာပါ ဒေါ်ကြီးရယ်၊ ကျွန်တော့်ကို တစ်ခုတော့ ကူညီပါ၊ ကျွန်တော် နေနဲ့ အရမ်းတွေ့ချင်တယ်၊ အဲ့ဒါ တွေ့ခွင့်ရအောင် ဒေါ်ကြီး ကူညီပေးပါနော်''





''ဘုရားရေ ... မဖြစ်နိုင်တာပဲ၊ ငါ့ခေါင်းကို မိုးကြိုးပစ်မယ့်ကိစ္စ၊ ငါ ဘယ်လိုလုပ် ကူညီလို့ဖြစ်မှာလဲ''

''နေ ... နေ့တိုင်းငိုနေမှာ ကျွန်တော်သိတယ် ဒေါ်ကြီး၊ ကျွန်တော်လည်း ယောကျ်ားတန်မဲ့ နေ့တိုင်း သူ့လိုပဲ မျက်ရည်ကျနေရပါတယ်၊ ကျွန်တော်တို့နှစ်ယောက်မှာ ဒေါ်ကြီးကလွဲလို့ ဘယ်သူမှ အားကိုးစရာမရှိပါဘူး၊ ကျွန်တော် သူ့ကို တစ်ခါလောက် တွေ့ခွင့်ရရင် ကျေနပ်ပါတယ် ဒေါ်ကြီးရယ်''

အဒေါ်ကြီးက သူ့ကို တွေတွေကြီး စိုက်ကြည့်သည်။ ထို့နောက် သက်ပြင်းရှိုက်လျက် ...

''ခက်တာပဲ၊ အေးပါလေ ... ဒေါ်ကြီးက တတ်နိုင်သလောက် ကူညီပေးပါ့မယ်၊ မင်းနဲ့ တွေ့တဲ့အကြောင်းလည်း နေ့ကို ပြောပြပေးမယ် ... ဟုတ်ပြီလား၊ ကဲ ... မင်းပြန်တော့၊ ခဏ ခဏလည်း ဒေါ်ကြီးကို လာမခေါ်နဲ့၊ လိုအပ်ရင် မင်းကို ဒေါ်ကြီး စ,ဆက်သွယ်မယ် ဟုတ်ပြီလား၊ မမထွေး ရိပ်မိသွားရင် ဒေါ်ကြီးလည်း ဒုက္ခရောက်မယ်၊ မင်းတို့လည်း ဆက်သွယ်စရာ လမ်းပိတ်သွားမယ် ... သိတယ် မဟုတ်လား''

''ဟုတ်ကဲ့ပါ ... ကျေးဇူးတင်ပါတယ် ဒေါ်ကြီးရယ်၊ ကျွန်တော် သွားတော့မယ်နော်''

''အေး ... အေး ကောင်းပြီ''

ဒေါ်ကြီးမှာ ခပ်သုတ်သုတ်နှုတ်ဆက်လျက် ဈေးဝယ်သူတွေရဲ့ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း လေးကန်သောခြေလှမ်းများဖြင့် လှည့်ထွက်လာခဲ့ရသည်။ ရင်ထဲ၌ ပူလောင်လေစွ။

နေကလေးတစ်ယောက် ကူကယ်ရာမဲ့အခြေအနေမှာ ဘယ်လောက်တောင် ဝမ်းနည်းအားငယ်စွာ ငိုကြွေးနေရှာမည်လဲ။

မောင့် နေကလေးရယ် ... အချစ်စစ်မှန်ရင် ဝေးကွာရရှိုး ထုံးစံမရှိပါဘူးကွာ။ နေနဲ့တွေ့ခွင့်ရဖို့ မောင် ကြိုးစားမှာပါ။

နေကလေးဆီ မောင် မရောက်ရောက်အောင် လာခဲ့မယ် ... သိရဲ့လား ချစ်သူလေးရယ်။



## အခန်း (၁၂)

ဒေါ်ယဉ်သည် ဒေါ်သီရိဘုန်းထွဋ်ရဲ့ အလစ်ကိုစောင့်ကာ နေရဲ့အခန်းထဲ ဝင်လိုက်သည်။

အိပ်ရာပေါ်၌ ကိုယ်လေးတစောင်းလှဲနေသည့် နေ့ပုံစံကလေးမှာ ဖြူဖျော့စွာ။

ရက်ပိုင်းအတွင်းမှာ ပိန်းချုံးကျသွားသည့်ကလေးကို ကြည့်ကာ ဒေါ်ယဉ် စိတ်မကောင်းဖြစ်ရသည်။

ပြတင်းအပြင်ကို ငေးနေသည့်ပုံစံကလေးမှာ အကျဉ်းစံဘဝရဲ့လွတ်မြောက်မှုကို မျှော်ကိုးနေသည်လား။

''ကလေး''

အတွေးနှင့်ငေးနေဆဲ လန့်သွားမှာစိုးသဖြင့် ဒေါ်ယဉ် တိုးတိုးခေါ်လိုက်သည်။

''အံမယ်လေး''



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် နေ့မှာ လန့်သွားရသည်မို့ မျက်လုံးကလေး ပြူးကာ ရင်ဘတ်ဖိလိုက်မိသည်။

"ကလေးရယ် ... လန့်မှာစိုးလို့ ဒေါ်ကြီးက တိုးတိုးပဲ ခေါ်တာပါ"

"ဟုတ်ပါတယ် ဒေါ်ယဉ်ရယ်၊ နေကိုယ်တိုင်ကိုက ..."

နေ စကားမဆက်။

နေ့နေ့ညည ဘယ်လောက်တောင် စိတ်ဆင်းရဲပြီး အတွေးမျိုးစုံထဲ နစ်နေခဲ့ရသလဲဆိုတာ အိမ်သားတွေ အသိဆုံး မဟုတ်လား။

"ဘာတွေယူလာပြန်ပြီလဲ ဒေါ်ယဉ်ရယ်"

နေ ညည်းညည်းကလေး မေးလိုက်မိသည်။

မစားချင်,စားချင်လာအောင် လုပ်ပေးရှာသည့် ဒေါ်ယဉ့်ကိုလည်း အားနာပါရဲ့။ သို့သော် ... ကိုယ်တိုင်ကိုက စားချင်စိတ် မရှိတော့။

"ရခိုင်မုန့်တီ ချက်ထားတယ် ကလေး၊ ရှူးရှဲလေး စားလိုက်ပါလား၊ မုန့်တီက ခံတွင်းလိုက်တယ် ကလေးရဲ့၊ ပြီးတော့ ဒေါ်ယဉ် ဘူးသီးလည်း ကြော်ထားတယ်၊ ဒီမှာကြည့်စမ်း ... အချဉ်က စပါယ်ရှယ်၊ အညာဖျော်လေး"

ဒေါ်ယဉ် နေ မစားချင်စားချင်အောင် ဆွယ်ပြောသည်။

မွှေးကြိုင်သော မုန့်တီရနံ့က တစ်ခန်းလုံး သင်းပျံ့နေသည့်တိုင် နေ လှည့်မကြည့်မိ။





"ထားခဲ့လေ ... နေ ပြီးတော့ စားပါ့မယ်၊ အခု ဗိုက် ပြည့်နေသေးလို့"

ဗိုက်ပြည့်လို့, ရင်ပြည့်နေလို့ ... ဆိုသော အားနာသ ဖြင့် ရှောင်လွှဲသော အကြောင်းပြချက်တွေကို ဒေါ်ယဉ် ကြိုတင် မျှော်လင့်ပြီးသား။

ပြီးတော့ လာသိမ်းသည့်အခါမှာ တစ်ဇွန်း,နှစ်ဇွန်း လောက်သာ စားထားသည့် အရာမယွင်းသော ပန်းကန်တွေကို တွေ့ရတတ်စမြဲ ဖြစ်သည်။

"ကလေး"

ဒေါ်ယဉ် နေ့လက်ကလေးကို ဖွဖွဆုပ်ကိုင်ရင်း ပြုံးကြည့်ကာ ခေါ်လိုက်သည်။

"ကလေးကို ဒေါ်ယဉ် ပြောစရာတစ်ခုရှိတယ် သိလား၊ ဒေါ်ယဉ့် အခုပြောပြမယ့်စကားကိုကြားရင် ကလေးစိတ်ချမ်းသာ သွားမှာပါ၊ ဒေါ်ယဉ် ပြောရဲတယ်"

"ပြောလေ"

နေ သိပ်စိတ်မဝင်စားသော်လည်း အားနာသဖြင့် စကားထောက်ပေးလိုက်ရသည်။

ဒေါ်ယဉ်က နောက်ကိုတစ်ချက်လှည့်ကြည့်ကာ ဒေါ်သီရိဘုန်းထွဋ်ရဲ့အရိပ်အယောင်ကို မတွေ့ရတော့မှ စိတ်ချစွာဖြင့် လေသံကိုနှိပ်လျက် ...

"ဒေါ်ယဉ် သခ်ယာနဲ့တွေ့ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

နေတစ်ယောက် မထင်မှတ်နိုင်လှစွာ အံ့အားအသင့်ကြီး သင့်လျက် ချက်ချင်း ကိုယ်လေးမတ်သွားခဲ့ရသည်။

"သူ ... သူ ဘာပြောသေးလဲဟင် ဒေါ်ယဉ်၊ နေ့ကို မေးသေးလား၊ နေ့ပြဿနာတွေ ဒေါ်ယဉ် ပြောပြလိုက်ရဲ့လား၊ သူ ..."

နေ အမောတကော အလောကြီး မေးလိုက်မိသည်။

"အံမယ်လေး နေရယ် ပြောပြပါ့မယ်၊ ဒါပေမဲ့ ဒီမုန့်တီတစ်ပန်းကန် ကုန်အောင်စားမယ်ဆိုမှ ပြောပြမယ်"

"စားပါ့မယ် ဒေါ်ကြီးရဲ့၊ အခု ပြောစရာရှိတာ အရင်ပြောပါ"

"ပြောပါ့မယ် နေရယ်၊ သူ နေ့အကြောင်းတွေမေးလို့ ဒေါ်ကြီး အကုန်ရှင်းပြလိုက်တယ်၊ နေ အပြင်ထွက်လို့ မရဘူးလို့၊ ပြီးတော့ ... မမထွဋ်ရဲ့သဘောထားကိုလည်း ဒေါ်ကြီး ပြောပြလိုက်တယ်"

"သူ အရမ်းကို စိတ်ဆင်းရဲသွားမှာပဲနော်"

"အေးပေါ့၊ ပြီးတော့ ... သူ နေ့ကို အရမ်းတွေ့ချင်တဲ့အကြောင်း ပြောတယ်"

"နေလည်း သူ့ကို အရမ်းတွေ့ချင်တယ် ဒေါ်ကြီးရယ်၊ ဒေါ်ကြီး ကူညီပေးပါနော်"

နေ ဒေါ်ယဉ့်လက်ကို အားကိုးတကြီးဆုပ်ကိုင်ကာ





သနားစဖွယ် ပြောလိုက်မိသည်။

"အေးပါ ကလေးရယ် ... ဒေါ်ကြီး အတတ်နိုင်ဆုံးတော့ ကူညီပါ့မယ်၊ မမထွဋ် သိလို့လည်း မဖြစ်ဘူး"

"ကျေးဇူးတင်ပါတယ် ဒေါ်ကြီးရယ်၊ နေ့မှာ အားကိုးရမယ့်သူဆိုလို့ ဒေါ်ကြီးတစ်ယောက်ပဲ ရှိတာပါ"

"ကဲ ... ကျေးဇူးတင်ရင် မုန့်တီသောက်၊ မောင်တော်က မှာလိုက်တယ်၊ သူ တွေ့ခွင့်ရအောင် အစွမ်းကုန်ကြိုးစားပါ့မယ်တဲ့၊ ဒေါ်နေရဲ့ရာကလေး အစားဝင်အောင်စားပါ၊ အအိပ်ပျော်အောင်အိပ်ပါ ... တဲ့ ဟုတ်ပြီလား"

ဒေါ်ယဉ် သခ်ယာ့နာမည်သုံးကာ ဖြစ်စေချင်တာလေးကို ပိုမိုသည်းသည်းလေး ပြောလိုက်သည်။

"သူ ... သူ နေ စိတ်ဆင်းရဲနေတာကိုသိလို့ မှာလိုက်တာပေါ့နော်၊ စားမယ် ... နေ စားမှာပါ ဒေါ်ကြီးရယ်"

"အေး ... အေး ဒေါ်ကြီး မုန့်ပွဲပြင်ပေးမယ်"

ဒေါ်ယဉ် ဝမ်းသာအားရ မုန့်ပွဲပြင်ပေးသည်။

"ဒေါ်ကြီး မုန့်ဟင်းခါးစားသလို ပြင်ပေးနော်၊ အဖတ်များများ၊ အရည်နည်းနည်း၊ ငရုတ်သီးထောင်းများများလေး"

"အေးပါ ... ဒေါ်ကြီး သိပါတယ် ကလေးရယ်"

နေက မုန့်တီစားလျှင် သူများနှင့်မတူ။ အဖတ်နည်းနည်း၊ အရည်များများနှင့် မသောက်တတ်ဘဲ မုန့်ဟင်းခါးစားသလို အဖတ်များများ အရည်နည်းနည်းနှင့်မှ စားတတ်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အရင်ရက်တွေက အစားဆို မတည့်သလို လှည့်တောင် မကြည့်ချင်သူက ခုတော့ ချစ်သူဆီက တစ်ဆင့်စကားကြားရသည်နှင့် ခွန်အားတွေပြည့်၊ စိတ်တွေလည်း လန်းဆန်းလာကာ အစားစားချင်စိတ်က ချက်ချင်း။

မုန့်တီက ရှောခနဲ၊ ရှောခနဲ တစ်ဖွန်းပြီးတစ်ဖွန်း။

ဒေါ်ယဉ့်ခမျာ ကြည့်နေရင်းက ဝမ်းသာလိုက်ရသည်ဖြစ်ခြင်း။

ကိုယ့်လက်ပေါ်မှာ ကြီးလာသည့်ကလေးမို့ နေလောင်ပန်းကလေးလို ညှိုးနွမ်းနေတာမြင်လျှင် စိတ်ထိခိုက်ရသည်လေ။

မုန့်တီတစ်ပန်းကန်က ခုတော့ တစ်ခဏချင်း ကုန်ပြီ။

"ကလေး နောက်တစ်ပန်းကန် ထည့်ဦးမလား၊ ဒေါ်ကြီး ဟင်းခါးတစ်အိုးကြီး ချက်ထားတယ်နော်"

"ဗိုက်ချောင်တော့မှ ထပ်စားမယ်၊ ခု အကြော်စားဦးမှာ"

"အေး ... အေး ... စားစား အများကြီးစားနော်"

"စားမှာ, စားမှာ ... တော်ကြာ ဖက်တီးကြီးဖြစ်လာရင် ဒေါ်ကြီးကြောင့်နော်"

"အံမယ် ... ဒေါ်ကြီးက တရားခံဖြစ်ရပြန်ပြီ"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။

"မယဉ့်"





အခန်းဝမှ မာထန်သော ခေါ်သံကြောင့် နှစ်ယောက်သား ဆတ်ခနဲတုန်ကာ ကြောက်လန့်တကြား လှည့်ကြည့်လိုက်မိကြသည်။

အခန်းဝမှ စူးရဲသောမျက်လုံးများနှင့် စိုက်ကြည့်နေသူက ဒေါ်သီရိဘုန်းထွဋ်။

❁

"မယဉ့် ... ဒီကို ခဏလာစမ်းပါဦး"

"ဟုတ် ... ဟုတ် လာပါပြီ မမထွဋ်"

ဒေါ်ယဉ့် ကြောက်ကြောက်နှင့် အမြန်သွားလိုက်မိသည်။

နေသည်လည်း အကြော်ပင် ဆက်မစားနိုင်တော့။ ဘူးသီးကြော်ကိုင်ထားသည့် လက်ချောင်းကလေးများမှာ ကြောက်ရွံ့လွန်းသည်မို့ တဆတ်ဆတ်တုန်နေမိသည်။

"ရယ်ရယ်မောမောနဲ့ပါလား မယ်မင်းကြီးမက"

"ဟို ... ဟို ... ကျွန်မ ရယ်စရာပြောလိုက်မိလို့ပါ မမထွဋ်"

"အေး ... အဲ့လိုမှပေါ့၊ သူ တစ်နေ့, တစ်နေ့ အခန်းအောင်းပြီး ငိုချည်းနေတာ၊ ကျွန်မလည်း မြင်ရတာ စိတ်ဆင်းရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိဘုန်းထွဋ် နေ မကြားရအောင် လေသံနှိမ့်လျက် ပြောသည်။

''ကျွန်မကို ကလန်ကဆန်မလုပ်စဖူး လုပ်လို့သာ ဒဏ် ပေးထားရတာ ဒီလိုပုံစံနဲ့ မြင်ရတော့လည်း ကျွန်မ စိတ်မကောင်း ဘူး''

ပြောရင်းက ဒေါ်သီရိဘုန်းထွဋ်ရဲ့မျက်ဝန်းအိမ်ထဲ မျက် ရည်ကြည်များ ဝေ့လာသည်။

ဒီလိုဆိုတော့လည်း ဒေါ်ယဉ် စာနာမိပါသည်။ အပျိုကြီး လေးတန်မဲ့နှင့် သနားစရာကလေးတစ်ယောက်ကို ဒီအရွယ်ထိ ရောက်အောင် အမေအမည်ခံကာ ပြုစုစောင့်ရှောက်ခဲ့သည့် သံယောဇဉ်က ခိုင်မြဲလွန်း၍နေမည်လေ။

ပြင်းထန်သောစိတ်ဓာတ်ခံယူချက် အစွဲအလမ်းကြောင့် သာ ဒီလိုဒဏ်ပေးထားပေမယ့် ခများလည်း ရင်ထဲချိရှာမည် မဟုတ်တာ ဒေါ်ယဉ် သိပါသည်။

''ဘာကျွေးထားလဲ ... စားရော စားရဲ့လား''

''မုန့်တီကျွေးထားတယ် မမထွဋ်။ တစ်ပန်းကန် ကုန် အောင် စားပါတယ်''

ဒေါ်ယဉ့်အဖြေစကား ကြားရလျှင် ဒေါ်သီရိဘုန်းထွဋ် မျက်နှာ လက်ခံနဲဖြစ်သွားသည်။

''ဟုတ်လား။ အင်း အင်း ... ကောင်းတယ်၊ အရင်နေ့ တွေက ကောင်းကောင်းမစားဘူးနော်၊ နောက်နေ့တွေလည်း





သူစားချင်တာ လုပ်ကျွေးပါ မယဉ်ရယ်''

''ဟုတ်ကဲ့ပါ မမထွဋ်''

''ဒါပေမဲ့ ... ကျွန်မ ခုပြောတာတွေ သူ ပြန်မသိစေနဲ့ နော်၊ တော်ကြာ ကျွန်မကို ကြောက်စိတ်ပေါ့သွားမှာစိုးလို့၊ သူ ကျွန်မစကား နားမထောင်မချင်း ခုလိုပဲ အပြစ်ပေးထားမှဖြစ်မှာ''

ဒေါ်သီရိဘုန်းထွဋ် ခပ်တိုးတိုးမှာသည်။

ဒေါ်ယဉ်သည် ဟုတ်ကဲ့လိုက်ရင်း စိတ်ထဲကတော့ မကြောက်မှာမပူပါနဲ့ မမထွဋ်ရဲ့၊ ကျွန်မတို့အားလုံး နေစရာမရှိ အောင် အသည်းထဲစိမ့်နေအောင်ကို ကြောက်ပါတယ် ...ဟု ပြန်ပြောလိုက်မိသည်။

ခုနကလည်း လှမ်းခေါ်တော့ ကိုယ်တွေပြောတာများ ကြားသွားလို့လားထင်ကာ ရင်ထဲက တုန်နေအောင် ကြောက်နေ မိခဲ့တာ။

မဟုတ်မှန်းသိတော့မှ စိတ်တွေ ပေါ့ပါးသွားခဲ့ရတော့ တာ။

''ဩော် ... မမထွဋ် ခုနကခေါ်တာ ဘာခိုင်းစရာရှိလို့ လဲဟင်''

ဒေါ်ယဉ် စကားစ,ပြန်ကောက်ကာ မေးလိုက်မိသည်။

''ဩော် ... ဟုတ်ပါရဲ့၊ သူ့အကြောင်းပြောနေမိတာနဲ့ ပြောမယ့်စကားတောင် မေ့သွားတယ်၊ ဟိုမှာလေ မယဉ်ရယ် ခြံထဲကို ကြည့်စမ်းပါဦး''



www.burmeseclassic.com

www.burmeseclassic.com



မမထွဋ်က ပြောရင်းမှ မျက်နှာမသာမယာနှင့် ခြံထဲ မေးငေါ့ပြသည်မို့ ဒေါ်ယဉ် နားမလည်စွာ ခြံထဲလှမ်းကြည့်လိုက်မိသည်။

"ဘာဖြစ်လို့လဲ မမထွဋ်"

"ဘာဖြစ်ရမှာလဲ၊ အပင်တွေက ညှိုးခြောက်လို့၊ ပေါင်းတွေလည်း ထ,လာပြီ၊ ကျွန်မမှာ စိတ်အပန်းဖြေစရာဆိုလို့ ဒီပန်းပင်လေးတွေပဲရှိတာ"

မမထွဋ်က စိတ်မသက်သာစွာ ပြောသည်။

ဟုတ်ပါရဲ့ မမထွဋ်က ညနေခင်းဆို ခြံထဲဆင်းနေတတ်သည်လေ။ အလုပ်,လုပ်စရာရှိရင်တောင် ခြံထဲယူလုပ်တတ်တာ။

"ကျွန်မနဲ့မိတ္တူလည်း ညနေဆို ရေလောင်းပေးပါတယ် မမရယ်"

"ဟုတ်ပါတယ် . . . မယဉ်တို့ ရေလောင်းပေးကြတာ တွေ့ပါတယ်၊ ဒါပေမဲ့ ပန်းခြံဆိုတာက ရေလောင်းပေးရုံတင်မှမရတာ၊ မယဉ်တို့လည်း အိမ်ကိစ္စတွေနဲ့ အားကြတာမှမဟုတ်ဘဲ၊ ပန်းခြံအတွက် လူတစ်ယောက် လိုကိုလိုတယ် မယဉ်ရယ်"

မမထွဋ် ညည်းသည်။ အရင် မာလီလုပ်သည့် အေးမာက ယောကျ်ားပေးစားမယ်ဆိုပြီး ပြန်ခေါ်သွားကတည်းက နောက်ထပ် လူသစ်ရှာမရဘဲ ပန်းခြံတစ်ခုလုံးမှာ မမထွဋ်ပြောသလိုပင် အပင်တွေလည်းညှိုး၊ ပေါင်းတွေလည်း ထ,ကာ ဖြစ်နေရတော့သည်။





"လူရှာပေးပါဦး မယဉ်ရယ်၊ စိတ်ချရတဲ့ လူလည်းဖြစ်ပါစေနော်၊ ရှုပ်ရှုပ်ယှက်ယှက်မျိုးလည်း မလိုချင်ဘူး၊ ယောကျ်ားတွေနဲ့ ကင်းကင်းရှင်းရှင်းနေတဲ့သူမျိုးပဲ လိုချင်တယ်"

မမထွဋ်ပြောနေတာကို နားထောင်ရင်း ဒေါ်ယဉ် တစ်စုံတစ်ရာကို စဉ်းစားနေမိသည်။

"ကျွန်မ,ပြောနေတာ ကြားရဲ့လား မယဉ်"

အစဉ်းစားလွန်းသွားမိသော ဒေါ်ယဉ်မှာ ဒေါ်သီရိဘုန်းထွဋ် မာဆတ်ဆတ်ပြောတော့မှ သတိပြန်ဝင်လာလျက် . . .

"ဟုတ် . . . ကြား, ကြားပါတယ် မမထွဋ်၊ ကျွန်မ မမထွဋ် ပြောနေတာကို နားထောင်ရင်း စဉ်းစားနေမိလို့ပါ"

"ကြားတယ်ဆိုရင်လည်း ပြီးရော၊ ကဲ . . . ကျွန်မ ကုမ္ပဏီ သွားလိုက်ဦးမယ်၊ သူ,မရှိတော့ ကုမ္ပဏီကို ကျွန်မ တစ်ချက်,တစ်ချက် သွားကြည့်မှဖြစ်မှာ၊ ကျွန်မ စိတ်ချမယ်နော် မယဉ်၊ ကျွန်မ အပြင်သွားတဲ့အချိန် သူ့အခန်းကို အပြင်ကနေ သော့ခတ်ထားပါ၊ ကျွန်မ ပြန်လာလို့ ဒင်းမရှိရင် တစ်အိမ်လုံး မလွယ်ဘူးမှတ်၊ ကျွန်မအကြောင်း မယဉ် သိတယ်နော်"

ဒေါ်သီရိဘုန်းထွဋ် ဒေါ်ယဉ်ကို ခြေဆုံးခေါင်းဆုံး စေ့စေ့ကြည့်လျက် တင်းမာလှသော မျက်နှာထားဖြင့် မှာသည်။

ဒေါ်ယဉ်သည် စိတ်ထဲ၌ မလုံခြုံလှသော်လည်း . . .

"ဟုတ်ကဲ့ပါ မမထွဋ်ရဲ့၊ စိတ်ချလက်ချသွားပါ၊ နေနေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်မပါ တဖြည်းဖြည်းချင်း ပိုင်းနားချပေးပါ့မယ် စိတ်ချပါ''

ဒေါ်ယဉ် ကတိတွေ အထပ်ထပ်ပေးနေမိသော်လည်း စိတ်ထဲမှာတော့ တစ်စုံတစ်ခုကို အပြေးအလွှား စဉ်းစားနေမိဆဲ။



## အခန်း (၁၃)

''လာ ... ဒေါ်ကြီးနောက်က လိုက်ခဲ့''

''အံ့မယ်လေး ကြောက်လိုက်တာ''

''သိမ်သိမ်မွေ့မွေ့လေး နေနော် ... မမထွဋ်ရှေ့ကျရင် ကြွန္တောမရ မဖြစ်စေနဲ့ ပြီးတော့ စကားပြောရင် ကိုယ့်ကိုယ်ကိုယ် သမီးလို့ပြောနော်''

''ဟုတ်''

ဒေါ်ယဉ် စိတ်မချနိုင်စွာ အထပ်ထပ်မှာကြားလျက် သတိကြီးစွားထားကာ မမထွဋ်ရှေ့ ဝင်သည်။

''မမထွဋ်''

စာရင်းတွေ စစ်နေရာမှ ခေါ်သံကြောင့် ဒေါ်သီရိဘုန်း ထွဋ် မော့ကြည့်သည်။

ဒေါ်ယဉ်နောက်မှာ မျက်နှာစိမ်းတစ်ယောက်ပါလာတာ



www.burmeseclassic.com

www.burmeseclassic.com



မှ ဒေါ်သီရိဘုန်းထွင့် မျက်မှောင်ကြုတ်သွားသည်။

"မမထွင့် . . . ဒါ ပန်းခြံအတွက် ကျွန်မ ရှာလာခဲ့တဲ့ ကလေးမလေးပါ"

မာလီလုပ်မယ့် ကလေးမလေးကို ဒေါ်သီရိဘုန်းထွင့် ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်မိသည်။

အရပ်ကြီးက မြင့်လိုက်သမှ ယောကျ်ားလေးတစ်ယောက်ပမာ။ အရပ်နှင့်လိုက်အောင်ပင် ခန္ဓာကိုယ်က ယောကျ်ားတစ်ယောက်လို ထွားထွားကျိုင်းကျိုင်း။

"ကောင်မလေးက တော်တော်ထွားတာပဲ၊ အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်တစ်ပါ အန်တီ"

ဒေါ်သီရိဘုန်းထွင့် မျက်ခုံးနှစ်ခု ထိဆက်လုနီးပါး။ မျက်မှောင်ကုတ်လိုက်မိသည်။

အသံကလည်း ဩဩကြီး။

ဝတ်ပုံစားပုံကျတော့လည်း ရှပ်အင်္ကျီလက်ရှည်ကို လည်ပင်းကြယ်သီးအစေ့တပ်၊ လက်ကြယ်သီးအစေ့တပ်နှင့်မို့ ကြည့်ရတာ ယောကျ်ားလျာလိုလို, ဘာလိုလို။

ဒါပေမဲ့ ယောကျ်ားလျာကျတော့လည်း ဟုတ်ဟန်မတူ။

မျက်နှာမှာ သနပ်ခါးလိမ်းထားလိုက်သည်မှာ ဖွေးဖွေးလှုပ်။ သို့သော် မညီမညာ ရယ်စရာပင် ကောင်းနေသေးတော့သည်။





မျက်ခုံးကိုလည်း အထူကြီးဆွဲထားလိုက်သေးသည်။

မျက်လုံးများမှာလည်း အိုင်းရှဲဒိုးက မည်းနက်နေသည်။

နှုတ်ခမ်းက ရဲရဲတွတ်။

မျက်နှာက အသားကုန်ပြင်ထားပေမယ့် မပြင်တတ်, ပြင်တတ် ပြင်ထားပုံမျိုးမို့ နဂိုရုပ်က ဘယ်လိုမျိုးလဲဆိုတာ ဖမ်းမရချင်လောက်အောင်ပင် ရုပ်ပျက်ဆင်းပျက် ရယ်ချင်စရာကောင်းနေရသည်။

မျက်မှောင်များ ကုတ်ထားလျက်က ဒေါ်သီရိဘုန်းထွင့် ရယ်ချင်လာမိတာကို မနည်းထိန်းချုပ်လျက် . . .

"မယဉ်ရယ် . . . ရှင်ခေါ်လာတာ မာလီလုပ်မှာလား၊ မင်းသမီးလုပ်မှာ မေးကြည့်ပါဦး"

မေးလိုက်သံကပင် ရယ်ချင်သံပေါက်သွားရသည်။

ဒေါ်ယဉ် မျက်လုံးပြူးကာ ကောင်မလေးကို လှည့်ကြည့်သည်။ ကောင်မလေး ကြောက်ကြောက်နှင့် ကပျာကယာ ဖြေသည်။

"ဟို . . . ဟို သမီးက အလှပြင်တာ ဝါသနာပါလို့ပါ အန်တီ၊ အန်တီက မကြိုက်လို့လားဟင်"

အံမယ်လေး ပြောတော့ဖြင့် သမီး။ အသံကြီးဟာဩဩ။ မလိုက်ဖက်လိုက်တာ . . . ဟု ဒေါ်သီရိဘုန်းထွင့် တွေးမိပြန်သည်။

"မကြိုက်မရှိပါဘူး၊ မိန်းကလေးပဲ အလှပြင်တာလည်း ပြင်ပေါ့၊ အဓိက,က ငါမကြိုက်တာ မလုပ်ဖို့ပဲ၊ မယဉ် ဒီအိမ်က



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းတွေ ပြောထားပြီးပြီလား''

''ဟုတ်ကဲ့ ... သေသေချာချာ ပြောပြထားပါတယ် မမထွေး''

''အေး ... ခြံဝမှာ ဘာ့ဆိုင်းဘုတ်ရေးထားသလဲ တွေ့ခဲ့ရဲ့လား''

ဒေါ်သီရိဘုန်းထွေး မေးလိုက်လျှင် ကောင်မလေး ကပျာကယာ စိတ်လှုပ်ရှားစွာ ဖြေသည်။

''ယောက် ... ယောက်ျားမဝင်ရလို့ ရေးထားတာပါ အန်တီ''

''အေး ... ဒီအိမ်ရဲ့အဓိကစည်းကမ်းက အဲ့ဒါပဲ၊ ဒီအိမ်မှာနေမယ်၊ ဒီအိမ်မှာ အလုပ်.လုပ်မယ်ဆို ဘယ်ယောက်ျားနဲ့မှ မပတ်သက်ရဘူး၊ မင်းရဲ့အစ်ကိုတွေ၊ မောင်တွေ ဆွေမျိုးတွေထဲက ဘယ်ယောက်ျားမှမလာစေနဲ့၊ နောက်ဆုံးကွာ မင်းအဖေတောင် မလာစေနဲ့ ... ကြားလား''

''ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ''

''ဒါနဲ့ ... မင်းမှာ ရည်းစားရော ရှိလား''

''ဟင့်အင်း မရှိပါဘူး အန်တီ၊ သမီး ယောက်ျားတွေကို စိတ်မဝင်စားပါဘူး''

''အေး ... ကောင်းတယ်၊ ဒါမှ ဒီအိမ်မှာနေလို့ဖြစ်မယ်၊ နေပါဦး မင်းက လူကတော့ ထွားပါတယ်၊ ဒါပေမဲ့ မာလီအလုပ်ကို လုပ်နိုင်ပါ့မလား၊ ပန်းခြံက ကျယ်တယ်၊ အပင်တွေကလည်း





များတယ်၊ မင်း ပင်ပန်းမှာနော်၊ မာလီ လုပ်ဖူးလား''

''လုပ်တော့ မလုပ်ဖူးပါဘူး၊ ဒါပေမဲ့ ... သမီး ကြိုးစားပြီး လုပ်ပါ့မယ် အန်တီ''

ကောင်မလေး ကပျာကယာ ကတိပေးသည်။

''သူက အရမ်းကို အလုပ်လိုနေတာ မမထွေးရဲ့၊ သူ့မှာ နေစရာမရှိဘူး၊ အတော် ဒုက္ခရောက်နေတာ''

မယဉ် ဖေးဖေးမမ ဝင်ပြောပေးသည်။

''အေးလေ ... လက်ကြောတင်းတင်းလုပ်ပေါ့၊ အဓိက, က ငါ့စည်းကမ်းချက်ကို မဖောက်ဖျက်ဖို့ပဲ၊ မလိုက်နာရင်တော့ မလွယ်ဘူးနော်''

''ဟုတ်ကဲ့ပါ အန်တီထွေး''

''အေး ... မယဉ်ခေါ်သွားတော့၊ စောင့်ကြည့်သေးတာပေါ့၊ ပုံစံမကျရင်တော့ ငါက မသက်ညှာတတ်ဘူး၊ ကဲ ... သွားတော့''

''ဟုတ်ကဲ့ ... မမထွေး စိတ်ချပါ ... ကောင်မလေးကို ကျွန်မကိုယ်တိုင် ထိန်းပေးမှာပါ၊ အလုပ်ကိုလည်း ကျိုးကျိုးနွံနွံ လုပ်ပေးရပါ့မယ်''

ဒေါ်သီရိဘုန်းထွေး ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ဒေါ်ယဉ် ကောင်မလေးကို လက်တို့ကာ လက်နှစ်ဖက် နောက်ပစ်လျက် လှည့်ထွက်လာခဲ့သည်။

နှစ်လှမ်း,သုံးလှမ်း ထွက်လာခဲ့ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မယဉ်"

ဒေါ်ယဉ် တစ်စုံတစ်ရာအတွက် ပူပန်သလို လှည့်ကြည့်သည်။

"ကောင်မလေးနာမည် ဘယ်သူလဲ"

"**လွှမ်း**ပါ မမထွဋ်"

"ဘယ်လို လွှမ်း ဟုတ်လား"

ရှိုးရှိုးကလေးနှင့် ဆန်းသောနာမည်ကလေးမို့ ဒေါ်သီရိဘုန်းထွဋ် သံယောင်လိုက်ခေါ်ကြည့်မိသည်။

လွှမ်း ... တဲ့။

လွှမ်းဆိုသော အသံသြသြ။ လူကောင်ထွားထွားကောင်မလေးကတော့ ဆံပင်အကုပ်ကလေးကို လက်ဖြင့်သပ်လျက် ဆင်မယဉ်သာ လှမ်းလျက် ထွက်သွားလေပြီ။

ကောင်မလေးရဲ့နောက်ကျောကိုကြည့်ပြီး ဒေါ်သီရိဘုန်းထွဋ်စိတ်ထဲ တစ်မျိုးမြင်နေမိသည်။

❀

ဒေါ်ယဉ်သည် ဒေါ်သီရိဘုန်းထွဋ်ရဲ့ကား ခြံထဲမှ ထွက်သွားသည်နှင့် နေ့အခန်းထဲသို့ သုတ်သီးသုတ်ပျာ လှမ်းဝင်လိုက်သည်။





"နေနေရေ ... ကလေး"

နေ့ အပြင်ကိုငေးနေရာမှ ...

"ဘာကျွေးမလို့လဲ ဒေါ်ကြီး"

ဒေါ်ယဉ် အခန်းထဲဝင်လာတိုင်း စားစရာတစ်ခုမဟုတ်တစ်ခု ချော့ကျွေးနေကျမို့ နေက အရင်ဦးအောင် မေးလိုက်သည်။

ဒေါ်ယဉ် ပြုံးလျက် ...

"ဒီတစ်ခါကျွေးမှာက စားစရာမဟုတ်ဘူး ကလေးရဲ့၊ ဝမ်းသာစရာ, ဝမ်းသာစရာ"

"ဟင်"

နေ့ မျက်လုံးကလေးတွေ ကြယ်ပွင့်လေးများလို ပြုံးပြက်သွားလျက် ချက်ချင်းထ,ထိုင်သည်။

"ဒေါ်ကြီး ... သူ ... သူနဲ့ တွေ့ခဲ့လားဟင်၊ သူ နေ့ကို ဘာမှာလိုက်သေးလဲဟင်၊ သူ နေကောင်းရဲ့လား"

နေ မအေဖြစ်သူလည်း ကြားမှာစိုးသည်မို့ လေသံကလေးနှိမ့်လျက် စိတ်လှုပ်ရှားစွာ မေးမိသည်။

"အံမယ်လေး မောနေပါဦးမယ် ကလေးရယ်၊ သခ်ယာသူညီမကို လွှတ်လိုက်တယ်၊ အဲ့ဒါ လူချင်းတွေ့ပြီး သီချင်တာတွေ အကုန်မေးကြည့်"

"သူ့ညီမ,ကို လွှတ်လိုက်တယ် ဟုတ်လား"

နေ တွေဝေသွားမိသည်။

"သူက တစ်ဦးတည်းသောသားပါ ဒေါ်ကြီးရဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ ... ညီမ,လို့ပြောတာပဲ၊ ဝမ်းကွဲတွေ, ဘာတွေ ဖြစ်မှာပေါ့"

"ဘယ်မှာလဲဟင်"

"ပန်းခြံထဲမှာ"

နေ ခုတင်ပေါ်မှ ချက်ချင်းဆင်းလိုက်သည်။

"မေမေရောဟင် ဒေါ်ကြီး"

"အပြင်သွားတယ်၊ ဒါကြောင့် နေ့ကို ဒေါ်ကြီး လာခေါ်တာပေါ့"

"နေ ... သွားတွေ့မယ်နော် ဒေါ်ကြီး"

နေ အိပ်ရာထဲမှ ထ,လာသည့် ကပိုကရိုပုံစံကလေး အတိုင်းပင် ပန်းခြံထဲသို့ ပြေးဆင်းလိုက်မိတော့သည်။

"ဘယ်မှာပါလိမ့်"

ပန်းခြံထဲမှာ ဧည့်သည်တစ်ယောက်မှမတွေ့။

ပန်းပင်တွေကို အားဆေးကျွေးနေသည့် မိန်းကလေး တစ်ယောက်တော့ တွေ့သည်။

မိန်းကလေးဆိုပေမယ့် ယောကျ်ားလေးတစ်ယောက်လို အရပ်မြင့်မြင့်ထွားထွားကျိုင်းကျိုင်းနှင့် ဖြစ်သည်။

အေးမာလည်းမဟုတ်။ မာလီအသစ်များလား။

ဘာပဲဖြစ်ဖြစ် သူ့ကိုပဲ မေးကြည့်ရတော့မှာပဲ စိတ်ကူးကာ ...

"ဟိတ် ... ရွှတ် ရွှတ်"





ကောင်မလေးက မကြား။

"ဒီမှာ ... ဒီမှာ"

အသံကို ထပ်မြှင့်ခေါ်တော့မှ ကောင်မလေးက ကြားလေတော့ကာ နေ့ဘက် ဖြည်းဖြည်းချင်း လှည့်ကြည့်လေလျှင်–

"ဟင်"

နေသည် သနပ်ခါးများဖုံးကာ မျက်လုံးကို မည်းနက်နေအောင်ဆွဲထားသောမျက်နှာကို အကြောင်းသား ငေးစိုက်ကြည့်နေမိတော့သည်။

"နေ ... နေကလေး"

နှလုံးသားထဲ စွဲနစ်ခဲ့ရသောအသံ။

"အို ... မောင် ... မောင်"

နှလုံးသားတစ်ခုလုံး လေထဲ လွင့်ပျံသွားရမတတ်။

ကြည်နူးခြင်းနှင့်ဝမ်းနည်းခြင်းသည် ယှဉ်ပြိုင်လျက် ရင်တစ်ခုလုံးကို ဆို့နင့်စေတော့သည်။

ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး ...ဟု ထင်မှတ်ထားခဲ့သောချစ်သူ။ ပြန်ဆုံတွေ့ရန် မျှော်လင့်မထားခဲ့မိသော အချိန်ကျတော့မှ ...

မျက်ရည်များဖြင့် ရစ်ဝဲကာ ကြောင်အမ်းကြည့်နေပါသဲ။

"နေ ... မောင်ရဲ့နေကလေး"

နွေးထွေးသောရင်ခွင်တစ်ခုတည်း လွင့်ခနဲ သက်ဆင်းသွားရတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



''နေရယ် ... မောင်လေ အရမ်းတွေ့ချင်လွန်းလို့ ခုလို စွန့်စားရတာ သိလား၊ ယောက်ျားတစ်ယောက်ရဲ့သိက္ခာ၊ ယောက်ျားတစ်ယောက်ရဲ့မာန၊ အားလုံးကို စွန့်လွှတ်ပြီး နေ့ဆီကို မောင်လာခဲ့တာ၊ မောင့်အချစ်ကို ယုံပြီလားဟင်.. နေကလေး''

မောင်က ကြေကွဲသောအသံဖြင့် တိုးဖျော့စွာမေးလေလျှင် နေသည် မျက်လုံးအစုံကို မှိတ်လျက် နာကျင်စွာဖြင့် ခေါင်းသာ ညိတ်ပြမိလေသည်။

''နေကလေး ... မောင့်ကို ကြည့်ပါဦး နေကလေးရဲ့၊ မောင့်မျက်နှာကိုကြည့်ပါဦး၊ မျက်လုံးလေး ဖွင့်ကြည့်ပါဦး၊ မောင့်မျက်နှာကိုကြည့်ပြီး မောင့်ကို အရမ်းလွမ်းတာပဲလို့ ပြောပါကွာ''

မောင် ဆို့နင့်စွာ တောင်းဆိုလေလျှင် ...

နေသည် ပခုံးလေးမြင့်တက်သွားအောင် တစ်ချက်ရှိုက်လိုက်မိလျက်က မျက်လုံးများကို ဖွင့်လိုက်သည်။

''ဟင်''

နေ မြင်လိုက်ရသောမျက်နှာမှာ မောင့်မျက်နှာမဟုတ်။

ဖုံနေသော မညီမညာသနပ်ခါးများ၊ မည်းနက်နေသော အိုင်းရဲ့ဒိုးများနှင့် ဆံပင်အကုပ်နှင့် မိန်းကလေးတစ်ယောက်။

မျက်လုံးများ ဖွင့်ကြည့်ပြီးမှ ပြန်ပြီး ကြောင်အမ်းသွားရသော နေ့အဖြစ်ကြောင့် မောင်သည် ကိုယ့်မျက်နှာကိုယ် ပြန်သတိရသွားလေတော့ကာ ...

''အဟင်း ... ဒါက ဒေါ်ကြီး ရုပ်ပြောင်းရုပ်လွှဲလုပ်ပေး





ထားတာလေ၊ တစ်လမ်းလုံး ကိုယ့်မျက်နှာကို ဘယ်သူမှမမှတ်မိပါစေနဲ့လို့ ဆုတောင်းခဲ့ရတာ၊ မှန်တောင် မကြည့်ရဲဘူး၊ ကိုယ့်မျက်နှာကိုယ် ရှက်လို့''

မောင့်ရှက်တတ်တတ်ပြောပုံကြောင့် နေ သဘောတကျ ''ခစ်''ခနဲ ရယ်လိုက်မိသည်။

နေ ရယ်မိတော့ မောင်ပါ မွန်းကျပ်မှုတွေ၊ ခါးသီးနာကျင်မှုတွေအားလုံး လွင့်ပြယ်သွားရတော့သလို လိုက်ရယ်သည်။

''အဟင်း ... ကိုယ့်ကိုယ်ကိုယ် ဘာရုပ်ပေါက်နေမှန်းတောင် မသိတော့ဘူး''

ခုမှ မျက်နှာမထားတတ်ဖြစ်နေသော မောင့်ကိုကြည့်ပြီး နေရယ်မိပြန်သည်။

''နေပါဦး ... နေက အခု ရှင့်ကို ဘယ်လိုခေါ်ရမှာလဲ၊ မောင်လို့ ခေါ်ဖို့တော့ မဖြစ်နိုင်တော့ဘူး''

နေသည် မောင်နှင့် ပြန်တွေ့ရပြီမို့ ပျော်လာကာ မောင့်ကို နောက်တောက်တောက်ကလေး မေးလိုက်မိသည်။

''အံမာ ... နာမည်ရှိပါတယ်ကွ''

''ပြောစမ်းပါဦး မိန်းမပီပီသသနွဲ့နွဲ့လေးမှ ဟုတ်ရဲ့လား''

''လွမ်း ... တဲ့''

''လွမ်း ... ဟုတ်လား''

မောင်ပြောပြသော နာမည်ကလေးကြောင့် နေ့မှာ ရယ်



www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ မျက်နှာကလေး ပြန်တည်ကာ တွေငေးငေးကလေး ဖြစ်သွားရသည်။

''မိန်းကလေးဆန်မယ့် နာမည်တစ်ခု စဉ်းစားရင်းက နေ့ကို ဘယ်လောက်တောင် လွမ်းနေခဲ့ရသလဲဆိုတာ နေ သိအောင် နာမည်နဲ့ သက်သေပြမလို့လေ''

''မောင်ရယ်''

နေသည် အကြွင်းမဲ့သော ယုံကြည်ချစ်ခြင်းဖြင့် မောင့်ရင်ခွင်ကို မှီလိုက်ဆဲ။

''ကဲ ကဲ . . . ဒီလောက် အလွမ်းတွေ ရင်ဖွင့်ပြရ တော်ရောပေါ့နော်၊ နေရေ . . . ကလေး တော်ကြာ မမထွေး ပြန်လာရင် အားလုံး ဒုက္ခရောက်ကုန်မယ်၊ လာ . . . အိမ်ထဲ ပြန်ဝင်ရအောင်''

နောက်ကျောဆီမှ ဒေါ်ကြီးရဲ့အသံ ထွက်ပေါ်လာခဲ့လျှင် နှစ်ယောက်သား လူချင်းချိတ်လိုက်ရသည်။

''ခဏနေပါဦး ဒေါ်ကြီးရယ် . . . ကျွန်တော်တို့ မတွေ့ရတာ ကြာပြီ၊ ခုမှ တွေ့ရတာပါ''

မောင် မျက်နှာမကောင်းစွာဖြင့် ဒေါ်ကြီးကို ပြောသည်။

''ကွယ် . . . သားရယ် မင်းတို့ ဒုက္ခရောက်မှာစိုးလို့ပါ၊ မမထွေး ရိပ်မိသွားရင် ပြဿနာအကြီးအကျယ် တက်သွားလိမ့်မယ်''

''အဲ့လိုဆို မမေ မရိပ်မိအောင် ဒေါ်ကြီးပါ ဒီနားမှာ





နေပေးလေ၊ နေတို့နှစ်ယောက်က ခုမှတွေ့ရတာ၊ ဒေါ်ကြီးရယ် စကားလေး,အာလေး ပြောပါရစေဦးနော် ဒေါ်ကြီး''

နေသည် မောင့်နားမှ မခွာချင်သေးတာကြောင့် ဒေါ်ကြီးကို ချွဲပြီး အနားမှာနေပေးရန် ခေါ်ထားမိသည်။

''နော် . . . ဒေါ်ကြီး''

''ကဲ . . . ခက်တာပဲ သမီးရည်းစားချိန်တွေ့တာ ဒေါ်ကြီးက ကန့်လန့်,ကန့်လန့် ပါရပြန်ပြီ''

ဒေါ်ကြီးသည် စူပွပွပြောသော်ငြား နေ့အလိုကို လိုက်မြဲပင်။ မောင်က အပင်တွေ အားဆေးကျွေးလျှင် နေနှင့်ဒေါ်ကြီးက မလှမ်းမကမ်းမှနေ စကားတွေ ပြောနေခဲ့သည်။

နေနှင့်မောင်သည် ခုလိုပုံစံလေး တစ်ယောက်ကိုတစ်ယောက် မြင်တွေ့ခွင့်ရလျှင် ကျေနပ်နေကြပြီ။

သို့သော် ပညာတတ်ဩဇီးပြန် အမ်ဒီတစ်ယောက်ဖြစ်သော မောင်က ပန်းပင်တွေ အားဆေးကျွေးနေရသော မြင်ကွင်းကတော့ နေ့စိတ်ထဲ မကောင်းနိုင်။

နေနှင့်မောင် မလှမ်းမကမ်းကလေးနေကာ စကားတွေ ပြောနေမိဆဲ။ မေမေရဲ့ မာစီးဒီးကားကြီး ပြန်ရောက်လာခဲ့သည်။

''နေကလေး . . . ဟန်မပျက်နေနော်၊ ခဏနေရင် အိမ်ထဲပြန်ဝင်တော့၊ ဒေါ်ကြီး သွားကြိုလိုက်ဦးမယ် သိလား''

ဒေါ်ကြီးသည် သုတ်သီးသုတ်ပျာပင် မေမေ့ကို ပြေးကြိုလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေနှင့်မေမေသည် တစ်မိုးထဲအောက်တွင်နေလျက် မျက်နှာချင်းမဆိုင်မိကြသည်မှာ ကြာပြီ။

သို့သော် ကားပေါ်မှနေ မေမေ နေ့ကို တစေ့တစောင်း အကဲခတ်သွားတာ နေကလည်း မျက်ဝန်းထောင့်မှ ပြန်မြင်လိုက်ပါသည်။

နေသည် ဒေါ်ယဥ်ကိုတွေ့တာနှင့် မေမေ နေ့အကြောင်း မေးလေ, ပြောလေတော့မှာ စိတ်ထဲက သိနေပြန်သည်။

နေထင်သည့်အတိုင်းပင် ဒေါ်သီရိဘုန်းထွဋ်သည် ကားပေါ်မှဆင်းလိုက်သည်နှင့် ...

"မယဥ် ... နေနေတစ်ယောက်, ခြံထဲတွေ,ဘာတွေ ဆင်းလို့ပါလား"

"ဟုတ်တယ် မမထွဋ်၊ စိတ်အပြောင်းအလဲလေးဖြစ်အောင် ကျွန်မ ခြံထဲခေါ်ပြီး စကားပြောနေတာ"

"အင်း ... အင်း ကောင်းတယ်၊ ခုနက မြင်လိုက်ပါတယ်၊ ရယ်ရယ်မောမောနဲ့"

"ရယ်ဆို ... ခုရောက်နေတဲ့ ကောင်မလေးက ရယ်စရာတွေ ပြောတတ်တယ်လေ၊ မိတ္တူးလိုမဟုတ်ဘူး၊ အဲ့ဒါ ကောင်မလေးပြောသမျှ နေနေက ထိုင်ရယ်နေတာပဲ"

"ဟုတ်လား၊ ဒါဆို အဲ့ဒီကလေးမကို အိမ်မှာမြဲအောင် ခေါ်ထားရမလို ဖြစ်နေပြီ၊ ဒါနဲ့ ကောင်မလေးက အလုပ်,လုပ်တာရော လက်ကြောတင်းရဲ့လား"





"လုပ်ရှာသား မမရဲ့၊ တစ်ခါမှ မလုပ်ဖူးတော့ သိပ်တော့ မလုပ်တတ်သေးဘူးပေါ့လေ"

"မယဥ်က နည်းနည်းပါးပါး ကြည့်ပြောပေးပေါ့၊ ဘာပဲဖြစ်ဖြစ် နေနေတစ်ယောက် တမှိုင်မှိုင်တတွေတွေဖြစ်မနေတော့တာပဲ ကျွန်မက ကျေနပ်ပါပြီ၊ တဖြည်းဖြည်းချင်းတော့ ကျွန်မနိုင်းတာလုပ်အောင် သိမ်းသွင်းရမှာပဲ"

ဒေါ်သီရိဘုန်းထွဋ် နေနေရှိရာဆီ တစ်ချက်ကြည့်လျက် အိမ်ထဲဝင်သွားတော့မှ ဒေါ်ယဥ်မှာ သက်ပြင်းလည်း ဟင်းခနဲချမိကာ ပြင်းထန်လှသော မိမိစိတ်ဆန္ဒကို မလျှော့သေးသော ဒေါ်သီရိဘုန်းထွဋ်ကိုကြည့်ပြီး စိတ်ထဲ လေးလံသွားမိသည်။

သည်မျှ စိတ်အစွဲအလမ်းကြီးကာ ပြင်းထန်လှသော မိန်းမတစ်ယောက်ကို လက်တစ်လုံးခြား လှည့်စားနေမိသည်။ ကိုယ့်ရဲ့လုပ်ရပ်အတွက်လည်း ဒေါ်ယဥ် နောက်ကျောမလုံ ဖြစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

**သခ်ယာ**သည် မနက်မိုးလင်းကတည်းက ခြံထဲမှနေ ချစ်သူလေးရဲ့အရိပ်ကို တွေ့မြင်ရနိုး မျှော်နေမိသည်။

တစ်မနက်ခင်းသာ ကုန်ဆုံးတော့မည် . . . ခုထိ နေကလေးနှင့် မတွေ့ရသေး။

ဒေါ်သီရိဘုန်းထွဋ် အပြင်မထွက်သေးသည်မို့ နေကလေး ခြံထဲဆင်းမလာသေးတာ ထင်ပါရဲ့။

ချစ်သူကို တွေ့မြင်ရနိုးဖြင့် သူ အိမ်နားသို့ မသိမသာ ကပ်လာခဲ့မိသည်။

တိုက်ရှေ့အဝင်ဝမှာ မုန်တံခါးကြီးအနီးတွင် ပန်းအိုးကြီး များ ရှိသည်မဟုတ်ပါလား။

ထိုဂမုန်းပန်းအိုးကြီးများနား မယောင်မလည်လုပ်ကာ အရော်ရွက်တွေကို အလုပ်မရှိ အလုပ်ရှာလျက် ဖယ်ရင်း အိမ်ထဲ

သက်ပိုင်ရဲ့စာပေ



တစေ့တစောင်းကြည့်မိဆဲ။

'ဖင်း ဒေါင်'

'ဒင်း ဒေါင်'

အိမ်ကြီးထဲမှ သံစုံနာရီများ တစ်ပြိုင်နက်တည်း ကျယ်လောင်စွာ မြည်လာခဲ့သဖြင့် သူ လန့်သွားခဲ့ရသည်။

ဆယ့်တစ်နာရီပင် ထိုးပြီ။

သူ ပန်းအိုးကြီးများနှင့်ကွယ်ကာ အိမ်ထဲကြည့်နေမိဆဲ မှာပင် မြင်လိုက်ရသောမြင်ကွင်းတစ်ခုကြောင့် အရမ်းကို အံ့အားသင့်ကာ ကြက်သေ,သေ သွားခဲ့ရသည်။

သူမြင်လိုက်ရသော မြင်ကွင်းမှာ . . .

ဆင်စွယ်ရောင် ပိုးချိတ်ကနုတ် သတို့သမီးဝတ်စုံကို ဝတ်ဆင်လျက် အပေါ်ထပ်မှ တစ်လှမ်းချင်း ဆင်းလာနေသော အမျိုးသမီးတစ်ယောက်။

မျက်နှာပေါ်၌ သာမန်နှင့်မတူဘဲ နာကျင်ရိပ်များ၊ နာကြည်းရိပ်များ၊ အမုန်းများ၊ မျက်ရည်များ ဖြတ်သန်းစွန်းကျံလျက် ကြောက်မက်ဖွယ်ရာ ပြင်းရှလောင်ကျွမ်းနေသော အမျိုးသမီးတစ် ယောက်။

ဘုရားရေ . . . အဲ့ဒါ ဒေါ်သီရိဘုန်းထွဋ်ပါလား။

သခ်ယာရင်ထဲ သံသယများစွာနှင့် အတွေးတွေ အများကြီး ဝင်ရောက်သွားခဲ့ရသည်။

ဒီအိမ်ကြီးရဲ့လျှို့ဝှက်သော ထူးဆန်းမှုတစ်ခုကို သိမြင်

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရပြီမို့ နေနှင့်တွေ့မှ မေးကြည့်ရမည်ဟု စိတ်ကူးလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ...

ဒီအကြောင်းကို သူ စိတ်ဝင်စားခဲ့မိပြီဖြစ်သည်။

❁

သင်္ချာမှာ တစ်သက်နှင့်တစ်ကိုယ် ခုလို အလုပ်ကြမ်းများ မလုပ်ဖူးခဲ့ရသည်မို့ ပေါင်းပင်များ ရှင်းရသောအခါ နူးညံ့သောလက်များမှာ ပေါက်ပြဲဖူးရောင်၍နေခဲ့သည်။

နေသည် မေမေ့အလစ်တွင် ချစ်သူနှင့် စကားပြောရန် ခြံထဲဆင်းလာသောအခါ မောင့်လက်ဖဝါးများကိုမြင်လိုက်ရလျှင် ရင်တစ်ခုလုံး ဆို့နင့်သွားခဲ့ရသည်။

"အံမယ်လေး ... မောင်ရယ် လက်တွေ ရောင်ကိုင်းပြီး ပေါက်ပြဲလို့ပါလား ... ဟင်"

နေသည် မောင့်လက်များကိုကြည့်ကာ စိတ်မကောင်းစွာ ပြောမိသည်။

မောင်ကတော့ တဟက်ဟက်ပင် ရယ်၍နေသေးကာ–

"ယောကျ်ားမပီသဘူး ပြောရင်လည်း ခံရတော့မှာပဲ နေကလေးရာ၊ ကွန်ပျူတာခလုတ်တွေပဲ မောင်က နှိပ်တတ်တာ ဆိုတော့ ..."





"အို ... မောင်ရယ် နေ မကြည့်ရက်လိုက်တာ၊ မောင် နေ့ကြောင့် ဒီလိုတွေ ဖြစ်ရတာ၊ ကြည့်စမ်း ... လက်တစ်ခုလုံး ရောင်ကိုင်းနေတာပဲ"

နေသည် တကယ်မကြည့်ရက်ပြီ။

မောင့်မှာ ချစ်သူကိုတွေ့ခွင့်ရဖို့၊ ချစ်သူနှင့်နီးနီးနေခွင့် ရဖို့ ဒီလောက်တောင် အပင်ပန်းအဆင်းရဲခံရရှာတာ နေ တကယ်မကြည့်ရက်။

"နေကြောင့် မဟုတ်ပါဘူးကွာ၊ ဒါတွေက မပြောပြ လောက်ပါဘူး နေကလေးရာ၊ နေနဲ့ဝေးရတဲ့ စိတ်ဆင်းရဲမှုဒဏ် ကိုသာ မောင် မခံနိုင်တာ၊ ကိုယ် ပင်ပန်းတဲ့ဒဏ်ကို မောင်ခံနိုင် ပါတယ်"

အို ...

မောင့်စကားကြောင့် နေ့ရင်ထဲ မောလျှဆွေးရီသွားခဲ့ရ သည်။

နေဟာ ... ဘယ်လောက် ကံကောင်းလိုက်သလဲကွယ်။

ကိုယ့်ကို တကယ်စစ်မှန်စွာ စွန့်လွှတ်ချစ်မြတ်နိုးသော ချစ်သူကို ရရှိခဲ့သည်။

"လက်တွေပေါက်တာထက် ဆိုးတာက ယောကျ်ားစင်စစ်ကနေ မိန်းမပုံပြောင်းရတဲ့ဘဝပဲ၊ ဒေါ်ကြီးက သနပ်ခါးထူထူ လိမ်းဆိုလို့ မောင့်မှာလိမ်းရတာ မျက်နှာကြီးတစ်ခုလုံး အမ်းထုံ ထုံကြီး ...၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . အိုင်းရှဲဒိုးတွေ, လိုင်နာတွေ ဆွဲရတာက လည်း မျက်လုံးထဲ ဝင်လိုဝင်နဲ့၊ ဆံပင်တုကြီး အုပ်ထားရသေး တော့ ယားကျိကျိ အိုက်စပ်စပ်နဲ့ တစ်နေ့တစ်နေ့ အဲ့ဒီဒုက္ခကမှ တကယ်မသေးတာ။

ဟုတ်ပါရဲ့ . . .။

ယောက်ျားတန်မဲ့နဲ့ ဒီလိုကြီး ဝတ်ရစားရပြီး မေမေ့ရှေ့မှာ မရိပ်မိရအောင် ကန့်ကလျနေရတာ မောင် ဘယ်လောက်များ စိတ်ကျဉ်းကျပ်ရှာလေမလဲ။

နေသည် လက်တွေလည်း ရောင်ကိုင်းပေါက်ပြဲ၊ မျက်နှာမှာလည်း ထူပိန်းသော သနပ်ခါးတွေဆီမှ ချွေးစီးကြောင်းတွေ ကျနေသော မောင့်ကိုကြည့်ပြီး သနားစာနာစွာ သက်ပြင်းရှိုက်မိလျက် . . .

"ခဏနေဦးနော် မောင်၊ နေ မောင့်လက်ကို လိမ်းပေးဖို့ ဆေးသွားယူလိုက်ဦးမယ်၊ ဒီမှာ ခဏစောင့်နေဦးနော်"

နေသည် အိမ်ထဲ အမြန်ပြေးဝင်ကာ ဆေးယူပြီး မောင့်လက်ဖဝါးတွေကို လက်ညှိုးထိပ်လေးနှင့် မထိရက်,ထိရက် ဖွဖွကလေး လိမ်းပေးမိသည်။

သခ်ယာသည် နေ ဆေးလိမ်းပေးနေတာကို ခံယူရင်း မနက်,မနက်ဆို တွေ့မြင်ရသော စိတ်ဝင်စားစရာ ထူးဆန်းလှသည့် မြင်ကွင်းတစ်ခုအကြောင်း မေးကြည့်ရန် သတိရလိုက်မိသည်။





"နေ . . . မနက်ဆို ဆယ့်တစ်နာရီထိုးရင် အန်တီထွေး့ကို အပေါ်ထပ်ကနေ သတို့သမီးဝတ်စုံနဲ့ ဆင်း,ဆင်းလာတာ တွေ့ရတယ်၊ အဲ့ဒီအခါကျရင် အန်တီထွေး့မျက်နှာက တစ်မျိုးကြီးပဲနော်၊ ကြောက်စရာကောင်းနေတယ်၊ မောင် သတိထားမိတာ သုံး,လေးရက်ရှိပြီ၊ အဲ့ဒါ ဘာကြောင့်လဲ မောင်သိချင်တယ်၊ နေ့ချစ်သူတစ်ယောက်အနေနဲ့ ဒီကိစ္စကို မောင် သိထားသင့်တယ်လို့ ထင်တယ်"

မောင်က နေတို့အိမ်ရဲ့ ထူးခြားချက်ကို မေးလေပြီ။ နေသည် မေမေ့ရဲ့လျှို့ဝှက်ချက်တစ်ခုဖြစ်သော အစွဲအလမ်းကြီးလန်းသော ဝေဒနာကို မောင် သိသွားခဲ့လေသောအခါ အခက်ကြုံသွားရသည်။

ဒါဟာ နေတို့အိမ်သားတွေကလွဲပြီး ဘယ်သူမှမသိသော လျှို့ဝှက်ချက်ဖြစ်သည်။

သို့သော် နေ့ချစ်သူတစ်ယောက်နှင့် သိထားသင့်သည်ဆိုသော မောင့်စကားကြောင့် နေက နောက်ဆုံးမှာ ထိုလျှို့ဝှက်ချက်ကို မောင့်အား ယုံကြည်ကိုးစားစွာ ပြောပြရန် ဆုံးဖြတ်လိုက်မိသည်။

"အင်း . . . မောင့်အနေနဲ့ သိထားသင့်တယ်ဆိုတော့လည်း နေ ပြောပြပါ့မယ်လေ၊ တကယ်တော့ မေမေ့ဘဝက အရမ်းကို သနားစရာကောင်းပါတယ် မောင်ရယ်"

နေက စကားစ,လိုက်လျှင် မောင်သည် နေ့စကားကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစွာ နားစိုက်ထောင်နေခဲ့သည်။

မေမေ့ဘဝက တကယ်ပဲ သနားစရာကောင်းခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

"မေမေကလေ အဲ့ဒီလို မနက်ကိုးနာရီထိုးတိုင်း သတို့သမီးဝတ်စုံဝတ်ပြီး ဝေဒနာခံစားလာတာ အနှစ်နှစ်ဆယ် ရှိပြီ"

"ဟင် ... အနှစ်နှစ်ဆယ်တောင် ရှိပြီ ... ဟုတ်လား"

မောင်က တအံ့တဩ သံယောင်လိုက် ရေရွတ်ပါသည်။

"ဟုတ်တယ် မောင်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက မေမေဟာ ကိုးနာရီကနေ ဆယ့်တစ်နာရီထိ နှစ်နာရီတိတိ သတို့သမီးဝတ်စုံဝတ်ပြီး သူ့ချစ်သူကို စောင့်နေခဲ့တာလေ ...၊

ဒါပေမဲ့ သစ္စာမရှိ၊ ကတိမတည်တဲ့ မေမေ့ချစ်သူဟာ အဲဒီနေ့က ရောက်မလာခဲ့ဘူး၊ တရားသူကြီးနဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ စီစဉ်ထားတဲ့ မင်္ဂလာလက်မှတ်ထိုးပွဲဟာ ပျက်ခဲ့ရတယ် ...၊

မေမေလည်း အရူးတစ်ပိုင်းဖြစ်ပြီး အဲ့ဒီနေ့က မူးမေ့လဲကျသွားရတဲ့အထိ ခံစားခဲ့ရတယ်တဲ့လေ"

"ဩြော်"

နေ့စကားကို စိတ်ဝင်တစား နားထောင်နေသည့် မောင့်မျက်နှာပြင်ပေါ်၌ မေမေ့အတွက် သနားကရုဏာသက်သော အရိပ်များ ထင်ဟပ်လာခဲ့လေသည်။





နေက သက်ပြင်းရှိုက်ကာ ...

"အဲ့ဒီနေ့ကစပြီး မေမေ့ချစ်သူရဲ့သတင်းကိုလည်း ဘာမှစုံစမ်းလို့ မရတော့ဘူးတဲ့၊ ခြေရာပျောက်သွားခဲ့တာ ဒီနေ့အထိပဲ ဆိုပါတော့ ...၊

ချစ်သူကို အရမ်းချစ်တဲ့ မေမေဟာ ခုလို ရက်ရက်စက်စက် စွန့်ပစ်ခဲ့တာ ခံလိုက်ရတော့ ယောကျ်ားတွေအားလုံးကို သိမ်းကျုံးပြီး မုန်းတီးသွားတော့တာပေါ့ ...၊

အဲ့ဒီအမုန်းစိတ်ဟာ ပြင်းထန်လွန်းတော့ မေမေဟာ အစွဲအလမ်းကြီးလွန်းတဲ့ ဝေဒနာတစ်ရပ် ရသွားခဲ့တာပဲ"

"ကြားရတာ သနားစရာကောင်းလိုက်တာ နေရယ်"

စိတ်မကောင်းသောအသံဖြင့် မောင် လိုက်လှဲ့စွာ ပြောပါသည်။

"မေမေဟာ ... အဲ့ဒါကြောင့် နေ့ကို ယောကျ်ားတွေကို မုန်းစိတ်ဝင်အောင် သွင်းပေးခဲ့တယ်၊ ယောကျ်ားတွေကို အသည်းခွဲဖို့ စေခိုင်းခဲ့တယ်၊ မေမေ့ရဲ့ကလဲ့စားချေတဲ့ထောင်ချောက်ထဲမှာ နေဟာ တည်ကြက်ဖြစ်ခဲ့ရတယ်"

"အန်တီထွေးဟာ သနားစရာကောင်းပါတယ်၊ ဒါပေမဲ့ နေ့ကို အဲ့လို ခိုင်းတာကတော့ အန်တီထွေး မတရားဘူး"

မောင်က နေ့အတွက် မခံမရပ်နိုင်သလို ပြောပြန်သည်။

"ဒါပေမဲ့ မောင်ရယ် မေမေ ပြောပြဖူးလို့ နေ သိခွင့်ရခဲ့တဲ့ မေမေ့အချစ်ရေးဟာ သိပ်ရင်မောစရာကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေ ရင်မောစွာ သက်ပြင်းရှိုက်မိပြန်သည်။

တကယ်တော့ မေမေဟာ အချစ်ရေးမှာ ကံမကောင်းခဲ့သူသာ ဖြစ်ပါသည်။



သတိုးဓေယျ နှင့် သီရိဘုန်းထွဋ်

---

"ပွင့်ခဲ့သော ဘဝနှစ်နှစ်ဆယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

**အဲ** ဒီတုန်းက ...

ထွဋ်သည် မိန်းမလှကျွန်း ...ဟု နာမည်ကြီးသော စီးပွားရေးတက္ကသိုလ်တွင် အလှဘုရင်မဟု သတ်မှတ်ခြင်းခံခဲ့ရသူဖြစ်သည်။

မျိုးရိုးဂုဏ်မြင့်သော မိဘများ၏တစ်ဦးတည်းသောသမီး။

ညို့ဓာတ်အပြည့်၊ ဆွဲဆောင်မှုရှိသောရုပ်ရည်နှင့် ပညာရေးတွင်လည်း ထူးချွန်ထက်မြက်လှသော ထွဋ်သည် မာနတရားကို ကိုးကွယ်သူဖြစ်ပါသည်။

နည်းမျိုးစုံနှင့် ချဉ်းကပ်လာခဲ့သော ယောကျ်ားလေးများစွာကို ထွဋ် တစ်ယောက်မှ အထင်မကြီးခဲ့ပါ။

ထွဋ်ရဲ့အခန်းရှေ့မှာဆို ကော်ရစ်ဒါနှင့်အပြည့်။ ထွဋ်ကို လာစောင့်ကြည့်ကြသော မေဂျာပေါင်းစုံမှ ယောကျ်ားလေးများ





မှာ ဒုနှင့်ဒေး ဖြစ်သည်။

ထွဋ်မို့ ကလပ်စ်ပြီး၍ အခန်းထဲမှ ထွက်လာပြီဆို ...

"ထွဋ် ... ထွဋ် ... ကျွန်တော့်စာလေး ဖတ်ကြည့်ပေးပါနော်"

ရှေ့မှာပိတ်ရပ်ကာ စာအတင်းထိုးပေးနေသောလူကို ထွဋ် စူးရှသောမျက်လုံးများဖြင့် ခပ်တည်တည်စိုက်ကြည့်ပြီး တစ်ခွန်းတည်း ပြောလိုက်သည်။

"ကျွန်မ စာယူပြီးရင် ရှင် ဖယ်ပေးမှာလား"

သြဇာရှိပ်နှင့် စွမ်းအင်တစ်မျိုးပါသော ထွဋ် မျက်လုံးများရဲ့ စူးရှသောအကြေည့်ကြောင့် ထိုလူ ချက်ချင်းပင် ပျာပျာသလဲဖြင့် ...

"ဟုတ် ...ဟုတ်ကဲ့ ဖယ်ပေးပါ့မယ်"

ထွဋ် ထိုလူ့လက်ထဲမှ စာကို ဖျတ်ခနဲဆွဲယူလိုက်သည်။

ပြီးတော့ ခပ်တည်တည်စိုက်ကြည့်လိုက်လျှင် ထိုလူကတိအတိုင်းပင် ချက်ချင်းဘေးဖယ်ပေးသည်။

မျက်နှာမှာလည်း မာစီဒီးစ်ကားတစ်စီး ကံစမ်းမဲပေါက်သည့် မျက်နှာမျိုးဖြင့် ဝင်းလက်တောက်ပလို့သွားသည်။

ပြီးတော့ ကော်ရစ်ဒါမှာရှိသမျှ ယောကျ်ားထုထဲမှာ သူ့ကိုယ်သူ ကံအကောင်းဆုံးလူအဖြစ် မြှောက်ကြွမြှောက်ကြွ ဖြစ်နေတော့သည်။

ထွဋ် အပေါ်နှုတ်ခမ်းလေး တွန့်ကွေးရုံ မဲ့ပြုံးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလျက် စာကို လက်ညှိုး လက်ခလယ်နှစ်ချောင်းတည်းနှင့် ညှပ်ကိုင်ကာ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။

ကော်ရစ်ဒါမှာ ရှိသမျှ လူအားလုံးမှာ စာကို လက်ချောင်း နှစ်ချောင်းတည်းနှင့် ညှပ်ကိုင်သွားသော ထွန်းအပြုအမူကို အံ့အား သင့်လျက် လိုက်ကြည့်နေကြဆဲ။

အမှိုက်ပုံးနားရောက်လျှင် ထွန်းသည် စာပေးသောနေကို အသေအချာခြေစုံရပ်လှည့်ကြည့်လျက် စာကို လက်ချောင်းလေး နှစ်ချောင်းကြားမှနေ ရှောခနဲပစ်ချကာ ထည့်လိုက်တော့သည်။

''ဟာ''ခနဲ အသံတွေ တစ်ပြိုင်နက်တည်း ထွက်လာခဲ့ လျှင် ထွန်းသည် ထုံးစံအတိုင်း မာနမျက်နှာကို မော့ချီလျက် ကင်န်တင်းဆီ ဆက်လျှောက်လာခဲ့သည်။

ထွန်းနောက် ဘယ်သူမှ မလိုက်ရဲတော့။

ဘယ်သူမှလည်း ရှေ့မှ ပိတ်ရပ်ပြီး စာမပေးရဲတော့။

အဲဒါ သီရိဘုန်းထွန်းပဲ ဖြစ်ပါသည်။

''ထမင်းပေါင်းတစ်ပွဲ၊ သံပုရာရည်တစ်ခွက်''

ထွန်းသည် ကင်န်တင်းရောက်လျှင် ထောင့်ကျသော စားပွဲကို ရွေးထိုင်လျက် စားချင်တာကို မှာလိုက်သည်။

ထွန်းနောက်မှာလည်း တစ်ယောက်တည်းထိုင်နေသော လူတစ်ယောက်ကို မြင်လိုက်ရသည်။

စတိုင်လ်ပင်န်နှင့် အစင်းစိပ်စိပ် ရှပ်အင်္ကျီလက်ရှည်ကို သပ်ရပ်စွာ ဝတ်ထားသော ရှင်းသန့်နေသည့်ပုံစံကြောင့် တစ်ချက်





မျှ ကြည့်လိုက်မိသော်လည်း နောက်ကျောခိုင်းထားသည့် အနေ အထားနှင့်မို့ မျက်နှာကိုတော့ မမြင်ရပါ။

ပြီးတော့ သီရိဘုန်းထွန်းအတွက် ယောကျ်ားလေးတစ် ယောက်ဟာ ကြည့်လောက်စရာ မဟုတ်ဘူးလေ။

ထွန်း မှာလိုက်ပြီး သိပ်မကြာခင်မှာပဲ စားစရာများ ရောက်လာခဲ့လျှင် ထွန်းသည် မြန်ဆန်လှစွာ ရောက်လာသော အဖြစ်အတွက် ဒီနေ့အဖို့ တယ်ကံကောင်းနေပါလား တွေးမိကာ ဆာဆာနှင့် မြိန်ရေယှက်ရေ စားနေမိတော့သည်။

ထွန်း တစ်ဝက်ခန့်စားပြီးချိန်လောက်တွင် ...

''ညီလေး ... အစ်ကိုမှာထားတဲ့ ထမင်းပေါင်းနဲ့ သံပု ရာရည် မရသေးဘူးလားဟင်''

နောက်စားပွဲဆီမှ စားပွဲထိုးကောင်ကလေးထံ လှမ်းမေး သံကြားလိုက်ရလျှင် ထွန်းသည် စားလက်စ ထမင်းပင် နင်သွား ရကာ သံပုရာရည်ကို အမြန်သောက်လိုက်မိသည်။

''ဟာ ... ဆောရီး အစ်ကို၊ ကျွန်တော် ဒီအစ်မကို မှားပေးလိုက်မိပြီ''

ဘုရားရေ ... ထင်တော့ထင်သား။

ဒီလောက်မြန်ဆန်စွာ ရောက်လာတတ်တာ ထုံးစံမရှိခဲ့။

ဒါပေမဲ့ မှာတာနှစ်မျိုးစလုံး တိုက်ဆိုင်တာကျတော့ အံ့သြစရာကောင်းလှသည်။

ဘာပဲဖြစ်ဖြစ် ထွန်း ဆက်စားရမှာ မျိုမကျတော့။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကို သိရဲ့နဲ့ လူလည်ကျပြီး မသိချင်ယောင်ဆောင်ကာ စားပစ်သည်ဟုလည်း အထင်မခံချင်။

"ဒီမှာ ကျွန်မ တမင်စားလိုက်တာ မဟုတ်ဘူးနော်၊ ရှင်မှာတာလည်း ကျွန်မ မကြားလိုက်ဘူး၊ ကျွန်မက နောက်မှ ရောက်တာ၊ ကောင်လေး လာချပေးလို့ စားလိုက်တာ"

ထွန်းက စားလက်စကိုရပ်တန့်ကာ ချက်ချင်း နောက်လှည့်ပြီး ဖြေရှင်းလိုက်ပါသည်။

ထွန်းမှာ မဟုတ်လျှင် အထင်မှားမခံချင်သော မာနစိတ်ရှိပါသည်။

"ခင်ဗျာ ... ဩော် ရပါတယ် ... စားပါ စားပါ၊ ကျွန်တော်က ထွန်း စားရလို့ မနာလိုပြီး ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် မှာထားတာမရသေးလို့ မေးကြည့်မိတာပါ"

နူးညံ့သိမ်မွေ့လှသော ပြန်ပြောပုံကြောင့် ကဲကဲဆတ်ဆတ် ဖြေရှင်းလိုက်မိသောထွန်းသည် ကြောင်အသွားခဲ့ရသည်။

နူးညံ့လှသောလေသံနှင့် လိုက်ဖက်ညီအောင်ပင် သူ့မျက်နှာမှာ သူ့မတူအောင် အေးချမ်းဖြူစင်လှတာ ထွန်း ခံစားလိုက်မိသည်။

ထွန်းသည် ကဲကဲဆတ်ဆတ်ပြောလိုက်မိတာကိုပင် အားနာသွားရလျက် ...

"ဟို ... ကျွန်မလည်း စားလက်စဖြစ်နေလို့"

"ဩော် ... ဆက်စားပါ၊ ကျွန်တော် ယူမစားပါဘူး"





သူက ရယ်ဟာဟာနှင့်ပြောလျှင် ထွန်းသည်လည်း ရယ်ချင်သွားရတော့သည်။

"အဲ ... မစားရသေးရင်တော့ ကျွန်မ ပြန်ပေးပါ့တယ်၊ ခုဟာက စားလက်စဖြစ်နေလို့ ... လို့ ပြောမလို့ပါ"

"အဟင်း ... ကျွန်တော်က နောက်တာပါ၊ ကျွန်တော်နဲ့ထွန်းက မှာတာချင်းကလည်း နှစ်မျိုးလုံး တူနေတာကိုး၊ တိုက်တိုက်ဆိုင်ဆိုင်ပဲနော်"

ထွန်းသည် အလိုက်သင့် ရယ်မောလိုက်မိရင်း စကားပြောလျှင် လူလည်ကျစွာ ထွန်း ... ထွန်းနှင့် ရင်းနှီးသူတွေလို သူ အဖျားဆွတ်ခေါ်လိုက်တာကို သတိပြုလိုက်မိသည်။

တကယ်တော့ ထွန်း သူ့ကို ခုမှ မြင်ဖူးတာဖြစ်သည်။

သူ့နာမည်ကိုတောင် ထွန်း မသိ။

ဒါပေမဲ့ ... အေးဆေး ဖြူစင်လှသော မျက်နှာနှင့် ရှင်းသန့်လှသော သူ့စတိုင်လ်ကို ထွန်းက သတိပြုမိခဲ့ပြီ။

ထွန်းအဖို့ သူစိမ်းယောကျ်ားတစ်ယောက်နှင့် ပြုံးရယ်ပြီး စကားပြောဖူးတာ ဒါဟာ ပထမဆုံးပဲ ဖြစ်သည်။

ပြီးတော့ ...

ဆန်းကြယ်လှစွာပင် ထွန်းသည် သူ့နာမည်ကို စိတ်ထဲမှ တိတ်တဆိတ် သိချင်နေခဲ့မိသည်။ ဘာကြောင့်ပါလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ထွင်း နောက်တစ်ကြိမ် ပြန်ဆုံတွေ့ကြတာ ထွင်းတို့မေဂျာရဲ့ ပျော်ပွဲစားခရီးစဉ်မှာ ဖြစ်သည်။

အဲ့ဒီပွဲမှာ သူနှင့်ထွင်း ပိုပြီး ရင်းနှီးမှု ရခဲ့တာဖြစ်သည်။

ပြီးတော့ ထွင်းဘဝရဲ့တစ်ဆစ်ချိုး ဖြစ်ခဲ့ပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ...

တစ်သက်တာလုံး ငြိမ်သက်နေခဲ့သော ထွင်းရဲ့နှလုံးသားဟာ အဲ့ဒီနေ့မှာ သူ့ကြောင့် စတင်လှုပ်ရှားတတ်ခဲ့ရတာ ဖြစ်သည်။

ထွင်းတို့ ပါဆယ်ဂိမ်းကစားကြသောအခါ ဟာသသရုပ်ဆောင်များ အိုက်တင်လုပ်ပြရပုံ၊ တစ်ယောက်တည်း ရန်တွေ့ပြရပုံ၊ တစ်ယောက်တစ်မျိုးစီ ရယ်စရာကောင်းနေခဲ့ကာ တဝါးဝါး တဟားဟား ဖြစ်နေခဲ့ရသည်။

မကြာခင်မှာပင် ဂစ်တာသံရပ်သွားခဲ့သောအခါ ပါဆယ်ထုပ်က သူ့လက်တွင်းရောက်နေခဲ့တာ ဖြစ်သည်။

"သတိုးဖေယျပော့ ... သတိုးဖေယျ"

သတိုးဖေယျ ...။

ထွင်းသည် ခုမှပင် သူ့နာမည်ကို သိခွင့်ရတာ စိတ်ထဲမှ သံယောင်လိုက်ရေရွတ်မိသည်။

ဒီနေ့ သူဝတ်လာခဲ့သောဝတ်စုံက စကိုင်းဘလူးဂျင်း





အဖျော့နှင့် တီရှပ်ဖြူဆွတ်ဆွတ်ကလေးမို့ အေးဆေးသောသူ့မျက်နှာသွင်ပြင်နှင့်လိုက်ဖက်ကာ ပို၍နူးညံ့နေပြီး လူငယ်လည်း ဆန်နေပါသည်။

"သတိုးဖေယျ ... ထ,ပါ"

"နှိုက် နှိုက် ...မဲ အမြန်နှိုက်"

"ဒီမှာ ဘာလဲ အရမ်းသိချင်နေပြီ"

သူ့အလှည့်တွင် တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြသံတွေ ဆူညံသွားသည်။

အထူးသဖြင့် မိန်းကလေးတွေက ပိုဆိုးနေရာ ထွင်းသည် သူဟာလည်း ကျော်ကြားသူ တစ်ယောက်ပါလား ... လို့ သိခွင့်ရခဲ့သည်။

တကယ်တော့ အများက ဝိုင်းအော်သလိုပင် ထွင်းလည်း သူ့မဲလိပ်ကို သိချင်နေခဲ့ပါသည်။

သူက မဲလိပ်ကို တဖြည်းဖြည်းချင်း ဖြေဖွင့်သောအခါ ထွင်းသည် ခပ်ဖွဖွ ရင်ခုန်နေခဲ့သည်။

"သင် ... တစ်ဖက်သတ်ချစ်နေသူကို အများရှေ့တွင် ချစ်ရေးဆိုပြပါ ... တဲ့"

သူက ရှက်ရိပ်သန်းစွာ တိုးညင်းသောအသံဖြင့် မဲလိပ်ကို ဖတ်ပြသည်။

"ရေး"

"ဂူး"



www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်ကွာ"

အော်သံတွေ ဆူညံသွားပြန်သည်။

"အာ ... ကျွတ်စကီးပဲ၊ ရှက်စရာကြီး၊ ကျွန်တော် ရည်းစားစကား တစ်ခါမှ မပြောဖူးဘူး"

သူက မျက်နှာကြီး နီမြန်းကာ ဆက်ပြောသည်။

"အံမာ ... ကြော်ငြာဝင်တယ်ဟေ့"

"တစ်မှတ်ပေးမယ်"

မိန်းကလေးတွေက ဝိုင်းနောက်ကြပြန်သည်။

"ဟေ့ သတိုးဖေယျ ... ယူမပြောရဲရင် အိုင်ကာစပြီး ပြောမှာနော် ... ဘယ့်နှယ်လဲ"

ခပ်ကဲကဲဖြစ်သော ထရီဇာက ထ,အော်ပြန်လေလျှင် လက်ခုပ်သံတွေ ဆူသွားပြန်သည်။

ဗွီရှိတ် လည်ဟိုက် တီရှပ်အင်္ကျီနှင့် မီနီစကဒ်ဝတ်လာခဲ့သော ထရီဇာကို သူ လှည့်မကြည့်သည်မို့ ထွင့်စိတ်ထဲ နည်းနည်းသက်သာရာ ရ,သွားခဲ့သည်။

"ကဲ သတိုးဖေယျရေ ... အိုဗာတင်းတွေ ဖျော်မနေနဲ့ကွာ"

"ကြာတယ်ကွာ ... ပြောတော့"

"အိုကေ ... အိုကေ ပြောပါ့မယ် အဟမ်း"

သူက ရှက်ကိုးရှက်ကန်းနှင့် လည်ချောင်းရှင်းကာ လက်ဖဝါးချင်းပွတ်လျက် မိန်းကလေးတွေဘက် လျှောက်လာခဲ့သော





အခါ ထွင့်ရဲ့ရင်ခုန်သံတွေ မြန်လာခဲ့ရသည်။

သူ ... သူ ဘယ်သူ့ကိုပြောမှာလဲ ... ဟု ထွင့်သည် မျက်ဝန်းထောင့်မှ လိုက်ကြည့်ဆဲမှာပင် ...

သူ့ခြေလှမ်းတွေက သူ့ဆီ တည့်တည့်မတ်မတ် ဦးတည်လာခဲ့သည်။

ထွင့် ရင်ခုန်သံတွေ ပေါက်ကွဲထွက်တော့မတတ် ကျယ်လောင်ဆူညံသွားတော့သည်။

တကယ်ပဲ သူက ထွင့်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သောအခါ ...

"ဟေး ... အရမ်းမိုက်တယ်"

"ကင်းနဲ့ကွင်း ... ကွ"

"ပိုး ... လိုက်တယ်ဟေ့"

"မနာလိုဘူး"

သူက အော်ဟစ်လက်ခုပ်တီးသံတွေ ငြိမ်ကျသွားခဲ့သည်အထိ စောင့်ဆိုင်းနေခဲ့ပြီး ထွင့်ကို တိုးတိုးကလေး ချစ်ရေးဆိုပါသည်။

"ထွင့် ... ထွင့်ကို ကျွန်တော်ချစ်တယ်၊ အရမ်းကို ချစ်မိနေပြီ သိလား၊ ကျွန်တော့်ကို စဉ်းစားပေးပါနော်၊ ထွင့် အချစ်ကို ကျွန်တော် မျှော်လင့်မယ်နော်"

သူက အရိုးသားဆုံးစကားများဖြင့် ချစ်ရေးဆိုခဲ့လျှင် ထွင့်သည် ဂိမ်းဆိုတာကို မေ့လျက် ရှော့ခ်ရမတတ် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်နှ နှလုံးသားသည် ပူနွေးလှုပ်ရှား၍နေသည်။

ဒါဟာ ဂိမ်းတစ်ခု . . . ပါလို့ ထွင့်နှသည် ကိုယ့်ကိုယ်ကိုယ် မနည်းသတိပေးခဲ့ရလေသည်။

❁

ညနေစောင်းတော့မှ ထွင့်နှတို့ ဂိမ်းကစားခြင်းတွေ ပြီးဆုံးကာ ပြန်ဖို့ပြင်ကြသည်။

ထွင့်နှသည် သူနှင့် မျက်နှာချင်းမဆိုင်ရဲတော့ဘဲ ရှက်ရွံ့ပူနွေး၍နေခဲ့သည်။

သို့သော် ခွဲရတော့မှာကိုလည်း အချိန်တွေကို နှမြော၍နေမိသည်။

ထွင့်နှသည် သူ့ကို တစ်ချက်ခိုးကြည့်ပြီးလျှင် အိမ်ပြန်၍ကားဆီ လျှောက်သွားမိဆဲ . . .

"ထွင့်နှ . . . ထွင့်နှ"

အပြေးလိုက်လာကာ နောက်မှခေါ်နေသောသူကြောင့် ထွင့်နှသည် ဘာကြောင့်မှန်းမသိဘဲ ခြေစုံရပ်လျက် လှည့်ကြည့်လိုက်မိသည်။

"ထွင့်နှကို ကျွန်တော် ပြောစရာရှိလို့"

"ဘာပြောမလို့လဲဟင်"





သူက ထွင့်နှရှေ့မှာ နီးကပ်စွာရပ်လျက် ဆံပင်တွေထဲ လက်ချောင်းတွေထည့်ကာ ထိုးဖွနေသည်။

ထွင့်နှမေးလိုက်လျှင် ထွင့်နှမျက်နှာကို နူးညံ့သောမျက်ဝန်းများဖြင့် ရီဝေစွာကြည့်လျက် . . .

"ဟိုလေ . . . ပါဆယ်ဂိမ်းကစားတုန်းက ကျွန်တော်ပြောခဲ့တာ တကယ်ပါ"

"ရှင်"

ထွင့်နှ မျက်လုံးလေး ဝိုင်းစက်သွားခဲ့ရသည်။

"အဲ့ဒါ ကျွန်တော့်ရဲ့ခံစားချက်အမှန်ပါ၊ ကျွန်တော် . . ထွင့်နှကို တကယ်ချစ်နေခဲ့တာပါ"

"အို"

သူပြောပုံမှာ နှစ်ကိုယ်ကြားသာရုံ တိုးတိုးဖွဖွကလေး။

ဒါပေမဲ့ ထွင့်နှရင်ခုန်သံတွေကတော့ ကျယ်လောင်နေခဲ့ရပါသည်။

"ထွင့်နှ . . . ကျွန်တော့်ကို စဉ်းစားပေးပါနော်၊ ကျွန်တော် ထွင့်နှရဲ့အချစ်ကို မျှော်လင့်နေမယ်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို မငြင်းလိုက်ပါနဲ့နော်၊ ကျွန်တော် ထွင့်နှတစ်ယောက်တည်းကိုပဲ ချစ်ဖူးတာပါ၊ ထွင့်နှဟာ ကျွန်တော့်ရဲ့အချစ်ဦးပါ၊ ပြီးတော့ ကျွန်တော် ချစ်ရေးဆိုဖူးတာ ဒါ ပထမဆုံးအကြိမ်ပါပဲ"

ပထမဆုံးအကြိမ်ပါပဲ။

ထွင့်နှလည်း ပထမဆုံးအကြိမ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ထွဋ်ဘဝရဲ့နှလုံးသားစာမျက်နှာမှာ ပထမဆုံး အကြိမ် ရင်ခုန်ဖူးခြင်းပါ။

ပြီးတော့ ...

ထွဋ်သည် မိုက်မဲတယ်ပဲ ပြောချင်ပြောတော့ ... ထွဋ် ရဲ့အချစ်ကို ယုံကြည်နေမိတော့သည်။

အိုး ...

လောကကြီးတစ်ခုလုံးသည် ရင်ခုန်သံတေးသွားတို့ဖြင့် ငြိမ့်ညောင်း၍နေတော့သည်။

❁

သတိုးဇေယျ ... ဆိုသော ယောကျ်ားတစ်ယောက် သည် ထွဋ်တစ်သက်လုံးက ကိုးကွယ်လာခဲ့သော မာနဟူသမျှ တို့ကိုလည်း တိုက်ဖျက်နိုင်စွမ်းရှိခဲ့သူဖြစ်သည်။

မိုးရွာသောနေ့တစ်နေ့တွင် ...

ထီးမဆောင်တတ်သော ထွဋ်အဖို့ အိမ်ပြန်ရန် ကားဆီ သွားဖို့ မိုးအစဲကို ကော်ရစ်ဒါထောင့်ကလေးမှာ စောင့်နေခိုက် သူက ထွဋ်ဆီမှ ချစ်အဖြေကို လှပစွာ အရယူသိမ်းပိုက်နိုင်ခဲ့ တာ ဖြစ်သည်။

အဲ့ဒီနေ့ကလေးကို ထွဋ်တစ်သက်တာတွင် ဘယ်တော့မှ





မမေ့နိုင်တော့ပါ။

''ထွဋ်''

သူ့ခေါ်သံက မိုးသံများကို ထွင်းဖောက်လျက် ထွက်ပေါ် လာသောအခါ ထွဋ် နှလုံးသားကလေး ဆတ်ခနဲ တုန်သွားရ သည်။

''ကျွန်တော့်ကို အဖြေမပေးသေးဘူးလားဟင်၊ ထွဋ်ရဲ့ အချစ်ကို မျှော်လင့်နေရတာ ကျွန်တော့်အတွက် အိပ်မက်ရှည် ကြီးတစ်ခုလိုပဲ၊ ကျွန်တော် စိတ်ချလက်ချပျော်ချင်ပြီ ထွဋ်ရယ်''

ထွဋ်သည် မျက်လွှာချထားမိသည်။

အပြင်၌ သည်းထန်စွာ ရွာသွန်းနေသောမိုးကြောင့် မချမ်းပါဘဲလျက် ထွဋ်ရင်ထဲ၌ ခိုက်ခိုက်တုန်နေမိသည်။

ကျောပိုးအိတ်ကို ရင်ခွင်ထဲထည့်ကာ ထွဋ်ကိုယ်လေး ကျုံ့ထားမိသည်မှာ ဆူညံနေသော ရင်ခုန်သံတွေကို သူကြား သွားမှာ စိုးရိမ်၍ဖြစ်သည်။

''ထွဋ် ကျွန်တော့်ကို ချစ်တယ် မဟုတ်လားဟင်''

သူက နား,နားကပ်လျက် တိုးဖျစွာ မေးသည်။

ထွဋ် မျက်လွှာပင့်ကြည့်လိုက်သောအခါ စိုလက်နွေးထွေး နေသော သူ့မျက်ဝန်းများကို တွေ့လိုက်ရသည်။

ရင်ခုန်သံတွေကို ထွဋ် ထိန်းချုပ်ထားဖို့ မစွမ်းနိုင်တော့။

ထွဋ်သည် ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်မိသည်။

ထွဋ်က မလိုအပ်ဘဲ ဟန်ဆောင်ထားတတ်သော မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမဟုတ်ပါ။

ထွဋ်သည် ရဲရင့်ပွင့်လင်းသော မိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။

''ဟာ . . . ထွဋ် ကျွန်တော့်ကိုချစ်တယ်ပေါ့ ဟုတ်လား''

သူ့အသံမှာ အရမ်းကို ပျော်မွေ့သွားသောအသံပဲ ဖြစ်ပါသည်။

သူ့အပျော်သည် ထွဋ်ဆီသို့ပင် ကူးစက်လာခဲ့ပါသည်။ သို့သော် သူက အနည်းငယ် ဆိုးဝါးကာ . . .

''ပါးစပ်နဲ့ပြောပါ ထွဋ်ရဲ့ ကျွန်တော် ကြားချင်လို့''

''ဟာ . . . မပြောရဲဘူး''

''ဟင့်အင်း . . . ပြောပါ ထွဋ်ရာ၊ ကျွန်တော် အရမ်းကြားချင်တယ်''

''နေဦး စာနဲ့ရေးပြမယ်နော်''

ထွဋ်သည် စာအုပ်နှင့် ဘောလ်ပန်ကို ကမန်းကတန်း ဆွဲထုတ်လိုက်သည်။

''မျက်စိမှိတ်ထားနော်''

ကို့ကို ထွဋ် ချစ်တယ်။

''ဖွင့်တော့''

ထွဋ်ဆီမှ အမိန့်မရသေးခင်မှာပင် သူက အရင်ဖွင့်ကြည့်လိုက်တာမို့ ထွဋ် ရေးထားတာကို သူ ဖတ်နှင့်ပြီးသား ဖြစ်နေသည်။





''အား . . . ပျော်လိုက်တာထွဋ်ရယ်၊ ကို ထွဋ်ကို အရမ်းချစ်တယ် သိလား''

သူ့အသံမှာ လှိုက်လှဲတုန်ခါ၍နေပါသည်။

ထွဋ်သည် ရင်ထဲမှ ကို့ကိုချစ်တယ် . . . ဟု အခွန်းပေါင်းများစွာ ပြောနေခဲ့မိသည်။

ထို့နောက် . . .

သည်းလှသော မိုးရိပ်အောက်မှာ . . .

မိုးသက်လေသည်လည်း ထွဋ်ကို တုန်ချမ်းခြင်းငှာ မစွမ်းနိုင်တော့။

ထွဋ်သည် ချစ်သူရဲ့နွေးထွေးချိမွေ့လှသော ရင်ခွင်ထဲ၌ လုံခြုံ၍နေသည်လေ။

သို့သော် . . .

ထွဋ်တို့နှစ်ယောက်ကို နာကျင်ခါးသီးစွာ စိုက်ကြည့်နေခဲ့သော မျက်လုံးတစ်စုံကိုတော့ လုံးဝ သတိမပြုမိခဲ့ကြပါ။

❁

''ဟဲဟဲ . . . ထမင်းပေါင်းနှစ်ပွဲနဲ့ သံပုရာရည်နှစ်ခွက်ပေါ့နော်''

ဘာမှမမှာရသေးခင် အရင်ပြောလိုက်သော စားပွဲထိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးရဲ့ ရယ်ကျဲကျဲစကားကြောင့် ထွင့်နှင့်ကိုသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်လိုက်မိကြသည်။

"တစ်ပြိုင်တည်း လာပို့ပေးပါ့မယ်၊ ဒီတစ်ခါတော့ မမှား စေရတော့ဘူး"

ကောင်ကလေးက ဆက်နောက်သွားသေးသည်။

ထွင့်နှင့်ကိုသည် ပထမဆုံးအကြိမ် ဆုံတွေ့သောအဖြစ် ကလေးကို မမေ့နိုင်သေးစွာ ပြုံးနေမိကြသည်။

"ဟိတ် ... တို့မေဂျာက ကွင်းလည်း ခတော့ ရယ် တတ်, ပြုံးတတ်လို့ပါလား"

ဖျတ်ခနဲ ထွင့်တို့နှစ်ယောက်ကြား ခုံရွှေ့ပြီး ဝင်ထိုင်လာ သော လူရိပ်ကြောင့် ထွင့်နှင့်ကိုသည် အံ့သြတကြီး မော့ကြည့် လိုက်မိကြသည်။

"ဩော် ... ထရီဇာ"

ထရီဇာမှာ ထွင့်တို့နှစ်ယောက်လုံးနှင့် မေးထူးခေါ်ပြော အဆင့်ခင်မင်သူ ဖြစ်ပါသည်။

လည်ဟိုက်ဟိုက် တီရှပ်အကျပ်နှင့် ဂျင်းပင် ဝတ်တတ် သော ထရီဇာသည် အနေအထိုင်လည်း ပွင့်လင်းရဲတင်းလှသ ဖြင့် ထွင့် မျက်နှာပျက်သွားမိသည်။

"ဘာစားမလဲ ထရီဇာ ... မှာလေ"

ထွင့်သည် မိန်းကလေးချင်းမို့ မကောင်းတတ်လှစွာ စကားပြောလိုက်ရပါသည်။





"ထမင်းပေါင်းနှင့် သံပုရာရည်"

ထွင့် ဟန်ဆောင်ပြုံးဖို့ ကြိုးစားသော်လည်း မအောင် မြင်တော့ပါ။

"ဟိုဘက်ခုံမှာ ထိုင်ပါလား ထရီဇာရာ၊ ကျွန်တော်တို့ နှစ်ယောက်ကြား ဘာလို့ဝင်ထိုင်ရတာလဲ၊ အဲ့လိုမနှောင့်ယှက် ရဘူး၊ ဝင့်လည်းလိမ့်မယ်"

ကိုက ဟိုဘက်ကခုံကို လက်ညှိုးထိုးပြလျက် ထရီဇာ ကို ပေါ်တင်ပင်ပြောလျှင် ထွင့်သည် အနည်းငယ်ကျေနပ်သွား ရသည်။

"ဟော့ ... တမင်ကို ဝင်နှောင့်ယှက်ချင်လို့ ထိုင်တာပဲ၊ ဘာဖြစ်လဲ မကျေနပ်ဘူးလား"

ထရီဇာ့အသံက ရန်လိုနေသည်မို့ ကို ဘာမှထပ်မပြော တော့။

"နေပါဦး ... သတိုး ယူက အခု ဘာအချိုးဖြစ်နေတာ လဲ၊ သီရိဘုန်းထွင့်အနားပဲ ကပ်နေတော့တာပဲ၊ ထရီဇာတို့ကို အရေးတောင် မလုပ်တော့ဘူး"

ထွင့်သည် ဆတ်ခနဲ တောင့်မတ်သွားမိသည်။

ထရီဇာစကားတွေမှာ တစ်ဆိတ် တရားလွန်လာပြီ။ ထွင့် စူးရဲသောမျက်လုံးများဖြင့် စိုက်ကြည့်လိုက်တော့ ... ထရီဇာ ကလည်း အရှုံးမပေးဘဲ ပြန်စိုက်ကြည့်ပါသည်။

ထရီဇာ့ရဲ့ရောင်စုံဆေးခြယ်ထားသော မျက်လုံးတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထွဋ်ကို ပြိုင်ဘက်တစ်ယောက်လို သဘောထားသော မုန်းတီးရိပ်တွေကို တွေ့မြင်လိုက်ရပါသည်။

ဆောရီးပဲ ထရီဇာ။ ယူဟာ ထွဋ်ရဲ့ပြိုင်ဘက်အဆင့်မရှိပါဘူး။

ပြီးတော့ ကို့ရဲ့ထွဋ်တစ်ယောက်တည်းအပေါ်ထားသော စစ်မှန်နိုင်မာသောအချစ်ကိုလည်း ထွဋ်က အကြွင်းမဲ့ယုံကြည်ပါသည်။

ကို့က ထွဋ်တို့နှစ်ယောက်ရဲ့ ခါးသီးသောအကြည့်တွေကို နားလည်စွာ။

''ဘယ်တူမှာလဲ ထရီဇာရဲ့၊ ခင်ဗျားက ကျွန်တော့်ရဲ့ သူငယ်ချင်းပဲ၊ ထွဋ်ကတော့ ချစ်သူလေ''

ကို့စကားကြောင့် ထွဋ်သည် ဝင့်ကြွားစွာ ခေါင်းမော့ပြုံးလိုက်လျက် . . .

''ကို့အကြောင်း ထွဋ် အသိဆုံးပါ ထရီဇာရဲ့၊ ကို့မှာ ထွဋ်တစ်ယောက်တည်း ရှိတာပါ၊ ကို့မှာ ထွဋ်နဲ့ ချစ်သူတွေမဖြစ်ခင်ကလည်း နေကောင်းလား၊ စာကျက်ပြီးပြီလား၊ မေးတဲ့အဆင့်လောက်ကလွဲပြီး ရင်းနှီးတဲ့မိန်းကလေး သူငယ်ချင်းမှ မရှိတာ''

အပြုံးစွက်သော်လည်း အနိုင်နှင့်ပိုင်းကာ ပြောချလိုက်သော ထွဋ်စကားကြောင့် ထရီဇာ့မျက်နှာမှာ ဟန်မဆောင်နိုင်တော့အောင် နီရဲပြီး ပျက်ယွင်းသွားရပါသည်။

ကို့ကတော့ ထွဋ်တို့နှစ်ယောက်ကြားမှာ မျက်နှာမထား





တတ်သလို ဖြစ်နေခဲ့သည်။

အဲဒီအချိန်မှာပင် . . .

''ထမင်းပေါင်းနဲ့ သံပုရာရည် ရပါပြီ ခင်ဗျာ''

စားပွဲထိုးကောင်ကလေးမှာ ရောက်လာခဲ့လျှင် . . .

''ဟာ . . . အစ်မတစ်ယောက် ထပ်တိုးနေပါလား၊ ဘာမှာမလဲ အစ်မ''

''ထမင်းပေါင်းနဲ့သံပုရာရည်''

''ဟိုက် . . . တူနေပြန်ပြီ၊ သိပ်တူတာမကောင်းဘူးနော်၊ အစ်မ၊ အကြီးတူရင် ရန်သူဖြစ်တတ်တယ်''

ဘာမှမသိတတ်သော ကောင်ကလေးက ပြုံးစပ်စပ်နဲ့ နောက်နေသေးသည်။

''ဖြစ်သင့်ရင် ဖြစ်ရမှာပဲ၊ ဒါပေမဲ့ တို့က နောက်ကျတဲ့ပွဲကို မစားတတ်ဘူး၊ ဦးဦးဖျားဖျားပဲ စားတတ်တယ်''

ထရီဇာက ပြောပြောဆိုဆိုပင် ထွဋ်ရှေ့ချထားသော ထမင်းပေါင်းပန်းကန်ကို ဖျိုးခနဲ ဖျတ်ခနဲ ဆွဲယူစားလေသော အခါ ထွဋ်ရဲ့သည်းခံနိုင်သော စွမ်းအင်သည် ကုန်ဆုံးသွားခဲ့လေသည်။

ထွဋ်သည် ဆတ်ခနဲ မတ်တတ်ထ,ရပ်လိုက်ပြီး . . .

''ကို လာသွားမယ်၊ ထွဋ်က လုစားတတ်တဲ့သူဆို ရွံတယ်၊ ကို့လည်း မစားနဲ့တော့''

ထွဋ်သည် ဒေါသတကြီးဖြင့် ကို့လက်ကို ဆွဲခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။

''ထွင့်ရဲ့ စိတ်အရမ်းဆိုးသွားလားဟင်၊ ထရီဇာက အရမ်းလွန်တယ်ကွာ၊ နောက်ကို ဒီလိုမနှောင့်ယှက်ဖို့ ကို, ပြောထားပါ့မယ်''

''ရတယ်၊ ကို မပြောနဲ့၊ ဖြစ်နိုင်ရင် ကို, သူ့ကို မပတ်သက်မိပါစေနဲ့၊ နောက်နေ့ကစပြီး ထွင့် နှစ်ယောက်စာ ထမင်းချိုင့် ထည့်လာခဲ့မယ် သိလား၊ ကိုနဲ့ထွင့် နောက်နေ့တွေ ကားထဲမှာပဲ အေးအေးဆေးဆေး စားကြတာပေါ့နော်''

''အား ... ပိုကောင်းတာပေါ့ ထွင့်ရယ်၊ ဆိုင်ထဲမှာဆိုတော့ ထွင့်ကို ကို ခွံ့ကျွေးချင်ရင်တောင် မဖြစ်ဘူးလေ၊ နှစ်ယောက်တည်းစားရင် ကို ခွံ့ကျွေးတာ စားရမယ်နော် ထွင့်''

ကိုက ဒေါသဘုကြီးဖြစ်နေသော ထွင့်ရဲ့စိတ်တွေကို ညင်သာစွာဖြေလျှော့ပေးနိုင်သူ ဖြစ်သည်။

အပြုံးကလေးနှင့် ကို တောင်းဆိုတာကို ထွင့်သည် ရှက်ဝဲဝဲကလေး ခေါင်းညိတ်ပြလိုက်မိသည်။

ထွင့်တို့ ချစ်သူနှစ်ဦးရဲ့ကြားမှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မရှိစေရ။

ရှိလာခဲ့လျှင်လည်း ထွင့်သည် အားလုံးကို တိုက်ဖျက်ရှင်းထုတ်ပစ်မှာပင်။





အဖြစ်အပျက်မှာ သူ့ရဲ့တစ်ဖက်သားအပေါ် အားနာငဲ့ညှာတတ်လွန်းသော ပျော့ညံ့စိတ်ကြောင့် ဖြစ်ခဲ့ရတာ ဖြစ်သည်။

''သတိုး မငြင်းနဲ့နော်၊ ထရီဇာက အခင်ဆုံးသူတွေကိုပဲ ရွေးဖိတ်တာ သိရဲ့လား၊ ဒါပဲနော် လာဖြစ်အောင် လာခဲ့ရမယ်''

ထရီဇာက သူမ,မွေးနေ့ကို လာရန် အတင်းခေါ်လေလျှင် သူ့မှာ အင်း ... အဲနှင့် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားရသည်။

''အံမယ်လေး ... တအင်းအင်း, တအဲအဲနဲ့ ဘာဖြစ်နေတာလဲ၊ ဒီမှာ ... ယူ့သီရိဘုန်းထွင့်လည်း ရှိပါတယ် သိရဲ့လား''

သူ အံ့ဩသွားရသည်။

''ဘယ်လို ... ထွင့်လည်း အဲ့ဒီမှာ ရှိတယ်ဟုတ်လား''

ထွင့်မှာ ထရီဇာ့ကို မတွေ့ချင်,မမြင်ချင်လောက်အောင်မုန်းတီးနေခဲ့တာ သူ အသိဆုံးမို့ ထရီဇာ့တိုက်ခန်းထဲမှာ ထွင့်ပါရှိနေခဲ့တယ်လို့ ကြားလိုက်ရသောအခါ တကယ် အံ့ဩသွားခဲ့မိသည်။

''ဘာလဲ မယုံဘူးလား၊ ယူ့ထွင့်က ထရီဇာ့ကို သိပ်မုန်းနေတယ်လို့ ထင်လို့လား၊ အဲ့ဒါတွေက ထရီဇာ နောက်တာပါ



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ထရီဇာက အစကြမ်းတယ်လေ၊ ထွဋ်ကို ပြောပြပြီးသွားပါပြီ၊ ထရီဇာ ပြန်တောင်းပန်လိုက်တော့ ထွဋ်ကလည်း အငြိုးအတေးကြီးတဲ့သူမှ မဟုတ်ဘဲ အခု အေးဆေးဖြစ်သွားပြီ''

ထရီဇာ ပြောသလိုပင် ထွဋ်မှာ ဒေါသကြီးတတ်ပေမယ့် အငြိုးအတေးကြီးတဲ့သူတော့ မဟုတ်တန်ရာဘူး ထင်ပါသည်။

''ကဲ . . . ရှင်းပြရတာ မောတောင်မောတယ်၊ လာမယ် မဟုတ်လား သတိုး''

''ဟိုလေ ကျွန်တော်''

''ဟိုလေတွေ၊ ဒီလေတွေ လုပ်မနေနဲ့တော့၊ ဒီလောက် ခေါ်နေတာ အားနာဖို့ကောင်းနေပြီကွာ၊ ဆက်ဆက်လာခဲ့နော် သတိုး၊ ထရီဇာ မျှော်နေမှာ''

''ဟာ . . . နေဦးလေ ထရီဇာ . . . ထရီဇာ''

ထရီဇာသည် ဖုန်းချသွားခဲ့လေပြီ။ သူ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။

သူသွားလျှင် ထွဋ် စိတ်ဆိုးမှာလား . . . လို့ တွေးမိသည်။ ဒါပေမဲ့ . . . ထွဋ်ကိုယ်တိုင်တောင် ထရီဇာ့ကို စိတ်ဆိုးပြေကာ ရောက်နေသေးသည်ပဲ။

တကယ်တော့ ထရီဇာ့မွေးနေ့ပွဲကို သူ မသွားချင်ပါ။ စိတ်ထဲ၌လည်း ဘာကြောင့်မှန်းမသိ လေးလံ၍နေသည်။

နောက်ဆုံးမှာတော့ . . .

အားနာလွန်းသည့်စိတ်နှင့်ပင် ထရီဇာ့မွေးနေ့ပွဲကို သူ





ရောက်သွားခဲ့မိလေသည်။

❁

တကယ်တမ်း ရောက်သွားသောအခါ အံ့အားအသင့်ကြီး သင့်ခဲ့ရသူမှာ သူပဲ ဖြစ်သည်။

''ဟင် . . . ဘယ်သူမှ ရှိမနေပါလား ထရီဇာ''

မွေးနေ့ပွဲဆိုပြီး ဘယ်သူမှ ရှိမနေခဲ့သော ရှင်းလင်းနေသည့် ဧည့်ခန်းကိုကြည့်ကာ သူ အံ့အားသင့်နေမိသည်။

''ရှိတယ်လေ ယူနဲ့ထရီဇာ''

''ဘယ်လို''

''ဘာလဲ . . . အံ့ဩသွားလား ထရီဇာ၊ ယူ့ကို ညာခေါ်လိုက်တာ''

''ထရီဇာ . . . ခင်ဗျား''

သူ ထရီဇာ့ကိုကြည့်ကာ ထိတ်လန့်တကြားနှင့် နောက်ကိုဆုတ်လိုက်မိသည်။

ထရီဇာက တံခါးကို နောက်ပြန်ပိတ်လိုက်သည်။ သူ့ရင်ထဲ လှိုင်းတစ်ခုက ဝုန်းခနဲထန်သွားခဲ့သည်။

ထရီဇာ့မျက်လုံးများမှာ ရီဝေညို့ငင်နေသည်။

''ထရီဇာ့ဘဝ့သိဒေးကို ယူနဲ့နှစ်ယောက်တည်း ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ပါ သတိုးရယ်၊ ထရီဇာ့အလိုကို ဒီတစ်ခုတော့ လိုက်လျော ပါနော်၊ ထရီဇာ အားလုံးပြင်ဆင်ထားတာ ဟိုမှာကြည့်လိုက်''

ထရီဇာ လက်ညှိုးညွှန်ပြရာဆီ လှည့်ကြည့်လိုက်သော အခါ နှင်းဆီပန်းနီနီများ ထိုးထားသည့် စားပွဲရှည်တစ်လုံးပေါ်၌ ဝိုင်ပုလင်းများ၊ စားသောက်ဖွယ်ရာများ အပြည့်ခင်းကျင်းပြင် ဆင်ထားသည်ကို တွေ့လိုက်ရသည်။

''လာပါ ယူရယ် ... မွေးနေ့ရှင်ကို စိတ်ဆင်းရဲအောင် မလုပ်ရဘူး''

ထရီဇာက သူ့ကို ပူးကပ်ကာ လက်မောင်းရင်းမှနေ ခိုတွဲလျက်ခေါ်သည်။

နီးကပ်လှသောအထိအတွေ့ကြောင့် သူ့တစ်ကိုယ်လုံး ထူပူသွားမိသည်။

ထရီဇာ့ဆီမှ နိုင်ငံခြားဖြစ် မွှေးရီထုံအီလှသော ရနံ့တစ် မျိုးက သူ့ကို ရီဝေမူးနောက်စေပြန်သည်။

သက်ပြင်းတစ်ချက် ချ,လျက် သူ အခန်းပြင်သို့ ပြေး ထွက်လာခဲ့တော့သည်။

''သတိုး ... သတိုး''

သူ အပြင်မှနေ လျင်မြန်စွာ လော့ခ်ချလိုက်သည်။ သူ့ရင်တွေ မငြိမ်သက်နိုင်သေး။

''သတိုးဖေယျ''

အခန်းထဲမှ ထရီဇာ့ရဲ့ဒေါသတကြီး အော်သံထွက်ပေါ်





လာခဲ့သည်။

မငြိမ်သက်သေးသော ရင်ကိုထိန်းလျက် သူ လှေကား ကို တဒိုင်းဒိုင်း ပြေးဆင်းလာခဲ့မိသည်။

လှေကားထောင့်ချိုးဆီအရောက်တွင် သူ့ကဲ့သို့ပင် လှေ ကားထစ်များကို အလောတကြီး ပြေးတက်လာသော တစ်စုံတစ် ယောက်နှင့် ရင်ဆိုင်ဆုံတွေ့မိလေလျှင် ...

''ဟင်''

သူ့မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားခဲ့ရသည်။

❁ .

''ဟင် ... ထွင်း ... ထွင်း ဘယ်ကိုလာတာလဲဟင်''

မောကြီးပန်းကြီး ပြေးတက်လာသော ထွင်းကို သူ အံ့သြ တကြီး မေးလိုက်မိသည်။

ထွင်းမျက်နှာပေါ်၌ သက်သာမကင်းသော စိုးရိမ်တကြီးနိုင် သော အရိပ်များမှာ ဆူဝေနေသည်။

''ဒီကို တမင်လိုက်လာတာ၊ ဘယ်မှာလဲ ဟိုမိန်းမ''

ထွင်းသည် သူ့ကို တွန်းဖယ်လျက် လှေကားပေါ် ဆက် တက်ရန် ပြင်သည်။

သူ ထွင်းလက်များကို ကမန်းကတန်း ဆွဲထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

''ထွင်မှု ... ဘာလို့ ဒီကိုလိုက်လာတာလဲ၊ ဘယ်လိုလုပ် သိတာလဲဟင်''

''ဘယ်လိုလုပ် သိတာလဲ ဟုတ်လား၊ ရှင့်ဆီကို ဖုန်းဆက်လို့ သိတာပေါ့၊ ရှင် ထရီဇာရဲ့မွေးနေ့သွားတယ် ... လို့ ရှင့်အိမ်က ပြောတယ်၊ ကျွန်မ သိ,သိချင်း လိုက်လာခဲ့တာ''

ထွင်မှု မျက်ဝန်းများမှာ နီရဲစိုစွတ်နေပြီး အသံမှာလည်း တုန်ရီအက်ကွဲနေသည်။

သူ့ကို ချစ်လွန်းသည့် ထွင်မှုတစ်ယောက် ဘယ်လောက်တောင် ခံစားနေရမလဲဆိုတာ သူ စာနာမိပါသည်။

''ထွင်မှု ... ခဏနေဦး၊ ကို ပြောပြမယ်၊ ကို,ပြောတာ နားထောင်နော်၊ 'ထွင်မှုရှိတယ်လို့ သူပြောလို့ ကို ... ဒီကိုလာခဲ့တာ''

''ဘယ်မှာလဲ ... အဲဒီညာတဲ့မိန်းမ၊ ကျွန်မ သူနဲ့တွေ့မှ ဖြစ်မယ်၊ ရှင် ဖယ်ပါ၊ ကျွန်မကို မဆွဲနဲ့''

''ထွင်မှု ... သူနဲ့ မတွေ့ချင်ပါနဲ့၊ ကို သူနဲ့ ဘာမှမဖြစ်ခဲ့ပါဘူး ထွင်မှုရဲ့ ယုံပါ၊ ကို့သစ္စာကို ယုံပါ၊ ကို ထွင်မှုကလွဲလို့ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားပါဘူး''

သူ ထွင်မှုကို တင်းတင်းဖက်ထားရင်းမှ ဖြေရှင်းပြနေမိသည်။ ထွင်မှုက ဘာမှပြန်မပြောဘဲ သူ့မျက်လုံးတွေကိုသာ စိုက်ကြည့်နေခဲ့သည်။





''ကိုဟာ ... ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက်မဟုတ်ပါဘူး ထွင်မှုရယ်၊ မာယာနဲ့ထောင်ဖမ်းတိုင်း အမိခံမယ့် ယောကျ်ားတစ်ယောက် မဟုတ်ပါဘူးကွာ၊ ကိုယ့်နှလုံးသားထဲမှာ စူးနင့်နေအောင်ချစ်ရတဲ့ချစ်သူ ရှိနေပြီပဲ၊ တခြားမိန်းကလေးတစ်ယောက်ဆီမှာ ကိုယ်က ကျဆုံးရမှာလား''

သူ ရှည်လျားစွာ ဖြေရှင်းပြမိသော စကားတွေဆုံးလျှင် ထွင်မှုမျက်နှာပေါ်မှ ဆူဝေနေသော သံသယအရိပ်များမှာ လျော့ပါးသွားခဲ့သည်။

သို့သော် ...

စိုးရိမ်မှုများကတော့ မလျော့ပါးသွားခဲ့ပါ။

''ထွင်မှု ... ကို့သိက္ခာနဲ့ ကိုယ့်ကျင့်တရားကို ယုံပါတယ် ကို,ရယ်၊ ဒါပေမဲ့''

ထွင်မှု တောက်တစ်ချက် ခေါက်သည်။

''ဟိုမိန်းမကို ထွင်မှု မယုံဘူး''

သူ သက်ပြင်းရှိုက်လိုက်မိသည်။

''သူက ထွင်မှုကို ပြိုင်ဘက်တစ်ယောက်လို သဘောထားနေတာ ထွင်မှု သိတယ်၊ ကို့ကို ဘယ်နည်းနဲ့မှ သူ အဆုံးရှုံးခံမှာ မဟုတ်ဘူး၊ မဖြစ်,ဖြစ်အောင် ထောင်ချောက်ဆင်ဦးမှာပဲ''

ထွင်မှု ရင်ထဲမှ ပူပြင်းဆူပွက်နေသော နှလုံးသားကို သူ မြင်လိုက်ရသည်။

ထွင်မှုက စိုလက်သောမျက်ဝန်းများဖြင့် သူ့ကိုမော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဆက်ပြောသည်။

"ထွဋ် ... ကိုကို အရမ်းချစ်တယ်၊ ကိုကို လက်လွှတ် ဆုံးရှုံးမခံနိုင်ဘူး၊ ကိုနဲ့ဝေးရရင် ထွဋ် ရူးလိမ့်မယ် သိရဲ့လား"

မာနတရားကို ကိုးကွယ်သည့် ထွဋ်ဆီမှ ပူနွေးသော မျက်ရည်စ,များကို မြင်လိုက်ရသောအခါ သူ့နှလုံးသားသည် နင့်ခနဲ ဖြစ်သွားရသည်။

သူ ထွဋ်ရဲ့မျက်ရည်စက်များကို လက်ညှိုးကွေးဖြင့် မွမွ သုတ်ပေးလျက် ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာချလိုက်သည်။

"ထွဋ် ... ကိုတို့ လက်ထပ်ကြရအောင် ... နော်"

"ဟင်"

ထွဋ် မျက်လုံးကလေးများ ပိုင်းသွားသည်။

"ဘယ်လိုအနှောင့်အယှက်မျိုးမှ ကိုတို့နှစ်ယောက်ကြား ဝင်လို့မရအောင် အမြန်ဆုံးလက်ထပ်ကြစို့ ထွဋ်ရယ်နော်၊ ကို, ထွဋ်နဲ့ အတူတူနေချင်ပြီ ... ထွဋ်ရော"

သူ ထွဋ်ရဲ့မေးဖျားလေးကိုကိုင်လျက် တိုးညင်းစွာမေး လိုက်သည်။

ရဲရင့်ပွင့်လင်းသောထွဋ်က သူ့မျက်လုံးတွေကို ရွှန်းရီစွာ စိုက်ကြည့်လျက် တစ်ခွန်းတည်းသောစကားကို ပြန်ပြောလေ သည်မှာ။

"ကို့မိဘတွေကို ခေါ်လာခဲ့လေ"

ချစ်သူရဲ့စကားအဆုံးတွင် သူ့နှလုံးသားသည် ကောင်း





ကင်းယံဆီ လွင့်ကူးတက်သွားသကဲ့သို့ ခံစားလိုက်ရတော့သည်။

လောကကြီးတစ်ခုလုံးသည် ရင်ခုန်ချစ်ခြင်းဖြင့် သာယာ လှပစွာ ပြာနှရိပ်သမ်းသွားတော့သည်။

သို့သော် ... သူ့သွေးများ ဆူပွက်မနေခဲ့ပါ။

❀

မင်္ဂလာကိစ္စကို နှစ်ဖက်မိဘများနှင့် ထွဋ်တို့နှစ်ယောက် အတတ်နိုင်ဆုံး လျှို့ဝှက်သိုသိပ်စွာ စီစဉ်ကြပါလျက် သတင်းမှာ ဘယ်ကဘယ်လို ပျံ့နှံ့ခဲ့သည်မသိ။

တစ်နေ့မှာ ...

"ထွဋ်ရေ ဖုန်းလာနေတယ်"

ထွဋ်သည် မင်္ဂလာဝတ်စုံကိစ္စတွေ၊ ညှော်ခံစရာကိစ္စတွေ ကို,နှင့်ဆွေးနွေးဆဲ ဖုန်းလာသည်ဆိုသဖြင့် အမြန်ကိုင်လိုက်မိ သည်။

"ဟယ်လို ... သိရိဘုန်းထွဋ်ပါ"

"သိပ်ပျော်နေယ်ပေါ့ ဟုတ်လား၊ ဒီမှာ သတိုးကို ဒီတစ် သက် နင် ဘယ်တော့မှ ပိုင်ဆိုင်ခွင့်မရစေရဘူး၊ အဲ့ဒါ ငါ့ကျိန်စာ ပဲ၊ မှတ်ထားလိုက်"

"တောက် ... ဘာ ... ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ရန်လိုနေသော ထရီဇာ့အသံကို ကြားလိုက်ရလျှင် ထွဋ်မှုသည် မျက်လုံးတွေထဲ မှောင်မိုက်ပြာဝေသွားခဲ့ရသည်။

ဒေါသတွေ ဝုန်းခနဲ ဆောင့်တက်လာခဲ့သည်မှာ စကားပင် မပြောနိုင်တော့ပြီ။

"သီရိဘုန်းထွဋ်မှု ... သတိုးကို နင့်လက်ထဲ မရောက်စေရဘူး၊ ငါ ရအောင် ယူပြမယ်"

"ထရီဇာ ... နင် ... နင်"

ထွဋ်မှုသည် တုံ့ပြန်ပြောဖို့ စကားရှာဆဲမှာပင် တစ်ဖက်က အနိုင်နှင့်ပိုင်ကာ ဖုန်းချသွားခဲ့လေပြီ။

ထွဋ်မှုမှာ အသက်ပြင်းပြင်းရှူလျက် ဒေါသတွေ မထိန်းနိုင်အောင် ဖြစ်နေရသည်။

ခုနေ မျက်စိရှေ့မှာသာ ရှိနေခဲ့လျှင် အဲ့ဒီမိန်းမကို သတ်ပစ်မိမှာ သေချာသည်။

"ဘယ်က ဖုန်းလဲ ထွဋ်မှု၊ ဘာဖြစ်လို့လဲ"

ကို့က ချက်ချင်း အနားရောက်လာလျက် စိုးရိမ်တကြီး မေးသည်။

ထွဋ်မှုသည် ကို့လက်ကို တင်းတင်းဆုပ်မိလျက် ...

"ကို ... ထွဋ်မှုတို့ ညှော်ခံပွဲမလုပ်တော့ဘူး၊ အမြန်ဆုံးပဲ အကျဉ်းရုံး လက်ထပ်ကြမယ်"

"ထွဋ်မှု ... ထွဋ်မှု ဘာဖြစ်လို့လဲဟင်၊ ကိုတော့ နားမလည်နိုင်တော့ဘူး"





"ထွဋ်မှုတို့ အမြန်ဆုံးလက်မှတ်ထိုးကြမယ် ကို၊ ဟိုစုန်းမက ထွဋ်မှုနဲ့ကို့ကို လက်မထပ်ဖြစ်အောင် ဖျက်လိမ့်မယ်၊ ထွဋ်မှု ကို့နဲ့ မဝေးနိုင်ဘူး၊ ထွဋ်မှုရင်တွေ အရမ်းပူလောင်နေပြီ ကိုရဲ့"

"ထွဋ်မှုရယ်"

ကိုသည် ပူလောင်နာကျင်နေသော ထွဋ်မှုကို ရင်ခွင်ထဲ ဆွဲသွင်းလျက် နူးညံ့စွာ နှစ်သိမ့်အားပေးပါသည်။

"ထွဋ်မှုဖြစ်စေချင်တာတွေ အကုန်ဖြစ်စေရမယ်၊ ဒါပေမဲ့ ထွဋ်မှု တစ်ခုတော့ ယုံကြည်ထားကွာ၊ စစ်မှန်တဲ့ချစ်ခြင်းကို ဘယ်အရာကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရဘူး၊ ပြီးတော့ ထွဋ်မှုအနားမှာ ကို အမြဲရှိနေမယ်၊ ကို့ရင်ခွင်ထဲမှာ ထွဋ်မှုဟာ အမြဲပျော်ရွှင်ငြိမ်းချမ်းနေစေရမယ်၊ ကို ကတိပေးတယ်၊ ဒီဘဝစာ ... ဟုတ်ပြီလား ထွဋ်မှု"

ထွဋ်မှုသည် နွေးထွေးကာ ခွန်အားအပြည့်ပါသော ကို့ရဲ့ အားပေးစကားကြောင့် ထရီဇာဆိုသော အသုံးမကျသည့် စုန်းမတစ်ယောက်ရဲ့ခြိမ်းခြောက်စကားကို မြောင်းထဲသို့ လွှင့်ပစ်လိုက်နိုင်ခဲ့ပါသည်။

ကို့ရဲ့ချစ်ခြင်းသည် ထွဋ်မှုအတွက် အရာအားလုံးကို မေ့ပျောက်နိုင်စွမ်းသည်လေ။

❁



www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

ထွင့်တို့ နဂိုစီစဉ်ထားသလို မင်္ဂလာညှော်ခံပွဲလုပ်မယ့် အစီအစဉ်ကို ဖျက်သိမ်းကာ အမြန်ဆုံးနှင့် အကျဉ်းရုံးလက်မှတ်ထိုးဖို့ကိုပဲ စီစဉ်လိုက်ကြသည်။

ဘာပဲဖြစ်ဖြစ် ကိုနှင့်အတူတူနေရေးသည်သာ ထွင့်အတွက် အဓိကဖြစ်သည်။

ကို့ကို ထွင့်ကလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်စေရ။

ထွင့်သည် မင်္ဂလာလက်မှတ်ရေးထိုးရန် ရက်နီးကပ်လာလေ ကို့ကို တစ်သက်လုံးပိုင်ဆိုင်ခွင့်ရတော့မည်ဆိုသော ရင်ခုန်စရာအတွေးဖြင့် ပိုပြီး ပျော်ရွှင်ကြည်နူးရလေပင်။

ထွင့်ရဲ့ပျော်ရွှင်မှုကို ဒီကမ္ဘာလောကမှာ ဘယ်သူမှ လိုက်မိလိမ့်မည် မထင်ပါ။

❁

(ရာဇဝင်တွင်ရှုံးရစေ … သံသရာတစ်ခွင် အမုန်းဖြစ်စေ)

အဲ့ဒီနေ့က ကောင်းကင်တစ်ခုလုံး တိမ်တွေပြာလဲ့နေခဲ့ပါသည်။





ထွင့်သည် မိုးလင်းကတည်းက …

♬ တိမ်ပြာပြာနေ့တစ်နေ့ ဆန်းဒေးမှာကွယ် ××× မင်္ဂလာဆောင်ပွဲကလေး ကျင်းပနေပါတယ် ♬

ဖော်ဝင်းထွင့်ရဲ့ တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်မယ် … ဆိုသော သီချင်းတစ်ပိုင်းတစ်စကို ခပ်တိုးတိုး ညည်းနေမိသည်။

ထွင့်ရဲ့ကူဖော်လောင်ဖက်ဖြစ်သော မယဉ်ကပင် …

"မမထွင့်နော် သိပ်ပျော်နေတယ်ပေါ့လေ"

ဟု ချစ်စနိုး စနောက်ခဲ့ရသည့်အထိ။

မင်္ဂလာအချိန်မှာ ကိုးနာရီမှ ဆယ့်တစ်နာရီ သတ်မှတ်ထားသည်မို့ ထွင့်သည် ခပ်စောစော ရေမိုးချိုးကာ အလှပြင်ခဲ့ရသည်။

"ဝတ်စုံလေးက လှလိုက်တာနော်၊ ဆင်စွယ်ရောင်ဆိုတော့ သတို့သမီးရဲ့ဖြူဝင်းတဲ့အသားအရေလေးနဲ့ အလိုက်ပေါ့"

အလှပြင်ပေးသည့်သူများက ထွင့်ရဲ့သတို့သမီးဝတ်စုံကို ရှုရှုကလေးကိုင်ကာ လှလိုက်တာလို့ ပြောမဆုံး။

ဆင်စွယ်ရောင် ပိုးချိတ် ကနုတ်ဆင် ဝတ်စုံကလေးမှာ ထွင့်နဲ့ အလိုက်ဖက်ဆုံးဆိုကာ ကို့စိတ်ကြိုက် ရွေးချယ်မှုပင်။

ထွင့် အလှပြင်ပြီးချိန်တွင် ထွင့်တို့ရဲ့ ကျယ်ဝန်းခမ်းနားလှသော ညှော်ခန်းထဲ၌ ထွင့်တို့ဖိတ်ထားသည့် တရာသူကြီး၊ အသိသက်သေများနှင့် နှစ်ဖက်အသိုင်းအဝိုင်းများမှ ဂုဏ်သရေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလူကြီးလူကောင်းများ ရောက်ရှိနေခဲ့ပြီဖြစ်သည်။

ထွင့်မှ မင်္ဂလာဝတ်စုံလဲပြီးချိန်တွင် ကိုးနာရီထိုး၍ မိနစ်အနည်းငယ်သာ လိုတော့တာ ဖြစ်သည်။

"သတို့သားက ခုထိ ရောက်မလာသေးပါလား"

ထွင့်ရဲ့ဆွေမျိုးတွေဆီမှ တိုးတိုးကျိတ်ကျိတ်အသံများ ထွက်လာခဲ့လျှင် ထွင့်သည် နာရီကိုကြည့်လိုက်၊ အပြင်ကိုမျှော်လိုက်နှင့် စိုးရိမ်စိတ်လှုပ်ရှားလာသည်။

"ဧည့်သည်တွေတောင် စုံနေပြီ"

"ကားလွှတ်ပြီး ကြိုခိုင်းလိုက်တယ် မဟုတ်လား"

"ကားလွှတ်လိုက်တာ ကြာပြီ"

"တကယ်ဆို ကြိုရောက်နေသင့်တာ"

တစ်ယောက်တစ်ခွန်း ပိုင်းပြောကြသံတွေကြားမှာ ထွင့်သည် ခေါင်းတွေ မူးနောက်လာခဲ့သည်။

ကို ... ဘာလို့ နောက်ကျနေရတာလဲ။ ထွင့်ရင်တွေ ပူလာပြီ။ ထွင့်သည် နေမထိ ထိုင်မသာဖြင့် စိတ်လှုပ်ရှားစွာ လမ်းသာလျှောက်နေမိသည်။

"ဟော ... ကားပြန်ရောက်လာပြီ"

ကို့ဆီ အကြိုလွှတ်လိုက်တဲ့ကား ပြန်ရောက်လာခဲ့လျှင် ထွင့်သည် သတို့သမီးဆိုသော ဣန္ဒြေကိုပင် မစောင့်ထိန်းနိုင်တော့ဘဲ ကားဆီ ရှေ့ဆုံးမှ ပြေးသွားလိုက်မိသည်။

"သူ ... သူ ရော"





ကားပေါ်မှ ဆင်းလာသူများမှာ ကို့ရဲ့တပည့်လူယုံသာ ဖြစ်ပြီး ကို ပါမလာခဲ့။

ထွင့်ရင်ထဲမှာ မီးတောက်နေပြီ။

"မင်းမင်း ... နင့်ဆရာရော"

"အစ်မ ... ဆရာ အစောကြီးကတည်းက ထွက်သွားတာ"

"ဘာ"

"ဆရာ့သူငယ်ချင်းတစ်ယောက်က ဒီကို လိုက်ပို့ပေးမယ်ဆိုပြီး ဝင်ခေါ်သွားတာပဲ"

လို့ တပည့်ရဲ့စကားကြောင့် ထွင့်ရင်တွေ တဝုန်းဝုန်း လောင်သွားခဲ့ရသည်။

သူငယ်ချင်းတစ်ယောက် ...

"ဘယ်သူလဲ ... အဲ့ဒီသူငယ်ချင်းက ဘယ်သူလဲ"

"ထရီဇာ ... တဲ့ မမထွင့်"

"ဘာ ... ထရီဇာ ... တောက်"

ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်လိုက်သည့်အရှိန်ဖြင့် ထွင့်ရဲ့ မျက်လုံးများထဲ ပြာဝေသွားခဲ့ရသည်။

ထရီဇာ ...

စုန်းမ ...

ကို့ကို သူ

ထွင့်သည် ဆက်မတွေးနိုင်တော့။ ပူလောင်သော ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



တွေက ရင်တစ်ခုလုံးကို ပေါက်ကွဲစေတော့မတတ်။

ကို . . . ကိုကရော ဘာလို့ သူ့နောက် လိုက်သွားရတာလဲ။

ထွင့်တို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ဘယ်သူမှ တိုက်ဖျက်နှောင့်ယှက်လို့ မရစေရဘူးဆို . . .၊

ထွင့်တစ်ယောက်တည်းကိုသာ နှလုံးသားထဲက စူးနစ်နေအောင် ချစ်တာပါဆို . . .၊

ဘယ်မိန်းမရဲ့မာယာကျော့ကွင်းထဲမှာမှ အကျဆုံး မခံဘူးဆို . . .၊ ကိုဟာ ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆို . . .၊

ကိုရဲ့ကတိ, ကို့ရဲ့သစ္စာတွေ ဘယ်ရောက်ကုန်ပြီလဲ။ ကို့ရဲ့ စစ်မှန်မြဲခိုင်ပါတယ်ဆိုတဲ့ နှလုံးသားကရော ထရီဇာဆိုတဲ့ စုန်းမနောက် ပါသွားခဲ့ပြီလား။

"ကဲ . . . ဘယ်လိုလုပ်ကြမှာလဲ၊ အချိန်က အရမ်းကို နောက်ကျနေပြီ၊ ညီ့သည်တွေက စောင့်နေရတာ ကြာပြီ"

ထွင့်ဖေဖေ့ဆီမှ ဒေါသတကြီးအသံ ထွက်ပေါ်လာခဲ့သည်။

"ဖေဖေတို့က ဘယ်အချိန်ထိ စောင့်ကြဦးမှာလဲ သမီး"

"မင်္ဂလာအချိန်က ဆယ့်တစ်နာရီထိ သတ်မှတ်ထားတော့ ထွင့် ဆယ့်တစ်နာရီထိတော့ စောင့်ပါရစေ ဖေဖေ"

ထွင့်သည် ဖေဖေ့ရဲ့အမေးကို စိတ်အားတင်းလျက် ပြန်





ပြောလိုက်ရသည်။

ထွင့် စောင့်မယ်ကို။

ကို့ကို ထွင့် ဘဝတစ်သက်စာအတွက် နောက်ဆုံးအနေနဲ့ မင်္ဂလာအချိန် သတ်မှတ်ထားတဲ့ ဆယ့်တစ်နာရီ ထိုးတဲ့အထိ စောင့်မယ်။

ထွင့်အပေါ်ထားတဲ့ ကို့ရဲ့ချစ်ခြင်း စစ်မှန်ခဲ့တယ်ဆိုရင် ဆယ့်တစ်နာရီမထိုးခင်မှာ ကို ရောက်လာခဲ့ပါစေလို့ ထွင့် သစ္စာဆိုတယ်။

ထွင့်သည် ပုလောင်ကြမ်းရှသောရင်ဖြင့် မျှော်လင့်တကြီး ကို့ကိုစောင့်သော်လည်း ညီ့ပရိသတ်များမှာတော့ မျက်နှာမကောင်းလှစွာဖြင့် တစ်စထက်တစ်စ အလျှိုလျှို ထ,ပြန်ကုန်တော့သည်။

ဖေဖေနှင့်မေမေမှာ အရှက်တကွဲဖြစ်ရသည့်အတွက် ဒေါသထွက် ပေါက်ကွဲလေပြီ။

"ကဲ . . . ညီ့သည်တွေ ပြန်ကုန်ကြပြီ ဘယ်လိုလုပ်ကြမလဲ"

"ရှက်စရာကောင်းလိုက်တာ၊ ရှက်စရာကောင်းလိုက်တာ၊ အသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာပြရတော့မှာလဲ"

"တောက် . . . ရွှေလို ငွေလို ဥ,ထားခဲ့တဲ့ ငါတို့သမီးလေးကို တမင် နာမည်ပျက်ရအောင် အရှက်ခွဲတာ၊ သတိုးဖေယျ . . . မင်းကို ငါ တွေ့တဲ့နေရာမှာ သတ်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ကို့ကို ဒေါသတကြီးဖြင့် ကြိမ်းဝါးလေပြီ။ မေမေ့မှာလည်း ရှက်ရလွန်းသဖြင့် မျက်ရည်လည်ရွဲဖြစ်နေပြီ။

'ဒင် ဒေါင် ... ဒင် ဒေါင်'

နာရီသံ။ ထွင်နှီသည် ဆတ်ခနဲ တုန်သွားမိသည်။ ထိတ်လန့်တကြား မော့ကြည့်လိုက်မိသောအခါ နာရီလက်တံက ဆယ့်တစ်နာရီမှာ။

ဆယ့်တစ်နာရီ။

ဆယ့်တစ်နာရီ ... ထိုးပြီ။

မင်္ဂလာပွဲ သတ်မှတ်ထားသည့်အချိန်သည် ကုန်ဆုံးလေပြီ။

ခမ်းနားလှပသော ညှော်ခန်းကျယ်ကြီးထဲမှာ ညှော်ပရိသတ်တွေ တစ်ဦးတစ်ယောက်မှ မရှိတော့ပြီ။

လှပလွန်းသော ဆင်စွယ်ရောင် သတို့သမီးဝတ်စုံဖြင့် သူမ တစ်ယောက်တည်း။

ကို ရောက်မလာခဲ့သော မင်္ဂလာညှော်ခန်းထဲ၌ သူမ တစ်ယောက်တည်း။

ကျွန်းကနုတ်စားပွဲရှည်ကြီးပေါ်ရှိ ငွေလင်ပန်းထဲ၌ လက်မှတ်မထိုးရသေးသော စာချုပ်နှစ်စောင်။

ကိုက သူမဘဝထဲမှ ထွက်ခွာလေပြီလား။ သူမကို ထားရစ်ခဲ့ပြီလား။

စွန့်ပစ်ခဲ့ရခြင်းတည်းဆိုသော ဝေဒနာဆိုးက ရင်၌ မုန်





တိုင်းတစ်ခုလို တိုက်စားမွှေနှောက်နေသည်။

ထွင်နှီသည် ထိုဝေဒနာဆိုးကို မခံမရပ်နိုင်တော့သည့်အဆုံး၌ ...

"ဟဲ့ ... သမီး"

"သမီး ... အံမယ်လေး သမီးလေး သတိလစ်သွားပြီ၊ လုပ်ကြပါဦး ... အမြန်လာကြပါဦး"

စိတ်ဓာတ်ပြင်းထန်လှသော ထွင်နှီသည် မင်္ဂလာပွဲကို ရောက်မလာခဲ့သော ကို့ကို လက်လျှော့အရှုံးမပေးခဲ့ပါ။

သို့သော် ...

ကို့သတင်းမှာ ဘယ်လိုမှ စုံစမ်း၍မရတော့ဘဲ၊ အိမ်ကိုလည်း ရက်ပိုင်းအတွင်း၌ပင် လူသစ်တစ်ဦးထံ ရောင်းချသွားခဲ့သည် ... ဟုသာ ကြားသိခဲ့ရပြီး ဘယ်ကို ပြောင်းရွှေ့သွားမှန်း စုံစမ်း၍မရနိုင်ခဲ့။

ထွင်နှီ နောက်ဆုံးကြားသိရသည့် သတင်းမှာတော့ ...

ထရီဇာတစ်ယောက် ထွင်နှီရဲ့မင်္ဂလာပွဲနေ့၌ပင် မိဘတွေရှိရာ အင်္ဂလန်သို့ အပြီးလိုက်သွားပြီဆိုသော သတင်းပဲဖြစ်သည်။

ဒါဆို ထိုနေ့၌ပင် ထရီဇာ့ကားပေါ် ပါသွားခဲ့ပြီး ထွင်နှီဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာခဲ့သော ကိုမှာ . . .

ထွန်းသည် အရာအားလုံးကို နားလည်လိုက်ချေပြီ။

ထွန်းကို စကားချိုချိုများဖြင့် နှစ်သိမ့်တတ်သော ကိုသည် ဆွဲဆောင်ဖြားယောင်းတတ်သော ထရီဇာနှင့်အတူ အင်္ဂလန်သို့ လိုက်ပါသွားပြီဆိုတာ သေချာနေခဲ့ပြီ။

ရင်ထဲ၌ ပူလောင်နာကျင်ခြင်းနှင့်အတူ နာကြည်းမုန်းတီးစိတ်က ပြင်းထန်စွာ ဝင်ရောက်လာခဲ့သည်။

မုန်းတယ်။

ကို့ကို မုန်းတယ်။

အို . . . ယောကျ်ားတွေအားလုံးကို မုန်းတယ်။

ထိုအမုန်းသည် ဘဝတစ်သက်စာ စွဲထင်နေစေရမည်။

ထွန်းသည် စွန့်ပစ်ခံခဲ့ရသည့် နာကြည်းခြင်းကို မမေ့နိုင်စွာ။ နေ့စဉ့်,နေ့တိုင်း ကိုးနာရီအချိန်ရောက်တိုင်း မင်္ဂလာသတို့သမီးဝတ်စုံကို ဝတ်ဆင်ကာ မင်္ဂလာအိပ်ရာအခမ်းအနား ပြင်ဆင်ထားသည့် အခန်းထဲ၌ တစ်ယောက်တည်းနေသည်။

ဆယ့်တစ်နာရီထိုးမှပင် အခန်းထဲမှ ပြန်ထွက်ကာ တစ်နေ့တာလုပ်ဆောင်ရမည့်အလုပ်တွေကို ပုံမှန်အတိုင်း လုပ်ကိုင်ဆောင်ရွက်သည်။

''သမီးလေးရယ် စိတ်အစွဲအလမ်းကြီးလွန်းရင် မကောင်းဘူး၊ ဒုက္ခရောက်မယ်၊ နေ့တိုင်း ဒီလိုကြီးလုပ်မနေပါနဲ့၊ အဓိပ္ပာယ်မရှိပါဘူးကွယ်''





ဖေဖေနှင့်မေမေမှာ ထွန်းကိုကြည့်ကာ စိတ်မချမ်းမသာ ဖြစ်နေကြလေသည်။

“ဟင့်အင်း . . . အဓိပ္ပာယ်ရှိပါတယ်၊ သမီးအတွက်တော့ အဓိပ္ပာယ်ရှိပါတယ်၊ ယောကျ်ားတစ်ယောက်က ပေးခဲ့တဲ့ ခါးသီးလှတဲ့ စွန့်ပစ်ခြင်းကို တစ်သက်လုံးမမေ့အောင် သမီး ဒီလိုပဲနေမယ်၊ ဒါမှ သမီးရင်ထဲက ယောကျ်ားတွေကို မုန်းတဲ့ အမုန်းက တစ်နေ့ထက် တစ်နေ့ ပိုပြီး တိုးပွားရှင်သန်လာမှာပေါ့”

ဖေဖေနှင့်မေမေသည် ပြင်းထန်လှသော ထွန်းရဲ့အစွဲအလမ်းကို မတားဆီးနိုင်တော့သည်မို့ ဘာမှမတတ်နိုင်ဘဲ လက်ပိုက်၍သာ ကြည့်နေခဲ့ကြတော့သည်။

ထွန်းသည် ထိုအချိန်မှစ၍ ယောကျ်ားများကို အသည်းထဲမှ စူးနင့်အောင် ပြင်းရှလှသော မုန်းတီးစိတ်ဖြင့် တစ်ချိန်ကျလျှင် ယောကျ်ားများစွာကို ရက်စက်သော စွန့်ပစ်ခြင်းဖြင့် တုံ့ပြန်အသည်းခွဲနိုင်သောသူ, ကိုယ်ခံစားရသကဲ့သို့ ကလဲ့စားချေနိုင်သောသူ ဖြစ်ရပါစေလို့ ကျိန်ဆိုမိလေသည်။

ပြီးတော့ . . .

ထွန်းသည် ယောကျ်ားတွေထက် အစစအရာရာ သာနိုင်သောသူတစ်ယောက်ဖြစ်အောင် အပြင်းအထန် ကြိုးစားခဲ့သည်။

ဖေဖေ့ရဲ့ကုမ္ပဏီကို ဖေဖေနှင့်အတူ တွဲပြီးအုပ်ချုပ်ရင်း နောက်ပိုင်းမှာ ပိုပြီးအောင်မြင်တိုးတက်အောင် ကြိုးစားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကပင် ဖွင့်ဟချီးကျူးသည့်အထိ။

''ငါ့သမီးက ငါ့ထက်တောင် ပိုလက်စောင်းထက်တယ် ဟေ့၊ သားတစ်ယောက်ထက် ပိုအားကိုးရတဲ့သမီးပဲ၊ ငါတော့ ငါ့သမီးကို ခုနေ သေရမယ်ဆိုရင်တောင် စိတ်ချတယ်''

ဖေဖေသည် စကားနောက် တရားပါသည့်ပင်။

ထွင့်ကို ကုမ္ပဏီမှာ အစစအရာရာ မျက်နှာလွှဲရပြီမို့ ဖေဖေနှင့်မေမေသည် ဆွေမျိုးတွေရှိရာနယ်သို့သွားရင်း လမ်းမှာ ကားမှောက်ပြီး ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

တစ်ဦးတည်းသော သမီးဖြစ်သောထွင့်သည် လောက အလယ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်။

သို့သော် ...

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားသော ထွင့်သည် ကြေကွဲသော်လည်း အားငယ်မနေခဲ့ပါ။

ဖေဖေနှင့်မေမေအတွက် ရည်လည်ဆွမ်းကျွေးပြီးသည် နှင့် မျက်ရည်များကိုသိမ်းကာ ခြံဝ၌ စာလုံးနီကြီးများဖြင့် ထင် ရှားသော ဆိုင်းဘုတ်တစ်ခုကို ချိတ်ဆွဲခဲ့သည်။

[ယောက်ျားမဝင်ရ။]



## အခန်း (၁၆)

ဖေဖေနှင့်မေမေ မရှိတော့သဖြင့် အထီးကျန် နေခဲ့သော ထွင့်ဘဝသည် တစ်နေ့မှာတော့ ဆန်းကြယ်လှသော အလှည့်အပြောင်းတစ်ခုနှင့် ကြုံတွေ့ခဲ့ရပါသည်။

ထိုအလှည့်အပြောင်းကတော့ လှပသောကံကောင်းခြင်း တစ်ခုဟု ထွင့်က တင်စားချင်ပါသည်။

တစ်ရက်တွင် ...

အမျိုးသမီးဒရိုင်ဘာမောင်းသည့်ကားကိုစီးပြီး ထွင့် ကုမ္ပဏီသို့အသွား လမ်းထိပ်၌ လူအုံနေသည်ကို တွေ့လိုက်ရ သည်။

''သောင်းသောင်း ... ဟိုမှာ လူတွေအုံနေပါလား၊ ဘာ ဖြစ်တာလည်း မသိဘူး၊ ကား ခဏရပ်စမ်း''

ထွင့်သည် ဒရိုင်ဘာကို ကားရပ်ခိုင်းလိုက်ပြီး မှန်တံခါး



www.burmeseclassic.com

www.burmeseclassic.com



ကို လျှော့ချကာ နားစွင့်လိုက်မိသည်။

"ဖြူဖြူဖွေးဖွေးကလေး ... နော်"

"အေးဟယ် ... ချစ်စရာလေး"

"ဒီအရွယ်ကလေးကို စွန့်ပစ်ရက်တယ်နော်၊ ဘယ်လို မိဘတွေလည်း မသိဘူး"

"ရက်စက်လိုက်ကြတာ"

ထွင့်သည် တစ်စွန်းတစ်စ ကြားရသည့်စကားတွေကြောင့် စိတ်ဝင်စားသွားမိသည်။

"ကလေးပစ်ထားတာ ထင်တယ်၊ သောင်းသောင်း သွားစုံစမ်းကြည့်စမ်း၊ အဲဒီကလေးက ယောကျ်ားလေးလား, မိန်းကလေးလားလို့"

ထွင့်သည် သောင်းသောင်းကို စိတ်ဝင်တစား သွားစုံစမ်းစေလိုက်သည်။

သောင်းသောင်းမှာ ဝိုင်းအုံနေသောလူတွေကို ကလေးနှင့် ပတ်သက်တာ စုံစမ်းမေးမြန်းကြည့်ပြီးလျှင် ချက်ချင်း ထွင့်ဆီ ပြေးလာပြီး ပြန်ပြောလေသည်။

"မိန်းကလေးတဲ့ မမထွင့်ရေ၊ ချစ်စရာလေး ဖွေးအိနေတာပဲ၊ ရုပ်ကလေးက သန့်သန့်ကလေး"

"ဟုတ်လား ... သွားယူလာခဲ့စမ်း၊ မြန်မြန်သွား"

ထွင့်သည် ဘာကြောင့်မှန်းမသိ မိန်းကလေးရယ်လို့ ကြားလိုက်ရသည်နှင့် ကလေးကို တွေ့ချင်လာခဲ့မိသည်။





သောင်းသောင်းသည် ဝိုင်းအုံကြည့်နေသော လူကြားထဲ တိုးဝင်ကာ ကလေးကိုပွေ့ချီပြီး ထွင့်ဆီ အမြန်ပြန်လာခဲ့သည်။

"ပေး ... ပေး ... ကလေး အစ်မကိုပေး"

ထွင့်သည် သောင်းသောင်းလက်ထဲမှနေ ကလေးကို လွှဲပြောင်းယူလိုက်သည်။

အနီးဖြူဖြူကလေးထဲမှ ကလေးငယ်မှာ မျက်လုံးလေး ကလယ်ကလယ်နှင့်။

မျက်သားပြာပြာကလေးနောက်ခံလျက် မျက်နက်ဝန်းကလေးများက တောက်ပလျက်ရှိသော နှုတ်ခမ်းရဲရဲကလေးနှင့် ဖြစ်သော ဖြူစင်လှသည့် ကလေးငယ်ကို ထွင့်သည် မြင်မြင်ချင်းပင် ချစ်သွားခဲ့ရသည်။

ဘယ်ဘဝက ရေစက်ပါလိမ့်။

ဒီလောက် ချစ်စရာကောင်းသည့်ကလေးငယ်ကို ဘယ်လိုမာကျောရက်စက်သည့် နှလုံးသားနှင့်များ စွန့်ပစ်ရက်ကြပါလိမ့်ကွယ်။

သနားစရာကောင်းလိုက်တဲ့ ကလေး။

ထွင့်သည် ကလေးငယ်ကို ရင်ခွင်ထဲ၌ တစိမ့်စိမ့်ငုံ့ကြည့်နေမိရင်းမှ သနားစိတ်, ချစ်ခင်စိတ်နှင့်အတူ တခြားသော အကြံအစည်တစ်ခုလည်း ဝင်ရောက်လာခဲ့သည်။

ထွင့်က ဆုံးဖြတ်ချက်တစ်ခုကို လျှပ်တစ်ပြက်အတွင်း နိုင်မာစွာ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သောင်းသောင်းရေ ကုမ္ပဏီမသွားသေးနဲ့ဦး၊ ရပ်ကွက်ရုံးကို အရင်မောင်း"

"ဟင် ... ဘာလုပ်မလို့လဲ မမထွဋ်ရဲ့"

သောင်းသောင်းမှာ နားမလည်နိုင်သလို ပြန်မေးသည်။

"ဒီကလေးကို အစ်မ အမွေစား အမွေခံသမီးအဖြစ် မွေးစားမလို့လေ"

"ရှင်"

❁

အဲ့ဒီအချိန်ကစပြီး ယောကျ်ားတွေကို အသည်းခိုက်အောင် မုန်းတီးသောထွဋ်သည် အိမ်ထောင်မကျဖူးပါဘဲလျက် သမီးတစ်ယောက် ရရှိခဲ့သည်။

လမ်းပေါ်မှ ကောက်ရကာ မွေးစားခဲ့ပေမယ့်လည်း သမီးကလေးကို ရင်မှမွေးသော သမီးအရင်းလို ထွဋ် ချစ်မြတ်နိုးခဲ့ရသည်။

သမီးအတွက် အလှပဆုံးနင့် အနူးညံ့ဆုံးဖြစ်မည့် နာမည်ကလေးတစ်ခုကို ထွဋ်ကိုယ်တိုင် ရွေးချယ်ပေးခဲ့သည်။

နေရဋ္ဌရာ ...

သီရိဘုန်းထွဋ်ရဲ့သမီး နေရဋ္ဌရာ။





ထွဋ်သည် သမီးကလေးကို "နေနေ ... နေနေ" နှင့် ပါးစပ်ဖျားမှ မချနိုင်။

မွေးကင်းစအရွယ်မှနေ အိပ်ရေးပျက်ခံကာ ကရိကထခံကာ ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။

ဘာဖြစ်ဖြစ် သမီးလိုချင်တာဆို နှစ်ခါမပူဆာစေရ။

ရုပ်ရည်သန့်သော သမီးကလေးမှာ ထွဋ်ရဲ့ပြည့်စုံသော အရိပ်အောက်၌ တသွေးတမွေးဖြစ်ခဲ့ရသည်မို့ ဘယ်သူကမှ မွေးစားသမီးလို့ မထင်နိုင်။

ကျောင်းနေသည့် အရွယ်မှာလည်း သူတကာကလေးတွေထက် သမီးက အစစအရာရာ သာနေခဲ့သည်။

ပြီးတော့ ...

သီရိဘုန်းထွဋ်ရဲ့သမီးပီသစွာ သမီးကလေးက ရုပ်ကလေးလှသလို ဉာဏ်လည်း ထက်မြက်ကာ သွက်လက်ပါးနပ်သည်။

နှစ်စဉ်နှစ်တိုင်း ပထမနေရာဆိုတာ နေရဋ္ဌရာအတွက်သာ ဖြစ်နေခဲ့သည်။

"မေမေ ... နေ ဒီနှစ်လည်း ပထမရတယ်"

သမီးလေးက ခုန်ပေါက်ပြေးဝင်လာခဲ့ပြီး ပြောလျှင် ထွဋ်သည် ဆီးကြိုပွေ့ချီလိုက်ကာ ...

"ဟုတ်လား၊ မေမေ့သမီးလေးက တော်လိုက်တာကွာ၊ မေမေက ဆုချရမှပေါ့၊ ပြော ... သမီးလေး ဘာလိုချင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ပြော''

ထွင့်မေးလိုက်လျှင် ပူဆာချင်တာကို အသင့်စဉ်းစားပြီး သားဖြစ်သည့် သမီးအလည်ကလေးက ချက်ချင်းပင်။

''ခွေးစုတ်ဖွားလေး လိုချင်တယ်၊ ဝယ်ပေးနော် မေမေ''

''ခွေးစုတ်ဖွားလေး လိုချင်တယ် ဟုတ်လား''

ခွေးတွေ၊ ကြောင်တွေကို ချစ်လည်း မချစ်တတ်၊ မျက်စိရှုပ်သည်လည်းထင်သော ထွင့်သည် အနည်းငယ် အင်တင်တင်ဖြစ်သွားမိလျှင် ...

''ဝယ်ပေးပါ မေမေရယ်၊ သမီးမှာ ဆော့စရာအဖော်မရှိလို့ပါ၊ သမီးက မေမေ့စကား နားထောင်တယ်၊ လိမ္မာတယ်လေ၊ စာလည်း ကြိုးစားတယ်လေ ... နော် ... မေမေ''

''အံမယ်လေး ... အံမယ်လေး ... စကားကလည်း တတ်လိုက်တာနော်''

သားအမိနှစ်ယောက် ပြောနေသည်ကို ဘေးမှနေ ကြားသောမယဉ်မှာ မနေနိုင်ဘဲ ဝင်ပြောမိတော့သည်။

''ကဲ ... ဒါဆို မေမေသင်ပေးထားတာကို ပြန်ပြောပြပါဦး''

ထွင့်က သမီးကို မျက်နှာတည်လိုက်ကာ မေးလိုက်သည်။ သမီးသည် ချက်ချင်းပင် လက်ကလေးပိုက်လျက် ...

''ယောက်ျားလေးတွေနဲ့ မပေါင်းရဘူး''

''ပြီးတော့ရော''





''ယောက်ျားတွေကို မုန်းရမယ်၊ ယောက်ျားတွေက သိပ်မုန်းစရာကောင်းတယ်''

''ဟုတ်ပြီ ... တော်တယ်၊ မေမေ မကြိုက်တာ သမီးသိတယ်နော်၊ မေမေ့စကား နားထောင်ရမယ်နော်''

''ဟုတ် ... သမီး ကျောင်းမှာ ယောက်ျားလေးတွေနဲ့ စကားမပြောဘူး''

''လိမ္မာတယ် ... ကဲ မယဉ်ရေ''

''ရှင် ... မမထွင့်''

''သောင်းသောင်းကို သွားပြောချေ၊ ကားထုတ်ထား''

မမထွင့်အကြောင်းကိုသိပြီးသား မယဉ်က ပြုံးစိစိဖြင့် ပြန်မေးသည်။

''ဘယ်သွားမလို့လဲ မမထွင့်ရဲ့''

''ဘယ်သွားရမှာလဲ ... သမီးကို ခွေးစုတ်ဖွားလေး သွားဝယ်ပေးမလို့ပေါ့ ... ဟုတ်တယ်နော် မေမေ''

သွက်လက်စွာ ဝင်ဖြေသူက နေနေ။ ခေါင်းညိတ်ပြီး ပြုံးပျော်ကျေနပ်သူက ထွင့်။ ဒီသမီးလေး လိုချင်တာ ဘာမဆို ဖြစ်စေရမည်လေ။

''မမထွင့်သမီးက သိပ်လည်တာပဲ၊ ဘာမှမဟုတ်ဘူး၊ အမေကို ညာစားနေတာ''

မယဉ် ချစ်စနိုး မျက်စောင်းဝင့်ရင်း ပြောသည်။

''ညာစားပါစေ မယဉ်ရယ်၊ ကျွန်မမှာ ဒီသမီးပဲ ညာ



www.burmeseclassic.com

www.burmeseclassic.com



စားမယ့်သူရှိတာ …ဟင်း ဟင်း''

ထွန်းကတော့ သမီးဖြစ်သူရဲ့ချစ်စရာကောင်းလှသော မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ကာ ချစ်မဆုံး။

❁

နေသည် ဖြူလေးလို့အမည်ပေးထားသည့် တယ်ရီယာခွေးမလေးရောက်လာခဲ့သည့်အချိန်ကစပြီး တစ်နေ့တစ်နေ့ ဖြူလေးနှင့်သာ အချိန်ကုန်ခဲ့ရသည်။

ညနေဆို ဖြူလေး အညောင်းမိမှာစိုးလို့ လမ်းထွက်လျှောက်ပေးရသည်မှာ အမော။

နေကဲ့သို့ပင် အဖော်မရှိရှာသော ဖြူလေးမှာ အပြင်ထွက်ရင်း ခွေးထီးလေးတစ်ကောင်နှင့် ဆော့ကစားတာ ခင်မင်သွားတော့သည်။

ထိုခွေးထီးလေးမှာ ဖြူလေးကိုခင်ကာ နေတို့အိမ်ပြန်လျှင် နောက်မှ တကောက်ကောက်လိုက်လာခဲ့သည်။

''ဟိတ် …ပြန်တော့လေ နင် ဒီခြံထဲဝင်လို့မရဘူး၊ ဟိုမှာတွေ့လား ယောကျ်ားမဝင်ရ …တဲ့ စာရေးထားတယ်''

နေသည် ခွေးထီးလေးကို ရှုတ်နောက်နောက်ပြောရင်း နှင်ထုတ်ဖို့ ကြိုးစားသည်။





သို့သော် မရ။

ခွေးလေးမှာ အတင်းတွယ်ကပ်ပြီး နေတို့ခြံထဲဝင်လျှင် လိုက်ဝင်လာခဲ့သည်။

နေသည် ခွေးလေးကိုကြည့်ကာ သနားပြီး ထပ်မောင်း မထုတ်ရက်တော့။

''ဟဲ့ …ဒါ ဘယ်ကခွေးလဲ နေနေ၊ အံမယ်လေး အထီးလေးပါလား၊ မောင်းထုတ်လေ ကလေးရဲ့၊ ခြံထဲ ဘာလို့ သွင်းရတာလဲ၊ သမီးအမေသိရင် မိုးမီးလောင်မယ်''

ဒေါ်ကြီးက တွေ့လျှင် ကြောက်လန့်တကြားပြောသည်။

''နေပါစေ ဒေါ်ကြီးရယ်၊ သနားပါတယ်၊ သူ့ခမျာ ဖြူလေးကိုခင်လို့ လိုက်လာတာ၊ ဖြူလေးမှာလည်း အဖော်ရှိတာ မဟုတ်ဘူး၊ မေမေမှ ပြန်မလာသေးတာ၊ ခဏလောက်ဆော့ပါစေ၊ မေမေ ပြန်လာခါနီးရင် နေ မောင်းထုတ်ပါ့မယ် ..နော်''

နေ တောင်းတောင်းပန်ပန်လေး ချွဲနွဲ့ပြောတော့ ဒေါ်ယဉ်မှာ နေ့ကိုရော မြူးထူးဆော့ကစားနေသည့် ခွေးလေးနှစ်ကောင်ကိုရော သနားကာ မပြောရက်တော့။

သို့သော် …

ကံဆိုးလှစွာပင် မေမေက စောစီးစွာ အိမ်ပြန်ရောက်လာခဲ့သည်။

''ဟယ် …ကလေးရေ သမီးအမေ ပြန်လာပြီ၊ ဒုက္ခတွေတော့ဖြစ်တော့မှာပဲ၊ ခွေးလေးကို အမြန်မောင်းထုတ်တော့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ် သတိပေးသော်လည်း နောက်ကျသွားခဲ့ပြီ။

ကားပေါ်မှ မျက်မှောင်ကြုတ်ပြီး ဆင်းလာခဲ့သော မေမေ့ကို နေသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ရင်မဆိုင်ရဲတော့။

"ဟဲ့ ... ခွေးက ဘယ်လိုလုပ်ပြီး နှစ်ကောင်ဖြစ်နေရတာလဲ၊ ဟဲ့ ... ကြည့်စမ်း ဒီ ... ဒီခွေးက"

နေသည် ရုတ်တရက်ကြီး ဒေါသတကြီး ခက်ထန်သွားခဲ့သော မေမေ့ရဲ့ကြောက်စရာကောင်းလှသည့် ရုပ်သွင်ကို တစ်သက်မမေ့နိုင်တော့။

"မိနေ"

မေမေက လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း နေ့ကို အကျယ်ကြီး အော်ခေါ်လေလျှင် နေသည် ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်သွားရသည်။

"နင့်ကိုငါ ဘာမှာထားသလဲ၊ ဒီခြံထဲကို ဘာအထီးမှ မဝင်စေရဘူး ... လို့ မှာထားတယ်မဟုတ်လား။ နင်က လူလေး လက်တောက်လောက်နဲ့ ငါ့ကို အာခံတာပေါ့လေ .. ဟုတ်လား၊ လာစမ်း ... လာခဲ့စမ်း"

မေမေသည် နေ့ကို အိမ်ထဲ တရွတ်တိုက်ဆွဲခေါ်တော့ ဘယ်သူမှ ဝင်ဆွဲ၍မရနိုင်အောင် အခန်းထဲ၌ တံခါးပိတ်ပြီး ကျာပွတ်ဖြင့် စိတ်ရှိလက်ရှိ ရိုက်နှက်လေတော့သည်။

"ငါ့စကားကို အာခံဦးမလား"

'ရှမ်း'





"အား ... ကြောက်ပါပြီမေမေရဲ့၊ အာမခံတော့ပါဘူး"

"နောက်ကို ငါမကြိုက်တာ လုပ်ဦးမလား"

'ရှမ်း'

"မလုပ် ... မလုပ်တော့ပါဘူး ... အဟင့်ဟင့်"

မေမေသည် တစ်ခွန်းမေးရင်း ရိုက်ရင်း နေ့ခန္ဓာကိုယ် တစ်ခုလုံး၌ အရိုးရာတွေ ထပ်ခဲ့ရသည်။

"မှတ်ထား ... ယောကျ်ားဆိုရင် မုန်းရတယ်၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် အထီးဆိုရင် မုန်းရမယ် ... ကြားလား"

"ဟုတ်၊ ဟုတ်ကဲ့ပါ ... ကြားပါတယ်၊ သ ... သမီး မှတ်ထားပါ့မယ်"

"အေး ... ကြားရင် ညည်းခေါင်းထဲ စွဲသွားအောင် အကြိမ်တစ်ရာပြည့်တဲ့အထိ အဲ့ဒီစကားကို ရွတ်နေစမ်း"

နေ့မှာ ဒဏ်ရာတွေနှင့် မလှုပ်နိုင်အောင် နာကျင်နေသည့်ကြားမှ မေမေခိုင်းသည့်အတိုင်း ထိုစကားကို မျက်ရည်များ သုတ်ရင်း၊ ရှိုက်ရင်း အကြိမ်တစ်ရာပြည့်တဲ့အထိ ရေရွတ်ခဲ့ရသည်။

**ယောကျ်ားဆိုရင် မုန်းရမယ်။**

**လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် အထီးဆိုရင် မုန်းရမယ်။**

ကြောက်စရာကောင်းလွန်းလှသော မေမေ့ရုပ်သွင်ကို နေတစ်သက်၌မမေ့။



www.burmeseclassic.com

www.burmeseclassic.com



အရှိုးရာထပ်အောင် ရခဲ့သောဒဏ်ရာတွေကိုလည်း တစ်သက်မမေ့။

ထို့အတူ . . .

အကြိမ်တစ်ရာတိတိ ရေရွတ်ခဲ့ရသော စကားတစ်ခွန်းသည်လည်း နေ့နှလုံးသားသည်းပွတ်ထဲမှာ သံမှိုနှက်ထားသလို စူးနစ်စွဲမြဲလို့နေခဲ့သည်။

ယောက်ျားဆိုရင် မုန်းရမယ်။

❁

"သမီး . . . မေမေသင်ပေးထားတာ မှတ်မိသေးရဲ့လား . . . ပြန်ရွတ်ပြပါဦး"

မေမေက နေ့ကို တစိမ့်စိမ့်ကြည့်လျက်က မေးသည်။

နေသည် စတော်ဘယ်ရီရောင် နှုတ်ခမ်းပါးလေးများကို စိုလက်သွားအောင် ဆေးရောင်တင်ပြီးလျှင် မေမေ့ကို လှည့်ကြည့်ကာ ပြုံးသည်။

"မေမေရယ် . . . မေမေ့သမီးက တက္ကသိုလ်ကျောင်းသူဖြစ်နေပါပြီနော်"

နေ မေမေ့ကို မူနွဲ့နွဲ့ကလေးပြောသည်။ ဒေါ်သီရိဘုန်းထွဋ်မှ အလှသွေးကြွယ်လာသည့်သမီးကို မြတ်နိုးစွာကြည့်ရင်းက—





"ဘာလဲ စီးပွားရေးတက္ကသိုလ်ကျောင်းသူကြီးဖြစ်လာတာနဲ့ မေမေ့စကား နားမထောင်ချင်တော့ဘူးပေါ့လေ . . . ဟုတ်လား"

မေမေ ခနဲ့စကားလေးကြောင့် နေ ဆတ်ခနဲထ,ရပ်လိုက်သည်။

ထို့နောက် . . . လက်ကလေးပိုက်ကာ အသံတစာစာကလေးဖြင့် . . .

"ယောက်ျားဆိုရင် မုန်းရမယ်၊ အရမ်းကိုမုန်းရမယ်၊ ရင်ထဲက ခါးခါးသီးသီးကို မုန်းရမယ်"

ဒေါ်သီရိဘုန်းထွဋ်မှ ကျေနပ်စွာ ပြုံးလိုက်သည်။ နေက ဆက်ပြောသည်။

"စိတ်ချပါ မေမေရယ်၊ ငယ်ငယ်လေးကတည်းက မေမေ ရိုက်သွင်းပေးခဲ့လို့ ယောက်ျားတွေကို သတ္တဝါတွေကို မုန်းတဲ့စိတ်က သမီးမှာ အရိုးစွဲနေပါပြီ"

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော နေ့စကားကြောင့် ဒေါ်သီရိဘုန်းထွဋ်မှ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဟုတ်ပါပြီ၊ အရင်တုန်းက အင်း . . . သမီးငယ်ငယ်တုန်းက မေမေ အဲ့ဒီလို ရိုက်သွင်းပေးခဲ့တယ်၊ ဒါပေမဲ့ အခု သမီးက အရွယ်ရောက်လာပြီ၊ အဲ့ဒီတော့ . . ."

ဒေါ်သီရိဘုန်းထွဋ်မှ ချက်ချင်းစကားမဆက်။ သမီးဖြစ်သူကို အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစားနားထောင်နေသည်ကို တွေ့လိုက်ရတော့မှ . . .

''အခုအချိန်ကစပြီး ငါ့သမီးက ယောကျ်ားတွေကို ချစ်ရတော့မယ်''

''ရှင် . . . မေမေ''

နေ မျက်လုံးကလေးပြူးကာ အထိတ်တလန့် ဖြစ်သွားရသည်။

''ဟင့်အင်း . . . မေမေ၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ သမီး ယောကျ်ားတွေကို မုန်းတယ်၊ သမီး ယောကျ်ားတွေကို မချစ်နိုင်ဘူး''

နေ ခါးခါးသီးသီး ပြန်ပြောလိုက်လျှင် ဒေါ်သီရိဘုန်းထွဋ် နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်။

''ဟား ဟား ဟား . . . နေပါဦး သမီးရဲ့ မေမေပြောတာ စကားမဆုံးသေးပါဘူး နားထောင်ပါဦး၊ သမီး ယောကျ်ားလေးတွေကို ချစ်ရမယ်ဆိုတာ မေမေက တကယ်ချစ်ခိုင်းတာမဟုတ်ပါဘူး''

''ဟင် . . . ဒါဆို''

''ချစ်ဟန်ဆောင်ရမှာ''

''မေမေ''

နေ အထိတ်တလန့် အော်မိပြန်သည်။ မေမေက နေ့ကိုလက်ကာပြကာ . . .





''သမီးကို မေမေ့ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ခါးခါးသီးသီး အစွန့်ပစ်ခံခဲ့ရတဲ့အကြောင်းကို ပြောပြခဲ့ဖူးတယ်နော်''

မေမေ့မျက်နှာမှာ ချက်ချင်းပင် နာကျင်မုန်းတီးရိပ်တွေ၊ ကြေကွဲရိပ်တွေ ထင်ဟပ်လို့ လာခဲ့သည်။

နေသည် မေမေ့မျက်နှာကို စိုက်ကြည့်ရင်း စိတ်တွေရှုပ်ထွေးလို့ လာခဲ့ရသည်။

''ယောကျ်ားတစ်ယောက်ကြောင့် မေမေ အရှက်တကွဲဖြစ်ခဲ့ရတယ်၊ ရှုံးနိမ့်ခဲ့ရတယ်၊ ကြေကွဲခဲ့ရတယ်၊ နာကျင်ခဲ့ရတယ် . . .၊

မေမေရဲ့ခံစားချက်တွေကို သမီး စာနာနိုင်တယ်ဆိုရင် မေမေ့ကို တကယ်ချစ်တယ်ဆိုရင် မေမေ့ကို သမီးတစ်ခုကူညီပါ''

''ဘာလဲဟင် မေမေ ပြောလေ''

''မေမေ့ကိုယ်စား သမီးယောကျ်ားတွေကို ရက်ရက်စက်စက် အသည်းပြန်ခွဲပေးပါ''

''ရှင်''

မေမေ့တောင်းဆိုချက်ကြောင့် နေ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရသည်။

''စွန့်ပစ်ခဲ့ရတဲ့ ခံစားချက်ကို ယောကျ်ားဆိုတဲ့သတ္တဝါတွေ နားလည်သွားအောင် သမီးက မေမေ့ကိုယ်စား သင်ခန်းစာ



www.burmeseclassic.com

www.burmeseclassic.com



ပေး,ပေးပါ ….။

ယောကျ်ားတွေကို မေမေ့ကိုယ်စား ကလဲ့စားချေပေးစမ်းပါ သမီးရယ် … နော်''

''မေမေ သမီး''

နေသည် မေမေ့တောင်းဆိုသည့်ကိစ္စအတွက် စိတ်ရှုပ်ထွေးနောက်ကျိလာခဲ့သည်။

မလိုက်လျောချင်။ မေမေ့ခံစားချက်တွေကို စာနာသနားမိသော်လည်း ဒီကိစ္စကိုဖြင့် မလိုက်လျောချင်။

နေသည် ယောကျ်ားတွေကို စိတ်မဝင်စားသူတစ်ယောက်ဖြစ်သည်။

နေ မေမေ့ကို ငြင်းဆန်ဖို့ ကြိုးစားသော်လည်း မေမေက လက်မခံပါ။

''သမီး အနီးဖြူဖြူလေးထဲမှာ နေရတဲ့ဘဝကနေ ဒီအရွယ်အထိ သမီးပူဆာတာမှန်သမျှ သမီးဆန္ဒအားလုံးကို မေမေ အလိုလိုက်ခဲ့ပါတယ် …။

မေမေ့ဘက်က တစ်သက်မှာ ဒီတစ်ခုပဲ သမီးကို တောင်းဆိုပါ့မယ်၊ မေမေ့ဆန္ဒကို လိုက်လျောပေးပါ''

နေ့၌ ပြန်ပြောစရာစကား မရှိတော့ပြီ။ မေမေကတော့ နေ တိတ်ဆိတ်သွားခဲ့လျှင် လောကအကြောင်း ဘာမှနားမလည် မသိတတ်သေးသည့် ပကတိဖြစ်သော နေ့မျက်လုံးများကို စူးရှစွာ စိုက်ကြည့်လျက် စိတ်ညို့တတ်သူတစ်ယောက်လို တစ်လုံးချင်း





တစ်ခွန်းချင်း ပြောနေခဲ့သည်။

''မေမေ့သမီးလေးက သိပ်လှတယ်၊ သမီး မျက်လွှာကလေးတစ်ချက်ဝင့်ကြည့်လိုက်တာနဲ့ ယောကျ်ားဆိုတဲ့သတ္တဝါတွေဟာ ငိုက်ခနဲ ကြွေဆင်းသွားမှာ သေချာတယ် …။

အဲ့ဒီအခါကျရင်သာ သမီးလေးက ချစ်ဟန်ဆောင်လိုက်၊ သမီးရဲ့အချစ်ကိုရလို့ အရူးအမူးဖြစ်နေပါပြီ၊ မတွေ့ရမနေနိုင်တော့ပါဘူးဆိုတဲ့ အချိန်ကျရင် မေမေ့ဆီ ခေါ်လာလိုက်ခဲ့''

''မေမေ့ဆီ ခေါ်လာခဲ့ပြီးရင် …''

''မေမေ့ဆီခေါ်လာခဲ့ပြီးရင် သမီးနဲ့မေမေ နှစ်ယောက်ပေါင်းပြီး အဲ့ဒီအရူးအမူးဖြစ်နေရပါပြီဆိုတဲ့ ယောကျ်ားကို ရက်ရက်စက်စက် အသည်းခွဲပြီး ဒီအိမ်ထဲကနေ မောင်းထုတ်ကြတာပေါ့ သမီးရဲ့၊ ဒါ … မေမေနဲ့သမီးတို့ရဲ့ အောင်ပွဲပေါ့၊ မဟုတ်ဘူးလားဟင် သမီး၊ မေမေက ခုကတည်းက ကြိုပျော်နေပြီ သမီးရဲ့ … ဟင်း ဟင်း ,ဟင်း''

နေသည် နာကျင်ကြေကွဲသောမျက်နှာဖြင့် တဟင်းဟင်း ရယ်မောနေသောမေမေ့ကိုကြည့်ပြီး ရင်ထဲဆို့နင့်လာမိသည်။

မေမေ့ရဲ့စူးရဲသောမျက်ဝန်းတွေမှာ စိုလက်နေကြသည်။ စိတ်ညို့ထားခြင်းခံရသောသူတစ်ယောက်လို နေသည် မေမေ့မျက်လုံးတွေကို ရီဝေစွာ ငေးမောလျက်က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

''လုပ်မယ် မေမေ၊ ယောကျ်ားတွေကို နေ အသည်းခွဲ



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''နေနေ''

''မေမေ့အတွက် ယောကျ်ားတွေကို နေ ကလဲ့စားချေပြီမယ်၊ မေမေ ပျော်စေရမယ် သိလား၊ နေ ကတိပေးတယ်''

''အိုး ... လိမ္မာလိုက်တာ၊ ဒါမှ မေမေ့သမီး မွေးရကျိုးနပ်လိုက်တဲ့ သမီးကလေး''

မွေးရကျိုးနပ်လိုက်တဲ့သမီး ... တဲ့။ နေသည် မေမေ့ရင်နှင့်လွယ်မွေးခဲ့ရကျိုးနပ်အောင် မေမေ့ကို ကျေးဇူးဆပ်ချင်သည်လေ။

မေမေ့ဘက်က ပေးဆပ်ခဲ့သမျှ ကျေးဇူးတွေအတွက် နေက မေမေ့ရဲ့ဆန္ဒတစ်ခုကို ပြန်ပြီးဖြည့်စွမ်းပေးရမည်။

နေက ဒေါ်သီရိဘုန်းထွဋ်ရဲ့သမီးသာ ဖြစ်သည်။

မေမေ့ရဲ့ဆန္ဒသည် နေ့ရဲ့ဘဝဖြစ်သည်။



## အခန်း (၁၇)

''အဲ့ဒါပဲ မောင်၊ နေဟာ မေမေ့ရဲ့ဆန္ဒတစ်ခုအတွက် နေ့ဘဝကို မေမေစေခိုင်းတဲ့အတိုင်း ဖြစ်စေခဲ့တယ်''

နေသည် မောင်သိလိုသမျှဇာတ်ကြောင်းကို ရှည်လျားစွာ ပြောပြနေမိသည်။

''နေ .. ယောကျ်ားတွေကို တစ်ယောက်ပြီးတစ်ယောက် ချစ်ဟန်ဆောင်ခဲ့တယ်၊ မာယာနဲ့ လှည့်ဖြားခဲ့တယ်၊ ရက်ရက်စက်စက် အသည်းခွဲခဲ့တယ်၊ ပြီးတော့ မေမေနဲ့အတူ ဟားတိုက်ရယ်မောပြီး အောင်ပွဲခံခဲ့တယ်''

နေသည် နောင်တရခဲ့ပြီဖြစ်သော မှန်ရိုဝှေ့သီသည့် မျက်ဝန်းများနှင့် အဝေးသို့ငေးရင်း ပြောနေမိခြင်း ဖြစ်သည်။

''ခုတော့ နေ ဝဋ်လည်တာပဲ မောင်၊ နေ တကယ်ချစ်တဲ့မောင်နဲ့ တွေ့ရတဲ့အခါကျတော့ နေတို့နှစ်ယောက်ရဲ့ကံကြမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ခါးသီးခဲ့ရတယ် ...၊

နေ မေမေခိုင်းသလို မာယာနဲ့ လှည့်ဖြားပြီး မောင့်ကို အသည်းမခဲနိုင်ဘူး၊ နေ မောင့်ကို တကယ်ချစ်မိသွားခဲ့တာ''

နေသည် ရစ်ဝဲတက်လာသော မျက်ရည်များကို မျက်တောင်တဖျပ်ဖျပ်ခတ်ကာ တားဆီးရင်း စကားကို အဆုံးသတ်လိုက်မိသည်။

''မငိုပါနဲ့ နေရယ်၊ နေနဲ့မောင် မဝေးရပါဘူး၊ မောင်ယောကျ်ားမဝင်ရ ... ဆိုတဲ့ ခြံထဲထိတောင် ရောက်အောင်လာခဲ့နိုင်ပြီပဲ၊ မောင်နဲ့နေ နီးရအောင် မောင် အစွမ်းကုန်ကြိုးစားမှာပါ''

သခ်ယာသည် နေ့လက်ဖဝါးလေးကိုဆုပ်ညှစ်ကာ အားပေးလိုက်သည်။ သို့သော် ...

သူ့မျက်လုံးတွေကတော့ တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေမိသလို အဝေးဆီသို့ ငေးရီနေမိသည်။

နှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် ငေးရီငြိမ်သက်နေမိကြလေသည်။

သူတို့နှစ်ယောက်ကို အိမ်ကြီးထဲမှ စူးရဲစွာစိုက်ကြည့်နေသည့် မျက်လုံးတစ်စုံကို နှစ်ယောက်စလုံး သတိမပြုမိခဲ့ကြ။

ထိုမျက်လုံးတစ်စုံသည် သူတို့နှစ်ယောက်အတွက် တစ်ဆစ်ချိုး ကံကြမ္မာတစ်ရပ် ဖြစ်စေခဲ့သည်ဆိုတာကို ကြိုတင်သိမြင်နိုင်ခဲ့လျှင် ...။

❁





ဘာလဲ ...

အဲ့ဒါက ဘယ်လိုဖြစ်နေရတာလဲ။

ဒေါ်သီရိဘုန်းထွဋ်သည် မျက်စိရှေ့မှ မြင်ကွင်းကို စူးစူးရဲရဲစိုက်ကြည့်နေမိရင်း စိတ်ထဲ၌ တစ်မျိုးကြီး ဖြစ်လာသည်။

ဘာတွေလဲ ...

သမီးဖြစ်သူနှင့်လွမ်း ... ဆိုသည့် မာလီမိန်းကလေးနေပုံမှာ တရင်းတနှီး။

သမီးဖြစ်သူက ထိုမိန်းကလေးလက်ကို တယုတယကိုင်ကာ ဆေးထည့်ပေးနေသည်။

စကားတွေပြောနေသည်မှာလည်း အမျှင်မပြတ်နိုင်လှစွာ တရှည်တလျား။

ဘာတွေများ ဒီလောက်ကြာမြင့်အောင် ပြောနေကြတာလဲ။ ထိုမာလီမိန်းကလေးသည် ဘယ်သူလဲ။

ဘယ်သူလဲ။

ဒေါ်သီရိဘုန်းထွဋ်ရဲ့ရင်ထဲ သံသယမီးပွားက ဝုန်းခနဲထ,တောက်လေတော့သည်။

မည်းနက်နေအောင်ဆွဲထားသော အိုင်းလိုင်နာများ။

ထူပိန်းအောင် လိမ်းထားသော သနပ်ခါးများက ပုံမှန်မှဟုတ်ရဲ့လား။ ရှပ်ဖျက်ထားခြင်းများလား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

ယောက်ျားတစ်ယောက်ဆန်သော အရပ်အမောင်းနှင့် ထွားကျိုင်းသောကိုယ်ခန္ဓာ။

သူမရဲ့ဦးနှောက်ထဲ အန္တရာယ်အချက်ပေးသံများမှာ ဆူညံလို့သွားသည်။

နေရာမှ ချာခနဲလှည့်ထွက်လာခဲ့သည်။ ထို့နောက် ...

လွှမ်းဆိုသည့်မိန်းကလေးအတွက် ပေးထားသောအခန်းသို့ တစ်ဟုန်ထိုး ပြေးဝင်လိုက်မိသည်။

ဒါဟာ သူမအတွက် ပထမဆုံး စည်းကမ်းဖောက်ဖျက်မှုပင်။

ကိုယ်ပိုင်ဆိုင်သောအိမ်ဖြစ်ပေမယ့် ဘယ်သူ့အခန်းကိုမှ သူမ ဝင်ရောက်စွက်ဖက်ဖူးခြင်းမရှိ။

ခုတော့ မာလီမိန်းကလေးတစ်ယောက်ရဲ့အခန်းထဲကို ပူလောင်သောသံသယစိတ်ဖြင့် ဝင်ရောက်ခဲ့မိချေပြီ။

အခန်းထဲရောက်သည်နှင့် ...

အဝတ်အစားအိတ်ကို အမြန်ဆွဲဖွင့်လိုက်မိသည်။

''ဟင်''

ရေမြှုပ်တပ်ထားသည့် အမျိုးသမီးအတွင်းခံ အဝတ်အစားများ။

ဒါဆို ...

ထိုမိန်းကလေးရဲ့ခန္ဓာကိုယ် အချိုးအစားဟာ ...။





ရင်ထဲက သံသယမီးတောက်က တဟုန်းဟုန်းတောက်လောင်လာသည်။

မဟုတ်ဘူး။ တစ်ခုခုတော့ မှားယွင်းနေပြီ။

သွက်လက်မြန်ဆန်သောလက်ချောင်းများက အိတ်ရဲ့အောက်ခြေမှ ကတ်ပြားမာမာလေးတစ်ခုကို စမ်းသပ်လိုက်မိသည်။ သူမ လျင်မြန်စွာ ဆွဲထုတ်ကြည့်လိုက်လျှင် ...

အမည် - သခ်ယာ၊

ဖခင်အမည် ----

မွေးသက္ကရာဇ် ---

ကြည့်စမ်း ... သခ်ယာတဲ့။

ကဒ်ပြားပေါ်မှ ကျန်စာလုံးများကို သူမ မျက်ဝန်းများက ဆက်ပြီး မမြင်နိုင်တော့။

ဒေါသသည် ဘာကိုမှမမြင်နိုင်အောင် ပိတ်ဖုံးလိုက်ပြီ။

အရူးတစ်ယောက်လို သူငယ်နှပ်စားတစ်ယောက်လို အားလုံးရဲ့ဝိုင်းပြီး ပိပိရိရိ အလှည့်စားခံလိုက်ရခြင်းအတွက် ရှက်စိတ်ကလည်း ဒေါသကို ပိုပြီး တွန်းအားပေးသည်။

တွေ့မယ်။ သီရိဘုန်းထွဋ်ဟာ ဘာလဲဆိုတာ သိစေရမယ်။

ဝုန်းခနဲ ထ,လိုက်သည်။ ဒေါသက ခန္ဓာကိုယ်ရှိသွေးကြောများအားလုံးထဲ၌ တဟုန်းဟုန်းတောက်လောင်နေသည်။

ခြေလှမ်းကျဲများက တစ်လောကလုံးကို မေ့လျော့စွာ



www.burmeseclassic.com

www.burmeseclassic.com



စကားခွန်းချို ဆိုနေလေသော ချစ်ကြွလွန်းသူနှစ်ယောက်ထံသို့။

"သခ်ယာ"

မာထန်ကြမ်းရှသောခေါ်သံက တစ်လုံးချင်း။

လွမ်းဆိုသော မာလီမိန်းကလေး သတိမေ့လျော့စွာ ချာခနဲ လှည့်ကြည့်၏။

"ရော့"

ကဒ်ပြားကို လူလိမ်ရဲ့ရင်ဘတ်ထဲ အငြိုးတကြီး ပစ်ပေါက်လိုက်၏။

"ဆက်လိမ်မနေနဲ့တော့"

ဆံပင်တုကိုပါ ဝုန်းခနဲ ဆွဲချွတ်ပစ်လိုက်၏။

"ငါ့ခြံထဲကို မိန်းမ,ယောင်ဆောင်ပြီး ဝင်ရဲတယ်ပေါ့ . . . ဟုတ်လား၊ ဟင် . . . လူလိမ်,လူညာ၊ ငါ့ကို အားလုံးဝိုင်းပြီး လိမ်ရဲကြတယ်ပေါ့ . . . ဟုတ်လား၊ နင်တို့အားလုံး လူလိမ်တွေ, လူလိမ်တွေ"

ဒေါ်သီရိဘုန်းထွဋ်က ဒေါသတကြီး ဟစ်အော်လေသည်။

နီရဲပေါက်ကွဲနေသော ဒေါ်သီရိဘုန်းထွဋ်ကိုကြည့်ကာ သခ်ယာမှာ ကြောင်အမ်းပြီး ကြက်သေ,သေနေမိသည်။

ဒေါ်သီရိဘုန်းထွဋ်ရဲ့ဒေါသကြီး ကြမ်းတမ်းပုံကို တစ်ခါမှ မမြင်ဖူးသည်မို့ သခ်ယာမှာ ပြောသမျှ, လုပ်သမျှကို ကြောင်ကြောင်ကြီး ငုံ့ခံနေမိသည်။

"သခ်ယာ . . . မင်းလောက် အရှက်မရှိတဲ့ယောကျ်ား





မျိုး, မျက်နှာပြောင်တိုက်တဲ့ယောကျ်ားမျိုး ငါ့တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘူး . . .၊

ဟင် . . . မင်း မရှက်ဘူးလား၊ ယောကျ်ားမဝင်ရလို့ စာရေးထားတဲ့ခြံထဲ မိန်းမယောင်ဆောင်ပြီးဝင်တာ မင်းမရှက်ဘူးလား . . .၊

ယောကျ်ားစင်စစ်ဖြစ်ရဲ့နဲ့ အတုတွေတပ်၊ အလှတွေပြင်ပြီး ကနွဲ့ကလျတွေလုပ်ရတာ မင်းမရှက်ဘူးလား . . .၊

မိန်းမတစ်ယောက်အတွက်နဲ့ မင်း ဒီလိုဟန်ဆောင်ရဲတယ်ပေါ့၊ မင်းမှာ ယောကျ်ားမာနနဲ့ ယောကျ်ားသိက္ခာ နည်းနည်းကလေးမှ မရှိတော့ဘူးပေါ့ . . . ဟုတ်လား"

အော်ဟစ်ပြောဆိုနေသော ဒေါ်သီရိဘုန်းထွဋ်ရဲ့စကားများကြောင့် သခ်ယာသည် ကြောင်အမ်းနေခဲ့ရာမှ မျက်နှာတစ်ပြင်လုံး နီရဲထူပူကာ ရှက်သည်းလာခဲ့ရသည်။

ရှက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

ရှက်စိတ်နှင့်ခံပြင်းစိတ်သည် သူ့ရင်ထဲ တွန်းထိုးရုန်းကန်လာ၏။

သူ့တစ်သက် တစ်ခါမှ ခုလို မိန်းမတစ်ယောက်ရဲ့အော်ဟစ်သိက္ခာချပြီး ပြောဆိုတာ မခံခဲ့ရဘူး။

"ဒီမှာ သခ်ယာ . . . မင်းအတွက် ငါ တစ်သက်စာ စကားတစ်ခွန်းပဲ ပြောလိုက်မယ်၊ မင်းလိုအရှက်မရှိတဲ့ယောကျ်ားမျိုးနဲ့ ငါ့သမီးကို ဘယ်တော့မှ သဘောမတူဘူး သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ခါးသီးသော ငြင်းဆန်ခြင်းကို နား၌ ဆတ်ဆတ်ကြား လိုက်ရသောအခါ သူ့ရင်တစ်ခုလုံးမှာ အောင့်သက်ခံပြင်းစိတ်က လှိုင်းထသွားခဲ့ရသည်။

''သွား ...မင်း ခုချက်ချင်း ငါ့ခြံထဲက ထွက်သွား၊ မင်းလို အရှက်မရှိတဲ့ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာ ငါ မမြင်ချင်ဘူး ... ထွက်သွား၊ လူလိမ် ... ခုချက်ချင်း ငါ့ခြံထဲက ထွက်သွား''

လူလိမ် ...။

ရင့်သီးကြမ်းတမ်းလှသော စွပ်စွဲချက်များနှင့် ခွေးတစ် ကောင်ကို မောင်းထုတ်သလို လက်ညှိုးငေါက်ငေါက်ထိုးပြီး မောင်းထုတ်ခြင်းခံလိုက်ရသောအခါ သူ့ရဲ့ သည်းခံနိုင်သောအ တိုင်းအတာမှာ ကုန်ဆုံးသွားခဲ့ရပြီး ...

'တောက်' တစ်ချက် ပြင်းစွာခေါက်လျက် ဒေါ်သီရိဘုန်း ထွဋ်ရဲ့မျက်လုံးစူးစူးတွေကို စိန်ခေါ်တဲ့ပြန်စိုက်ကြည့်ကာ တစ်ခွန်း တည်း ပြောခဲ့လိုက်သည်။

''ဒီမှာ တစ်နေ့ကျရင် ဟော့ဒီခြံဝမှာ ရေးထားတဲ့ ယောကျ်ားမဝင်ရဆိုတဲ့စာတန်းကို ကျွန်တော် ဖြုတ်ပြမယ်၊ ကျွန် တော့်စကားကို အန်တီထွဋ် မှတ်ထားလိုက်ပါ''

''ဘာ ...မင်း ...မင်း''

ဒေါ်သီရိဘုန်းထွဋ် ဆွေ့ဆွေ့ခုန်သွားရသောအခါ သူ ချာခနဲ ကျောခိုင်းကာ လှည့်ထွက်လာခဲ့သည်။





မှတ်ထားလိုက်ပါ။

ကျေးဇူးပြုပြီး အဲ့ဒီစကားကို ဘယ်တော့မှ မမေ့လိုက်ပါ နဲ့။ အဲ့ဒါ ကျွန်တော့်ရဲ့သစ္စာပဲ၊

သခ်ယာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့သစ္စာစကားပဲ ... ဒေါ်သီရိဘုန်းထွဋ်။

❁

''မောင်''

''မောင်''

နာကျင်ရှက်သည်းကာ ချာခနဲလှည့်ထွက်သွားခဲ့သော မောင့်ကျောပြင်ကိုကြည့်ပြီး တစ်ချိန်လုံး ကျောက်ဆစ်ရုပ်လို ကြောင်အမ်းထူပူငြိမ်သက်နေခဲ့မိသော နေသည် အပြေးလိုက်ခေါ် မိလေသည်။

''လာစမ်း ခွေးမ ... မွေးရကျိုးမနပ်တဲ့ သစ္စာဖောက်မ၊ လူလိမ်မ ... လာခဲ့စမ်း''

ဒေါ်သီရိဘုန်းထွဋ်က နေ့ကို ကြမ်းတမ်းစွာ ဆွဲခေါ်လိုက် သည်။

နေသည် ဒေါ်သီရိဘုန်းထွဋ်ရဲ့လက်ထဲ အရုပ်ကလေး တစ်ရုပ်လို တရွတ်တိုက် ပါသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



''မောင့်ကို မောင်းမထုတ်ပါနဲ့၊ မောင့်ကို မောင်းမထုတ်ပါနဲ့ မေမေရယ်၊ နေ့ကို သနားပါ''

မေမေသည် တရွတ်တိုက်ဆွဲလာသည့်ကြားက အော်ဟစ်နေသေးသည့် နေ့ကို ဒေါသတကြီး ငုံ့ကြည့်ကာ ...

''ခွေးမ ... ပိတ်ထားစမ်း နင့်ပါးစပ်''

''မေမေရယ် မောင့်ကို မောင်းမထုတ်ပါနဲ့၊ နေ တောင်းပန်ပါတယ်''

''နင့်ပါးစပ်ကိုပိတ်ထားလို့ ငါ ပြောနေတယ် မဟုတ်လား နေရှုရာ၊ နင်တော့ အသားနာချင်နေပြီပေါ့ ဟုတ်လား''

မေမေက ညာဘက်လက်ကို အရှိန်ဖြင့် မြှောက်ကာ နေ့မျက်နှာဆီ ရွယ်လေလျှင် နေသည် မျက်လုံးစုံမှိတ်ကာ မော့ပြီး ခံပေးလိုက်သည်။

မေမေ့ဆီမှ ပြင်းထန်လှသော ...

''တောက်''

ခေါက်သံ ထွက်ပေါ်လာသော်လည်း နေ့မျက်နှာဆီ မေမေ့လက်ဝါး ကျရောက်မလာခဲ့ပါ။

''ညည်းက အတော်သတ္တိရှိနေတယ်ပေါ့လေ ဟုတ်လား နေရှုရာ၊ ဟင် တွေ့ကြသေးတာပေါ့၊ လာခဲ့စမ်း ... ငါကလည်း အဲ့လို သတ္တိမျိုးနဲ့မှ တွေ့ချင်တာ''

မေမေသည် နေ့ကို တိရစ္ဆာန်တစ်ကောင်လို ကြမ်းတမ်းစွာဆွဲခေါ်ခဲ့ပြီး အခန်းထဲသို့ အရှိန်ဖြင့်တွန်းထည့်လိုက်သည်။





နေသည် ကြမ်းပြင်ပေါ် ရုပ်ပျက်ဆင်းပျက် လဲပြိုကျသွားခဲ့ရသည်။

''သစ္စာဖောက်မ, လူလိမ်၊ အရှက်မရှိတဲ့ယောက်ျားတစ်ယောက်နဲ့ပေါင်းပြီး ငါ့ကို ဝိုင်းညာရဲတယ်ပေါ့ ဟင်၊ တစ်သက်လုံး ကျွေးလာ,မွေးလာခဲ့တဲ့ကျေးဇူးတွေကို ဆပ်လိုက်တာပေါ့ ... ဟင်း ဟင်း၊ အေး ... ငါကလည်း သတ္တိတွေသိပ်ကောင်းနေတဲ့ညည်းကို ဆုချရမှာပေါ့''

နေသည် လဲကျနေသည့် အနေအထားအတိုင်း မေမေ့ကို လုပ်ချင်ရာသာလုပ်တော့ဆိုသည့် ခေါင်းငုံ့အရှုံးပေးသည့် မျက်နှာဖြင့် ပြန်ကြည့်နေမိသည်။

မေမေက နံရံမှာ ချိတ်ထားသည့် ကျာပွတ်ကိုဖြုတ်လျှင် နေသည် မတုန်လှုပ်သောရင်ဖြင့် စိုက်ကြည့်မြဲ စိုက်ကြည့်နေမိသည်။

နေ့အသည်းနှလုံးသည် ဘာကိုမှ မခံစားနိုင်တော့လောက်အောင် ထုံပေနေလေသည်။

''ကဲ ... အချစ်သူရဲကောင်းမကြီးကို ဂုဏ်ပြုရတော့မှာပေါ့ ... ဟင်း ဟင်း''

မေမေ့လက်ထဲမှ ကျာပွတ်သည် ရွှီခနဲမြည်သံနှင့်အတူ လေထဲမြှောက်တက်သွားခဲ့လျှင် နေသည် အသက်ကို ဝ,အောင်ရှူသွင်းကာ မျက်လုံးအစုံကို မှိတ်လိုက်သည်။

'ရွှမ်း'



www.burmeseclassic.com

www.burmeseclassic.com



အသည်းခိုက်သော နာကျင်မှုကြောင့် နေ ကျောပြင်ကလေးသည် ကော့တက်သွားခဲ့ရသည်။

"အ"

နေသည် အံကြိတ်ခံသည့်ကြားမှ မခံမရပ်နိုင်စွာ ညည်းညူလိုက်မိသည်။

"ဘယ့်နှယ်လဲ အချစ်သူရဲကောင်းမကြီးရဲ့"

"မမထွင့်ရယ် . . . တော် . . . တော်ပါတော့ ကလေးသနားပါတယ်"

ဒေါ်ယဉ် အပြေးအလွှား ဝင်ဆွဲရန် ကြိုးစား၏။

"မလာနဲ့နော်၊ ဘယ်သူမှ ဝင်မဆွဲနဲ့၊ သီရိဘုန်းထွဋ်အကြောင်း သိတယ်နော်၊ ဘယ်သူမှ အနားမကပ်နဲ့"

မေမေသည် မကောင်းဆိုးဝါးတစ်ကောင် ပူးကပ်နေသလိုပင် ကြောက်မက်ဖွယ်ရာ ကောင်းလွန်းနေသည်။ ဘယ်သူမှ အနားမကပ်ဝံ့ကြ။

"အချစ်သူရဲကောင်းမကြီး . . . အမေကို ကျေးဇူးဆပ်တဲ့ သမီးလိမ္မာကြီး၊ နင့်အတွက် အထိုက်တန်ဆုံးဆုလာဘ်က အဲ့ဒီမှာ . . . ရော့"

'ရွမ်း'

'ရွမ်း'

နေ့ကိုယ်ပေါ်သို့ ပြင်းထန်လှသော ကျာပွတ်ရိုက်ချက်များ အဆက်မပြတ် ကျရောက်လာခဲ့သည်။





နေသည် မညည်းညူနိုင်တော့။ မျက်ရည်များဖြင့် လူးလိမ့်ခံနေမိသည်။

နေ့ခန္ဓာကိုယ်လေး တစ်ခုလုံး၌ ကျာပွတ်ရာများ မြင်မကောင်းအောင် ထပ်နေခဲ့သည်။

ဘေးမှမြင်နေရသော ဒေါ်ယဉ်တို့တစ်တွေပင် နေ အရိုက်ခံနေရသည်ကို မကြည့်ရက်၊မမြင်ရက်နိုင်စွာ သည်းထန်စွာ ငိုနေမိကြသည်။

မေမေ ရက်စက်လိုက်တာဆိုသော စကားက နေ့ရင်ထဲ၌ ပဲ့တင်ထပ်နေသည်။

သို့သော် . . .

မေမေ အားရအောင် ရိုက်ပါစေ။ နေသည် မရှောင်ရှား။

မေမေ့စကားကို နားမထောင်နိုင်သည့် သမီးဖြစ်သူကို မေမေ ကျေနပ်အားရအောင် နှိပ်စက်ပါစေတော့။

နေ့မျက်နှာလေး တစ်ပြင်လုံး၌ မျက်ရည်များ ရွှဲနစ်စိုလူး၍နေသည်။

နေသည် နောက်ဆုံး၌ အသည်းခိုက်အောင် နာကျင်မှုဒဏ်ကို မခံမရပ်နိုင်တော့သည့်အဆုံး၌ . . .

"မေမေ"

ဟု သဲ့သဲ့မျှ ခေါ်မိလျက် တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ်ပျော့ခွေကာ . . .

"အံမယ်လေး . . . နေနေ ကလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမနေ မမနေ ... အံမယ်လေး ... မမနေ သတိလစ်သွားပြီ၊ ကျွန်မရဲ့အပြစ်တွေပါ"

"ယောက်ျားမဝင်ရ"ဆိုသည့် အနီရောင်စာတန်းကြီး ချိတ်ဆွဲထားသည့် အိမ်ခြံဝင်းထဲ၌ မှန်တိုင်းထန်စွာ ဆူညံပွက်လောရိုက်လျက်။

ဒေါ်သမီးများ အရှိန်ပြင်းစွာ တောက်လောင်နေသည့် ဒေါ်သီရိဘုန်းထွဋ်သည် ကျာပွတ်ကြီးကိုင်လျက် ခွေခွေကလေး ပုံလျက်သားလဲကာ သတိလစ်မေ့မြောနေသော သမီးဖြစ်သူကို ကြောင်ကြောင်ကြီး ငေးစိုက်ကြည့်နေမိသည်။



## အခန်း (၁၈)

ရင်၌မချမ်းမြေ့။

သွေးစို့နေသည့် ဒဏ်ရာဒဏ်ချက်တွေကို မျက်ရည်များဖြင့် ဆေးထည့်ပေးနေသော မယဉ်နှင့် ညည်းညူကာ အံကြိတ်ပြီး ဆေးအလူးခံနေသော သမီးကို မြင်နေရသည်မှာ ရင်ထဲ၌ နာကျင်လွန်းလှသည်။

"အား ... ကျွတ် ကျွတ်"

သမီးကလေးသည် မခံမရပ်သာ အံကြိတ်ညည်းညူရှာ၏။

ဒေါ်သီရိဘုန်းထွဋ်မှ အသည်းထဲ တဆတ်ဆတ်ခါသွားမိသည်။

သမီးကလေး ...

မေမေ့သမီးကလေး ဘယ်လောက်တောင် နာကျင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သည့်သလဲ။

ထိရက်စရာမရှိအောင် ဖူးထွက်လှပသည့် ဖြူဝင်းသည့် အသားပေါ်၌ သွေးစို့နေသည့် အရှိုးရာကြီးများမှာ မြင်မကောင်း နိုင်အောင်။

သမီးရယ် ..။

မေမေ သိပ်ရက်စက်လွန်းပြီလား။

မေမေ့ကို ရက်စက်လွန်းသည့် အမေရယ်လို့ ရင်ထဲ ခါးသီးနာကြည်းသွားပြီလား။

မေမေ့ရင်ထဲ၌ မချိပါဘူး သမီးရဲ့။

ဒေါ်သီရိဘုန်းထွဋ်သည် သမီးကို အရှိုးရာများ ထင်ရစေခဲ့သော လက်ဖဝါးများကို တုန်လှုပ်စွာ ငုံ့ကြည့်မိ၏။

သည့်လက်တွေ ...

သည့်လက်တွေကသာ ပိုးလိုမွေး၊ ရွှေလိုဥထားခဲ့သည့် သမီးဖြစ်သူကို နာကျင်စေခဲ့ပြီလား။

ကိုယ့်လက်ဖဝါးတွေကို ကိုယ်ကြည့်ရင်း ခါးသီးလာခဲ့ သည်။

တောက် ...

ကဲ ...

ခွမ်း ...

လှပလွန်းသည့် ကြွေပန်းအိုးကြီးသည် အစိတ်စိတ်အမွှာ မွှာ။





"အံမယ်လေး မမထွဋ်"

လက်ဖဝါးနှစ်ဖက်လုံး၌ သွေးတို့ ချင်းချင်းနီရဲသွားတော့ သည်။

"အား ... ဘယ်လိုလုပ်လိုက်တာလဲ မမထွဋ်ရဲ့"

"မေမေ ... မေမေ အဲ့လိုမလုပ်ပါနဲ့ မကျေနပ်ရင် သမီးကို ရိုက်ပါ၊ မေမေ့ကိုယ်မေမေ မလုပ်ပါနဲ့၊ သမီးကိုရိုက်ပါ၊ သမီးကို သတ်လိုက်ပါ မေမေရဲ့ ... မေမေ"

နေ ချက်ချင်း အခန်းထဲမှ ပြေးထွက်ကာ သွေးများရဲနေ သည့် မေမေ့လက်ဖဝါးများကို ဆုပ်ကိုင်ထားလိုက်မိသည်။

သွေးနှင့်မျက်ရည်တို့ ရောနှောစီးဆင်းသွားလေတော့ သည်။

❁

တစ်ညလုံး အိပ်မပျော်နိုင်ခဲ့သည့်မို့ မျက်လုံးတွေက ဖန်တွတ်ကျိန်းစပ်ကာ ရင်ထဲ၌လည်း တုန်ယင်ပြီး တလှပ်လှပ် ဖြစ်နေမိသည်။

တစ်ညတာပတ်လုံး နေသည် နှလုံးသားတစ်ခုလုံး စွမ်း နယ်ထုံအမ်းလာခဲ့သည့်အခါ စဉ်းစားခဲ့မိသည်။

မေမေ ...ပြီးတော့ မောင်။



www.burmeseclassic.com

www.burmeseclassic.com



နေ အချစ်ဆုံး လူသားနှစ်ယောက်အတွက် နေသည် အတွေးများစွာနှင့် လွန်ဆွဲခဲ့ရသည်။

မနက်မိုးလင်းလာသည့်အချိန်မှာတော့ နေသည် ရွှဲနစ်သောမျက်ရည်များဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချခဲ့ပြီးလေပြီ။ ❧

နေ အခန်းထဲမှ လေးကန်နွေးကွေးသောခြေလှမ်းများနှင့် ထွက်လာခဲ့မိသည်။

နေ့အခန်းဝတွင် ဒရင်းဘတ်ပေါ်၌ အပြင်သို့ မှုန်ရီသောမျက်လုံးများနှင့် ထိုင်ကာ ငေးမောနေသည့် မေမေ့ကို တွေ့လိုက်ရသည်။

မေမေ့လက်ထဲ၌ စီးကရက်တစ်လိပ်ကို တွေ့လိုက်ရသောအခါ နေ့ရင်ထဲ ကျဉ်သွားမိသည်။

မေမေ စီးကရက်တွေ သောက်နေခဲ့တာလား။

နေ့ကြောင့် မေမေ့ရဲ့အမိန့်စကားကို လွန်ဆန်ခဲ့သည့် ကျေးဇူးကန်းမ နေ့ကြောင့် မေမေဟာ စီးကရက်တွေကိုတောင် စိတ်ညစ်ညူးလှစွာ သောက်နေခဲ့ရပြီ။

မေမေ ဘယ်လောက်တောင် စိတ်ဆင်းရဲနေခဲ့သလဲ။

နေသည် တံတွေးကို တစ်ချက်မျိုချလိုက်မိလျက် . . .

"မေမေ"

ဟု တိုးညင်းစွာခေါ်လိုက်မိသည်။ နေ့ခေါ်သံကြောင့် မေမေ့ခန္ဓာကိုယ် ဆတ်ခနဲ တောင့်မတ်သွားခဲ့သည်။





သို့သော် . . . မေမေ နေ့ကို လှည့်မကြည့်ပါ။

ခုမှ သတိပြန်ဝင်လာသလို စီးကရက်ကို သဲကြီးမဲကြီး ရှိုက်ဖွာလိုက်သည်။

လွင့်ပျံ့တက်လာသော မီးခိုးငွေ့များကို နေ စိတ်မသက်သာစွာ ကြည့်လိုက်မိသည်။

စားပွဲပုကလေးပေါ်၌ လှပသော ဖန်ပန်းကန်ပြားကလေးပေါ်၌ စုပုံနေသော စီးကရက်တိုများမှာ ပြည့်သိပ်လျက်။

မေမေရယ်ဟု နေ နာကျင်စွာ ညည်းမိ၏။

"မေမေ"

နေ မေမေ့ခြေရင်း၌ ကျုံ့ကျုံ့ကလေးဝင်ထိုင်ကာ ထပ်ခေါ်မိပြန်၏။

"မေမေ . . . နေ့ကို စကားပြောခွင့်ပြုပါ"

မေမေ နေ့ကို ငုံ့ကြည့်၏။

အမြဲလို စူးရဲတတ်သော မေမေ့မျက်ဝန်းတွေ ဖျော့ရီနေလေသည်။

"နေ . . . နေလေ မေမေနဲ့ ခုလို တစ်အိမ်ထဲမှာနေပြီး စကားမပြောဘဲ သူစိမ်းတွေလို မေမေ ဆက်ဆံတာ မ . . . မခံနိုင်ဘူး မေမေ"

နေ့အသံတွေ ထိန်းချုပ်ထားသည့်ကြားက တုန်ယင်နေမိသည်။

"ဘာမနေနိုင်စရာရှိလဲ နေ၊ မေမေနဲ့သမီးရဲ့ကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းက ရောက်လာခဲ့ပြီမဟုတ်လား၊ နေက မေမေ့ဘက်မှာ ရပ်တည်နိုင်တာမှ မဟုတ်ဘဲ၊ ဒီတော့ မေမေနဲ့သမီးက သူစိမ်းတွေ ဖြစ်သွားပြီပဲ''

ဟင် ...

မေမေနဲ့သမီးက သူစိမ်းတွေဖြစ်သွားပြီပဲ ... တဲ့။

မေမေ ပြောရက်လိုက်တာ ... ဟု နေ့ရင်ထဲ မိုက်ခနဲ နာကျင်သွားမိသည်။

''အဲ့ ... အဲ့လိုမပြောပါနဲ့ မေမေ၊ သမီး ဆုံးဖြတ်ပြီးပါပြီ၊ သ ... သမီး သူ့ကို အဆက်အသွယ်ဖြတ်ပါ့မယ်''

မေမေ့မျက်ဝန်းတွေ အရင်လို စူးခနဲ ပြန်ထောက်မလာကာ နေ့ကို စိုက်ကြည့်၏။

''သမီး ... သူ့ကို မေ့လိုက်ပါ့မယ် မေမေ၊ နေ့မှာ သခ်ယာဆိုတဲ့ချစ်သူတစ်ယောက် ရှိခဲ့ဖူးတာကို မေ့ပစ်လိုက်ပါ့မယ်''

ရင်ထဲ၌ စူးနစ်နေအောင် နာကျင်နေမိသည်။

အသည်းနှင့်အောင် ချစ်ခဲ့ရသောချစ်သူကို မေ့ပစ်လိုက်ပါ့မယ်ဆိုသောစကားတစ်ခွန်းအတွက် တစ်ညတာပတ်လုံး မျက်ရည်တွေနဲ့ ရင်းနှီးခဲ့ရသည်လေ။

''သမီး သူ့ကို မေ့လိုက်ပါ့မယ် မေမေရဲ့၊ ကတိပေးပါတယ် ... ယုံပါ၊ မေမေ သမီးကို အရင်လိုပဲ နွေးနွေးထွေးထွေး ပြန်ဆက်ဆံပါနော်''





မေမေသည် နေ့ကို စိုက်ကြည့်မြဲ စိုက်ကြည့်လျက်က–

''ဒါပေမဲ့ ... သမီး မေမေ့စကားကိုတော့ နားမထောင်နိုင်ဘူး မဟုတ်လား၊ မေမေခိုင်းတာလည်း မလုပ်နိုင်ဘူး မဟုတ်လား၊ သမီး သူ့ကို မေမေ့ရှေ့မှာ အသည်းမခွဲနိုင်တော့ဘူး မဟုတ်လားဟင် နေနေ''

''သမီး တောင်းပန်ပါတယ် မေမေရယ်၊ ဒီတစ်ခါတော့ သမီးကို ခွင့်လွှတ်ပါ၊ မေမေ ပျော်ရွှင်အောင်နေ၊ အကြိမ်များစွာ ဖန်တီးပေးခဲ့ပြီပါပြီ ...၊

သူ့ကိုတော့ အသည်းမခွဲနိုင်တော့တဲ့အတွက် မေမေ သမီးကို ခွင့်လွှတ်ပါ ...၊

ဒါပေမဲ့လေ ... အခု သမီးတို့နှစ်ယောက် ဝေးဖို့ဆုံးဖြတ်လိုက်တဲ့အတွက် သမီးတို့နှစ်ယောက်လုံး အသည်းကွဲရပါပြီ၊ ဒီလောက်နဲ့ပဲ ကျေနပ်ပေးပါ မေမေရယ်''

မျက်ရည်တွေနှင့် တုန်ယင်အက်ကွဲသောနေ့စကားအဆုံးမှာ မေမေသည် အဝေးသို့ မှုန်ရီစွာ ငေးလေ၏။

သမီးတို့နှစ်ယောက်လုံး အသည်းကွဲရပါပြီ။ ဒီလောက်နဲ့ပဲ ကျေနပ်ပေးပါ မေမေရယ် ... တဲ့။

အသည်းခွဲနေကျ သမီးဖြစ်သူရဲ့စကားက ဒေါ်သီရိဘုန်းထွဋ်ရဲ့ရင်ကို ကိုင်လှုပ်လိုက်သလိုပင်။

သူမသည် သမီးဖြစ်သူရဲ့အသည်းကို ခွဲခဲ့မိသူလား။

''ဒီနေ့ကစပြီး သမီးယောကျ်ားတွေအားလုံးနဲ့ ကင်းကင်း



www.burmeseclassic.com

www.burmeseclassic.com



နေပါရစေတော့၊ ကိုယ်တိုင် အသည်းကွဲတဲ့ဝေဒနာကို ခံစားခဲ့ရပြီမို့ သမီး စာနာတတ်ပါပြီ၊ ဘယ်သူ့ကိုမှ ထပ်မခွဲပါရစေနဲ့တော့''

နေက ကြေကွဲစွာပြောရင်းမှ ပြိုဆင်းလာသော မျက်ရည်များကို သုတ်သည်။

မေမေ့ရဲ့ပေါင်ပေါ် မျက်နှာကိုအပ်ကာ မဆုံးနိုင်သေးသောစကားများကို ဆက်ပြောမိသည်။

''သမီး အားလုံးကိုမေ့ပစ်ပြီး လူသစ်စိတ်သစ်နဲ့ ပြန်နေပါရစေ မေမေ၊ ရင်ထဲက ဝေဒနာကို ဖြေဖျောက်နိုင်အောင် သမီး အလုပ်ပြန်လုပ်ပါရစေ၊ အလုပ်ထဲမှာပဲ စိတ်ကို ပြန်မြှုပ်နှံပါရစေ''

နေသည် မျက်ရည်တွေကိုသိမ်းရင်း, သိမ်းရင်း ဖြည်းဆေးစွာဖြင့် မေမေ့ကို တောင်းဆိုနေမိသည်။

''ကုမ္ပဏီကို ပစ်ထားရတာ ကြာပါပြီ၊ မေမေတစ်ယောက်တည်းလည်း ပင်ပန်းနေပါပြီ၊ သမီး အလုပ်ပြန်လုပ်တော့မယ်နော် မေမေ''

ဒေါ်သီရိဘုန်းထွဋ်သည် သမီးရဲ့တောင်းဆိုချက်ကြောင့် သက်ပြင်းရှိုက်မိသည်။

သမီးရဲ့တောင်းဆိုချက်များ လက်မခံနိုင်စရာမရှိ။

တံတွေးတစ်ချက် မျိုချမိလျက် ...

''မေမေ စိတ်ချရမှာလား သမီး''





မမေးသာ, မေးသာ မေးမိသည်။

သမီးသည် အေးအေးကလေးနှင့် သီရိဘုန်းထွဋ်ရဲ့သမီးပီသစွာ ခေါင်းမာပြတ်သားတတ်သည်ကိုတော့ ယုံကြည်သည်။

''စိတ်မချရင် မေမေ သမီးနားမှာပဲနေလေ''

''အို''

''သမီးက မေမေနဲ့ နှစ်ယောက်အတူတူ ကုမ္ပဏီသွားမှာပါ၊ မေမေ့မျက်ကွယ်မှာ မနေပါဘူး၊ အဲ့လိုဆို မေမေ သမီးကို ယုံကြည်မလား''

ခက်ချေပြီ။

သမီးဖြစ်သူက ဒီလောက် အလျှော့ပေးပြီး ကတိတွေလည်း အထပ်ထပ်ပေးကာ တောင်းပန်နေမှတော့ ဒေါ်သီရိဘုန်းထွဋ် ဆက်ပြီး မတင်းမာနိုင်တော့။

''ကဲ ... ကဲ ယုံကြည်လိုက်ပါပြီ၊ မေမေလည်း သမီးနောက် တကောက်ကောက်မလိုက်ပါဘူး၊ သမီးက ကလေးလေးမှ မဟုတ်တော့တာ၊ မေမေ့ယုံကြည်မှုကို သမီး အလွဲသုံးစားမလုပ်ပါဘူးလို့ မေမေ ယုံကြည်နေမယ်နော် သမီး''

''စိတ်ချပါ မေမေရယ်၊ သမီး သူ့ကို လုံးဝအဆက်အသွယ်မလုပ်တော့ပါဘူး၊ အလုပ်ထဲမှာပဲ စိတ်ကို နှစ်ထားလိုက်ချင်လို့ပါ''

ဒေါ်သီရိဘုန်းထွဋ် အလုပ်အကြောင်းပဲ ပြောနေရှာသည့် သမီးကလေးကို ဆံပင်လေး ဖွဖွသပ်တင်ပေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတုန်းကလည်း သည်လိုပင် ချစ်သူနှင့်ဝေးကွာရသည့် အသည်းကွဲရသည့်ဝေဒနာကို အလုပ်ထဲမှာပဲ စိတ်ကိုမြှုပ်နှံကာ ဖြေဖျောက်ခဲ့ရသည် မဟုတ်လား။

"နောက်ထပ် သမီးကြောင့် မေမေ ဘယ်တော့မှ စိတ်မဆင်းရဲစေရတော့ပါဘူး။ သမီး ကတိပေးပါတယ် မေမေ"

အို ... သမီးရယ်။

ဒေါ်သီရိဘုန်းထွဋ် ရင်ထဲမှ ဖွဖွညင်သာစွာ ရေရွတ်လိုက်မိသည်။ ရင်ထဲက စကားကို သမီး ကြားနိုင်မည်မဟုတ်။

သည်လိုပင် ...

သမီးလေးရင်ထဲက စကားကိုလည်း သူမ မကြားနိုင်ခဲ့ပါ။ မေမေ ဘယ်တော့မှ စိတ်မဆင်းရဲစေရတော့ပါဘူး။ သမီးသာ အသည်းကွဲခံလိုက်ပါ့မယ်။

နေသည် ရင်ထဲမှနေ ကြေကွဲစကားဆိုမိသည်။

ဝေးပြီပေါ့ ... မောင်ရယ်။

ဒီတစ်သက်တော့ဖြင့် နေတို့နှစ်ယောက် ပြန်မဆုံနိုင်ကြတော့ဘူးထင်ပါရဲ့။

ဆုံဆည်းခွင့်မရှိတဲ့ ဘဝအနေအထားမျိုးမှာ နေတို့နှစ်ယောက်ဟာ ဘာလို့များ တွေ့ဆုံခဲ့ရတာလဲကွယ်။

ဘယ်လောက်တောင် ဆိုးရွားရက်စက်လွန်းတဲ့ ကံကြမ္မာလဲ။ ဒီလိုမျိုး ခွဲခွာရမယ်မှန်းသိ,သိရဲ့နဲ့ ဖွတ်တိုးပြီး မောင့်အချစ်ကို လက်ခံတဲ့ပြန်ခဲ့မိတာ နေ့ရဲ့မိုက်မဲမှုပါပဲ။





ခုတော့ ... နေရဲ့ တစ်ဖွတ်တိုး မိုက်မဲမှုကြောင့် နေနဲ့မောင်က သွေးစိမ်းရှင်ရှင်ထွက်တဲ့ နှလုံးသားကိုယ်စီနဲ့ ဝေးခဲ့ကြရပြီ။

သံသရာတစ်ကွေ့မှာ ပြန်ဆုံတွေ့ရမယ်ဆိုရင်တောင် ဒီလိုအဖြစ်မျိုးဟာ ဒီဘဝ, ဒီတစ်သက်မှာ နောက်ဆုံး ဖြစ်ရစေလို့ နေ ဆုတောင်းမိပါတယ် မောင်ရယ်။

ခုတော့ အရမ်းချစ်တဲ့ချစ်သူတွေဖြစ်ခဲ့ကြပြီးမှ နေနဲ့မောင်က သူစိမ်းပြင်ပြင်ဘဝ ပြန်ရောက်ခဲ့ကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

**နေ** သည် နောက်တစ်နေ့မှာပင် ကုမ္ပဏီသို့ အလုပ်ပြန်ဆင်းသည်။

ရက်ပေါင်းများစွာ အပြင်ထွက်ခွင့်မရခဲ့သောနေ့အတွက် ပထမဆုံးအပြင်လောကနှင့် ပြန်ထိတွေ့ခွင့်ရမည့်နေ့မို့ စိတ်တွေ ပြန်လည်လန်းဆန်းတက်ကြွလို့နေခဲ့သည်။

"ကဲ ... လူသစ် စိတ်သစ်နဲ့ ဘဝသစ်ပြန်စမယ့် မေမေ့သမီးအတွက်"

မေမေက နေ့နဖူးပြင်ကို ဖွဖွကလေး နမ်းမွှေးပါသည်။

နေသည် အရာအားလုံးကို မေ့ပစ်လိုက်နိုင်သော အပြုံးတစ်ခုကို ကြိုးစားပြီး နှုတ်ခမ်းပါးကလေးပေါ် တင်လိုက်ပါသည်။

မေမေက နေ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ညင်သာစွာ ပြောပါသည်။





"ဩော် ... နေနေရယ် သမီးဟာ မေမေ့မျက်စိထဲမှာတော့ အနီးဖြူဖြူလေးထဲမှာရှိနေတဲ့ မွေးကင်းစအရွယ်ကလေးပါပဲ"

မေမေပြောပုံမှာ အတိတ်နေ့စွဲတွေကို ပြန်သတိရစွာ ..

နေသည်လည်း မေမေ့ကို ရင်တွင်းမှနေ တုံ့ပြန်ပြောမိပါ၏။

အဲ့ဒီအနီးဖြူဖြူလေးဆီမှာ ယက်ကန်ယက်ကန်နဲ့ နေခဲ့ရတဲ့အရွယ်ကလေးကနေ ခုလိုကြီးပြင်းလာတဲ့အရွယ်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့သလို ...

နလုံးသားကိုယ် ဘာလို့များ အရွယ်ရောက်ပြီး မချစ်တတ်ခဲ့အောင် မေမေ မဖန်တီးပေးခဲ့လေသလဲ ... ဟု။

"ကဲ ... ကဲ သွားတော့နေ၊ မေမေလည်း ကိစ္စလေးတွေ ရှိသေးတယ်"

မေမေက နေ့ကို စတင် နှင်လွှတ်သည်။

နာရီကိုကြည့်လိုက်တော့ ရှစ်နာရီ ခွဲတော့မည်။

မေမေ့ကို အလှပြင်ခန်းထဲမှာ အလှပြင်ပေးမည့်သူတွေ စောင့်နေကြပြီလေ။

မေမေသည် ထိုကိစ္စကိုတော့ဖြင့် တစ်ရက်မှ မပျက်ကွက်စေရ။

ဖြစ်နိုင်လျှင် မေမေ့ကိုလည်း ထိုအစွဲအလမ်းကို နေမေ့ဖျောက်စေချင်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ...နေ သွားပြီနော် မေမေ"

"အိုကေ"

"မေမေ ...ကုမ္ပဏီကို လာခဲ့ဦးနော်"

"ဒီနေ့တော့ မေမေ မလာသေးဘူး သမီး၊ အိမ်မှာ နားချင်သေးတယ်"

မေမေလည်း နေ့လိုပင် အိပ်ပျက်ညတွေ များခဲ့ပြီပဲ။

သို့သော် မေမေက လူကြီးမို့ ကျန်းမာရေး ထိခိုက်မှာ စိုးရပါသည်။

"စိုးကရက်တွေ မသောက်နဲ့တော့နော် မေမေ"

နေ မျက်မှောင်ကလေးကုတ်ကာ စူပုပ်ပုပ်ကလေး မေမေ့ကို ဆရာလုပ်၏။

"အေးပါ ...အေးပါ မေမေက စိတ်ညစ်လွန်းလို့ သောက်မိတာပါ၊ အခု မေမေ့သမီး အလိမ္မာကြောင့် သောက်စရာ မလိုတော့ပါဘူး၊ ကဲ ...ကျေနပ်ပြီလား၊ သွားတော့ ...သွားတော့၊ ဟိုမှာ သောင်းသောင်း စောင့်နေပြီ"

မေမေသည် နေ့ကို စိတ်ချလက်ချ ယုံကြည်ပုံဖြင့် လွှတ်သည်။

သို့သော် နေ့အနားမှာ နေ့ခြေလှမ်းကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြမည့် မေမေ့လူယုံတွေ ပတ်ပတ်လည် ဝိုင်းနေသည်ဆိုတာ နေ အလိုအလျောက် သိပြီးသားပင်။

နေသည် မေမေ့ကို လက်ချောင်းကလေးများ လှုပ်ခတ်





တာ့တာပြကာ ကားထဲဝင်သည်။

ရက်ပေါင်းများစွာ အိမ်ထဲပိတ်လှောင်နေခဲ့ရသည်မို့ အပြင်လောကသည် နေနှင့်စိမ်းသယောင် ပြန်ဖြစ်သွား၏။

အရာအားလုံး အသစ်လိုပင်။

နေသည် တစ်လမ်းလုံး ဘယ်ကိုမှ မကြည့်ဖြစ်အောင် ကြိုးစားခဲ့သော်လည်း ...

ကုမ္ပဏီမရောက်ခင် ကော်ဖီဆိုင်လေးတစ်ဆိုင်ကို တွေ့လျှင် ရင်ထဲ အလိုအလျောက်ပင် လှုပ်ခနဲဖြစ်သွားကာ လှမ်းကြည့်လိုက်မိသည်။

ဆိုင်ထဲမှ ထွက်လာသော မောင့်ကိုမြင်လိုက်ရလျှင် နေ့ရင်တွေ ကျဉ်ခနဲ ဖြစ်သွားမိသည်။

မောင် ...

မောင်သည် မတွေ့ခဲ့ရသောရက်များအတွင်း အတော်ကလေး ချောင်ကျသွားခဲ့သည်။

ရုတ်တရက်ဆိုလျှင် မမှတ်မိနိုင်လောက်အောင် ဖရိုဖရဲ ညှဉ်းသိုးသိုးဖြစ်နေသည်။

ဆံပင်များမှာ ပွရောင်းပွရှုပ်လျက် ...

မျက်နှာ၌ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးများမှာ ညှဉ်းသိုးသိုး ပေစုတ်စုတ်နိုင်လှစွာ ထိုးထိုးထောင်ထောင်နှင့် ...

နေသည် မောင့်ကိုကြည့်ကာ စိတ်မကောင်းခြင်းဖြင့် ရင်ထဲမချိဖြစ်နေမိဆဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေ ... နေ"

နေ့ကိုတွေ့သွားသော မောင်သည် သတိလက်လွတ်ပင် အော်လျက် ကားရှေ့ပြေးဝင်လာခဲ့သည်။

ဘုရားရေ ...

နေ့မျက်လုံးများထဲ ပြာဝေသွားခဲ့ရသည်။

"မောင်"

နေသည် စိုးရိမ်တကြီး အော်လိုက်မိသည်။

❁

'ကျွီ'

"တောက် ... သေတော့မှာပဲ၊ ဘယ်လိုလုပ်တာလဲ"

သတိကြီးစွာဖြင့် ဘရိတ်ဖမ်းအုပ်လိုက်သော သောင်းသောင်းဆီမှ စိတ်တိုတောင်းစွာ ရေရွတ်ပြောဆိုသံ ထွက်ပေါ်လာခဲ့မှ နေသည် မျက်လုံးများကို ကမန်းကတန်း ပြန်ဖွင့်လိုက်မိသည်။

စိုးရိမ်တကြီး ထိတ်လန့်သွားမိသော နေ့ရင်တွေ တဝုန်းဝုန်း ခါနေမိသည်။

မောင်သည် ကားရှေ့၌ မတ်မတ်ကြီးရပ်ကာ နေ့ကို ငေးမှတ်တပ်မက်စွာ စိုက်ကြည့်လို့နေသည်။





"နေ ... မောင် နေနဲ့ စကားပြောချင်တယ်"

နေသည် မောင်က မျှော်လင့်တကြီးပြောလေလျှင် ချက်ချင်းပင် မောင့်ဆီသွားမိတော့မလို ကိုယ်ဟန်ပြင်ပြီးမှ ခေါင်းခါယမ်းကာ ကိုယ်ရှိန်ပြန်သတ်လိုက်မိသည်။

"ခဏလောက်ဆင်းခဲ့ပါ နေ၊ မောင် နေနဲ့ စကားတွေ အများကြီး ပြောချင်တယ်၊ နေ့အရိပ်အယောင်ကို မောင် စောင့်ကြည့်ခဲ့ရတာ ကြာပါပြီ၊ ခဏကလေးဖြစ်ဖြစ် ဆင်းခဲ့ပါ နေရယ်"

မောင်က တောင်းပန်တိုးလျှိုးစွာ ပြောနေသည်။

နေ ဘာလုပ်ရမှာလဲ။

ပထဦးဆုံး အပြင်ထွက်ခွင့်ရသည့်နေ့မှာပင် မောင့်မျက်နှာကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့ရသည့်အတွက် နေ့ရင်ထဲ၌ ကြည်နူးချင်သည်။

သို့သော် နေ့၌ ကြည်နူးခွင့်မရှိပြီ။

နေက ... နေက မေမေ့ကို ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ ကတိပေးခဲ့ပြီးလေပြီ။

မောင့်ကို မေ့ပစ်ပါမည် ... ဟု ပေးခဲ့သောကတိကို နေ ပြန်ဖျက်၍ မဖြစ်နိုင်။

နေ ကတိပျက်ခဲ့လျှင် မေမေပြန်ပြီး စိတ်ဆင်းရဲရမည်။

မေမေနှင့်နေသည် တစ်မိုးထဲအောက်တွင် နေလျက်က တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်၍မရသော သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပြင်တွေ ပြန်ဖြစ်ကြရမည်။

နေရဲ့ခံစားချက်များနှင့်အခြေအနေကို ဘာတစ်ခုမှ နားမလည်သော မောင်ကတော့ နေ့ကို တစာစာသာ စကားပြောခွင့် တောင်းနေလေတော့သည်။

"နေ ခဏလေး မောင့်ကို စကားပြောခွင့်ပေးပါ နေရဲ့၊ ခဏလေးပါ"

"ကဲ ... ဘယ်လိုလုပ်မှာလဲ နေနေ၊ ဒေါ်ဒေါ် ဘာလုပ်ရမှာလဲ ပြော၊ သူ့ကို ကားနဲ့ တိုက်သတ်ပစ်လိုက်ရမလား"

သောင်းသောင်းက အခြေအနေကို စိတ်မရှည်တော့သလို မေးသည်။

နေသည် အသက်ကို ဝ,အောင်ရှူကာ အံတစ်ချက်ကြိတ်လိုက်သည်။

ထို့နောက် ...

တင်းမာခက်ထန်သောမျက်နှာနှင့် ကားပေါ်မှ ဆင်းရန်ဟန်ပြင်သည်။

"နေနေ ... သမီး သူ့ကို ဆင်းတွေ့လို့မဖြစ်ဘူးနော်၊ မမထွဋ်သိရင် ..."

ပူပန်စွာ သတိပေးသော ဒေါ်သောင်းသောင်းကို နေနေ လက်ကာပြလိုက်သည်။

"စိတ်မပူပါနဲ့ ဒေါ်ဒေါ်၊ နေ သူ့နဲ့ အပြတ်ရှင်းမှဖြစ်မှာမို့ပါ၊ နို့မို့ဆိုရင် နေ့ကို မေမေ ယုံကြည်တော့မှာ မဟုတ်ဘူး"





ဒေါ်သောင်းသောင်း တွေဝေသွားသောအခါ နေသည် ကားပေါ်မှ ကိုယ်ဟန်မတ်မတ်ဖြင့် ဆင်းလိုက်သည်။

"နေ ... အရမ်းပိန်သွားတယ်နော်၊ နေကောင်းရဲ့လားဟင်"

မောင်သည် နေ့ကိုတွေ့လိုက်သည်နှင့် ပူပန်စကားကို အရင်ဆိုလေသည်။

"ဒီစကားတွေ ပြောရတော့မယ့်အချိန်မဟုတ်ဘူး သခ်ယာ"

နေက မောင့်မျက်နှာကို စိန်းစိန်းကြီးကြည့်လျက် ပြောလိုက်လျှင် မောင့်မျက်နှာသည် အံ့အားအသင့်ကြီးသင့်သွားဟန် ပြောင်းသွားခဲ့ပြီး ...

"ဘယ် ... ဘယ်လို နေ၊ မောင့်ကို ဘယ်လိုခေါ်လိုက်တယ်"

"ဒီမှာ ... ကျွန်မမှာ အချိန်မရှိဘူး၊ ကျွန်မ ရှင့်ကို အပြတ်ပြောလိုက်မယ် ... ကျွန်မ ရှင့်ကို မေ့ပစ်လိုက်ပြီ"

"ဘာ ဘာ ... နေ ဘယ်လိုပြောလိုက်တယ်၊ နေ မောင့်ကို မေ့ပစ်လိုက်ပြီ ... ဟုတ်လား"

မောင်သည် အရိုက်ကို အထိုးခံလိုက်ရသလို မထင်မှတ်စွာ နောက်ကို လန်ကျတော့မလို ဖြစ်သွားခဲ့သည်။

"ဟုတ်တယ်၊ အဲ့ဒါ တစ်သက်စာပဲ သခ်ယာ၊ ရှင်နဲ့ ကျွန်မဟာ ဘယ်တုန်းကမှ မတွေ့ဖူးခဲ့ကြတဲ့သူတွေလို့ပဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားလိုက်ပြီ၊ ကျွန်မကို နောက်ထပ်တွေ့ဖို့ မကြိုးစားပါနဲ့တော့''

နေက ပြောချင်ရာပြောပြီးသည်နှင့် မောင့်ကို ချက်ချင်းပင် ကျောခိုင်းလှည့်ထွက်ဖို့ ပြင်လိုက်သည်။

နေသည် မာန်တင်းကာသာ ပြောနေရသော်လည်း ရင်ထဲ၌ နာကျင်လွန်းလှစွာ မချိပါ။

စကားလုံးတွေက ကိုယ့်နှလုံးသားကိုယ် ဆုပ်ညှစ်ခြေမွနေသလို ခံစားရစေသည်။

မောင်က လှည့်ထွက်ရန်ပြင်သော နေရဲ့လက်ကို တင်းကျပ်စွာဖမ်းဆွဲထားလိုက်သောအခါ နေသည် မျက်လုံးများ ပိုင်းသွားခဲ့ရသည်။

''သခ်ယာ ဘာလုပ်တာလဲ၊ ကျွန်မရဲ့လက်ကိုလွှတ်ပါ''

''မလွှတ်ဘူး။ နေ အကြောင်းတစ်ခုခုရှိလို့ မောင့်ကို ညာပြောနေတာ မောင်သိတယ်၊ နေ တကယ် မောင့်ကိုမေ့နိုင်လို့လားဟင်၊ နေ တကယ် မောင့်ကိုမုန်းနိုင်လို့လား ... ပြောလေ၊ နေ မောင့်ကို မုန်းပါတယ်လို့ တစ်ခွန်းပဲပြော၊ မောင့်မျက်နှာကို နေ ဒီတစ်သက် မတွေ့စေရတော့ဘူး''

မောင်က ရဲဝံ့စွာ စိန်ခေါ်လေပြီ။

နေ့နှလုံးသားတစ်ခုလုံး တစ်စစီ ကြေမွကုန်သလို နာကျင်သွားရသည်။

မောင့်ကို မုန်းပါတယ်လို့ တစ်ခွန်းပဲ ပြောပါတဲ့။





မောင်က စိန်ခေါ်လေသည်။

နေသည် အံကိုတင်းနေအောင် ကြိတ်လျက် ပါးစပ်ပြင်လိုက်သည်။

ရှင့်ကို ကျွန်မ မုန်းတယ် သခ်ယာ။

ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်။

နှုတ်ခမ်းများက တဆတ်ဆတ်တုန်လာကာ လည်ချောင်း၌ ပူလောင်ခါးသက်လှသော တစ်စုံတစ်ရာက ပိတ်ဆို့ကာဆီးထားသလို ...

စကားလုံးတွေက လည်ချောင်းထဲ၌နင်နေကာ နှုတ်ခမ်းလွှာများပေါ် မရောက်နိုင်။

''ကျွန်မ မေမေ့ကို ကတိပေးလိုက်ပြီးပြီ''

''ဟင်''

မောင့်ဆီမှ ထင်မှတ်မထားသော အာမေဋိတ်သံ ထွက်ပေါ်လာ၏။

''ကျွန်မတို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး''

''နေ ... နေရယ်''

''ကျွန်မ ... သွားပါစေတော့''

နေသည် တင်းကျပ်နေအောင် ဆုပ်ကိုင်ထားသော မောင့်လက်ချောင်းများကို ရအောင်ဆွဲဖြုတ်ရုန်းထွက်လျက် လှည့်ထွက်လာခဲ့သည်။

''နေ ... နေ မောင် ပြောပါရစေဦး ... ခဏလေးပါ



www.burmeseclassic.com

www.burmeseclassic.com



နေ ... နေ မောင် ပြောစရာရှိ"

နေသည် မောင့်စကားများကို နားထောင်ရန် ခွန်အား မရှိတော့။

ကားပေါ် မြန်ဆန်လှစွာ တက်ထိုင်လိုက်သည်။

"နေ ... နေ"

"မောင်းတော့ ဒေါ်ဒေါ်"

နေ ဒေါ်ဒေါ်သောင်းကို အမိန့်ပေးလိုက်သည်။

မျက်ဝန်းတွေထဲ၌ ပူလောင်လွန်းလှစွာ ...

နေကာမျက်မှန်ကို ချက်ချင်းကောက်တပ်လိုက်၏။ နေသည် မျက်ရည်မကျတော့။

မျက်ဝန်းအိမ်ဆီမှ စီးဆင်းခွင့်မကျသော မျက်ရည်တို့က နှလုံးသားထဲမှာတော့ သည်းထန်စွာ ...

ရင်ချိုင့် နှလုံးအိမ်တစ်ခုလုံး၌ အုံ့ဖွဲ့မျက်ရည်တို့က ရွဲနစ်လို့နေသည်။

နေ့ကို မုန်းလိုက်ပါတော့ မောင်ရယ် ...



## အခန်း (၂၀)

နေသည် ကုမ္ပဏီသို့လာတိုင်း ကော်ဖီဆိုင်ကလေးကို မကြည့်မိအောင် ကြိုးစားနေမိသည်။

ဆိုင်ကလေးထဲမှနေ လွမ်းမောတမ်းတစွာ နေ့ကိုလှမ်းကြည့်နေမည့် မျက်ဝန်းတစ်စုံကိုတော့ မြင်ယောင်နေမိသည်။

သို့သော် ...

ဒီတစ်ခါတော့ နေ့ထင်မြင်ချက်မှာ လွဲချော်ခဲ့ရပါသည်။

နေ့တို့ကားလေး ပါကင်ထိုးလိုက်ပြီးချိန်တွင် ဒေါ်ဒေါ်သောင်းမှာ ဗိုက်နာလို့ဆိုကာ အရင်ဆင်းနှင့်လေသည်။

နေကတော့ ယူစရာရှိသည့်ဖိုင်တွဲများ စစ်ဆေးယူနေရသေးမို့ ကျန်ရစ်ခဲ့ရာ ...

"မတွေ့ရတာ အတော်တောင် ကြာပြီနော်"

နေသည် ရုတ်တရက် ကြားလိုက်ရသောအသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောပြင်လေး ဆတ်ခနဲတုန်သွားရသည်။

ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိသောအခါ ရီဝေရွှဲစင်းသောမျက်လုံးများနှင့် နေ့ကို ပြုံးထေ့ထေ့ စိုက်ကြည့်နေသော ဝဿန်ပစ္စုန်ကို တွေ့လိုက်ရလေသည်။

"အံမယ်လေး"

နေသည် အလန့်တကြား အော်လိုက်မိသည်။

ရွှဲစင်းနေသောမျက်လုံးများကြောင့် နေ့အသည်းထဲ အေးခနဲဖြစ်သွားရသည်။

"ကိုယ့်ရုပ်က အဲ့လောက်တောင် ကြောက်စရာကောင်းနေပြီလား နေရဲ့၊ မင်း အရင်ကပြောတော့ သိပ်ကြည့်ကောင်းတာပဲဆို ... ဟင်"

"ဝဿန် ... ရှင် ... ရှင် ဒီကို ဘာလာလုပ်တာလဲ"

နေသည် လူသူရှင်းပြတ်လှသည့် ပတ်ဝန်းကျင်ကိုကြည့်ကာ တစ်ယောက်တည်းမို့ အလိုလိုနေရင်း ကြောက်လာမိသည်။

ဝဿန့်ပုံစံမှာ မရိုးသားဘူးလို့ စိတ်ထဲမှအလိုအလျောက် ခံစားနေမိသည်။

"ကိုယ် ... မင်းနဲ့ တစ်နေရာ,ရာမှာ အေးအေးဆေးဆေး စကားပြောချင်တယ် နေ၊ ကိုယ်နဲ့ ခဏလောက်လိုက်ခဲ့ပါ"

"မလိုက်နိုင်ဘူး၊ ရှင်နဲ့ကျွန်မနဲ့ကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး၊ ကျွန်မတို့ ဇာတ်လမ်းက ပြီးခဲ့ပြီ"

နေသည် ခါးခါးသီးသီးပင် ငြင်းလိုက်မိသည်။





နေ့စိတ်ထဲ ဝဿန့်ပုံစံကို လုံးဝမသင်္ကာချင်။

"မင်းဘက်က ပြီးပေမယ့် ကိုယ့်ဘက်က မပြီးသေးဘူးလေ နေကလေးရဲ့၊ ခဏကလေး လိုက်ခဲ့ပါကွာ၊ စကားလေးပြောရုံသက်သက်ပါ၊ မင်းကို ကိုယ် လက်ဖျားကလေးနဲ့တောင် မထိပါဘူး"

ဝဿန်ပြောပုံမှာ ရိသဲ့သဲ့။

နှုတ်ခမ်းပေါ်က အပြုံးထေ့ထေ့ကလည်း စက်ဆုပ်စရာကောင်းလာသည်။

နေသည် ဝဿန့်ကိုကြည့်ရင်း, ကြည့်ရင်းက သံသယစိတ်တွေ ကြီးထားလာခဲ့လျက် ခါးခါးသီးသီးပင် ...

"စကားပြောရုံလည်း ကျွန်မ ရှင်နဲ့ မလိုက်နိုင်ဘူး၊ ရှင် အခုချက်ချင်း ထွက်သွား"

နေသည် စိတ်ထဲက ကြောက်နေမိသော်လည်း အားတင်းလျက် ဝဿန့်ကို နှင်ထုတ်လိုက်သည်။

ဝဿန်က ခေါင်းကိုယမ်းကာ ...

"ဆောရီးပဲ မသွားနိုင်ဘူး နေ၊ ဇာတ်လမ်းက မင်းဘက်က ပြတ်ပေမယ့် ကိုယ့်ဘက်က မပြတ်နိုင်သေးဘူး၊ ကိုယ်နဲ့ ခဏလောက် လိုက်ခဲ့ပါ"

ပြောရင်းက ဝဿန်သည် ရှေ့တိုးလာခဲ့သည်။

နေ့ရင်ထဲ တထိတ်ထိတ်ဖြစ်လာကာ သတိထားရင်းက

"မလိုက်ဘူး၊ ကျွန်မ မလိုက်ဘူးနော် ဝဿန်၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မတိုးနဲ့နော် ကျွန်မ အော်လိုက်မ်ယ''

နေသည် ဝသန့်ခြေလှမ်းတွေကို သတိထားကြည့်နေရင်းက အော်ရန် ပါးစပ်ပြင်လိုက်သည်။

သို့သော် နေ နောက်ကျသွားခဲ့ပြီ။

လျှပ်တစ်ပြက်လှုပ်ရှားလိုက်သော ဝသန်ရဲ့လက်ရိုပ်ကို မြင်လိုက်ရပြီးနောက် စိမ်းရွှေစူးရှသော ရနံ့ဆိုးကြီးတစ်ခုက အော်ဂလီဆန်ချင်စဖွယ် နှာခေါင်းဝကို တိုးဝင်လာခဲ့ပြီးလျှင် ...

နေသည် လောကကြီးနှင့် အဆက်အသွယ်ပြတ်သွားရလေတော့သည်။

❁

ဒေါ်သောင်းသောင်းသည် နေတစ်ယောက် တော်တော်နှင့် ကုမ္ပဏီထဲ ဝင်မလာနိုင်သဖြင့် ပြန်ထွက်လာကာ ကြည့်လျှင် မောင်းထွက်သွားခဲ့လေပြီဖြစ်သော ကားကိုသာ မြင်လိုက်ရသည်။

''ဘုရားရေ ... ဘယ်ကိုထွက်သွားတာပါလိမ့် ... ပြဿနာပဲ''

ဒေါ်သောင်းသောင်းမှာ ကားနောက်မြီးကိုကြည့်လျက် ပျာယာခတ်သွားမိသည်။





''အံမယ်လေး ... ငါ့အပြစ် ဖြစ်တော့မှာပဲ ဒုက္ခပါပဲ''

ဒေါ်သောင်းသောင်း ဘာလုပ်၍ဘာလုပ်ရမှန်း မသိတော့ဘဲ ဒေါ်သီရိဘုန်းထွဋ်ဆီကို ဖုန်းလှမ်းဆက် အကြောင်းကြားရန် ပြင်မိတော့သည်။

❁

နေကတော့ ဝသန်ပစ္စုန်ပြင်ဆင်ထားပေးသည့် အတိုင်းပင် ဆိုဖာမှာ မှေးမိုပြီး လောကကြီးနှင့် အဆက်အသွယ်ပြတ်နေမိသည်။

ဝသန်သည် ကားမောင်းရင်း လက်တစ်ဖက်က စီးကရက်ကို ရှိုက်ဖွာကာ နေ့ကို မျက်လုံးများမှေးပြီး လှည့်လှည့်ကြည့်မိသည်။

ဘာကိုမှမသိ အပြစ်ကင်းစင်စွာ သတိလစ်မေ့မြောနေရှာသည့် အလှနတ်သမီးကလေးကို မျက်တောင်များစင်းချကာ လှည့်ကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်မိသည်။

''ဘယ့်နှယ်လဲ ... အသည်းစားနတ်သမီးရဲ့ စင်မြင့်ပေါ်ကနေ အောင်ပွဲခံလာခဲ့သမျှ ခုတော့ ငါ့လက်ထဲမှာ မင်း ဘာတတ်နိုင်သေးလဲ၊ မင်းကြောင့် အရှက်တကွဲနဲ့ ဘဝပျက်ခဲ့ရတဲ့အတွက် မင်းဆီက ငါ တန်ရာတန်ကြေးအဖြစ် ထိုက်ထိုက်တန်



www.burmeseclassic.com

www.burmeseclassic.com



တန်လျော်ကြေးပြန်ယူရမယ် . . . ဟင်း ဟင်း''

ဝသန်သည် တစ်ကိုယ်တည်း ကျေနပ်အားရစွာ ရေရွတ်ရင်း မော်ဘီဘက်သို့ မောင်းလာခဲ့သည်။

အဲ့ဒီမှာ သူတစ်ယောက်တည်း လွတ်လွတ်လပ်လပ် အပန်းဖြေနေထိုင်တတ်သည့် ခြံကြီးတစ်ခြံရှိသည်လေ။

တစ်ထပ်တိုက်လေးတစ်လုံးရှိသည့် ခြံကြီးထဲ ကားကို ကွေ့ဝင်ခဲ့ပြီးသည့်နောက် . . .

နေ့ခန္ဓာကိုယ်လေးကို အိပ်ခန်းထဲအထိ ပွေ့ချီလာခဲ့ကာ အိပ်ရာပေါ် ဖြည်းညင်းညင်သာစွာ တင်လိုက်သည်။

ထို့နောက် . . .

အိမ်ထဲမှ သူနှင့်နေသာ နှစ်ယောက်တည်းရှိသည်မို့ အခန်းတံခါးကို စေ့ရုံသာစေ့လိုက်ပြီး . . .

စားပွဲပေါ်မှ သောက်လက်စ ဝီစကီပုလင်းထဲမှ နှစ်ပက် ခန့် ဖန်ခွက်ထဲ ငှဲ့လိုက်သည်။

ကုလားထိုင်ကို အိပ်ရာနားအထိ ရွှေ့လိုက်ကာ ခုတင် စွန်းပေါ်ခြေထောက်ကို တင်လိုက်သည်။

whisky နှင့် woman သည် လိုက်ဖက်လွန်းလှစွ တကား။

လှရက်လွန်းသည့် နတ်သမီးကလေး။

အသားအရေက ဖြူစင်ဝင်းဖန့်၍နေသည်။

အိပ်ရာပေါ်၌ ခွေခွေကလေး လဲနေပုံမှာ အချိုးအစား





ကျလွန်းသည့် ပန်းပုရုပ်တုကလေးတစ်ခုအလား။

ကျစ်လျစ်သွယ်လျသော ခန္ဓာကိုယ်ပေါ်ရှိ အသားစိုင် ကလေးများမှာ နူးညံ့အိစက်လွန်း၍နေမလား။

ဝီစကီရဲ့လှုံ့ဆော်မှုနှင့်အတူ သူ့ရဲ့သွေးတွေ ပူနွေး၍လာ သည်။

ဖန်ကြည် ကြက်ခြေခတ်ကြိုးလေးနှစ်ချောင်းသာရှိသော လစ်ဟာနေသည့် ပခုံးသားဝင်းဝင်းလေးများကို ရီဝေစွာကြည့် ရင်းက ဝသန်သည် နေ့နံဘေး ညင်သာစွာ ဝင်ထိုင်လိုက်သည်။

ထို့နောက် . . .

ကြော့ရှင်းနေသည့် လည်တိုင်ကလေးဆီ ယစ်မူးစွာ အငုံ့။

''ဟင် . . . ဒါ . . . ဒါ ဘာလုပ်တာလဲ''

နေသည် သတိရလာလျှင်လာချင်း ဝသန့်မျက်နှာကို အနီးကပ်မြင်လိုက်ရသောအခါ ကြောက်စိတ်ဖြင့် ဝုန်းခနဲ ထ, လိုက်မိသည်။

ခေါင်းတစ်ခုလုံး ပြင်းထန်စွာ အုံခဲနေသည့် ဝေဒနာက နေ့ကို မဟန်နိုင်ဖြစ်စေကာ ဝသန့်ရင်ခွင်ထဲ ပြန်လဲပြိုကျသွား စေသည်။

ဝသန်က တင်းကျပ်စွာ ပွေ့ဖက်ထားပြီး အောင်နိုင်သူ တစ်ယောက်လို တဟွန်းဟွန်းရယ်သည်။

''နင် . . . နင် မယုတ်မာနဲ့နော် ဝသန်၊ လွှတ်စမ်း



www.burmeseclassic.com

www.burmeseclassic.com



. . . ငါ့ကို အခုချက်ချင်း လွှတ်စမ်း''

နေသည် သန်မာသော ဝသန်လက်များကြားမှ အပြင်းအထန်ရုန်းကန်နေမိသည်။

''မရုန်းပါနဲ့ ဟန်နေရယ် . . . မင်း ငါ့အသည်းကို ခွဲတုန်းက ရယ်နေခဲ့တယ် မဟုတ်လား၊ အခုလည်း ရယ်နေလိုက်ပေါ့ . . . ဟား ဟား''

ဝသန်သည် အရူးတစ်ယောက်လို တဟားဟားရယ်ရင်း သန်မာသောလက်များက တင်းကျပ်သထက် ပိုပြီးတင်းကျပ်လာခဲ့သည်။

နေသည် မျက်ရည်တတွေတွေကျရင်း အပြင်းအထန်ရုန်းထွက်ရင်းမှ ယောကျ်ားတစ်ယောက်ကို ဘဝပျက်အောင် အသည်းခွဲရယ်မောခဲ့မိသော လုပ်ရပ်အတွက် နောင်တအကြီးအကျယ်ရနေမိသည်။

နေ . . . နေရဲ့ လှပနူးညံ့လှသော အပျိုစင်ဘဝကလေးကို ရက်ရက်စက်စက် အဆုံးရှုံးခံလိုက်ရတော့မှာလား။

အရက်နံ့ဝေနေသည့်မျက်နှာသည် ထိတ်လန့်တုန်လှုပ်နေမိသည့် နေ့မျက်နှာပေါ်သို့ အုပ်မိုးကျလာခဲ့လေလျှင် . . .





အုံ့ဆိုင်းနေသော သစ်ရိပ်ဝါးရိပ်မှာ အေးမြလွန်းလှသော်လည်း ရင်ထဲက မီးတောက်ကိုတော့ မငြိမ်းသတ်နိုင်။

တလွင့်တပြန့် တိမ်သားကောင်းကင်ကို မော့ငေးကာ ရင်ထဲက ချစ်သူကို အဆုံးမသတ်နိုင်အောင် လွမ်းနေမိသည်။

တင်းမာခက်ထန်သောမျက်နှာနှင့် ဘယ်လိုပင် စိမ်းကားသော စကားတွေဆို,ဆို . . .

ချစ်သူရင်တွင်းက ဖုံးကွယ်မရတတ်သော ချစ်ခြင်းကို ကိုယ်က နှလုံးသားဖြင့် ခံစားတွေ့မြင်နိုင်သည်လေ။

လွမ်းတယ် . . . ချစ်သူရယ်။

ဘဝနဲ့ချီပြီးတော့ကို လွမ်းရပါရဲ့။

ဝူး . . .

ချစ်သူကို လွမ်းမိဆဲ အရှိန်ပြင်းလှသော ကားစက်သံကြောင့် အမှတ်မထင် လှည့်ကြည့်လိုက်မိလျှင် . . .

''ဟင်''

မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

ဆတ်ခနဲ မတ်တတ်ရပ်လိုက်မိသည်။

သေချာသည်။

နေ့ကားမှအစစ်။

နံပါတ်ကအစ မလွဲ။

သည်နေရာကို နေ ဘာလာလုပ်တာလဲ။

သူ နေ့ကားကို သတိထားပြီး လိုက်ကြည့်မိရာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ခြံနှင့် လေးခြံကျော်ကို ကွေ့ဝင်သွားတာ တွေ့လိုက်ရသည်။

သူ မျက်မှောင်ကြုတ်လိုက်မိသည်။

နေ ဒီကို ဘာကိစ္စနဲ့လာတာလဲ၊ ဘယ်သူ့ဆီလာတာလဲ။

သူ စဉ်းစားမရဖြစ်ဆဲ ဦးလေး မင်းမင်းကို တွေ့လျှင် အပြေးသွားမိကာ ...

"ဦးမင်း ... ဦးမင်း သားတို့ခြံနဲ့ လေးခြံကျော်မှာ ဘယ်သူတွေ နေတာလဲ၊ ဦးမင်း သိလား"

ဦးမင်းတို့က ဒီမှာနေတာ ကြာပြီမို့ သိနိုင်သည်။

ဦးမင်းက တစ်ချက်စဉ်းစားကာ ...

"နေဦးကွ ... အဲ့ဒီခြံက လူသစ်ပြောင်းလာတာ ချာတိတ်ကလေးတစ်ယောက်ပဲ၊ မင်းတို့အရွယ်လောက်ပဲ ရှိမယ်၊ ခပ်ဆိုးဆိုးကလေးလို့ ပြောကြတာပဲ၊ အရင်ကတော့ ခြံထဲမှာ အရက်ဆင်းသောက်တာ တွေ့ဖူးတာပဲ၊ ဘာဖြစ်လို့လဲကွ"

"အဲ့ဒီခြံထဲကို သား့ကောင်မလေးရဲ့ကား မောင်းဝင်သွားတာ တွေ့ရလို့"

"ဟေ"

ဦးမင်းရဲ့စကားကြောင့် သူ့ရင်ထဲ မီးတောက်သွားရတော့သည်။

နေ ဘာတွေလုပ်နေတာလဲ။

ယောက်ျားလေးတစ်ယောက်တည်းနေတဲ့ခြံကို နေ ဘာလာလုပ်တာလဲ။





"ဦးမင်း ... သားတော့ သိပ်မသက်သာချင်ဘူး၊ သွားကြည့်လိုက်ဦးမယ်"

"အေး အေး ... ဦးမင်း ဆရာ့ကိုပြောပြီး လိုက်လာခဲ့မယ် ... သွားနှင့်"

သူ တဝုန်းဝုန်းမီးတောက်နေသည့်ရင်နှင့် ထိုခြံထဲကို ပြေးသွားလိုက်မိတော့သည်။

သူတစ်ပါး၏ပိုင်နက်လည်း သူ မစဉ်းစားမိတော့။

နေ့အတွက် စိုးရိမ်ပူပန်စိတ်သည်သာ လောင်မြိုက်နေသည်။

သူ အိမ်ထဲကို တစ်ရှိန်ထိုး ပြေးဝင်လိုက်မိသည်။

စေ့ရုံသာစေ့ထားသော အိမ်ခန်းတံခါးကို ခြေဖြင့် ဆောင့်ကန်ထည့်လိုက်၏။

"မရုန်းပါနဲ့ ဟန်နီရယ်၊ မင်း ငါ့အသည်းကိုခွဲတုန်းက ရယ်နေခဲ့တယ် မဟုတ်လား၊ အခုလည်း ရယ်နေလိုက်ပေါ့ ... ဟား ဟား"

စက်ဆုပ်ဖွယ်ရာ ရယ်သံ ...

နှလုံးသားကို ဆုပ်ခြေလိုက်သောမြင်ကွင်း ...

မျက်လုံးတွေ ပြာထွက်သွားသည်။

ဘာကိုမှ မမြင်နိုင်တော့။

"ဟော့ကောင်"

ဝမ်းခေါင်းသံကြီးနှင့် အော်မိလျက် ကိုယ်ပင် မရှုရက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ချစ်ပန်းပွင့်ကို ခြေမွရန် ကြိုးစားနေသော လူယုတ်မာကို ကုတ်မှဆွဲကာ ဆောင့်တွန်းပစ်လိုက်၏။

"မင်း ... မင်း ... နေ့ကို ... နေ့ကို"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်၏။

ခုချိန်မှာ လူသတ်ရန်လည်း ဝန်မလေးတော့ပြီ။

"သား ... မလုပ်နဲ့ မလုပ်နဲ့ မှားမယ်"

ဦးမင်းရဲ့စိုးရိမ်တကြီး အသံ။

သူ အံကိုတင်းတင်းကြိတ်လိုက်မိသည်။

သူ့အနားကို ဦးမင်း ချက်ချင်းရောက်လာ၏။

ထို့နောက် ...

ရပ်ကွက်ထဲမှ တာဝန်ရှိသူများ ...

သူ တင်းကျပ်စွာ ဆုပ်ဆွဲထားသော လက်ချောင်းများကို ဖြေလျှော့လိုက်ရတော့သည်။

သူ့ပခုံးပေါ် ဖွဖွတင်လာသော လက်ဖဝါးလေးတစ်ဖက်။

သူ လှည့်ကြည့်လိုက်မိသည်။

"မောင်"

တိုးညင်းသော ခေါ်သံကလေး။

အားငယ်ဖျော့ဆွေးသော မျက်ဝန်းကလေးများ။

သူ့ရင်ထဲ တလှပ်လှပ် ခါဆင်းသွားရသည်။

"နေ ... ဇနုရယ်"





ချစ်သူကလေးကို ရင်ခွင်ထဲထည့်သိမ်းကာ လွတ်ထွက်သွားမှာစိုးသလို တအားဖက်ထားလိုက်မိသည်။

တို့ ... ဘယ်တော့မှ မခွဲတော့ဘူးနော် ချစ်သူ။

မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်ဘူး သိရဲ့လား။

ကိုယ် ဘယ်လောက် စိုးရိမ်ပူလောင်သွားခဲ့ရသလဲဆိုတာ မင်း သိရဲ့လား။ ကိုယ့်ရင်ခွင်ထဲကနေ ဘယ်ကိုမှ ထွက်မသွားပါနဲ့တော့ ချစ်သူရယ်။

ဟော့ဒီရင်ခွင်ထဲမှာ မင်းကို ထည့်သိမ်းထားနိုင်မှ ကိုယ် အမြဲစိတ်ချလက်ချနေနိုင်မှာ ...

သခ်ဃာသည် ... ချစ်သူကလေးကို ဆုံးရှုံးသွားရမှာ ကြောက်စိတ်နှင့် မွတ်မွတ်သိပ်သိပ် တမ်းတမ်းမက်မက် ဖက်ထားလိုက်မိသည်။

❁

"တော်သေးတာပေါ့ နေရယ်၊ မောင်နဲ့တွေ့ပေလို့"

"မောင်က ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ"

"မောင်လား ... နေက ဘယ်တော့မှ မမြင်ချင်တော့ဘူးဆိုလို့ စိတ်ညစ်ညစ်နဲ့ ဒီမှာ လာနေတာလေ"

"ဒီမှာက"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဦးလေးခြိလေ၊ လိုက်ခဲ့နော် ... လေးလေးနဲ့ မိတ်ဆက်ပေးမယ်"

မောင်က လက်တွဲခေါ်သည်မို့ နေက မငြင်းရက်တော့ဘဲ လိုက်ခဲ့ရတော့သည်။

"လေးလေးနဲ့ မောင့်မေမေက မောင်နှမလေ၊ လေးလေးက လူပျိုကြီး၊ မောင့်ကို အရမ်းချစ်တယ်၊ ပြီးတော့ နေ့ကို လည်း သိတယ်"

"ဟင် ... နေ့ကို သိတယ် ... ဟုတ်လား"

နေ့မျက်လုံးလေးတွေ ဝိုင်းစက်သွားရသည်။

"မောင်ပြောပြထားတာ၊ မောင်တို့ဇာတ်လမ်းကို လေးလေးက အားလုံးသိတယ်"

"မောင်ကလည်း မောင့်လေးလေးက နေ့ကို မုန်းနေမှာပေါ့"

နေ မျက်နှာကလေး မကောင်းစွာ ပြောမိသည်။

မောင်က နေ့စကားကြောင့် ရယ်လိုက်ကာ ...

"မမုန်းပါဘူး၊ မောင့်လေးလေးက သဘောထား မနုပါဘူးနေရဲ့၊ သိပ်ကို နားလည်မှု ရှိပါတယ်"

မောင်က သူ့လေးလေးအကြောင်းတွေ မဆုံးနိုင်အောင် ချီးမွမ်းခန်းဖွင့်ဆဲ ...

"သားရေ"

ဆိုသော ခေါ်သံတစ်ခုက လူကို မတွေ့ရသေးဘဲ ဧည့်





ခန်းဆီ အရင်လွင့်တက်လာခဲ့သည်။

"ဟော ... လေးလေး လာပြီ"

နေသည် အခန်းဝဆီသို့ စောင့်ကြည့်မိဆဲ ဧည့်ခန်းထဲ ဖြည်းညင်းစွာ ဝင်လာခဲ့သော လူတစ်ယောက်ကို မြင်လိုက်ရသောအခါ ...

"ဟင်"ခနဲ အာမေဋိတ်သံ ထွက်ပေါ်သွားခဲ့ရသည်။

"အဲ့ဒါ ... မောင့်လေးလေးပါ နေ"

မောင်က တိုးတိုးပြောသည်။

နေသည် မှင်တက်ကြောင်အမ်း၍နေမိသည်။

မောင်က နေရာမှထ,ကာ ကြင်နာမှုအပြည့်ဖြင့် သူ့လေးလေးထိုင်နေသော ဝှီးချဲကို သွားတွန်းလာခဲ့ပေးသည်။

ဘယ်ဘက်မျက်နှာတစ်ခြမ်းလုံးနှင့် လည်ပင်းတွင် ကြီးမားသည့်ဒဏ်ရာ အမာရွတ်များနှင့် ပြည့်နှက်နေသော လူတစ်ယောက်။

နေသည် ရုပ်ပျက်ဆင်းပျက်မျက်နှာနှင့် ဝှီးချဲပေါ်မှ ဒုက္ခိတကြီးကို မြင်လိုက်ရသောအခါ အံ့သြပြီး စိတ်မကောင်းဖြစ်သွားရသည်။

အံ့သြကြောင်သက်နေမိရာမှ သတိပြန်ဝင်လာသည်နှင့် နေသည် ချက်ချင်းပင် မတ်တတ်ထရပ်ကာ အရိုအသေပေးလိုက်သည်။

"ရပါတယ် ထိုင်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးနူးညံ့လှသောအသံကို ကြားလိုက်ရလျှင် နေသည် မောင့်လိုပဲ ...ဟု မှတ်ချက်ချလိုက်သည်။

နူးညံ့လှသောအသံနှင့် ဒုက္ခိတဘဝကြီးမှာ မလိုက်ဖက်လှပါ ...ဟု နေ တွေးဆဲ မောင်က သူ့လေးလေးနှင့် မိတ်ဆက်ပေးပါသည်။

"နေ ... ဒါ ကိုယ့်လေးလေးလေ ဦးသတိုးဇေယျတဲ့"

"ဟင် ... ဦး ဦးသတိုးဇေယျ ဟုတ်လား"

မထင်မှတ်နိုင်လွန်းစွာ နေသည် အံ့အားအသင့်ကြီး သင့်သွားခဲ့ရတော့သည်။

"ဒါ ..ဒါဆို ... လေးလေးက"

"ဟုတ်တယ်နေ ...ကိုယ့်လေးလေးက နေ့မေမေ ဒေါ်သီရိဘုန်းထွဋ်ရဲ့ သတိုးဇေယျပဲ"

"ရှင်"

နေသည် ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရတော့သည်။

အံ့ဩလိုက်သည်မှာ ပြောဖွယ်ရာမရှိတော့ပြီ။

"ဟိုတစ်နေ့ကတည်းက ဒီအကြောင်းကို နေ့ကို ကိုယ်ပြောပြဖို့ ကြိုးစားသေးတယ်၊ နေက အတင်းကားပေါ်တက်သွားခဲ့တာကိုး"

နေသည် ငြိမ်သက်နေမိသည်။

ဟုတ်ပါရဲ့။

ဟိုတစ်နေ့က နေ့ကို မောင် စကားပြောစရာရှိတယ်





...ဟု ပြောနေခဲ့သည်။

နေက မေမေ့ကို ကတိပေးထားခဲ့သဖြင့် မောင်ပြောတာ နားမထောင်ခဲ့ဘဲ ဖွတ် ကားပေါ်တက်ခဲ့မိတာ။

"တကယ်တော့ နေ ခြံထဲမှာ ကိုယ့်လက်ကိုဆေးထည့်ပေးရင်း ပြောကတည်းက နေ့မေမေရဲ့သတိုးဇေယျဟာ လေးလေးပဲလို့ ကိုယ်ထင်ခဲ့တာ ...၊

အဲဒီကတည်းက ပြောပြဦးမလို့ပဲ၊ အန်တီထွဋ်က ကိုယ့်ကို အတင်းနှင်ထုတ်ခဲ့တာကိုး ...၊

လေးလေးဆီ သေချာအောင်လာမေးတော့မှ အဖြစ်အပျက်အားလုံးကို အမှန်အတိုင်း ကိုယ်သိခဲ့ရတာ"

မောင့်လေးလေးသည် ခေါင်းကို ငုံ့စိုက်ထားကာ ငြိမ်သက်တိတ်ဆိတ်၍နေလေသည်။

မောင်ကသာ စကားတွေဆက်ပြောနေခဲ့သည်။

"နေ ... တကယ်တော့ လေးလေးက အန်တီထွဋ်ကို မချစ်လို့ စွန့်ပစ်ခဲ့တာ မဟုတ်ပါဘူး"

မောင့်စကားကြောင့် နေသည် ဆတ်ခနဲ တောင့်မတ်သွားခဲ့ရသည်။

ဒါ ...ဒါဆို ...

"ချစ်လွန်းလို့၊ ချစ်လွန်းလို့ စွန့်ခွာခဲ့တာပါ၊ လေးလေးရဲ့ အဖြစ်က အရမ်းကို ရင်နာစရာကောင်းပါတယ်၊ ပြောပြလိုက်ပါ လေးလေးရယ် ...သား ဆက်ပြီး မပြောရက်တော့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်က ငိုးချဲပေါ်က လေးလေးကိုငုံ့ကြည့်ရင်းက အသံတွေ တိမ်ဝင်သွားခဲ့သည်။

လေးလေးက အဲဒီတော့မှ သက်ပြင်းတစ်ရှိုက်နှင့်အတူ ခေါင်းကိုမော့လာကာ ...

"ပြောပြပါ့မယ် ... လေးလေး ပြောပြပါ့မယ်၊ ဟော့ဒီ ရုပ်ပျက်ဆင်းပျက် ဒုက္ခိတဘဝကြီးနှင့် သူ့ကို လက်ထပ်ရတဲ့အဖြစ် မရောက်စေချင်လို့, သူ့ဘဝကို ဒုက္ခိတကြီးကို ပြုစုပေးရတဲ့ ဘဝမျိုးနဲ့ မနစ်မွန်းစေချင်လို့ လေးလေး စွန့်လွှတ်ခဲ့တာ၊ လေးလေး အနစ်နာခံခဲ့တာပါ"

"ရှင် ... သမီးတော့ ဘာမှနားမလည်နိုင်တော့ဘူး"

"အေးလေ ... သမီး နားလည်အောင် လေးလေး အားလုံးကို ပြန်ပြီးရှင်းပြပါ့မယ်၊ လေးလေး ဒီဘဝကို ဘယ်လို ရောက်ခဲ့ရသလဲဆိုတာ အရင်ပြောပြပါ့မယ်၊ အဲ့ ... အဲ့ဒီနေ့က လေးလေးတို့ လက်မှတ်ထိုးမယ့်နေ့က ..."



## အခန်း (၂၁)

"ဟာ ... ဆရာ'အရမ်းကို အူမြူးနေပါလား"

တပည့်ဖြစ်သူ မင်းမင်းကပင် ပြောယူရတော့သည့်အထိ သတိုးဇေယျရဲ့ပျော်ရွှင်မှုက အရမ်းကို သိသာထင်ရှားလွန်ခဲ့ရသည်။

"မြူးတာပေါ့ကွ ... သတို့သားလေကွာ၊ လူပျိုဘဝကို စွန့်လွှတ်ရတော့မယ့်နေ့ဆိုတော့ မြူးတာပေါ့ကွ"

တပည့်ဖြစ်သူကို သတိုး နောက်တောက်တောက် ပြန်ပြောလိုက်မိသည်။

မင်းမင်းက ဆရာ့ကို အသေအချာလှည့်ပတ်ကြည့်ကာ

"သတို့သားဝတ်စုံနဲ့မို့လို့လား မသိဘူး ... ကိုယ့်ဆရာက အရင်နေ့တွေကထက် ပိုကြည့်ကောင်းနေတယ်"

"ဟဲ ဟဲ ... ဒါ သတို့သမီးက ဆင်ပေးထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



သတိုး ခပ်ကြွားကြွားပြန်ပြောလိုက်မိသည်။

တကယ်လည်း ဒီဝတ်စုံက ထွန်းရဲ့စိတ်ကြိုက်ဖြစ်သည်။

ထွန်းအတွက် ဆင်စွယ်ရောင် ပိုးချိတ်ဝတ်စုံကလေးကို သူက ရွေးချင်ပေးတော့ ...

သူ့အတွက်လည်း ထွန်းက သခွားရောင်ပိုးဝိတ်စုံကို စိတ်ကြိုက် ပြန်ရွေးချယ်ပေးခဲ့သည်လေ။

"မသွားသေးဘူးလား ဆရာရဲ့၊ အဆင်သင့်ဖြစ်နေပြီပဲ၊ သွားရအောင်"

"ထွန်းက ကားကြိုလွှတ်လိုက်မယ်တဲ့ကွ၊ ဒီနေ့ သူ့အစီအစဉ်အတိုင်း လုပ်ရှားရမှာ၊ သူက အိမ်ရှင်မဆိုတော့ ငါက သူ့စကား နားထောင်ရတော့မှာပေ့ါ"

"ကိုယ့်ဆရာကတော့ဗျာ ဟုတ်တော့ဟုတ်နေပါပြီ၊ ခုကတည်းက မိန်းမ,စကား မြေဝယ်မကျ"

"ချစ်တာကိုးကွ ... ဟဲဟဲ"

သူ ရယ်ဟဟနှင့် ပြောဖြစ်သည်။

သို့သော် ထွန်းတို့ဘက်မှ အကြိုလွှတ်လိုက်မည်ဆိုသည့် ကားက မရောက်လာနိုင်သေးရာ အဆင်သင့်ဖြစ်နေပြီဖြစ်သည့် သူ့မှာ ဂနာမငြိမ်နိုင်တော့။

ထိုင်လိုက်၊ ထ,လိုက်၊ လမ်းလျှောက်လိုက်နှင့် စိတ်တွေ လှုပ်ရှားကာ နေမထိ ထိုင်မသာ ဖြစ်နေမိဆဲ။

ဆင်ဝင်အောက်ထဲ ကားတစ်စီး ရောက်လာခဲ့လျှင် သူ့





မှာ ဝမ်းသာပြီး ကပျာကယာ ပြေးထွက်လိုက်မိသည်။

သို့သော် သူထင်သလို ထွန်းရဲ့ကားမဟုတ်ခဲ့။

ကားပေါ်မှ ဆင်းလာခဲ့သူက ထရီဇာ။

နက်ပြာရောင်ကုတ်နှင့် မီနီစကဒ်အတိုကို အနောက်တိုင်းဆန်ဆန်ဆင်ယင်ထားသော ထရီဇာ့ကို ရုတ်တရက်ကြီး တွေ့လိုက်ရသည့်အတွက် သူ မထင်မှတ်နိုင်လွန်းစွာ အံ့အားအသင့်ကြီးသင့်သွားခဲ့ရသည်။

"ထရီဇာ"

ထရီဇာက နေကာမျက်မှန်ကိုချွတ်ကာ သူ့ကို ငေးစိုက်ကြည့်သည်။

ထရီဇာ့ရဲ့ အမြဲလိုအနိုင်ယူလိုစိတ်နှင့် တောက်ပဝင့်ကြွားနေတတ်သောမျက်ဝန်းများမှာ ခုတော့ ရီဝေဖျော့ဆွေး၍နေသည်။

"ထရီဇာ ... မင်း ဒီကိုဘာလာလုပ်တာလဲ၊ ဒီနေ့ ငါ့မင်္ဂလာလက်မှတ်ရေးထိုးမယ့်နေ့၊ ငါ့ဘဝအတွက် အရေးအကြီးဆုံးနေ့ပဲ၊ မင်း ဒီလိုအချိန်မှာ ငါ့ကို လာမနှောင့်ယှက်သင့်တော့ဘူး၊ သွားပါ ... မင်း ထွက်သွားပါ ထရီဇာ"

သတိုးသည် ဘာကိုမှ မငဲ့ညှာနိုင်တော့ဘဲ ထရီဇာ့ကို လက်ညှိုးကြီးထိုးပြီး ခါးခါးသီးသီး နှင်ထုတ်နေမိသည်။

"သွားမှာပါ၊ ထရီဇာ အဝေးကြီးကို ထွက်သွားတော့မှာပါ၊ နောက်ဆို ထရီဇာ့ကို သတိုး ဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

ထရီဇာ့စကားကြောင့် သတိုး အံ့အားသင့်သွားရတော့သည်။

ထရီဇာ့လေသံမှာ အရင်လိုမဟုတ်။

ကြေကွဲရိပ်စွက်ကာ တိုးညင်းတိမ်အက်၍နေသည်။

“ထရီဇာက အခုလာတာကလည်း သတိုးကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်ချင်လို့လာတာပါ၊ ပြီးတော့ ထရီဇာ့လေ တောင်းပန်ချင်လို့ပါ”

သတိုးမှာ ထရီဇာ့လေသံ၊ ထရီဇာ့စကားနှင့် ဝမ်းနည်းညှိုးငယ်နေရှာသောပုံရိပ်တို့ကြောင့် အံ့သြပြီးရင်း အံ့သြနေခဲ့ရသည်။

“ထရီဇာ ... သတိုးနဲ့ ထွဋ်ကို စိတ်အနှောင့်အယှက်တွေ အများကြီးပေးခဲ့မိတဲ့အတွက် တောင်းပန်ချင်လို့ပါ၊ အမြဲတမ်း အနိုင်ရချင်တဲ့စိတ်ကြောင့် ထရီဇာ အမှားတွေ လုပ်ခဲ့မိပါတယ်၊ ထရီဇာ့ကို ခွင့်လွှတ်ပါနော်၊ ထရီဇာ တောင်းပန်ပါတယ် သတိုး”

သတိုးမှာ ညှိုးငယ်စွာနှင့် အထပ်အထပ်အခါခါ တောင်းပန်နေသော ထရီဇာ့ကိုကြည့်ကာ ဘာပြောရမှန်းမသိတော့။

“ထရီဇာလေ အမှန်အတိုင်း ဝန်ခံရရင် မကြံစည်ကောင်းတာတွေ ကြံစည်ခဲ့မိတဲ့အထိ သတိုးရဲ့အချစ်ကို အရမ်းမျှော်လင့်ခဲ့မိပါတယ် ...၊





ဒါပေမဲ့ ... အခုတော့ အချစ်ဆိုတာ သူနဲ့ထိုက်တန်တဲ့ နှလုံးသားဆီမှာသာ ဖူးပွင့်ရှင်သန်ခွင့်ရှိတယ် ... ဆိုတာ ထရီဇာ နားလည်ပါပြီ ...၊

ထရီဇာ ဒီနေ့ပဲ ဒက်ဒီနဲ့ မာမီရှိတဲ့ ဩစီးကို အပြီးလိုက်သွားတော့မှာမို့လို့ သတိုးကို လာနှုတ်ဆက်တာပါ ...၊

ထွဋ်ကိုလည်း နှုတ်ဆက်ရင်း တောင်းပန်ခဲ့ပါတယ် ... လို့ ထရီဇာ့ကိုယ်စား ပြောပေးပါ သတိုးရယ်၊ ဒီလိုနေ့မျိုးမှာ ထရီဇာ့ကို မြင်လိုက်ရရင် ထွဋ် အရမ်းစိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ထရီဇာ မသွားတော့တာပါ”

ပြောရင်းမှ မျက်ရည်တို့ ရစ်ဝဲလာတော့ ထရီဇာ မျက်မှန်ကို ကောက်တပ်လိုက်သည်။

ထို့နောက် ...

သတိုးအတွက် အရမ်းကို အံ့သြဘနန်းဖြစ်သွားစေသည့် စကားတစ်ခွန်းကို နောက်ဆုံးအနေနှင့် ထရီဇာ ပြောလိုက်လေသည်။

“ထရီဇာနေခဲ့တဲ့ တိုက်ခန်းနဲ့ကားကို သတိုးနဲ့ထွဋ်အတွက် လက်ဖွဲ့ခဲ့ပါတယ်”

“ဟင် ... ထရီဇာရယ် ... ဟာ ... ဟာ အဲ့လိုမလုပ်ပါနဲ့၊ ကျွန်တော် လက်မခံပါရစေနဲ့”

တန်ဖိုးကြီးမားလှသည်မို့ သတိုး ငြင်းဆန်မိသည်။

“မငြင်းပါနဲ့ သတိုးရယ်၊ ထရီဇာ့လက်ဖွဲ့ကို လက်ခံပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဒီမှာ လွှဲပြောင်းထားတဲ့စာချုပ်စာတမ်းအပြည့်အစုံပါ''

ထရီဇာက သတိုးလက်ထဲ စာအိတ်ကြီးတစ်အိတ်ကို ထည့်သည်။

''ထရီဇာသွားမယ် သတိုး၊ ဒီကားကို လေဆိပ်ရောက်တာနဲ့ ထရီဇာ လာပို့ခိုင်းလိုက်မယ် ... ဂွဒ်ဘိုင် သတိုး''

ထရီဇာသည် မျက်ရည်များဖြင့် လက်ပြနှုတ်ဆက်ပြီး ကားပေါ်တက်သည်။

''ဂွဒ်ဘိုင် ထရီဇာ ... ဂွဒ်လပ်(ခ)''

သတိုးလည်း ပြန်နှုတ်ဆက် ဆုတောင်းပြီး ထရီဇာ့ကား ထွက်သွားသည့်အထိ ကြည့်နေမိသည်။

ထရီဇာ ထွက်သွားပြီး မကြာခင်မှာပင် နောက်ထပ်ကားတစ်စီးက ထပ်ရောက်လာခဲ့သည်။

ဒီတစ်ခါ ရောက်လာခဲ့သူမှာတော့ သူ့ရဲ့သူငယ်ချင်းတစ်ယောက်ပဲ ဖြစ်သည်။

''ဟော့ကောင် ... မျိုးနိုင်''

''ခုနက ထရီဇာ မဟုတ်လား''

''ဒီကောင် အရေးထဲ ဖွန်ကြောင်နေပြန်ပြီ၊ ငါ အရေးကြီးလို့ကွာ၊ ငါ့ကို ထွင့်အိမ် လိုက်ပို့ပေးစမ်းပါ၊ သူတို့ အကြိုလွှတ်တဲ့ကားကို မစောင့်နိုင်တော့ဘူး''

''လုပ်ပြီ ... ဒီသတိုးသားကတော့ ဆန္ဒက စောလွန်းပြီ''





မျိုးနိုင် ရယ်ကျဲကျဲလုပ်လည်း သတိုး ဂရုမစိုက်နိုင်။

ကားထဲသာ စိတ်စောလွန်းစွာတက်ရင်း မင်းမင်းကို အော်ပြောခဲ့မိသည်။

''မင်းမင်းရေ ငါ သွားပြီဟေ့၊ မင်း အဲ့ဒီမှာ လာကြိုတဲ့ကားကိုစောင့်ပြီး လိုက်ခဲ့လိုက် ... ကြားလား''

တံ့ခိုင်းလက်ဝင်နေသည့် မင်းမင်းကို ကမူးရှူးထိုး လောလော့လောလောနှင့် မှာခဲ့မိသည်က သတိုးရဲ့အမှား။

လာကြိုတဲ့ကားကို မစောင့်နိုင်ဘဲ ကြိုထွက်သွားခဲ့မိသည့် သူ့ကို မျိုးနိုင်ရဲ့ကားရောက်လာတာ မသိသော မင်းမင်းက ထရီဇာ့ကားနဲ့ လိုက်သွားတာပဲလို့ ထင်နေလိမ့်မည်ဆိုတာ သူ မစဉ်းစားမိ။

ပြီးတော့ ...

ထိုအချက်က သူနှင့်ထွင့်အတွက် တစ်ဘဝစာ လွဲချော်မှုကြီးတစ်ခု။ ထွင့်အနေနဲ့ သူ့ကို ဖြေမရအောင် မုန်းတီးနာကြည်းမှုကြီး ဖြစ်စေနိုင်သည်ဆိုတာ စိတ်စောလွန်းနေသည့် သူက ဘာကိုမှ မစဉ်းစားမိခဲ့။

အဲ့ဒီထက်ပိုပြီး သူ့ကို ကံဆိုးမိုးမှောင်ကျစေခဲ့သည်မှာ။

''မောင်းပါကွာ မျိုးနိုင်ရ၊ နှေးလိုက်တာကွာ''

သူ့ရဲ့စိတ်စောမှုကပဲ သူ့ကို ဒုက္ခဖြစ်စေခဲ့တာ ဖြစ်သည်။

''ဟော့ကောင် ... သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



မရှာဘူးလေကွာ၊ နေ့တယ်ထင်ရင် ကိုယ့်ဘာသာပဲ မင်းသတို့သမီးဆီ ပြေးသွားပေတော့”

မျိုးနိုင် သူ့ကို အငေါ်တူးသည်။

“လုပ်ပါကွာ ... နောက်ကျနေပြီကွ၊ ဟိုမှာ ထွန်းအရှမ်းကို စိတ်ပူနေလိမ့်မယ်၊ လူကြီးတွေလည်း စောင့်နေကြရမှာ အားနာစရာ”

သူ မျိုးနိုင်ကို အမြန်မောင်းဖို့သာ တဖွဖွပြောနေမိသည်။

အရေးထဲ သစ်လုံးတင်လာသည့် ကားကြီးတစ်စင်းမှာ ရှေ့မှာ တအိအိသွားနေရာ သူ စိတ်မရှည်ချင်တော့ပြီ။

“ဟော့ကောင် ... ကျော်လိုက်ကွာ ရှုပ်တယ်”

“သတိုး ... ဟာ ... ဟော့ကောင် မလုပ်နဲ့”

သူ မျိုးနိုင်ကို အားမရစွာ စတီယာရင်ကို လှမ်းကိုင်လိုက်သည်။

သူ့စိတ်ထဲမှာ သစ်ကားကြီးကို စိတ်မရှည်နိုင်စွာ ကျော်တက်ဖို့ တစ်ခုသာရှိသည်။

တခြားအန္တရာယ်တွေကို သူ ဘာမှမစဉ်းစားမိတော့။

“ဟာ ... သတိုး ... သတိုး ... မလုပ်နဲ့၊ မလုပ်နဲ့ ... အား”

မျိုးနိုင်ဆီမှ ထိတ်လန့်ချောက်ချားစွာ အော်ဟစ်ဆဲ။

သူ့ခေါင်းတစ်ခုလုံး မူးနောက်ပြာဝေသွားခဲ့ပြီး ...

သူ့အသိအာရုံထဲ နောက်ဆုံးဝင်ရောက်ခဲ့သော အသိ





တစ်ခုမှာ ကားတစ်စင်းလုံး သွက်သွက်လည် ခါယမ်းပြီး တိမ်းမှောက်သွားခဲ့ခြင်းပင်။

အဲ့ဒီနောက်မှာ ...

သူ့အသိအာရုံတစ်ခုလုံးသည် မှောင်မိုက်သွားခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မှင်တက်ငေးစိုက်နားထောင်နေခဲ့မိရာမှ သတိပြန်ဝင်လာခဲ့ချိန်တွင် နေ တွေ့လိုက်ရသည်မှာ လေးလေးရဲ့ ရီဝေသော မျက်ဝန်းအိမ်ဆီမှ တတွေတွေစီးဆင်းလာခဲ့သော မျက်ရည်များပဲ ဖြစ်သည်။

"အဲ့ဒီမှာ လေးလေးရဲ့သူငယ်ချင်း မျိုးနိုင်ဟာ ပွဲချင်းပြီးသေဆုံးခဲ့တယ်၊ လေးလေးကတော့ သစ်လုံးပိပြီး ခါးအောက်ပိုင်းအရိုးကျိုးခဲ့လို့ ဒုက္ခိတဘဝရောက်ခဲ့ရတယ်၊ မျက်နှာမှာလည်းရုပ်ပျက်ဆင်းပျက် ဒဏ်ရာရခဲ့တယ်"

နေသည် ကံဆိုးလှစွာသော လေးလေးကိုကြည့်ကာမျက်ရည်တွေ ကျဆင်းလာမိတော့သည်။

ရုပ်ဆိုးလှစွာသော အနာရွတ်ကြီးပေါ် ဖြတ်သန်းစီးပြိုလာခဲ့သော လေးလေးရဲ့မျက်ရည်တွေကို နေ့မှာ မကြည့်ရက်။





လေးလေးကတော့ စိတ်တွေက အတိတ်ဆီ ပြန်လွင့်မျောနေခဲ့သလို မျက်ရည်ဖုံးသော မျက်ဝန်းတွေက အဝေးကိုသာ မှုန်သီစွာကြည့်လျက် ဆက်ပြောနေခဲ့သည်။

"ဖြစ်ချင်တော့ ကားထဲမှာ ဘာအထောက်အထားမှ ပါမသွားတော့ စုံစမ်းမှုတွေက ကြန့်ကြာနေခဲ့တာပေ့ါ၊ လေးလေးကို ဘယ်သူဘယ်ဝါမှန်းမသိတော့ အိမ်ကိုလည်း အကြောင်းမကြားနိုင်ခဲ့ဘူး၊

လေးလေး ပြန်သတိရလာမှ အိမ်ကလူတွေလည်း ဒီအကြောင်း သိရတော့တယ်၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတဖြစ်မှန်းသိလိုက်တော့ ထွင်ရှ်ကို လုံးဝအသိမ်ပေးဘဲ ဖုံးကွယ်ထားဖို့ လေးလေး ဆုံးဖြတ်ခဲ့တယ်၊ အဲ့ဒါ သူ့အတွက်ပါ၊ သူ့ရဲ့နုပျိုရှင်သန်နေတဲ့ဘဝကို ဒုက္ခိတကြီးတစ်ယောက်ဆီမှာ မနစ်မွန်းစေချင်လို့ပါ"

နေသည် လေးလေးရဲ့မေ့မေ့အပေါ်ထားသော စေတနာကို သိလိုက်ရသောအခါ နင့်ခနဲ ဖြစ်သွားမိသည်။

ဘယ်လောက်တောင် ယောကျ်ားပီသပြီး သနားစရာကောင်းလိုက်တဲ့ လေးလေးလဲ။

"လေးလေး ဆေးရုံက ဆင်းလာတဲ့အချိန်မှာ မင်းမင်းကို အိမ်ကိုရောင်းခိုင်းလိုက်ပြီး ဒီခြံထဲမှာ လာနေတာ၊ အားလုံးကို ခြေရာဖျောက်ခိုင်းလိုက်တယ်၊ လေးလေးရဲ့ဒုက္ခိတဘဝကြီးကို သူ့ကို မမြင်စေချင်ဘူး၊ သိလည်း မသိစေချင်ဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ မင်းမင်း မှားပြီးပြောလိုက်သလို လေးလေးကို ထရီဇာနဲ့ နိုင်ငံခြားလိုက်သွားတယ်ပဲ ထင်ပါစေတော့လို့ ထားခဲ့တယ် ...၊

အဲ့ဒီဆုံးဖြတ်ချက်ဟာ သူ့အပေါ် သိပ်ရက်စက်ရာကျမယ်ဆိုတာ လေးလေး သိပါတယ်၊ ဒါပေမဲ့ လေးလေး ဘာဖြစ်လို့ အဲ့ဒီလို ဆုံးဖြတ်ခဲ့ရသလဲ သိလား''

လေးလေးက အဝေးကိုကြည့်နေခဲ့ရာမှ အကြည့်ကို နေ့ဆီ ရွှေ့ကာ နေ့ကိုမေးလေပြီ။

နေသည် မဖြေရက်နိုင်စွာ ခေါင်းပဲ ခါပြလိုက်မိသည်။

လေးလေးက သူမေးသော မေးခွန်းကို သူ့ဘာသာပဲ အဖြေပြန်ပေးပါသည်။

''လေးလေးအပေါ်ထားတဲ့ သူ့ရဲ့သိပ်ကိုနိုင်မြဲတဲ့ချစ်ခြင်းကို လေးလေး ယုံကြည်လို့ပါ ကလေးရယ်၊ ဟော့ဒီဒုက္ခတကြီးဆီမှာ သူ့ရဲ့လုပနုပျိုတဲ့ဘဝကလေးကို မမြှုပ်နှံစေချင်လို့၊ သူနာကြည်းမုန်းတီးမယ့်လမ်းကိုပဲ လေးလေး ရွေးချယ်ဆုံးဖြတ်ခဲ့တာ''

''လေးလေး ... လေးလေးရယ်''

နေသည် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့။

ရင်ထဲ၌ မချိနိုင်လွန်းပြီမို့ မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့်အုပ်ကာ သည်းသည်းထန်ထန် ရှိုက်ငိုလိုက်မိတော့သည်။

လေးလေးက တသိမ့်သိမ့်ခါနေသည့် နေ့ကျောပြင်





ကလေးကို ဖွဖွပွတ်သိပ်ပေးကာ ...

''မငိုပါနဲ့ ကလေးရယ် ... မငိုပါနဲ့၊ ခုတော့ ... လေးလေးရဲ့ဆုံးဖြတ်ချက်ဟာ မှားယွင်းခဲ့မှန်း သိပါပြီ၊ သားကြီးသခ်ယာ ပြောပြလို့ ထွဋ်ရဲ့ ပြင်းထန်လှတဲ့ စိတ်ဒဏ်ရာကိုလည်း လေးလေး သိခဲ့ရတယ်၊ အဲ့ဒီအတွက် လေးလေး အရမ်းကို စိတ်ထိခိုက်ရတယ်''

နေသည် လေးလေးရဲ့စကားကြောင့် မျက်နှာကိုပြန်မော့ကာ လေးလေးကို ကြည့်လိုက်မိသည်။

နေ့ကိုမငိုပါနဲ့ ... ဆိုသော လေးလေးရဲ့မျက်ဝန်းအိမ်ဆီမှာတော့ မျက်ရည်တွေ ပိတ်ဖုံးဆဲ။

''သမီးမေမေအပေါ်ထားတဲ့ လေးလေးရဲ့စေတနာက ခုတော့ သူ့အတွက် ပြင်းထန်တဲ့ဝေဒနာဖြစ်ခဲ့ရပြီပေါ့၊ လေးလေးကြောင့် ဖြစ်ခဲ့ရတဲ့ ဝေဒနာမို့ လေးလေးကပဲ ပြန်ပြီးကုစားပေးဖို့ ဆုံးဖြတ်လိုက်ပါပြီ၊

ပြီးတော့လေ သမီးနဲ့သားကြီးရဲ့အချစ်ရေးကိုလည်း ဖြောင့်ဖြူးအောင် လေးလေး ကူညီပေးပါ့မယ် ... ဟုတ်ပြီလား သမီး''

''အို ... လေးလေး, လေးလေးရယ်၊ နေ ... နေလေ ဘာပြောမှန်းတောင် မသိတော့ပါဘူး။ အို ... အရမ်းကို ကျေးဇူးတင်ပါတယ် လေးလေးရယ်''

နေသည် ကျေးဇူးတင်စကားတစ်ခွန်းမှလွဲပြီး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်တော့။

လေးလေးကတော့ ပြုံး၍သာနေသည်။

ကြည်လင်တောက်ပနေဆဲဖြစ်ပြီး သိမ်မွေ့လွန်းသည့် မျက်ဝန်းများနှင့် ပျက်စီးမသွားသည့် နုပျိုချောမွေ့ဆဲဖြစ်သော လေးလေးရဲ့ ညာဘက်မျက်နှာတစ်ခြမ်းကိုကြည့်ကာ သခ်ယာနှင့်နေသည် ကြေကွဲခါးသက်ဖွယ်ရာကောင်းလွန်းသည့် ချစ်သူနှစ်ဦးရဲ့ အဖြစ်အပျက်အတွက် ရင်ခုန်လွန်းစွာ သက်ပြင်းပြိုင်တူရှိုက်လိုက်မိသည်။

ပြီးတော့ ...

နေ့ရှင်ထဲမှာ ဒီအကြောင်းတွေကိုသာ မေမေ သိခွင့်ရခဲ့လျှင် ... ဆိုသည့်အတွေးက တစိမ့်စိမ့်နှင့် လွမ်းမိုးလွန်းလို့နေသည်။

❁

"ဘာ ... နေနေ တစ်ယောက်တည်း ကားနဲ့ထွက်သွားတယ် ဟုတ်လား၊ တောက် ... ကြည့်စမ်း ဒါ ဘာသဘောလဲ၊ လိုက်စမ်း ... ခချက်ချင်း သူ့ကောနောက်ကိုလိုက်စမ်း သောင်းသောင်း"

ကြားလိုက်ရသောသတင်းကြောင့် ဒေါ်သီရိဘုန်းထွဋ်





သည် ဒေါသတကြီး ဖြစ်သွားရသည်။

ချက်ချင်းပင် သောင်းသောင်းကိုလည်း လိုက်ဖို့အမိန့်ပေးကာ ကိုယ်တိုင်လည်း လိုက်ဖို့ပြင်ဆင်သည်။

"မယဉ် ... ကျွန်မနဲ့လိုက်ခဲ့၊ ရှင့်ကိုလည်း ကျွန်မ မယုံဘူး၊ ရှင် ... ကျွန်မနဲ့အတူ လိုက်ပြီးရှာပေး၊ ဒင်းကို မတွေ့တွေ့အောင်ရှာမယ်၊ မြေလှန်းပြီးတော့ကို ရှာပြမယ် ... ဟင်း၊ ကျွန်မကို ယုံလောက်အောင် အယုံသွင်းပြီး လှည့်ကွက်ဆင်သွားကာ မတွေ့တွေ့အောင် ရှာပြမယ်"

ဒေါ်သီရိဘုန်းထွဋ်သည် ဒေါသတကြီး ရေရွတ်ကြိမ်းဝါးကာ တစ်နေကုန်အောင် ရှာသည်။

ဒေါ်သောင်းသောင်းနှင့် လူခွဲရှာသော်လည်း မတွေ့။

သမီးဖြစ်သူကို ရှာမတွေ့တော့သောအခါ သခ်ယာ့အကြောင်းကို စုံစမ်းစေသည်။

သခ်ယာတစ်ယောက် ကုမ္ပဏီမှာရော၊ အိမ်မှာရော မရှိဆိုသည့်သတင်းကို ကြားရလေသောအခါ ဒေါ်သီရိဘုန်းထွဋ်ယမ်းပုံမီးကျပေါက်ကွဲလေတော့သည်။

"တောက် ... ဒင်းတို့နှစ်ယောက် ထွက်ပြေးပြီပေါ့၊ ဟင် ... အယုံသွင်းပြီး ငါ့ကို လှည့်စားသွားတာ တောက်"

လက်သီးနှစ်ဖက်ကို တင်းကျပ်နေအောင် ဆုပ်ထားသော ဒေါ်သီရိဘုန်းထွဋ်ကိုကြည့်ပြီး ဒေါ်ယဉ်မှာ ကြောက်သော်လည်း နှစ်သိမ့်ပေးရန် ကြိုးစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သခ်ယာနဲ့လိုက်ပြေးတာတော့ ဟုတ်မယ်မထင်ပါဘူး မမထွဋ်ရယ်၊ နေနေက ကတိပေးပြီးရင် ဖျက်တတ်တဲ့သူ မဟုတ်ပါဘူး၊ တခြားအကြောင်းတစ်ခုခုများ ရှိသလားမသိ၊ ရဲစခန်း ဖွဲ့တိုင်ရင် ကောင်းမယ်ထင်တယ်"

ဒေါ်ယဉ် အကြံပေးကြည့်သော်လည်း ဒေါ်သီရိဘုန်းထွဋ်က ခါးခါးသီးသီး ငြင်းဆန်လေသည်။

"အို ... ဒါကလွဲလို့ တခြားဘာရှိဦးမှာလဲ၊ အခု စုံစမ်းကြည့်တော့ သခ်ယာလည်း မရှိဘူးဆိုတော့ အဖြေက ရှင်းနေတာပဲ၊ ဟိုကောင့်နောက် လိုက်သွားပြီပေါ့၊ တစ်သက်လုံး ကျွေးမွေးပြုစုခဲ့တဲ့ ကျွန်မရင်ကို စုံကန်ပြီး လိုက်သွားပြီပေါ့၊ အချစ်ဆိုတာကို ယုံကြည်ကိုးကွယ်သွားတဲ့မိန်းမ၊ ယောကျ်ားဆိုတဲ့ ရန်သူကို လက်နက်ချ အလံဖြူပြလိုက်တဲ့ မိန်းမ၊ တွေ့ကြသေးတာပေါ့၊ ဒင်းတို့ကို မရ,ရအောင်ရှာမယ်၊ ဒင်းတို့အချစ်ကို မရ,ရအောင် ခွဲပြမယ်"

ဒေါ်သီရိဘုန်းထွဋ်တစ်ယောက်တည်း ဒေါသတကြီး ကြိမ်းဝါးပေါက်ကွဲနေစဉ်မှာပင် ...

လုံးဝ မထင်မှတ်နိုင်လှစွာ ...

အိမ်ထဲသို့ သခ်ယာနှင့်နေတို့ နှစ်ယောက်သား အတူ ဝင်လာခဲ့ကြသည်။

ဒေါ်သီရိဘုန်းထွဋ်မှာ သခ်ယာ့ကို မြင်လိုက်ရသည်နှင့် ဒေါသတွေ ပိုပြီးအရှိန်ပြင်း တောက်လောင်သွားရကာ ...





"မင်း ... မင်း အတင့်ရဲလှချေလားဟင်၊ ဘယ်ယောကျ်ားမှ ငါ့အိမ်ထဲကို ငါခွင့်မပြုဘဲ မဝင်ရဘူး ... ဆိုတာ နားမလည်ဘူးလား၊

မိနေ ညည်းက ဘယ်လိုသတ္တိမျိုးနဲ့ ညည်းအကောင်ကို ငါ့အိမ်ထဲ ခေါ်သွင်းလာတာလဲ၊ ခုချက်ချင်း ပြန်မောင်းထုတ် ... သွား ... အခုထွက်သွား"

ဒေါ်သီရိဘုန်းထွဋ်သည် တံခါးဝဆီသို့ လက်ညှိုးကြီးထိုးကာ သခ်ယာ့ကို ဒေါသတကြီး နှင်ထုတ်သည်။

နေသည် ချက်ချင်း သခ်ယာရှေ့ ဝင်ရပ်လိုက်ကာ ...

"မဟုတ်ဘူး ... မေမေထင်သလိုမဟုတ်ဘူး၊ တကယ်တော့ သမီးလေ ..."

နေသည် သခ်ယာ့ကို အထင်မလွဲရအောင် မေမေ့ကို ဖြစ်ပျက်ရပုံကို လိုရင်းတိုရှင်း အကျဉ်းချုံးပြီး ရှင်းပြလိုက်မိသည်။

သို့သော် ...

နေ့စကားထဲမှာ ဝသန်ရောက်လာပြီး နေ့ကို မေ့ဆေးအုပ်ကာ မော်တော်ကားဖို့ကြိုးစဉ် သခ်ယာရောက်လာပြီး ကယ်ခဲ့တာ၊ အခု အိမ်သို့ ပြန်ပို့ပေးခြင်းသာ ပြောသည်။

လေးလေးနှင့်တွေ့ခဲ့ကြောင်းကို တမင်ချန်လှပ်ကာ ထည့်မပြော။

နေစကားဆုံးလျှင် မေမေသည် မဲ့ပြုံးတစ်ခုကို ပြုံးလျက်

"သြော် သြော် ... ဒီလိုဆို သူက ညည်းရဲ့ကယ်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီး၊ ကျေးဇူးရှင်ကြီးပေါ့ . . . ဟုတ်လား၊ အဲ့ဒီလို ငါ့သမီးကို ကယ်တင်ပေးခဲ့တဲ့အတွက် ငါက ကျေးဇူးတွေတင်ပြီး ထောက်ထားညှာတာစွာနဲ့ ညည်းနဲ့ပေးစားရမယ်ဆိုပါတော့၊ ဒီလိုလား . . . ဟင်း ဟင်း''

ဒေါ်သီရိဘုန်းထွဋ်က လှောင်ပြောင်သလိုရယ်ရင်း သန်ယာ့မျက်နှာကို မုန်းတီးခါးသီးစွာကြည့်ကာ . . .

''ကောင်းပြီလေ ကောင်းပြီ . . . ငါ့သမီးကို ကယ်တင်ပေးခဲ့တဲ့အတွက် မင်းကို ကျေးဇူးတော့မတင်နိုင်ဘူး၊ တန်ရာတန်ကြေးတော့ ပေးလိုက်မယ်၊ ရော့ . . . ဒါကိုယူပြီး မင်း ငါ့အိမ်ထဲက ထွက်သွားတော့''

တစ်ခွန်းချင်းပြောလိုက်ပြီးသည်နှင့် ဒေါ်သီရိဘုန်းထွဋ်က စားပွဲပေါ်ရှိ သူမ၏လက်ကိုင်အိတ်ထဲမှ ဘဏ်စာအုပ်ကို ထုတ်ယူကာ ချက်တစ်စောင် ချက်ချင်းရေးပြီး သန်ယာ့ကို လှမ်းပေးလိုက်သည်။

သန်ယာသည် ငုံ့ကြည့်လိုက်သောအခါ သိန်းတစ်ထောင်တန် ချက်လက်မှတ်ဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ ပြုံးလိုက်ကာ ဒေါ်သီရိဘုန်းထွဋ်ကို ပြန်ကမ်းပေးလိုက်ပြီး

''အန်တီထွဋ် လွဲနေပြီ၊ ကျွန်တော်လိုချင်တာ ဒါမဟုတ်ဘူး''

ဟု ပြန်ပြောလိုက်သည်။

ဒေါ်သီရိဘုန်းထွဋ်ရဲ့ မျက်ခုံးနှစ်ဖက်က မြင့်တက်သွား





ကာ . . .

''ဒါမဟုတ်ရင် မင်းလိုချင်တာက ဘာလဲ''

ဒေါ်သီရိဘုန်းထွဋ်က နေ့ဘက်ကို မျက်လုံးဝေ့ပြကာ–

''ဒါကလွဲရင် မင်း ငါ့ဆီက တခြားဘာကိုမှ မမျှော်လင့်နဲ့ လုံးဝမရဘူး''

ဒေါ်သီရိဘုန်းထွဋ်က ခေါင်းကို ခါယမ်းရင်းက ဆက်ပြောလိုက်သည်။

သန်ယာကလည်း ဒေါ်သီရိဘုန်းထွဋ်ကို မျက်လုံးချင်းဆိုင်ကာ နူးညံ့သောအပြုံးဖြင့် ပြုံးကြည့်လျက် တစ်ခွန်းချင်း ပြန်ပြောလေသည်။

''ကျွန်တော်လိုချင်တာ မေတ္တာတရားပါ အန်တီထွဋ်၊ ကျွန်တော်နဲ့နေဟာ တကယ်မေတ္တာစစ်နဲ့ ချစ်နေကြတာပါ၊ ကျွန်တော်နဲ့နေ လက်တွဲနိုင်ဖို့အတွက် အန်တီ့ရဲ့မေတ္တာတရားနဲ့ ခွင့်လွှတ်လိုက်လျောမှုကို ကျွန်တော်တို့ အရမ်းကို လိုအပ်နေပါတယ် အန်တီ၊ ကျွန်တော်တို့ရဲ့ချစ်ခြင်းကို မေတ္တာတရားနဲ့ နားလည်ခွင့်ပြုပေးပါလို့ ကျွန်တော် တောင်းဆိုပါရစေ''

ယုံကြည်ရဲဝံ့စွာပြောနေသည့် သန်ယာ့ကို ဒေါ်သီရိဘုန်းထွဋ်မှာ အံ့သြတကြီး စိုက်ကြည့်ငေးမောနေမိရာမှာ ခဏမျှငြိမ်သက်သွားခဲ့ပြီးလျှင် ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသလို ဟက်ဟက်ပက်ပက် ဟားတိုက်ရယ်ချလိုက်ပြီး . . .

''ဟား ဟား ဟား . . . သန်ယာရယ် မင်းဟာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်စိတ်ကူးယဉ်တဲ့ကောင်ကလေးပဲ ... ကျွတ် ကျွတ် ကျွတ်၊ သနားစရာကောင်းလိုက်တာ ချာတိတ်ရယ်၊ အမုန်းပင်ကနေ အချစ်ပွင့် ပွင့်လိမ့်မယ်လို့ မင်း မျှော်လင့်နေတာလား ...၊

ငါ့သမီး နေနေကို ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲကိုအပ်ဖို့ ငါ့မှာ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဘူး၊ ယောကျ်ားတွေကို ငါ သိပ်မုန်းတယ်၊ ငါ့သမီးနေနေကလည်း ငါ့ကိုယ်စား ငါ့ကိုယ်ပွားအဖြစ်နဲ့ ယောကျ်ားတွေကို မုန်းနေရမယ့်သူ ...၊

နေနေ့ကို ငါက ယောကျ်ားတွေအတွက် အမုန်းပင်အဖြစ်နဲ့ စိုက်ပျိုးခဲ့တာ၊ နေနေ့နှလုံးသားမှာ ယောကျ်ားတွေအတွက် အမုန်းပွင့်တွေပဲ ပွင့်ရမယ်၊ အမုန်းအဆိပ်ရနံ့တွေပဲ လွှင့်ပျံ့နေရမယ် ...၊

အမုန်းပင်မှာ အချစ်ပွင့် ဘယ်တော့မှ မပွင့်စေရဘူး၊ အေး ... ပွင့်ခဲ့ရင်လည်း ငါကိုယ်တိုင် နင်းခြေဖျက်ဆီးပစ်မယ်ဆိုတာ မင်း နားလည်ထားလိုက် ဒါပဲ၊ ကဲ ... သခ်ယာ မင်း ငါ့အိမ်ထဲက ခုချက်ချင်း ထွက်သွားလိုက်တော့၊ ငါ ဆွဲထုတ်ရတဲ့အဆင့် မဖြစ်စေနဲ့''

သခ်ယာသည် ရင့်သီးလှသော ဒေါ်သီရိဘုန်းထွဋ်ရဲ့ ပြောပုံကို အံ့ဩမပျက်ပင် ခံယူလျက် ခေါင်းကလေး သိမ်မွေ့စွာ ညိတ်ကာ ...

''ဟုတ်ကဲ့ပါ အန်တီ ... ကျွန်တော် ပြန်မှာပါ၊ ဒါပေမဲ့ စကားနည်းနည်းတော့ ပြောခဲ့ပါရစေ၊ အမုန်းဆိုတာ ကြာရှည်





နိုင်မြဲနိုင်တဲ့ ဂုဏ်ရည်သတ္တိမရှိပါဘူး၊ အချစ်နဲ့တွေ့တဲ့အခါ အမုန်းဆိုတာ အချစ်ရဲ့လက်အောက်ခံလို့ ကျွန်တော် ယုံကြည်တယ်၊

အန်တီ့ရဲ့သဘောတူ လိုက်လျောမှုမရှိဘဲ ကျွန်တော်နဲ့နေ ဘယ်တော့မှ လက်မထပ်ဘူးလို့ ကျွန်တော်တို့နှစ်ယောက် ဆုံးဖြတ်ထားပါတယ်၊

ဒါကြောင့် မနက်ဖြန်မနက်မှာ ကျွန်တော်တို့ရဲ့အုပ်ထိန်းသူကို ခေါ်လာပြီး နေ့ကို လာရောက်တောင်းရမ်းချင်ပါတယ်၊ လာခွင့်ပြုပါလို့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်တော်တို့ လက်ထပ်ဖို့ သဘောတူခြင်း,မတူခြင်းက အန်တီ့ရဲ့ ဆန္ဒအတိုင်း ဆုံးဖြတ်နိုင်ပါတယ်''

သခ်ယာ့စကားဆုံးလျှင် ဒေါ်သီရိဘုန်းထွဋ်က စူးရှသော မျက်လုံးများနှင့် စေ့စေ့ကြည့်ကာ မဲ့ပြုံး,ပြုံးလျက် ...

''အိုကေ ... ကောင်းပြီလေ၊ မင်းဘက်က အရှက်ကွဲခံဖို့အတွက် ငြင်းပယ်စွန့်ပစ်ခြင်းကို ခံယူဖို့အတွက် ဒီလောက်ဆန္ဒပြင်းထန်နေတယ်ဆိုရင်လည်း လာခဲ့ပေါ့၊ ငါ့ဘက်က ဘယ်လိုသဘောထားမှ ပြောင်းလဲသွားမှာ မဟုတ်ဘူးဆိုတာတော့ မင်း ယုံကြည်ထားလိုက်ပါ''

ဒေါ်သီရိဘုန်းထွဋ်ဆီမှ တုံ့ပြန်စကားဆုံးသည်နှင့် သခ်ယာမှာ နူးညံ့ညင်သာသော အပြုံးကလေးဖြင့် ခေါင်းညွတ် အရိုအသေပေးကာ ဖြည်းညင်းစွာ လှည့်ထွက်သွားခဲ့သည်။

ခမ်းနားထည်ဝါသော အိမ်ကြီးထဲမှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိဘုန်းထွဋ်၏ နာကြည်းစွာ, ခါးသီးမုန်းတီးစွာ ဟားတိုက်ရယ်မောလိုက်သံက ချောက်ချားဖွယ်ရာ ပျံ့လွင့်ကျန်ရစ်ခဲ့လေသည်။

အင်း ...

မနက်ဖြန် ...

မနန်ဖြန်ပေါ့လေ ...

တွေ့ .. ကြ .. သေး .. တာ .. ပေါ့။



အခန်း ( ၂၃ )

## အမုန်းပွင့်များ ကြွေလွင့်ချိန် ...

လွန်ခဲ့တဲ့ အနှစ်,နှစ်ဆယ်တုန်းက ...

ဟော့ဒီ မင်္ဂလာအခန်းထဲမှာ ဟော့ဒီ မင်္ဂလာအိပ်ရာပေါ်မှာ တစ်ယောက်တည်း ကြေကွဲအထီးကျန်ခဲ့ရလိမ့်မယ်လို့ သူမ ဘယ်လိုတွေးခဲ့မိမှာလဲ။

ကြည်နူး ရင်ခုန်ခြင်းဖြင့် မျှော်လင့်ခဲ့ရသမျှ ...

ရက်ရက်စက်စက် အစိမ်းခြွေ,ခြွေပြီး စွန့်ပစ်ရက်ခဲ့သူ မုန်းတယ် ...

သိပ်ကို မုန်းတယ် ...

ပြန်းတွေးမိသမျှ ... နာကြည်းခြင်းသာ ပြည့်နှက်လို့ နေသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းခါးသီးခြင်းဟူသော ဝေဒနာဆိုးကို ရင်ထဲ ပွေ့ပိုက်ထားမိရင်းက ...

ဘာဖြစ်လို့များ နာကျင်ကြေကွဲစွာ တစ်စုံတစ်ယောက် ရောက်လာခဲ့လေမလားလို့ မျှော်လင့်တမ်းတမိပါလိမ့်။

မျက်နှာပေါ်၌ ပူနွေးစွဲနစ်နေမည်ဖြစ်သည့် မျက်ရည်များကို ကြမ်းတမ်းစွာ သုတ်လိုက်သည်။

ဒီမျက်ရည်တွေက အနှစ်,နှစ်ဆယ်ကြာခဲ့သည့်တိုင် ဘာဖြစ်လို့များ မခန်းခြောက်နိုင်ရသေးတာလဲ။

ထွန်းသည် နာကျင်စွာ တွေးမိဆဲ။

ဒင်းဒေါင်

ဒင်းဒေါင်

ဆယ့်တစ်နာရီ ...

သံစုံနာရီများ မြည်ဟည်းသံများက တစ်ပြိုင်နက်တည်း ကျယ်လောင်ဆူညံလွန်းလှစွာ ...

အတိတ်တွင် နစ်မြုပ်မျောလွင့်နေမိရာမှ သတိပြန်ဝင်လာခဲ့သူတစ်ယောက်လို ဆတ်ခနဲ ထ,ရပ်ကာ အခန်းထဲမှ လေးကန်သောခြေလှမ်းများနှင့် ထွက်လာခဲ့မိသည်။

ထိုစဉ် ...

အိမ်ရှေ့ပေါ်တီကိုအောက်သို့ ကားတစ်စီးထိုးဆိုက်သံကြားလိုက်ရလျှင် ဒေါ်သီရိဘုန်းထွန်းသည် သားကောင်ကို တွေ့လိုက်ရသော အပြုံးမျိုးကို နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။





ဒင်းကလေး ရောက်လာခဲ့ပြီပေါ့။

မိုက်မဲလှတဲ့ ယောကျ်ားဆိုတဲ့သတ္တဝါလေးတစ်ကောင် ရောက်လာခဲ့ပြန်ပြီပေါ့။

"ငါ့အသည်းတွေ ကွဲကြေခဲ့ရသလို ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ဖြစ်တဲ့ နင့်ရဲ့အသည်းလည်း ဒီနေ့ တစ်စစီ ကွဲကြေစေရမယ် သခ်ယာ"

ဒေါ်သီရိဘုန်းထွန်းသည် ဒေါသတကြီး ကြိမ်းဝါးရင်း လက်ထဲမှ မင်္ဂလာလက်ကိုင်ပန်းကို အငြိုးတကြီး ခြေမွဖျက်ဆီးပစ်လိုက်သည်။

လှေကားခြေရင်းမှာ သူ့မကို ရှန်းစိုသောမျက်ဝန်းကလေးများဖြင့် မော့ကြည့်ကာ ရပ်စောင့်နေသော သမီးဖြစ်သူကို တွေ့လိုက်ရလျှင် အံကြိတ်၍ ပြောလိုက်သည်။

"ရောက်လာပြီ မဟုတ်လား ... သွားလေ၊ တံခါးသွားဖွင့်ပေးလိုက်၊ သူတို့အတွက် အမှန်းတွေ တစ်သက်စာ ရသွားစေရမယ်"

သူမ စကားဆုံးသည်နှင့် သမီးဖြစ်သူက မှန်တံခါးမည်းကြီးကို ဖွင့်ပေးလိုက်သည်။

တံခါးပွင့်သွားခဲ့သည်နှင့် ...

"ထွန်း"

နှလုံးသားထဲ အနှစ်,နှစ်ဆယ်လုံးလုံး စွဲနစ်ခဲ့ရသော နူးညံ့အေးဆေးလှသည့် ခေါ်သံတိုးဖွဖွ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိဘုန်းထွဋ်သည် မထင်မှတ်နိုင်လွန်းလှသည်မို့ ရှောင်ရမသွားရအောင် လှေကားလက်ရန်းကို တင်းတင်းဆုပ်ကိုင်ထားရသည်။

အနှစ်နှစ်ဆယ်လုံးလုံး နာကျင်စွာ၊ နာကြည်းစွာ ကြေကွဲစွာမျှော်လင့် တမ်းတခဲ့ရသော လူတစ်ယောက်။

ခုတော့ ရောက်လာခဲ့ချေပြီ။

အိပ်မက်မဟုတ်။

တကယ်ပင် မျက်ဝါးထင်ထင် သူမရှေ့ ရောက်လာခဲ့ချေပြီ။

သို့သော် ...

သခ်ယာနှင့်သမီးဖြစ်သူကို အတူယှဉ်တွဲ တွန်းလာခဲ့သည့် ဝှီးချဲပေါ်မှာ ...

မြင်လိုက်ရသည့်မြင်ကွင်းက နှလုံးသားတစ်ခုလုံးကို တစ်စစီဖြစ်အောင် ထိုးခွဲခြေမွလိုက်သလို ...

ဘယ်ဘက်မျက်နှာတစ်ခြမ်းမှာ ကြောက်စဖွယ် အနာရွတ်ကြီးနှင့် ဘယ်လောက်ပဲ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပေမယ့်

မြတ်နိုးစွဲလမ်းခဲ့ရသည့် နူးညံ့သိမ်မွေ့လွန်းသော အကြင်နာ မျက်ဝန်းများမှာ ဘယ်တော့မှ မေ့နိုင်စရာမရှိ။

"ကို"

နှလုံးသားထဲမှ နင့်လှိုက်စွာ ပွင့်ကန်ထွက်လာသောခေါ်သံနှင့်အတူ လှေကားမှ အပြေးဆင်းခဲ့မိတော့သည်။





"ကို ... ကို ... ထွဋ်ဆီ လာတယ် ဟုတ်လား၊ အို ... ထွဋ်ဆီ ကို တကယ်ပဲ ရောက်လာခဲ့ပြီပေါ့နော်၊ အနှစ်နှစ်ဆယ်လုံးလုံး စောင့်ခဲ့တဲ့ ထွဋ်ဆီကို တကယ်ပဲ ရောက်လာခဲ့ပြီပေါ့"

ဒေါ်သီရိဘုန်းထွဋ်သည် ဦးသတိုးဇေယျထိုင်သော ဝှီးချဲရှေ့၌ ဒူးထောက်ကာ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ရင်း သည်းသည်းရှိုက်ရှိုက်ငိုကြွေးနေမိတော့သည်။

"ကို ... ထွဋ်ကို မစွန့်ပစ်တော့ဘူး မဟုတ်လားဟင်၊ ကို ထွဋ်ကို နောက်တစ်ကြိမ် မထားရစ်ခဲ့တော့ဘူး မဟုတ်လားဟင် ... ကို"

မျက်ရည်များ ရှိုက်သံများဖြင့် ပလုံးပထွေး မေးလာသော ချစ်သူရဲ့မေးခွန်းများကြောင့် ဦးသတိုးဇေယျစိတ်ကို တင်းထားသည့်ကြားက မျက်ရည်များ ကျလာခဲ့ရရင်း ...

"ထွဋ်ရယ် ... ကို ထွဋ်ကို ဘယ်တုန်းကမှ မစွန့်ပစ်ခဲ့ပါဘူး၊ ဘယ်တုန်းကမှလည်း မထားရစ်ခဲ့ရပါဘူး၊ ကို ... အားလုံးကို သေချာရှင်းပြပါ့မယ်"

သည်းထန်စွာ ရှိုက်ငိုနေရာမှ ဒေါ်သီရိဘုန်းထွဋ်မျက်နှာကို မော့ကာ ချစ်သူရဲ့စကားများကို ငံ့လင့်သည်။

ဦးသတိုးဇေယျက ထရိဇာ လာတောင်းပန်သည့်မှ အစပြုပြီး လာကြိုသည့်ကားကို မစောင့်ဘဲ မျိုးနိုင်ကားနှင့် ထွက်ခဲ့ရာမှ လမ်းတွင် ဆန္ဒစောလွန်းသဖြင့် သစ်ကားနှင့်တိုက်မိကာ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခိတ,ဘဝရောက်ရပုံ၊ ရင်နာလွန်းစွာ မော်ဘီခြံထဲ၌ ခြေရာဖျောက်နေခဲ့ပုံနှင့် တူဖြစ်သူ သခ်ယာနှင့်နေဆိုတော့မှ အားလုံးကို ဆက်စပ်သိရှိရကာ ခုလို လာတွေ့ရပုံကို သေသေချာချာ ပြောပြသည်။

''ကို တောင်းပန်ပါတယ် ထွင့်ရယ်၊ ထွင့်အတွက် ကို ထားခဲ့တဲ့ စေတနာက ဝေဒနာတွေ ပေးမိသလိုဖြစ်ခဲ့တဲ့အတွက် ကို တောင်းပန်ပါတယ်''

ဦးသတိုးဖေယျမှာ ဒေါ်သီရိဘုန်းထွင့်၏မျက်ရည်များကို နူးညံ့သည့် လက်ချောင်းများနှင့် ဖွဖွသုတ်ပေးရင်း တောင်းပန်စကားဆိုသည်။

''တောင်းပန်စရာ မလိုပါဘူး ကိုရယ်၊ ကို ခုလိုဖြစ်နေရတဲ့ဘဝမှာ ထွင့် အနီးကပ်ပြုစုခွင့်မရခဲ့တဲ့အတွက်တော့ ယူကျုံးမရဖြစ်ရတယ်၊ အနှစ်,နှစ်ဆယ်လုံးလုံး ကို, ခုလိုဘဝနဲ့ အထီးကျန်တစ်ယောက်တည်း ဖြတ်သန်းခဲ့ရတာကို ထွင့် စိတ်မကောင်းဘူး''

ငိုးချဲပေါ်နေရသည့် ချစ်သူကိုကြည့်ကာ သူမရင်ထဲ တကယ်ပဲ သနားကြေကွဲမဆုံးဖြစ်နေမိသည်။

''ကို့ကို မုန်းနေသေးလားဟင် ထွင့်''

ဦးသတိုးဖေယျ ချစ်သူရဲ့ဆံနွယ်ကလေးများကို သပ်တင်ပေးကာ တိုးညင်းစွာ မေးလိုက်သည်။

''ဟင့်အင်း ... ကို့ကို တွေ့လိုက်ရတဲ့အချိန်ကစပြီး





ထွင့်ရင်ထဲမှာ အမုန်းတွေ, နာကြည်းခြင်းတွေ အားလုံးပြေပျောက်သွားပါပြီ' ကိုရယ်''

''ပြီးတော့ရော''

''ပြီးတော့လား ... ကို့အနားမှာ အနီးကပ်နေပြီး ကို့ကို တစ်သက်လုံး ပြုစုပေးမှာပေါ့''

နှစ်ဦးသား မခန်းခြောက်တတ်သေးသော မျက်ဝန်းများဖြင့် စိုလဲ့စွာ အကြည့်ချင်းဆုံရင်းက ကြည်နူးမြူးမွေ့စွာ ပြုံးလိုက်မိကြသည်။

''ထွင့်က ကို့ကို နွေးထွေးတဲ့မေတ္တာတွေ ပေးမှာပေါ့''

ဦးသတိုးဖေယျအမေးကို ဒေါ်သီရိဘုန်းထွင့်က ပြုံးလဲ့လဲ့ကလေးနှင့် ခေါင်းညိတ်ပြသည်။

''ကဲ ... ဒါဆို ကို့ကို နွေးထွေးတဲ့ မေတ္တာတွေပေးသလို ဟော့ဒီကလေးနှစ်ယောက်ကိုလည်း ကြည်နူးငြိမ်းချမ်းတဲ့ မေတ္တာတရားတွေ ကိုတို့ ပေးကြရအောင်နော် ထွင့်''

ထွင့်သည် ပူနွေးစိုစွတ်သော မျက်ဝန်းကိုယ်စီနှင့် မျှော်လင့်တကြီး ကြည့်နေရှာသည့် သားနှင့်သမီးကို နွေးထွေးသော အပြုံးနှင့်ကျေနပ်ကြည်နူးစွာ ခေါင်းညိတ်ပြလိုက်မိသည်။

''အန်တီထွင့် သားတို့ကို သဘောတူလိုက်ပြီပေါ့နော်၊ သား အရမ်းဝမ်းသာတာပဲ အန်တီထွင့်ရယ်''

သခ်ယာက ဝမ်းသာစကားကို စိတ်လှုပ်ရှားစွာဆိုသည်။ သမီးဖြစ်သူကတော့ ရင်ခွင်ထဲ ပြေးဝင်ခေါင်းမှီလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မေမေ"

ဟု တိုးဖွတုန်ယင်စွာ ပြောသည်။

လေးယောက်သား တစ်ဦးနှင့်တစ်ဦး လွတ်ထွက်ပျောက်ဆုံးသွားမှာ ကြောက်သလို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိကြသည်။

ရင်ခုန်သံများမှာ ချို့မွေ့လွန်းလှစွာ။

ပြီးတော့ ...

နွေးထွေး သာယာလွန်းလှစွာ။



BURMESE CLASSIC .com

## အခန်း (၂၄)

ဦးသတိုးဝေယျ နှင့် ဒေါ်သီရိဘုန်းထွန်း

မောင်သစ်ယာ နှင့် မနေရွှေရာ

မင်္ဂလာဖိတ်စာနှစ်စောင်မှာ ရက်စွဲတစ်ခုတည်း။

ပြီးတော့ ...

အချိန်မှာလည်း တစ်ချိန်တည်း။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## "ယောက်ျားမဝင်ရ"

အခိုင်အမာ ထွင်းထုထားသည့် စာတန်းနီကြီးကို ဦးသတိုးဇေယျ၊ ဒေါ်သီရိဘုန်းထွဋ်၊ သဲယာ၊ နေနှင့် ဒေါ်ယဉ်တို့၊ ဦးမင်းမင်းတို့တစ်တွေမှာ သံတူရွှင်းဖြင့် အားသွန်ခွန်စိုက် ဖွဲ့ချဖြိုပစ်နေမိရင်းက ဦးသတိုးဇေယျသည် ဒေါ်သီရိဘုန်းထွဋ်ကို အပြုံးဖြင့်ကြည့်ကာ ပြောလိုက်သည်။

"ဒီလောက်တောင် အခိုင်အမာ ထွင်းထုထားပုံကိုကြည့်ရင် ထွဋ် ကိုယ့်ကို တော်တော်မုန်းခဲ့၊ နာကြည်းခဲ့တာပေါ့နော်"

ဦးသတိုးဇေယျစကားကြောင့် ဒေါ်သီရိဘုန်းထွဋ်ရဲ့မျက်ဝန်းများမှာ တစ်ခဏမျှ ညှိုးမှိုင်းသွားခဲ့ရသော်လည်း ချက်ချင်းပင်ပြန်ပြီးပြင်ဆင်လိုက်တကာ မြမြကလေး ပြုံးလျက် ...

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုရယ်၊ အခုတော့ ...





ကိုယ့်မေတ္တာ၊ ကိုယ့်စေတနာတွေကို သိလိုက်ရပြီမို့ အဲဒီအမုန်းတွေ အားလုံး ကုန်ဆုံးပြေပျောက်ခဲ့ပါပြီ"

ဦးသတိုးဇေယျနှင့် ဒေါ်သီရိဘုန်းထွဋ်တို့ ပြိုင်တူကြည်နူးစွာ ပြုံးလိုက်မိဆဲ ...

"သားပြောခဲ့သားပဲ အမုန်းဆိုတာ အချစ်ရဲ့လက်အောက်ခံပါလို့၊ အချစ်ရောက်လာရင် အမုန်းက နေရာဖယ်ပေးရစမြဲပဲ မဟုတ်လား၊ ကဲ ... အားလုံးပဲ အမုန်းရဲ့နေရာမှာ အချစ်တွေကို အစားထိုးလိုက်ကြပါစို့"

သဲယာရဲ့ ခပ်မြူးမြူး ဟစ်ကြွေးလိုက်ပုံကြောင့် အားလုံးမှာ ကြည်နူးပျော်ပါးစွာ ရယ်မောလိုက်မိကြသည်။

ထို့နောက် ...

ယောက်ျားမဝင်ရ ... ဟူသည့် စာတန်းနေရာမှာ **"ချစ်စံအိမ်"** ဆိုသည့် ပြာလဲ့လဲ့စာတန်းလေးတစ်ခုက လှပစွာ အစားထိုးဝင်ရောက်လာခဲ့လေသည်။

❁

"အင်း ... လေးလေးက **ယောက်ျားမဝင်ရ** ... ဆိုတဲ့ စာတန်းကို ဖြိုချနိုင်ခဲ့သလို ကိုယ်ကလည်း တံခါးတစ်ချပ်ကို ဖွင့်နိုင်အောင် ကြိုးစားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တံခါး ... ဟုတ်လား၊ ဘာတံခါးလဲ"

"မာယာတံခါးလေ"

"ဘယ်လို ... မာယာတံခါး ဟုတ်လား"

"ဟုတ်တယ် ... အဲ့ဒီမာယာတံခါးကို ဖွင့်နိုင်မှ၊ အဲ့ဒီ မာယာတံခါးရဲ့နောက်ကွယ်မှာ မွှေးတွေးချိုမြိန်တဲ့ ချစ်ခြင်းတွေကို ပိုက်ပွေ့ထားတဲ့ မာယာနတ်သမီးလေးနဲ့ ဆုံတွေ့ရမှာပေါ့"

"ကြည့်စမ်း ... မောင်နော် ... စကားတွေ တတ်လိုက်တာ"

နှလုံးသားသည်းနမှ ချစ်ခြင်းများစွာဖြင့်

သက်ပိုင်ရဲ

www.burmeseclassic.com